
www.burmeseclassic.com

# မြပုလဲခင်

## ကိုယ့်ကို အမြဲချစ်နေပါကွယ်

အောင်မြင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဥ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# မြပုလဲခင်

## ကိုယ့်ကို အမြဲချစ်နေပါကွယ်

www.burmeseclassic.com


www.burmeseclassic.com




## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၅၀၀၃၈၀၁၀၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၄၈၂၀၂၁၂
ဖြန့်ချိရေး--အောင်မြင်စာပေ၊
အမှတ်(၁)၊ အောင်ဘာလေ၊
ကျောက်မြောင်း။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊
သုဝဏ္ဏ၊ ရန်ကုန်မြို့။
ထုတ်ဝေသူ--ဦးအောင်မြင့်၊
အမှတ်(၇)၊ သိတာလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့။
ပထမအကြိမ်၊
မေလ၊ ၂၀၁၂၊
တန်ဖိုး(၁၅၀)

၈၉၅.၈၃
မြပုလဲခင်
ကိုယ့်ကို အမြဲချစ်နေပါကွယ်/မြပုလဲခင်။ - ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၂။
၂၆၀ - စာ၊ ၁၂.၅ x ၁၈.၂ စင်တီ။
(၁) မြပုလဲခင်

အပိုင်း (၁)

တစ်ခါကွဲပြီးတဲ့အသည်း
နောက်တစ်ဖန်ကွဲဖို့ကော
အခွင့်အားရှိပါ့မလား။

www.burmeseclassic.com

www.burmeseclassic.com



# ကိုယ့်ကိုအမြဲချစ်နေပါကွယ်

ချစ်ခြင်းပြိုင် အနိုင်ရသူက
အချစ်ဆုံးသူလို့ဆိုလျှင် –
ကိုယ်ကပဲ အရှုံးသမားဖြစ်ချင်တယ်။
ဒါပေမယ့်...
ချစ်ခြင်းပြိုင်လို့ အရှုံးပေးလာသူက
အချစ်ဆုံးသူလို့ဆိုလျှင် –
ကိုယ်ကပဲ အောင်နိုင်သူအဖြစ်နဲ့
မင်းအချစ်တွေကို ရယူချင်တယ်။
အတ္တကြီးစွာနဲ့ပဲ...
ကိုယ့်ကိုအမြဲချစ်နေပါကွယ်။
မင်းလေးဟာ အချစ်တတ်ဆုံး
အချစ်အင်အား ကြီးမားသူအဖြစ်နဲ့
ကိုယ့်ကိုအမြဲချစ်နေပါကွယ်။

(မြပုလဲခင်)





## အခန်း(၁)

အစက ဒီလောက်မိုးသည်းထန်မယ်မှန်းသိရင် ဒီခရီးကို မလာပါဘူး။ သဘာဝအရင်းအမြစ်တွေ ပြုန်းတီးလာမှုကြောင့် ဖြစ်ပေါ်လာသောရာသီဥတု၏ ဖောက်ပြန်ပျက်စီးပြင်းထန်မှုကို လူသားတွေ ခါးစည်းခံနေကြရသည်။

ခုတော့ကြည့်ပါဦး. . . သည်းထန်မိုးကြောင့် ရှေ့လမ်း ဘေးဘီ ဘာဆိုဘာမှ မမြင်ရလေသဖြင့် မျက်စိကိုပြူးပြဲကြည့် နေရသည်။ ဝိုင်ဖာခမြာလည်း အားကုန်ရမ်းနေပေမယ့် အလုံး



www.burmeseclassic.com

www.burmeseclassic.com



အရင်း စီးကျလာသော မိုးလုံးရေတံခွန်အားကို မနိုင်ရှာ. . .

"တောက်. . . ခက်ပြီကွာ. . ."

ထက်မင်းစံ ညည်းတွားလိုက်မိသည်။

ရန်ကုန်မြို့လိုနေရာမှာ ကားမောင်းကျွမ်းကျင်သည်ဟု ဆိုညားသော်လည်း၊ လမ်းမကျွမ်းကျင်ပြန်လျှင် အခက်တွေ့ရသည်။ သူသွားလာနေကျနေရာမှ မဟုတ်လေပဲ။

သူ ကားနှင့်အသွားအလာများသည်က ဘုရင့်နောင် ပွဲရုံတွေဘက်နှင့် မအူပင်မြို့လမ်းများနှင့် ပါရမီရှိသူ့အိမ်။ ဒီလမ်းကြောင်းလောက်သာ သူကျွမ်းကျင်သည်။

ယခုတော့ ဖိုးစိန်လမ်းသို့သွားနေရသည်။ မိုးကလည်း သည်း၊ လမ်းကလည်းစမ်းတဝါးဝါးနှင့် ဒီကြားထဲ အလုံပိတ်ကားထဲ လေအေးပေးစက်ဖွင့်ထားသည့်တိုင်အောင် အမေ့၏ လက်ဆောင်ထုပ်ထဲမှ စွမ်းအင်ရှိသောရနံ့တို့က ထောင်းခနဲထကာ သူ့ဂုဏ်ပုဒ်ကို လွင့်ထုတ်ကာ ကြွားနေသည်က. . .

ငပိ၊ ငါးခြောက် ရနံ့တို့ဖြစ်လေသည်။

ဟွန်း. . . ဒင်းတို့အတွက် အိမ်ကမထွက်ခင်မှာ အမေနှင့် အချင်းပွားခဲ့ရသေးသည်။

"အမေရာ သားရဲ့ထောင်ကျော်တန်ကားနဲ့ဗျာ အမေ့ငပိနံ့တွေက မလိုက်ဖက်လိုက်တာ၊ အခြားကားနဲ့ ပို့ပေးပါမယ်ဗျာ"

"ဩော်. . . သူတို့တူမ မင်္ဂလာဆောင်ရှိလို့တဲ့ သားရယ်. . ဒီအပတ်ထဲဆောင်မှာ။ ဒါကြောင့် တောကအမျိုးတွေ ရောက်နေတော့ ကျွေးချင်တာတဲ့. . ကုသိုလ်ရပါတယ် သားရယ် ပို့ပေးစမ်းပါ ဒါမှလည်း ဂေါ်မစွံလူပျိုကြီးဘဝက ကျွတ်မှာပေါ့"





"လုပ်ပြီဗျာ အမေကလည်း. . တဆိတ်ရှိ ဒီလူပျိုကြီးပဲ ခလုတ်တိုက်နေတာ အသက်သုံးဆယ်အရွယ်ဆိုတာ လူ့ဘဝတောင် မစသေးပါဘူးဗျာ"

"ဩော်. . ဓါတ်ကူးပြီး ကံအကျိုးပေးလေးလာမလားလို့ပါ သားရယ်. . ဟင်း. . . ဟင်း. . . ဟင်း. . ."

အမေက လှောင်သလိုရယ်လိုက်သည်။ အမေနှင့် စကားအခြေအတင်ပြောရာက သူပဲအလျှော့ပေးလိုက်ရပြီး. . .

"ဒါဖြင့်လည်း လုံအောင်ထုတ်ပေးနော် အမေ. ."

"အေးပါဟဲ့. . . သူမစားတာကျနေတာပဲ"

"စားတာက နှာခေါင်းနဲ့စားတာမဟုတ်ဘူးလေ အမေရာ၊ ပါးစပ်နဲ့စားတာပါဗျာ. . ."

တကယ်တမ်း အမေ့ကို စကားနှင့်အနိုင်သာလုနေရသည်။ သူ နိုင်ငံခြားမှာ (၆)နှစ်ခန့်သွားနေစဉ်က ငပိ၊ ငါးခြောက်ကို သေလောက်အောင် လွမ်းရသည်။ ယခုပြန်ရောက်သည်မှာ ၄-၅လပင် ရှိသေးသည်မို့ ပါးစပ်ကအငမ်းမရ စားနေသေးသော်လည်း နှာခေါင်းကတော့ ငပိစိမ်းနဲ့ငါးခြောက်စိမ်းရနံ့တို့ကို သိပ်လက်မခံချင်တော့။

"ဟူး. . ."

ထက်မင်းစံ ပျံ့လွင့်သွားသောစိတ်ကို ပြန်လည်စုစည်းလိုက်ကာ လက်ရှိအနေအထားကို အာရုံပြန်ကပ်လိုက်သည်။

ကန်တော်ကြီးနားတော့ရောက်လာပြီ ဖုန်းဆက်ပြီးလမ်းမေးမှဟုသော အတွေးကို အကောင်အထည်ဖော်လိုက်သည်။

အမေပေးလိုက်သောဖုန်းနံပါတ်ဖြင့် လက်ဆောင်ပို့ပေး



www.burmeseclassic.com

www.burmeseclassic.com



ရမည့်အိမ်ကို လှမ်းဆက်သွယ်လိုက်သည်။ လာလျှင်အဆင်သင့် ဝင်နိုင်ရန် ခြံတံခါးဖွင့်ထားစေချင်သည်ဟု ပြောလိုက်သောအခါ. .

"ဟွန်းသာတီးလိုက်ပါရှင်၊ ရန်ကုန်မြို့ကြီးက နယ်မှာလို တံခါးအမြဲဖွင့်ထားလို့မရပါဘူး၊ လူကြီးမင်းကားနံပါတ်ကိုသာ ပြောလိုက်ပါ မာလီနဲ့ခြံစောင့်ကစောင့်နေမှာပါ. . ."

"ဘယ်လိုလဲဟ. . ကြီးကျယ်လိုက်တာ"

ထက်မင်းစံ စိတ်ထဲမျက်ခနဲဖြစ်သွားသည်။ ဖုန်းထဲမှ အမျိုးသမီးတစ်ဦးအော်သံက အသက်ခပ်ကြီးကြီးအသံမဟုတ်သဖြင့် ပို၍မကျေမနပ်ဖြစ်သွားရသည်။ အမေအရွယ် အဘွားကြီးတွေဆိုလျှင် ခွင့်လွှတ်လို့ရသေးသည်။

"မင်္ဂလာဆောင်မယ့် သတိုးသမီးသာဆိုရင် ယောကျ်ားရှပ်ဆိုးဆိုးနဲ့ရမှာပဲ"

စိတ်ထဲ ဒေါသပွားနေမိလေသည်မို့ မြန်မြန်ရောက်ပြီး အမေ့လက်ဆောင်ထုပ်ကြီးအမြန်ပေးပြီးလျှင် သူတာဝန်ကျေပြီဟု သဘောထားကာ ထိုအိမ်သို့ရောက်ရန်သာ စိတ်စောနေမိလေသည်။

သည်းသည်းမဲမဲ မိုးရေကြားမှာ ကားမောင်းရသည်မှာလည်း ခရီးမတွင်ကျယ်လှပေ။

"တောက်. . ဒီနေ့မှ ဒီမိုးကလည်း ရက်စက်ပါပေ့"

မကျေမနပ်မြည်တွန်တောက်တီးနေမိသည်။ သူဘာကို မကျေနပ်မှန်းမသိ။ အကြောင်းရင်းက. . .

ငပိ၊ ငါးခြောက်ထုပ်တည်းဟူသော လက်ဆောင်ထုပ်ကြောင့်လား. .





ပြေပြစ်မှုမရှိသော ဖုန်းထဲမှ အမျိုးသမီးအသံကြောင့်လား. . .

သို့တည်းမဟုတ် သဲသဲမဲမဲရွာသွန်းနေသော မိုးနှင့် လမ်းတွေရေကျော်နေမှုကြောင့် စမ်းတဝါးဝါးမောင်းနှင်နေရမှုကြောင့်လား. . .

ဘာဆို ဘာမှန်းမသိပေ။ အမှန်တော့ သူ့ဘဝကို သူ့ဖာသာသူ မကျေမနပ်ဖြစ်နေမိတာဘဲဖြစ်မည်။ ချစ်ဦးသူနှင့်ကွေကွင်းရခြင်းဟူသော ဒုက္ခဆင်းရဲက သူ၏အလိုမကျစိတ်ကို မီးလောင်ရာလေပင့်သလို မြှောက်ထိုးပင့်ကော်လုပ်လျက်ရှိသည်။

မဆုံစည်းနိုင်တော့မှန်းသိပါလျက် ချစ်ဦးသူ 'ဖူး'၏ မျက်နှာလေးကို ဖူးတွေ့ချင်သောချဉ်ခြင်းက တက်လျက်ရှိသည်။

"ဖူးရယ်. . မင်းမှာ ကလေးတွေဘာတွေ ရနေလောက်ရောပေါ့၊ ဒါပေမယ့် မင်းမျက်နှာလေးကိုမြင်ရရင် ကျေနပ်ပါပြီ ငါကလည်း. . . မင်းအပေါ်မှာ ဘာလို့ဒီလောက်တောင် စွဲလမ်းနေရပါလိမ့်. . ."

ထိုစဉ် ခြံဝင်းဂိတ်အုတ်တိုင်ပေါ်၌ ရေးထားသော အိမ်နံပါတ်ကိုတွေ့လိုက်သည်နှင့် ကားကိုဘရိတ်အုပ်လိုက်သည်။

"ဟာ. . . ဒီအိမ်ပဲ. . ."

အတွေးထဲမှ ရုန်းထွက်ကာ မှုန်ဝါးဝါးမြင်နေရသော အိမ်နံပါတ်ကို ပိုမိုသေချာသွားစေရန် မီးထိုး၍ကြည့်ပြီးမှ ဟွန်းကို နှစ်ချက်ဆက်၍နှိပ်လိုက်၏။

"ကျီ. . ."

အမယ် ရီမုဒ်နှင့်ဖွင့်လိုက်ဟန်တူသည်။ တံခါးလာဖွင့်ပေး



www.burmeseclassic.com

www.burmeseclassic.com



မည့်သူမရှိဘဲ အလိုလိုခြံဝင်းတံခါးပွင့်သွားသည်။ စိတ်ထဲ 'တယ်လည်းကြီးကျယ်ခမ်းနားနေပါလား'ဟု ရေရွတ်ရင်း ကားကိုကိုက် (၃၀၀)ခန့်ဝေးသောပေါ်တီကိုအောက်သို့ မောင်းဝင်လာ လိုက်သည်။ ဒီလိုနေရာ ဒီလိုခြံဝင်းအကျယ်နှင့်ဆိုလျှင် နဲနဲနောနော တန်ဖိုးမဟုတ်ဘူး ဟုလည်း တွက်ဆလိုက်မိသည်။ တကယ့် ဂရိတ်သူဌေးတွေပဲ။

ပေါ်တီကိုအောက်ကားရောက်သည်နှင့် အိမ်ထဲမှ အမျိုးသမီးတစ်ဦးထွက်လာသည်။

"ကြွပါရှင်. . . အန်တီမေနှင်း လွှတ်လိုက်တာပါလားရှင်"

"ဟုတ်ကဲ့"

သူ ကားပေါ်မှာတင် ငုတ်တုတ်မေ့မြောသွားလေပြီလားမသိ။ အတွေးထဲမှ ချစ်သူ'ဖူး'ကို တွေ့လိုက်ရ၍ ရင်ထဲဝမ်းသာသွားသည်။ ဟုတ်ကော ဟုတ်ရဲ့လားမသိ။ မိန်းမမြင်တိုင်း 'ဖူး'ဟု မြင်ယောင်နေတာများလား။ သူ့စိတ်ကိုသူမယုံကြည်နိုင်သေး၍ ဇဝေဇဝါဖြစ်နေစဉ်မှာပင်. . .

"မေမေ. . . မေမေ"

အိမ်ထဲမှ ကလေးတစ်ယောက်ပြေးထွက်လာပြီး အမျိုးသမီး၏ထမိန်စကို ဖက်တွယ်ပြီး. . .

"မေမေ. . . သားသားကြောက်တယ်၊ သားသားနဲ့အတူလာကြည့်ပါ. . ."

"ဩော်. . . သားသားရယ် မေမေလာမှာပေါ့ ခဏလေးနော် ဒီကဧည့်သည်ဦးဦးနဲ့ စကားပြောရဦးမယ်. . ."

မိန်းမပျိုအသံက 'ဖူး'အသံအတိုင်းပါပဲ။ ဟုတ်ပါတယ်။





သူ့ချစ်ဦးသူ 'ဖူး'ပါ။ 'ပန်းဖူးဝေလွင်' ပါ။ ဩော်. . . တကယ်ပဲ သားသမီးတွေရနေပြီကိုး။ ဘယ့်နှစ်ယောက်တောင်ပါလိမ့်။

ထိုစဉ် မျက်စိတမှိတ်လျှပ်တစ်ပြတ်လောက်မှာပင်. . .

"ဟဲ့. . သွား. . သွား. . သွား. . မိုးတွေသိပ်ရွာနေတော့ ကလေးကလန့်မှာပေါ့. . သွားသွား. . ငါပဲ ယူထားလိုက်မယ်"

အမေ့အရွယ် အမျိုးသမီးကြီးတစ်ဦးက အိမ်ထဲမှ ထွက်လာပြီး သူ့ပဲကားဆီသို့အိပ့်အိပ့်နှင့် လျှောက်လာလေမှ ထက်မင်းစံ သတိဝင်လာကာ လှုပ်ရှားလိုက်သည်။

ကားပေါ်မှဆင်းကာ နောက်ခန်းမှာရှိသော ငပိပုံးနှင့် ငါးခြောက်ထုတ်များကို ချပေးလိုက်လေသည်။

"ဒေါ်မေနှင်းကို ကျေးဇူးတင်တဲ့အကြောင်း ပြောပေးပါနော်. . . ဒါထက်မောင်ရင်က. ."

"ဒေါ်မေနှင်းရဲ့သားပါ ခင်ဗျာ. . ."

"ဩော်. . နိုင်ငံခြားသင်္ဘောလိုက်သွားနေတဲ့သားလား ပြန်ရောက်ပြီလား"

"ဟုတ်ကဲ့. . ."

အမျိုးသမီးကြီးက စပ်စုနေသည်။ အမျိုးသမီးကြီးစပ်စုသလိုပင် သူကလည်း စပ်စုချင်လာတာ။ စောစောက အမျိုသမီးက ဘယ်သူလဲ အန်တီနဲ့ဘာတော်သလဲ အန်တီသမီးလားဟု. . .။

သို့သော် လောကဥ္စလူမှုရေးစည်းကမ်းဟူသော ကန့်လန့်ကာက သူ့ထံနှုတ်ကိုပိတ်ထားစေလေသည်။

ပြောလိုက်ရသည်က. .

"ခွင့်ပြုပါဦးခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးကို နှုတ်ဆက်ပြီး သူကားပြန်ထွက်ခဲ့ရသည်။ တိုက်ဆိုင်လွန်းလှပါတကား။

ချစ်သူ 'ဖူး'အကြောင်းတွေးနေစဉ်မှာပင် 'ဖူး'၏အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ချသွားသည်။ ကံကြမ္မာ၏ရိုက်ချက်က ပြင်းထန်လွန်းလှပါတကား။ သူ့ရင်မှာ ထိရှနာကျင်သွားရလေပြီ။ မြုံနေသောအနာဟောင်းက ပြန်လည်အုံကြွလာလေပြီ။







# အခန်း(၂)

ချစ်ဦးသူကို တမ်းတ. . လွမ်းဆွတ်ခြင်းဟူသော ခန္ဓာ၏ အပိုဒုက္ခဝေဒနာ၏ ထိုးနှက်ချက်ကပြင်းထန်လွန်းလှပါသည်။

'ဖူး'ကို တွေ့လိုက်ရပြီးနောက် 'ဖူး'အကြောင်းတွေက သူ့အတွေးအိမ်ကိုအပြည့်အနှက် အချိန်အခါမလပ် နေရာယူနေလေပြီ။

အတွင်းသိ၊ အစင်းသိ သူငယ်ချင်း ဇော်ဦးနှင့် ကော်ဖီဆိုင်၌ချိန်းဆိုပြီး 'ဖူး'ကို တွေ့ခဲ့သည့်အကြောင်း ရင်ဖွင့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဦးက. . .

"ပန်းဖူးဝေလွင် အိမ်ထောင်ကျသွားပြီး သူ့ယောကျ်ားနောက် လိုက်သွားတာပဲဟာ. . . ဒါဆန်းသလား၊ မင်းတွေ့ခဲ့တာ သူ့ယောကျ်ားမဖြစ်မှာပေါ့"

"အင်း. . . ဟုတ်လိမ့်မယ်. . . ငါလည်း ဒီလိုပဲတွေးမိပါတယ်"

"ဖူးကကော မင်းကိုမြင်တော့ အံ့အားသင့်သွားတဲ့အရိပ်အယောင် မပြဘူးလား. . ."

ထက်မင်းစံ တွေးတွေးဆဆပြောလိုက်သည်။

"သူ ငါ့ကို မြင်ပုံမရသေးဘူး ရေမှုန်ရေငွေ့တွေသီးနေတဲ့ မှန်တံခါးကိုငါမချနိုင်သေးခင် သူသားရောက်လာပြီး ပြာယာခတ်သွားတာကိုး"

"ကဲပါ. . . ပန်းဖူးဝေလွင်နဲ့ မင်းကိစ္စက ပြီးပြတ်နေပြီပဲ မင်းစံရာ. . မေ့ပစ်လိုက်တော့ မင်းနှယ်ကွာ. . ကမ္ဘာပတ် နေခဲ့ပြီးတော့ ခုထိ လူပျိုကြီးပဲဖြစ်နေတာ တော်သင့်ပါပြီကွာ. . ကိုယ့်မိသားစုနဲ့ ကိုယ်ပိုင်ဘဝလေးတစ်ခုကို ဖန်တီးလိုက်စမ်းပါ"

အိမ်ထောင်သည် သားနှစ်ယောက်နှင့် မိသားစုရှိသူ ဇော်ဦးကတော့ပြောအားရှိလေသည်ပေါ့။ သူ့မှာသာ. . .

အမိတက္ကသိုလ်ကျောင်းတော်ကြီးမှ ဘွဲ့အသီးသီးယူကြပြီး အိမ်ထောင်တွေအသီးသီးကျ ကိုယ့်မိသားစုနှင့်ကိုယ်ကြောင့် သူငယ်ချင်းတွေ ကွဲကွာနေကြသည်။ ပြန်ဆုံကြတော့ သူတစ်ယောက်တည်း လူပျိုကြီးထီးတည်း ဖြစ်နေသည်မို့ မချိပြုံးနှင့်သာပြုံးရင်း. .

"အချစ်ဦး 'ဖူး'ကိုမေ့တဲ့နေ့ အဲဒီနေ့မှ လက်ထပ်ဖို့စဉ်းစား





မယ်"

"ရှုံးပဲ့ကွာ. . . ဟိုက မြေးတောင်ရတဲ့အထိလား. . ."

"အခုမှ. . ခြောက်နှစ်ကျော်ပဲရှိပါသေးတယ်ကွာ ငါ့အသက်လည်း သုံးဆယ်မှမကျော်သေးတာ"

သူ အမေ့ကိုပေးသော ဆင်ခြေမျိုးဖြင့် ဇော်ဦးကိုပေးလိုက်သည်။ ဇော်ဦးက အားမလိုအားမရဖြင့်. . .

"ကိုယ့်မိသားစုဆိုတဲ့ ကိုယ်ပိုင်ကမ္ဘာလေးနဲ့ လူ့ဘဝကို အကျိုးရှိရှိနေစမ်းပါကွာ. . ."

"ငါ့မှာလည်း မိသားစုရှိတာပဲကွာ အမေရယ်၊ ဝမ်းကွဲအစ်ကိုကြီးမိသားစု၊ ဝမ်းကွဲအစ်မကြီးမိသားစုရယ်လေကွာ. . ဒါလည်း မိသားစုပေါ့. . ."

"မပိုင်ဝက်မွေး ဆင်ခြေပေးမနေစမ်းပါနဲ့ကွာ ကြောက်ရင်ကြောက်တယ်ပေါ့ ငကြောက်ရာ အိမ်ထောင့်တာဝန်ယူရမှာ ကြောက်ရင်ကြောက်တယ်ပြောစမ်းပါ. . ."

"အိမ်ထောင့်တာဝန်ကို ကြောက်တာမဟုတ်ဘူးကွာ. . . အချစ်ကို အစားထိုးကြည့်လို့မရမှာကြောက်တာ. . ချစ်သူနဲ့ ကွေကွင်းရခြင်းဆိုတဲ့ ဒုက္ခဆင်းရဲအပြင် မချစ်မနှစ်သက်သောသူနဲ့ ပေါင်းဖော်ရခြင်းဆိုတဲ့ဒုက္ခဆင်းရဲပါ ထပ်ဆင့်လာမှာကို ငါကြောက်လို့ပါကွာ"

"ဒါဖြင့်လည်း. . မင်းကြိုက်သလိုသာနေတော့ကွာ. . ကိုင်း ငါလည်း ရှုံးသွားတော့မယ်. . မင်းကော တစ်ခါတည်းထွက်မလား. . ."

'ရှုံးချိန်'ဟူသောအသိက သူ့ခန္ဓာကိုယ်ထဲသို့ ပေါ့ပါးသွက်



www.burmeseclassic.com

www.burmeseclassic.com



လက်စေသည်။ ဇော်ဦးနှင့်အတူပင် ကော်ဖီဆိုင်ထဲက လိုက်ထွက်ခဲ့လိုက်သည်။ ကားပါကင်၌ ကားကိုယ်စီနှင့်လမ်းခွဲလိုက်ကြသည်။

ခုလောက်ဆိုရင် ဖူးသားလေးကို မူကြိုကျောင်းသွားပို့လောက်ပြီ။ ဖိုးစိန်လမ်းရှိ ဖူးတို့နေအိမ်နှင့် မလှမ်းမကမ်းလမ်းကြားလေးမှနေ၍ နှစ်ရက်တိုင်တိုင် စောင့်ကြည့်ခြင်း၏အကျိုးရလဒ်က. . .

ဖူးသည် သူ့သားလေးကို ရုံးချိန်အတိုင်း ကန်တော်ကြီးနားရှိ မူကြိုကို အပို့အကြိုကိုယ်တိုင်လုပ်သည်။ သားသမီးကို ကိုယ်တိုင်အကြိုအပို့လုပ်ကာ ရင်အုပ်မကွာ ဂရုစိုက်တတ်သော မိခင်အမျိုးအစားထဲတွင် သူချစ်ဦးသူ 'ဖူး'ပါဝင်နေခြင်းကို သူ့ရင်ထဲ လေးစားရင်းက နှမြောတသလည်းဖြစ်မိလေသည်။

မူကြိုကျောင်းဝင်းနံဘေးရှိ သစ်ပင်ရိပ်ကြီးကို အကာအကွယ်ယူကာ ကားထိုးရပ်ထားရင်း ချစ်ဦးသူကို ခိုးကြောင်ခိုးဝှက်ငေးကြည့်နေခဲ့သည်မှာ နှစ်ရက်တိုင်လေပြီ။

ဒီနေ့တော့ ဖူးက မိုးပြာရောင်ပန်းပွင့် သေးသေးများ ပါသော ထဘီနှင့်အင်္ကျီကို ဆင်တူဝတ်ထားသည်။ ဆံပင်လေးကို မြင့်မြင့်လေးစည်းနှောင်ထားသည်။ ဖူးသည် ကားပေါ်မှာ စာအုပ်တစ်အုပ်ဖတ်ရင်း သားဖြစ်သူကျောင်းအဆင်းကို စောင့်နေလေသည်။

ထက်မင်းစံ. . ချစ်ဦးသူ'ဖူး'ကို မျက်တောင်မခတ်တမ်း ခိုးကြည့်ရင်း ရင်ခုန်သံနှုန်းက မြင့်တက်၍လာသည်။ ငယ်ငယ်ချစ်သူ ဘဝတုန်းကအတိုင်း ရင်ခုန်ဆဲပါလားဖူးရယ်. . .။

ထက်မင်းစံ ပင့်သက်ရှိုက်ပြီး ကိုယ့်ကိုယ်ကိုယ်ဆုံးမနေ





သည်။ ဖူးက လွတ်လပ်သူမဟုတ်၊ ကာမပိုင် လင်နှင့်သားနှင့် ဒါကိုရယူပိုင်ဆိုင်လိုစိတ်နှင့်မပြစ်မှားနဲ့ ထက်မင်းစံ မင်းဒုသနသောဖြစ်မယ်. . . ဟု။

မည်သို့ဆိုစေကာမူ. . ချစ်သူဘဝက ဖူးကိုမြင်ယောင်မိကာ လွမ်းဆွတ်ရမြဲပင်။

'မောင်နဲ့သာလွဲရင် ဖူးတော့ ရူးသွားမလားပဲ၊ အခု. . . မောင့်ကိုမမြင်ရတဲ့နှစ်ရက်တောင် ဖူးလေ. . စားမဝင်၊ အိပ်မပျော်ပဲ ရင်ထဲမှာလစ်ဟာနေတာပဲ မောင်ရယ်'တဲ့ ဖူးပြောခဲ့တာ. .။

မထုမပါးနှုတ်ခမ်းဖျားမှ ချွန်လွှဲ့သော၊ ခရာတာတာ အသံကလေးက သူ့နားထဲမှမထွက်ချေ။

ယခုတော့ ချစ်သူနဲ့လွဲခဲ့ရပေမယ့်. . .

ဖူးဆိုသည့် ပန်းဖူးဝေလွင် မရူးပါ။

ထို့အတူ. . .

သူလည်း မရူးခဲ့ပါပေ။

သို့သော်. . .

သူ မရူးခဲ့ပေမယ့် အဝေးသို့လွင့်ကာ မူးခဲ့ပါသည်။ ချစ်ဦးသူကိုမေ့ပျောက်ဖို့အတွက် သူ ယစ်ရွှေရည်ယမကာနှင့် နှစ်ပါးသွားကာ ပင်လယ်ပြင်ရွက်လွှင့်ရင်း မူးရူးခဲ့ပါသည်။ အရှိန်ကုန်တော့လည်း ဘဝ တာဝေးပြေးလမ်းမပေါ်မှာ အလိုလိုရပ်တန့် သွားခဲ့သည်။

သို့သော်. . . ယခုရပ်တန့်နေသည်က ချစ်ဦးသူ၏ ရှေ့မှောက်ပါလား။

ကျောင်းတံခါးဖွင့်သည်နှင့် 'ဖူး'က ဆတ်ခနဲ ကားပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းပြီး တစ်ခြားမိဘများကြား တိုးဝှေ့ကာ လည်တန်ရှည်ကြည့်ပြီး သားကိုတွေ့သည်နှင့် ဘယ်သူမှဂရုမစိုက်ဘဲ အသံပေးတိုးဝှေ့လေသည်။

"သားသားရေ့ . မေမေဒီမှာ . . "

သားကို လူအုပ်ကြားမှ လက်ဆွဲခေါ်လာခဲ့လေသည်။ တက်ကြွရွှင်လန်းမှုဖြင့် သားငယ်လက်ကိုဆွဲ ရီမောပျော်ရွှင်နေသော ဖူးကိုကြည့်ရင်း သူ့ရင်ထဲသို့ အပျော်များကလည်း အလိုလိုစီးကူးလာလေသည်။

'ဪ . . . သူ့ယောက်ျားကလည်း သူ့ကိုပျော်ရွှင်အောင်ထားတယ်ထင်ပါရဲ့'ဟူသော မုဒိတာစိတ်ကလေးပွားပြီး စိတ်အေးသွားရသည်။

ဖူးတို့သားအမိကားလေး မြင်ကွင်းမှပျောက်ကွယ်သွားပြီးမှ သူကားပြန်မောင်းထွက်ခဲ့သည်။ ပေးနေဘာပဲကောင်းပါတယ်လေ ဟုဆုံးဖြတ်ပြီး မအူပင်ရှိ အမေ့အိမ်သို့သာ ဟန်းပြန်ခဲ့လိုက်လေသည်။

အမေက သူ့ဇာတိနှင့်သူ့လုပ်ငန်းရှိရာ မအူပင်၌သာ ဒိုင်ခံနေလေသည်။ တစ်ခါတစ်ရံမှသာ ပါရမီရှိ သူ့အိမ်သို့ရောက်လာပြီး သူစားဖို့သောက်ဖို့ ရေခဲသေတ္တာထဲ အပြည့်ဖြည့်ဆည်းပေး၊ အိမ်သန့်ရှင်းရေးလုပ်ပေးရင်း မိန်းမယူဖို့ တရားဟောသွားတတ်လေသည်။

"ဟူး . . . အမေနဲ့ပဲပြန်နေတာကောင်းပါတယ်လေ . . "

တိုင်းတစ်ပါးမှာ ခြောက်နှစ်လုံးလုံး အလုပ်လုပ်ခဲ့ပြီးနောက် ပြန်ရောက်လာတော့ အမေ့ပွဲရုံကိစ္စပိုင်းကူရင်းမှ သူ့ဘဝ





ဘုန်သည့်သက်တမ်းအတွက် ဘာလုပ်ငန်းနှင့် အသက်မွေးဝမ်းကြောင်း ပြုရမည်ကို ဆုံးဖြတ်၍မရသေးချေ။

သူ ယောင်ချာချာဖြစ်နေဆဲပင်။

'ဖူး'ကြောင့်လား။

'ဖူး'နှင့် မဆုံစည်းရတော့မှတော့ ဘဝကိုရေစုန်မျှောလိုက်နေတာလား . . .


သူ့စိတ်ကိုသူဘယ်လိုမှ ဝေဖန်ပိုင်းခြားနိုင်ခြင်း မရှိနိုင်ပါချေ။ ထို့အတူ . . . စိတ်သွားတိုင်းကိုယ်က လိုက်ပါလျက်ရှိချေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

မအုပင်ကိုရောက်ပြီး တစ်ပတ်ကြာတော့ သူ နေမထိ၊ ထိုင်မသာဖြစ်လာသည်။ ရန်ကုန်သို့သာ ခြေလှမ်းက ဦးတည်နေသည်မို့. . . သူ့ပွဲရုံကို သူ့ဖာသာသူ နိုင်နိုင်နင်းနင်း လည်ပတ်နေသော အမေ့အား. . .

"အမေ. . . မနက်ဖြန် ရန်ကုန်သွားမလို့ ဟိုတစ်ခါကလို ဘာမှာဦးမှာလဲ"

"အိုအေ. . . တစ်ခါက မင်္ဂလာဆောင်အလှူရှိလို့ ပို့ခိုင်း





လိုက်တာ အဲဒီလိုသာ လက်ဆောင်ခဏခဏသွားပို့နေရရင် ကျပ်တော့မွဲရချည်ရဲ့တော်"

"အမေ့သူငယ်ချင်းဆို"

"သူငယ်ချင်းက သူငယ်ချင်းပဲ စီးပွားကစီးပွားပဲ. . နေပါဦး. . မင်းက အဲဒီအိမ်ကိုသွားချင်လို့လား. . . "

ပြောပြောဆိုဆို အမေက သူ့ဝဝဖိုင့်ဖိုင့်ကိုယ်ကြီးကို တစ်ပတ်လှည့်ကာ သူ့အားမသင်္ကာသလိုကြည့်လိုက်ရင်း. . .

"သူ့အိမ်မှာ အပျိုမရှိပါဘူး ကလေးတစ်ယောက်အမေမုဆိုးမပဲရှိတာပါ. . . "

"ဟင်. . . ကလေးတစ်ယောက်အမေ မုဆိုးမ. . . "

သူ တအံ့တဩသံယောင်လိုက်ကာ ရေရွတ်လိုက်သံကြောင့် အမေ့မျက်စောင်းက သူ့အပေါ် ကျရောက်လာပြီး. . .

"သားနော် အပိုဆုတွေပါ ယူမလာနဲ့"

"မဟုတ်ပါဘူး ဟိုတစ်နေ့က မိုးရွာနေလို့သိပ်မမြင်ရပေမယ့် သူက သားသူငယ်ချင်းမတစ်ယောက်နဲ့ သိပ်တူနေလို့ပါ"

"အိုအေ. . လူတူမရှား၊ နာမည်တူမရှားပါသားရယ်. . ကဲ. . ငါ့ကို ဆားအိုးသွားယူပေးစမ်းပါကွယ် မလောက်လို့. . "

အမေက စကားကိုအတင်းဖြတ်ချလိုက်၍ သူလည်း ဆက်မမေးတော့ဘဲ အမေခိုင်းသည့်အတိုင်းသာလုပ်ပေးလိုက်သည်။

အမေ့ပါးစပ်က အစဉ်အမြဲ 'အပျိုစင်မိန်းကလေးကိုပဲ ယူရမယ်။ တစ်ခုလပ်တွေ၊ မုဆိုးမတွေမယူရဘူး၊ မင်္ဂလာမရှိဘူး' ဟူ၍ ကြိုတင်၍စည်းကမ်းချမှတ်ထားခြင်းဖြစ်သည်။

တူ. . . တူ. . . တူ. . . တူ



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ဖုန်းကထမြည်လာသည်။ သူ့ဖုန်းမဟုတ်နိုင်။ သူ့ဖုန်းဆိုလျှင် ဂျီအက်စ်အမ်ဖုန်းကိုပဲလာမည်။

"ကိုင်လိုက်စမ်း သားရယ် ငပိသိပ်ပြီငါးခြောက်နှပ်ပြီဆိုရင် ဖုန်းကလာပြီ"

အမေသည် လှူရန်၊ စားရန်၊ ဝေငှရန်အတွက်ဆိုလျှင် ကိုယ်တိုင်စိတ်တိုင်းကျ ငပိ၊ ငါးခြောက်များကို ပြုလုပ်တတ်သည်။

"ဟယ်လို"

"အန်တီမေနှင်းနဲ့ တွေ့ချင်လို့ပါ"

သူ့ရင်ထဲ ဒိုင်းခနဲမြည်ဟီးသွားသည်။ တိုက်ဆိုင်လိုက်တာ။ ဒီအသံကို အသက်သေဆုံးသည့်တိုင်အောင် မေ့ရက်နိုင်လိမ့်မည် မထင်ပါ။ ဖူးရဲ့ ဖူးဖူးစင်စစ်အသံလေးပါ။

"ဟယ်လို. . . အန်တီမေနှင်းတို့အိမ်ကပါလားရှင်. . "

"ဗျာ. . ဟို. . အင်း. . အဲ. . ဟုတ်ကဲ့. . "

အယောင်ယောင်အမှားမှားတွေဖြစ် ၍နေသည်။

"ဒါဆို. . . တွေ့ချင်ပါတယ်ရှင်"

"အဲ. . . ဟို အမေမအားဘူးခင်ဗျ. . "

အ. . ထစ်သွားသော သူ့ပါးစပ်သူ ပိတ်ရိုက်ပစ်လိုက်ချင်သည်။ အမေက သူ့အားမျက်စိစွေကြည့်ကာ ဘယ်သူလဲဟူသော မေးခွန်း မျက်လုံးမျိုးနှင့် မေးလာလေသည်။

"ဒါဖြင့် ပြောပေးပါနော်. . ဖိုးစိန်လမ်းက ဒေါ်ဖြူဖြူမြင့် ဖုန်းဆက်ပါတယ်လို့ ကြုံရင်ငပိအချိန် တစ်ဆယ်လိုချင်ပါတယ်ရှင်။ ဘုန်းကြီးကျောင်းကိုလှူချင်လို့ပါ။ ကုန်ကျသလောက် တစ်ခါတည်း ပေးလိုက်ပါ့မယ်ရှင်. . . ကြီးဖြူကသိပ်ကြိုက်သွားလို့ပါ"





ဖူးအသံလေးက ကြည်လင်ရှင်ပျလျက်ရှိချေသည်။

"ဟဲ့. . . ဘယ်သူလဲ"

အမေ့ထံမှ စိတ်မရှည်သံထွက်လာသည်ကို လက်ပြထားလိုက်ပြီး. . .

"ဟုတ်ကဲ့. . . ပြောပေးပါ့မယ်"

"ဒါဖြင့် ဒါပါပဲနော်. . ဖုန်းချလိုက်ပါပြီ. . လာပို့ဖြစ်ရင် ဖုန်းကြိုဆက်ပါနော်. . . ကျေးဇူးတင်ပါတယ်"

"ဟုတ်. . . "

သူ ဖုန်းချလိုက်တော့ အမေက မကျေမနပ်နှင့်. . .

"ဘယ်သူလဲလို့ မေးနေတာကို"

"ဖုန်းကိုင်လိုက်ဆိုလို့လဲ ကိုင်ရသေးတယ်. . စကားပြောလို့မှမပြီးသေးတာ အမေမေးတာကို ဘယ်ဖြေနိုင်ဦးမလဲ"

"ဟဲ့. . . ဒါဖြင့် ဘယ်သူ့ဆီကလဲ"

စိတ်မြန်လွန်းသောမိခင်ကို စနောက်တာလည်းပါသည်။ တမင်ရေတစ်ခွက်ငှဲ့သောက်လိုက်ပြီးမှ. . .

"ငပိမှာတာ"

"ဘယ်ကလဲ"

"ဖိုးစိန်လမ်းက. . "

"ဘယ်လောက်မှာလိုက်သလဲ"

"အချိန်တစ်ဆယ်တဲ့"

"ဟွန်း. . . မြန်မြန်ပြောတာမဟုတ်ဘူး တစ်ခုချင်းခေါ် လိုက်မေးနေရတယ်. . . ခုန ဘယ်သူဆက်တာလဲ ဒေါ်ဖြူဖြူမြင့် ကိုယ်တိုင်လား. . . "



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ကြီးဖြူကသိပ်ကြိုက်သွားလို့ ဘုန်းကြီးကျောင်း လှူမလို့လို့ပြောတာပဲ. . ."

"ဒါဖြင့် သူ့ချွေးမနေမှာပေါ့"

"ဒီတစ်ခါလည်းသား သွားပို့ပေးရဦးမှာလား"

"မလိုဘူး. . . ဂျီကျောင်နဲ့ ကျုပ်ဖာသာကျုပ်ပဲ ပွဲရုံကလူ တွေပို့ခိုင်းလိုက်မယ်"

အမေ့လေသံကို ကြားလိုက်ရသည်နှင့် မုဆိုးမနှင့် သား လူပျိုတွေ့သွားမှာကို စိုးရိမ်သည့် ဝန်တိုသံမှန်းလှည့်မကြည့်ပဲနှင့် အလိုလိုသိလိုက်သည်။

ပန်းဖူးဝေလွင် ချစ်သောဖူးရယ် မုဆိုးမအဖြစ်မြန်လိုက် တာ။ ဘယ်လိုဖြစ်ပြီး ဘယ်လိုအကြောင်းကြောင့်များ ခင်ပွန်းက ကွယ်လွန်သွားရတာလဲ။ သူကတော့ ဖူးကိုတွေ့ဖြစ်အောင်တွေ့ဖို့ ကြိုးစားရတော့မည်။

အမေကတော့ သူတို့နှစ်ယောက်အကြောင်းကိုမသိ၍ သောကပွေကောင်းပွေ၊ နှမြောကောင်းနှမြောနေပေလိမ့်မည်။ သား ကလူပျိုလူလွတ်၊ ဟိုက ကလေးတစ်ယောက်အမေ မုဆိုးမ ဖြစ်နေ သည်။ မိခင်တစ်ယောက်အနေနဲ့ ဘယ်လိုမှကြည်ကြည်ဖြူဖြူ ခွင့်ပြု မည့်ကိစ္စမျိုးမဟုတ်။ သို့သော်. . .

သားဖြစ်သူက ပေတစ်သီး၊ ကျီးတစ်သားလိုအချစ်နှင့် သူ့နေရာကို ဘယ်သူမှအစားမထိုးနိုင်အောင် အစွဲအလမ်းကြီးစွဲ လမ်းနေခဲ့သူ သား၏ချစ်သူမှန်းသိရင်တော့ အမေနားလည် ခွင့် လွှတ်နိုင်မည်လား. . .၊

တစ်ခါကွဲပြီးတဲ့နှလုံးသား နောက်တစ်ဖန်ကွဲဖို့ အင်အား





ကောရှိပါ့မလား. . .၊

ခက်သည်က နှလုံးသားကိုဆန့်ကျင်နိုင်သော ဦးနှောက်က ခပ်ရှားရှားရယ်. . .

ထက်မင်းစံပင့်သက်ရှိုက်လိုက်မိလေသည်။


အတိတ်ကအရိပ်တို့က ထင်ဟပ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

"မင်းရဲ့ပုံတူပန်းချီကားကို ပန်းချီပြခန်းထဲမှာတွေ့တယ်ကွ အမိုက်စားကွ"

သူတို့ တက္ကသိုလ်ကျောင်းသားဘဝတုန်းက 'အလန်းစား' တို့ 'အလန်း'ဟူသော ဗန်းစကားတို့ မပေါ်သေးချေ။ ထိုဝေါဟာရ နေရာ၌ 'အမိုက်စား'တို့ 'အပျံစား'တို့က ခေတ်စားခဲ့လေသည်။

ထက်မင်းစံက သူ့ကိုပြောတာမှဟုတ်ရဲ့လားဟု အူကြောင်ကြောင်မျက်နှာပေးနှင့် ဇော်ဦးကိုကြည့်လိုက်သည်။ ဇော်ဦးက သူ့ကို





ကြည့်ပြီးပြောတာပါ။ ဒါတင်မက ဇော်ဦးဘေးက ကျော်အောင်က လည်း ထောက်ခံလျက်ပေးလေတော့မှ သူ့ကိုပြောမှန်းသိလိုက် ရပေသည်။

"ဟုတ်တယ် မင်းစံ မင်းဘယ်အချိန်က မော်ဒယ်လ်လုပ် လိုက်သလဲကွ"

သတင်းပေးလာသူ သူငယ်ချင်းနှစ်ယောက်ကို နားမ လည်စွာဖြင့် ပြူးတူးကြောင်တောင်ကြည့်လိုက်မိပြီး ပိုမိုသေချာ သွားစေရန်. . .

"မင်းတို့ ငါ့ကိုပြောနေတာလား"

"သေတော့ငကြောင် မင်းကိုမပြောလို့ ဘယ်သူ့ကို ပြောရ မှာလဲ"

"အရူးတွေ ငါမှ မော်ဒယ်လ်မလုပ်ခဲ့ဘဲ မင်းတို့ပဲ မျက်စိ အထူးကုဆီသွားပြကြဦး"

"မယုံရင် အခု အာရ်စီထဲသွားကြည့်ကွာ"

"မအားဘူးကွ စာကူးရဦးမယ်"

"ပြောတော့မအားဘူး မအားဘူးနဲ့ ခြေပုန်းခုတ်နေတာ ကိုး"

"ဘာလိုင်းကြီးပါလား. . . ဘကြီးပွဲရုံမှာအချိန်ပြည့်ရှိနေ တာ မယုံရင်ဖုန်းဆက်မေးကြည့်"

"မိန်းကလေးပန်းချီဆရာ ထင်တယ်"

"ဖြစ်နိုင်တယ်"

ဇော်ဦးနှင့်ကျော်အောင်၏ ဝေဖန်နေမှုကို ဥပေက္ခာပြု လိုက်သည်။ သူ့ခေါင်းထဲ၌ ကျောင်းကိုလက်တွေ့ချိန်များ၌သာ



www.burmeseclassic.com

www.burmeseclassic.com



မှန်မှန်တက်နိုင်ပြီး၊ ကျန်အချိန်များတွင် သူ့ဘကြီး၏ ပွဲရုံလုပ်ငန်းအလုပ်များကို ကူ၍လုပ်ကိုင်ပေးနေရသည်။ ထို့ကြောင့် ပျက်ကွက်သွားသောသင်ခန်းစာများ ကူးဖို့ကိုသာ အာရုံများနေသည်။ ဒါကို အလိုက်မသိအာချောင်နေသော သူငယ်ချင်းနှစ်ကောင်က မပြီးသေး. . .

"မင်းစံ. . . မင်းပုံဟုတ်မဟုတ်ဆိုတာ ကာယကံရှင် မင်းကိုယ်တိုင်ဆုံးဖြတ်ချက်ချရမယ်. . ."

"ဟုတ်တယ် တစ်ခါလောက်လိုက်ကြည့်ပါလား"

"အပိုအလုပ်တွေပါ မင်းတို့လက်ချာကလည်း နှစ်ရက်စာဆိုတာ သိပ်နည်းနေပါလား. . ."

"အဟဲ. . ဟဲ. . ထုံးစံအတိုင်း ငိုက်တာရယ်. . ငန်းတာရယ်. . လစ်တာရယ်နဲ့ဆိုတော့ ဘယ်ရှိပါ့မလဲ"

"ဟင်. . . ဒါဆိုလည်းလုပ်ဦးလေကွာ အချိန်ပြည့်တက်တဲ့လူဆီက ကူးမှဖြစ်မှာပေါ့ မင်းတို့လည်း လိုတာဖြည့်ဦးလေကွာ"

ထက်မင်းစံက ပူပန်နေသလောက် သူငယ်ချင်းတွေက ခပ်ပေါ့ပေါ့ပင်. . .

"လုပ်မနေနဲ့ကွာ. . စာမေးပွဲနီးရင် အလိုလိုပြည့်သွားမှာပါကွာ"

သူငယ်ချင်းတွေက ခပ်ပေါ့ပေါ့မို့ အားမကိုးရလေတော့။ လွတ်သွားသောသင်ခန်းစာများကို ကူးယူဖို့အရေး စဉ်းစားရင်း သက်ပြင်းချလိုက်လေသည်။

"မင်းတို့ကိုအားကိုးလို့မရမှတော့ ကျောင်းမှန်မှန်တက်သူတွေကိုပဲ အားကိုးရတော့မှာပဲ"





ဇော်ဦးက စပ်ဖြဲဖြဲနှင့်. . .

"မသိုးထမင်းတောင်သိုးသွားမယ် ရမယ်မထင်ဘူး"

ကျော်အောင်ကတော့. . .

"မိန်းကလေးတွေဆီကတော့ ရနိုင်ပါတယ်ကွာ. . . သူတို့တွေက ကျောင်းတက်မှန်သလို ဝီရိယလည်းကောင်းတယ်ကွ"

ထက်မင်းစံ ဘာမှဆက်မပြောရဲတော့ မိန်းကလေးတွေထံမှ အကူအညီကိုမယူရဲချေ။ နယ်မှလာသောသူ့လို ကျောင်းသားအတွက် အသိအကျွမ်းမရှိသလို၊ နှုတ်ကလည်းမရဲသဖြင့် အပေါင်းအသင်းနည်းနေလေ။

"ဩော်. . . အေး. . ကျော်အောင်ပြောတာဟုတ်တယ် ဖူးဖူးလေးဆိုရင် ဖြစ်မယ်ထင်တယ်"

ဖူးဖူးလေးတဲ့ ဒီအမည်ဆန်းလေးကို သူ ယခုမှ စတင်ကြားသိလိုက်ရသည်။

"သူ့ဆီကဆိုရင် ရနိုင်တယ်၊ သူက ကျောင်းတက်မှန်တယ်၊ ပြီးတော့ တို့အုပ်စုကိုလည်း ခဏခဏလှမ်းရိုးတယ်ကွ. . မင်းစံ မင်းသွားငှားပါလားကွာ. ."

"ဟာကွာ. . ."

"မင်းလိုချင်တာပဲ မင်းသွားငှားမှပေါ့ တစ်တန်းတည်းသားတွေပဲဟာ သူငယ်ချင်းတွေပဲပေါ့ မိတ်ဆက်ပြီးငှားပေါ့ မင်းရုပ်ကသန့်သန့်ခန့်ခန့်ကြီးဟာကို. . ."

"ဟာ. . . မလုပ်ပါနဲ့ကွာ. ."

ထက်မင်းစံ ရှက်ကိုးရှက်ကန်းဖြစ်သွားရသည်။ မျက်နှာတစ်ပြင်လုံး ပူရှိန်းပြီး ခေါင်းကိုငုံ့ချလိုက်သည်။ မိန်းကလေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



သူမကြည့်ရဲတော့။ အထူးသဖြင့် သူနှင့်မျက်လုံးချင်း မကြာခဏ ဆုံနေသော မိန်းကလေးကလည်း ရှိနေသည်ကိုး။ သို့ရာတွင် ထိုမိန်းကလေးက မျက်လုံးချင်းဆုံတိုင်း သူ့အားမကြည့်သလိုလိုနှင့် အကြည့်လွှဲဖယ်သွားတတ်သည်မို့ သူ့စိတ်ထဲဇဝေဇဝါနှင့် တထစ်ချ ဘာကိုမှကောက်ချက်မချရဲချေ။

"ထက်မင်းစံ သွားလေကွာ"

"တော်ပါပြီကွာ"

သူ့အား အတင်းတွန်းထုတ်နေသော သူငယ်ချင်းများကို တွန်းဖယ်ပြီး သူ့အားဝိုင်းကြည့်နေသော မျက်လုံးများနှင့်ဝေးရာသို့ ပြေးထွက်ရှောင်ဖယ်လာခဲ့မိသည်။

ဒါကို ရိုင်းပြသောအပြုအမူဟု သူမထင်ခဲ့သလို အပြစ်ရှိသည်ဟုလည်း မခံစားရပါ။ သို့သော်. . တစ်စိတ်ကို တစ်အိတ်ခွဲ၍ ချင်သောမိန်းကလေးများအဖို့တွင်တော့. . .

"ဒီလောက်ရိုင်းတဲ့လူမျိုး ဒီတစ်ခါပဲတွေ့ဖူးတယ်"

"ယဉ်ကျေးမှုမရှိတဲ့တောကြိုအုံကြားက လာခဲ့လို့ဖြစ်မှာပေါ့ကွာ. . ."

"ဟုတ်ပါရဲ့. . . ဒီကိုမျက်စိလည် လမ်းမှားရောက်လာလို့ ဖြစ်မှာပေါ့"

နောက်နားဆီမှ တစ်ခစ်ခစ်ရယ်သံနှင့်အတူ စကားပြောသံများ ကြားနေရသော်လည်း သူထိုင်နေသည်။ သူ့အားဝေဖန် အပြစ်တင်မည့်သူ၊ ခနိုးခနဲ့စကားပြောမည့်သူများ မရှိခဲ့ဖူး၍ ဘာမှန်းမသိပေ။ နောက်တစ်နေ့တွင်တော့. . .

"မင်းကို. . . ပန်းဖူးဝေလွှင်က မကျေနပ်ဘူးတဲ့ကွာ. . "





"ပန်းဖူးဝေလွှင်"

နှုတ်ဖျားမှ တီးတိုးသံယောင်လိုက်စဉ်. . .

"ဟုတ်တယ်လေ. . . ဖူးဖူးလေးပေါ့. . ."

"ငါလည်း ဘယ်သူ့ကိုဘာမှလည်းမပြော၊ ဘာမှလည်း မလုပ်ခဲ့ရဘဲနဲ့ ဘာဖြစ်လို့ မကျေနပ်တာတဲ့လဲ အင်း. . ပန်းဖူးဝေလွှင် ဆိုတော့ နာမည်ရှည်သလို လျှာရှည်တဲ့လူမျိုးမို့လို့. . ."

"ဘာရှင့်. . ."

သူ့နားနားကပ်၍ ပျောက်အိုးစနစ်တံပေါက်ကွဲသွားသလို ခံစားလိုက်ရပြီး လန့်ဖျပ်ကာနောက်သို့ လှည့်ကြည့်လိုက်တော့ သူနှင့်မကြာခဏအကြည့်ချင်းဆုံမှုကို ရှောင်လွှဲတတ်သော မိန်းမချောလေးပါလား။ သူ့ရင်ထဲ ဒိုင်းခနဲ မြည်ဟည်းသွားလေသည်။ ရှေ့ပြောနောက်ကြည့်ဟူသောစကားကို သူမေ့လျော့သွားခဲ့သည်ကိုး။

"ရှင်. . . ကျွန်မကို ဘာအပြစ်တင်စရာရှိလို့လဲ. . ."

လှပသော နှုတ်ခမ်းဖူးဖူးလေးမှ ပေါ်ထွက်လာသော ရန်လိုစကားတို့ကို သူဘယ်လိုရင်ဆိုင်ရမှန်းမသိ. . .

"ဗျာ. . ."

"ရူးချင်ဟန်ဆောင်မနေနဲ့. . အခုပဲ ကျွန်မနာမည်ကို ပြောသေးတယ်. . ရှင်သိပ်မိုက်ရိုင်းတဲ့လူ. . တစ်လုံးချိုင့်. . သက်သက်ဘဝင်ကိုင်နေတာ. . ဟွန်း. . ."

သူက ပြူးတူးကြောင်တောင်ပင် ငေးကြည့်နေမိသည်။ မိန်းမချောလေးက ဆူအောင့်ရန်တွေ့ ပြောဆိုပြီး ထွက်သွားလေတော့ သူ့အသိစိတ်ကပါ မိန်းမချောလေးနောက်သို့ လိုက်ပါသွား



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

'ဖူးဖူးလေးဆိုတာ ပန်းဖူးဝေလွင်တဲ့လား. . . ဒင်းကလေးကိုး. . .'ဟု စိတ်ထဲတွေးရင်း သူတို့လိုပုရိသအများစု၏ စိတ်ဝင်စားခြင်းကိုခံနေရသော မိန်းမချောလေးပါလားဟု သိလိုက်ရပြန်တော့လည်း စိုးရိမ်မကင်းသလိုရင်ထဲ 'ဒိန်းခနဲ' ဖြစ်၍နေလေသည်။

"ခွီး. . . မင်းတော့ ကျားရှေ့မှောက်ရက်လဲမိတော့တာပဲ"

"ရုပ်ကလေးလှသလောက် စွာသားပဲ အဟဲ. . ဒီလောက်စွာမယ်မှန်းမသိပါဘူး"

သူငယ်ချင်းများက တစ်ယောက်တစ်ပေါက် ပြောနေကြသော်လည်း သူကတော့မလှုပ်မယှက်နှင့် ငေးငိုင်နေဆဲဖြစ်သည်။

သို့ရာတွင်. . .

လူကငြိမ်သက်နေသော်လည်း နှလုံးသားက မငြိမ်သက်နိုင်ပဲ နှလုံးသားက မငြိမ်မသက်ပြင်းထန်စွာ လှုပ်ခတ်လျက်ရှိချေပြီး သူ့နှလုံးသားကိုပုတ်ခတ်၍ နိုးသွားသူက 'ပန်းဖူးဝေလွင်' ပေတည်း။







# အခန်း(၅)

"ကြည့်ပါဦး မင်းစံ၊ ပန်းချီကားထဲကပုံအတိုင်းပဲ ငါတို့ကျောင်းမှာ မင်းဆိုတဲ့ ငကြောင်ငနာတစ်ကောင်တည်းပဲ လွယ်တယ်"

"ဟုတ်ပ့ါကွာ. . . သူကိုယ့်ကို စာရေးဆရာလိုလို ဘာလိုလိုနဲ့"

"ဇာတာဆေးတဲ့ ပုဏ္ဏားလိုလိုပါကွာ"

"ကုလားသယလွယ်အိတ်ကြီးလွယ်ထားတဲ့ ဘိုးတော်ယောင်



www.burmeseclassic.com

www.burmeseclassic.com



ယောင် ဆာဒူးယောင်ယောင်ပါကွာ. . ."

အမှန်တကယ်ပင် ကျောပိုးအိတ်လွယ်သော တက္ကသိုလ်ကျောင်းသားအများစုအလယ်တွင် သူတစ်ဦးတည်းသာ လွယ်အိတ်တစ်လုံးနှင့်ထူးကဲနေသည်။ ဒါကလည်း ထက်မင်းစံ၏အမေက သူတက္ကသိုလ်တက်မည်ဆိုသည့်နေ့မှာပင် အမြတ်တနိုး သိမ်းထားရာမှ ထုတ်ပေးခဲ့သောလွယ်အိတ်ဖြစ်သည်။ အိပ်ရာထဲလဲနေသောဖေဖေ၏ လွယ်အိတ်သစ်တစ်လုံးလည်းဖြစ်သည်။

"သားအဖေက မြို့တက်ပြီးငွေချေမှ ဒီလွယ်အိတ်ကိုလွယ်တာ ဂုန်လျှော်ချည်နဲ့ ဂျပ်ခုတ်ရက်ထားပြီး ငွေမောင်းလေးတွေကပ်ထားတော့ ခါးပိုက်နှိုက်ဒါးခွဲမခံရဘူးပေါ့ ပြီးတော့ အပေါ်က အသားနဲ့ အတွင်းသားကို ဇစ်တစ်ထပ်ပိတ်ထားသော သာမန် လွယ်အိတ်မဟုတ်ဘူး အလယ်မှာလည်း အံတစ်ထပ်ပါသေးတော့ ခါးစာနဲ့ဝေးတာပေါ့ကွယ်'

အမေပြောသလိုပင် ကချင်ဂျပ်ခုတ်လွယ်အိတ်ကလေး၏ လုံခြုံစိတ်ချမှုကို အမေနှင့်သူသာအသိဆုံးဖြစ်သည်။

ယခုပန်းချီကားထဲတွင်. . .

ငွေမောင်းပါသော ကချင်ဂျပ်ခုတ်လွယ်အိတ်ကိုလွယ်ကာ ခေါင်းငိုက်စိုက်ချလျက် လမ်းလျှောက်လာသည်မှာ ပက်ကြားအက်နေသော လွင်ပြင်ခေါင်တီးကြားနှင့် ပူပြင်းသော နေရောင်အောက်မှာ အတွေးလွှင့်မျောလျက် လမ်းလျှောက်နေသောသူ၏ ပုံသဏ္ဌာန်ပန်းချီကားဖြစ်သည်။

ပန်းချီကား၏နာမည်ကား. . .

'အရိပ်မဲ့သူ' တဲ့။





ပန်းချီဆရာ၏အမည်က 'ပန်း' ဟူ၍ဖြစ်သည်။

'ပန်း' ဆိုတာ မိန်းကလေးအမည်ပဲ. . .

သူငယ်ချင်းအပြောကို သူလက်မခံချင်. . .

"ယောကျ်ားလေးလည်း ဖြစ်နိုင်တာဘဲကွာ. . ."

"မင်းကွာ ကြံကြံဖန်ဖန်"

"ဦးပန်းအောင်၊ ဦးပန်းမောင်တို့ ဦးပန်းလှိုင်စတဲ့ နာမည်တွေက အဖျားဆွတ်ပန်းတစ်လုံးလည်း ဖြစ်သလို သူတို့ကပေါက်ဖွားလာတဲ့ မျိုးရိုးနာမည်လည်းဖြစ်နိုင်တာပဲ"

တစ်ခါတစ်ရံ သူသည် စကားကို ရှာကြံပြီး ကပ်သီးကပ်ဖဲ့ပြောတတ်သောသူမျိုးလည်းဖြစ်သည်။

"ကပ်သီးကပ်ဖဲ့လုပ်ပြီ"

သူငယ်ချင်းများနှင့် ငြင်းခုန်ပြီး သူလမ်းခွဲထွက်ခဲ့ပြီး အခြားပန်းချီကားများကို လှည့်ပတ်ကြည့်စဉ်. . .

"သူလိုလူကို ဘယ်သူကများ မော်ဒယ်လ်ဘွိုင်းအဖြစ် ရွေးထားတာလဲ မသိပါဘူး"

"ကြည့်စမ်း တစ်ပုံစံတည်းပဲ"

"အေးလေ ဆံပင်ထောင်နေတာကအစ တူတယ်နော်"

"ဟဲ့ဟဲ့. . မနေ့က ဒီအရုပ်ကြီး မမြင်ပါဘူး၊ အခုမှ ပန်းချီကားကော ပန်းပုရုပ်ကြီးပါ အတူတူတွေ့ရတယ်နော်. . အဟိ"

သြော်. . . လတ်စသတ်တော့ သူ့ကိုနောက်ပြောင်ကျီစယ်နေကြတာပါလား။ မိန်းကလေးများနှင့် ပတ်သက်လာလျှင် ရှက်ကြောက်တတ်သောသူက ချာခနဲလှည့်ထွက်ခဲ့တော့. . .

"ဟော. . ဟော. . ပန်းပုရုပ်ကြီးထွက်သွားပြီ ဘယ်ညာ



www.burmeseclassic.com

www.burmeseclassic.com



. . ဘယ်ညာ. . ."

သူတို့နှင့်လွတ်ကင်းရာသို့ ထွက်ခဲ့သည့်တိုင်အောင် နောက်ပြောင်မှုစက်ကွင်းက မလွတ်ပါလား။ 'တော်တော်လွန်တဲ့ဟာတွေ'ဟု စိတ်ဆတ်သောသူ ထောင်းခနဲ ဒေါသကထွက်သွားပြီး ရုတ်တရက် လှည့်ကြည့်လိုက်တော့. . .

ရယ်မောနေသောမိန်းကလေး(၃)ဦးမှာ ပါးစပ်ကလေးများ ဟပြီး ကြောင်အမ်းအမ်းဖြစ်သွားကြသည်။ ထိုအထဲတွင် ပန်းဖူးဝေလွင်ဟူသော မိန်းမချောလေးပါလေသည်။

"ခင်ဗျားတို့ တော်ရုံနောက်ပြောင်ကြပါဗျာ။ ပန်းချီလည်း ခိုးဆွဲသေးတယ်၊ နောက်လည်းနောက်သေးတယ်၊ မိန်းကလေး တန်မှ ကွန္ဒြေလေးဘာလေး ထိန်းကြပါဦးဗျာ"

မိန်းကလေး(၃)ယောက်မှာ ရုတ်တရက်ကြီးမို့ မထင်မှတ်ထားသဖြင့် ကြောင်သွားကြသည်။ မီးများမီးနိုင် ရေများရေနိုင် ဆိုသလို မိန်းကလေးများက အဖွဲ့ကောင်းလျှင် ယောကျ်ားလေးတစ်ဦးကို ဝိုင်း၍စနောက်ပြောင်လာက ယောကျ်ားလေးမှာ ရှက်၍ ချက်ချင်းထပြေးကြရသည်ကသာများသည်။

ယခုတော့. . .

အလွန်ရိုးအေးပါသည်ဆိုသော ကျောင်းသားတစ်ဦးက ထွက်မပြေးသည့်အပြင် စစ်မျက်နှာဖွင့်ကာ ရင်ဆိုင်နေသည် ဆိုတော့ အံ့အားသင့်သွားကြပြီး ရုတ်တရက်မှင်တက်သွားကာ ဆွံ့အသွားကြစဉ်. . .

ထက်မင်းစံလည်း ချာခနဲပြန်လှည့်ထွက်ခဲ့လေသည်။ ထိုအခါမှ ပန်းဖူးဝေလွင် သတိဝင်လာပြီး ကျောခိုင်းထွက်သွားသော





မင်းထက်စံနောက်သို့ ပြေးလိုက်ရင်း. . .

"ဒီမှာ. . ဒီမှာ. . လူပုဂ္ဂိုလ်ကြီး. . နေဦး. . ရပ်ဦး. . "

သူရပ်ခိုင်းတိုင်းရပ်ရအောင် သူဒီလောက်မအသေး. .။

"ဒီမှာရှင်အနိုင်နဲ့ မပိုင်းနဲ့နော်. . . ရှင့်စကားကို ပြန်ပြင်ပြောစမ်းပါ ကျောင်းသားပီပီ ပျော်ပျော်ပါးပါး နောက်ပြောင်တာကို ကွန္ဒြေပျက်တယ်လို့ပြောစရာလား. . နေဦးဆို. . . "

ပြောပြောဆိုဆို သူ့လွယ်အိတ်ကိုင်းကိုပါ ဆွဲထားသဖြင့် သူလှည့်ကြည့်တော့ နီးကပ်သောအနေအထားတွင် မျက်လုံးချင်း ဆုံမိကြသည်။ သူ့ရင်ထဲ မြင်းရိုင်းတို့ ခြံကလွတ်ထွက်သွားသလို ကဆုန်ပေါက်ပြေးထွက်ကုန်ကြသည်မို့ ရင်ထဲဝုန်းဒိုင်းကျဲကုန်သည်။

သို့သော်. . . ဒေါသရှိန်မသေသေးသောသူမို့. . .

"မင်းဟာ. . . တကယ်ကွန္ဒြေရှိတဲ့သူဆိုရင် ငါ့လွယ်အိတ်ကို လွှတ်လိုက်ပါကွာ. . . ဒါဆို ငါပြန်ဖြေစရာမလိုဘဲ မင်းအပြုအမူက ဆုံးဖြတ်ပေးလိမ့်မယ်. . ."

မျက်လုံးချင်းအကြည့်တွင်. . .

သူက သရော်ပြုံး. . အောင်နိုင်သူ၏ သရော်ပြုံး ဖြစ်လိမ့်မည်။

ပန်းဖူးဝေလွင်ကတော့ မမျှော်လင့်ဘဲ ထပ်မံအတိုက်အခိုက်ခံရမှုတွင် မိမိ၏အမှတ်တမဲ့အပြုအမူတွေကြောင့် မိမိကွန္ဒြေကိုပါ အစော်ကားခံလိုက်ရသည့်အဖြစ်ကြောင့် ဒေါသကြောင့် တဆတ်ဆတ်တုန်ပြီး မျက်ရည်ရစ်ဝိုင်းလာကာ သူ့အားတွေတွေကြီး ကြည့်နေစဉ်. . .

"လွှတ်လိုက်. . . ဖူးဖူး. . . လွှတ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းများက သူ့အားဆွဲခေါ်သည့်တိုင် ကျစ်ကျစ်ပါအောင်ဆုတ်ထားမိသော လွယ်အိတ်ကိုင်းကပါ လိုက်ပါလာတော့ သူငယ်ချင်းတွေက လက်ကိုပါဆွဲဖြည်လေမှ သတိဝင်လာပြီး လွယ်အိတ်ကို လွှတ်ပေးလိုက်သည်။

"လာစမ်းပါ ဖူးဖူးရယ်. . တောသား ရဲ့ ကျားဆွဲ ဆိုတဲ့ စကားလည်း ရှိတာပဲဟာ. . ."

"ဟုတ်ပ့ါ လုံးဝအရိုင်းအစိုင်းပဲ. . ."

သူငယ်ချင်းများက တစ်ယောက်တစ်ပေါက်ပြောဆိုပြီး ပန်းဖူးဝေလွှင်ကိုဆွဲခေါ်သွားကြသလို. . .

သူကလည်း လွှတ်ထွက်လာသောလွယ်အိတ်ကို ပြင်လွယ်ပြီး ကျောခိုင်းကာ အားလုံး၏မျက်လုံးများကြားမှ ကိုယ်လွတ်ရုန်းခဲ့ရလေသည်။ သို့သော် သူ့အာရုံထဲကိုတော့ မျက်လုံးတစ်စုံက ငြိတွယ်လိုက်ပါလာလေသည်။

ပန်းဖူးဝေလွှင်၏ မယုံကြည်နိုင်သောအကြည့်နှင့် မျက်ရည်ရစ်ဝဲနေသော ခပ်တွေတွေမျက်ဝန်းတစ်စုံဖြစ်သည်။

'ကြောက်စရာကောင်းတဲ့ မိန်းကလေးပါလား. .' ဟုလည်း ရင်ထဲ တုန်လှုပ်သွားသည်။

တဆက်တည်း အတွေးကပွားလာသည်။

'ပန်း'ဆိုတာ ပန်းဖူးဝေလွှင် ဟုတ်ပ့ါမလား၊

"ငါ့ပုံသူဆွဲတာလို့ပြောလို့မှ မရတာ. . ."

သူ ဝတ်နေကြပုဆိုး၊ ကတ္တီပါသံကြိုးရှားရောင်လေးကအစ တူနေသည်ဆိုတော့. . .

ဘာပဲပြောပြော သူ့ခြေလှမ်းတို့က ပန်းချီပြခန်း တာဝန်





ခံဆီသို့ ရောက်သွားသည်။

တာဝန်ခံက. . .

"ပန်း. . . အက်ဖ်(F)အီး(E)လို့ပဲရေးထားတယ် ဖိုင်နယ် အီးမေဂျာဖြစ်မှာပေါ့. . ."

သို့ဆိုလျှင်. . .

"သေချာပြီ. . ပန်းဖူးဝေလွှင်ပဲ"

သူ သေချာစွာဖြင့် ကောက်ချက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

"ကျွန်မတို့ ဖူးဖူးက ပန်းချီကားတစ်ချပ်ဖြစ်အောင် ဆွဲဖို့ မပြောနဲ့ တီကောင်တစ်ကောင်တောင် ဖြစ်အောင်ဆွဲတတ်သူ မဟုတ်ဘူး"

ပန်းဖူးဝေလွင်၏သူငယ်ချင်း နီနီအောင်နှင့် ပြောသာတို့ကို ထက်မင်းစံသူငယ်ချင်းတွေ၏ ဆွဲခေါ်သွားမှုကြောင့်တွေ့ဆုံလိုက်ကြစဉ်. . နီနီအောင်ဆီမှ အဖြေကိုကြားတော့ သူဇဝေဇဝါနှင့်. .

"ဒါပေမယ့်-ပန်းအက်ဖ်အီးဆိုတော့ အီးမေဂျာဖိုင်နယ်က





ပန်း. . . ဒါဟာ တိုက်ဆိုင်မှုလား. . ."

"ဪ ကိုထက်မင်းစံရယ် ရှင်က သေချာနေလိုက်တာ အီးမေဂျာဖိုင်နယ်မှာ. . ပန်းက ပန်းဖူးဝေလွင်တစ်ယောက်ထဲ ရှိတာလား. . . ပန်းသခင်၊ ပန်းချစ်မေ၊ မြပန်းမှုန်တို့ကို ရှင်ဘယ်နားဘေးချိတ်ထားသလဲ၊ သူတို့ကိုကော သွားမေးကြည့်ပြီးပြီလား. ."

ထက်မင်းစံ အူကြောင်ကြောင်ဖြစ်သွားရာမှ အားနာသွားသည်။ ဘာဆက်ပြောရမှန်းမသိဖြစ်နေစဉ် ဇော်ဦးက. . .

"ဒါထက်. . . ပန်းဖူးဝေလွင်ကို မတွေ့တာ နှစ်ရက်တောင်ရှိပြီနော်. . ."

"ဒါပေါ့ရှင်. . ရှင့်သူငယ်ချင်းရဲ့ ကောင်းမှုကြောင့် ကျွန်မတို့သူငယ်ချင်းမှာ အတော်လေးစိတ်မကောင်းဖြစ်ပြီး ကျောင်းတောင်တက်ဖို့ ရှက်နေရှာတာ"

ထက်မင်းစံရင်ထဲ ထိရှသွားရပြီး ငေးငိုင်တွေဝေသွားရသည်။ သူတော်တော်လွန်သွားသလား။ အမှန်တော့ သူလည်း ရှက်ရမ်းရမ်း ကြောက်ကန်ကန်မိခြင်းသာဖြစ်သည်။

"ဟုတ်သားပဲ. . . သူဆွဲတာမဟုတ်ဘူးဆိုရင် မင်း သူ့ကို တောင်းပန်သင့်တယ် မင်းစံ"

"ကျွန်မသူငယ်ချင်းက ပျော်ပျော်နေတတ်တာကလွဲပြီး ဘာမာနမှရှိတာမဟုတ်၊ အနိုင်ယူလိုစိတ်ဆိုတာ ဝေလာဝေးပဲ. . အခုတော့ သူ့မှာရှင့်ကြောင့်အရှက်ကြီးရှက်ပြီး အိမ်တွင်းအောင်းနေရပြီလေ"

"ဟုတ်တယ်. . . ဖူးဖူးက ကိုမင်းစံကို နောက်မိတာကလွဲပြီး ဘာစိတ်မှရှိတာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



နီနီအောင် စကားကို ဟေသာက ထပ်မံဖြည့်စွက်ပေးလေတော့ ကျော်အောင်ကပြုံးဖြီးဖြီးနှင့်. . .

"ဘာစိတ်၊ ညာစိတ်ရှိနေလည်း ကိစ္စမရှိပါဘူးဗျာ ကျွန်တော့်သူငယ်ချင်းကခွင့်လွှတ်ပါတယ်"

"သေနာ"

နီနီအောင်က စာအုပ်နှင့်ကျော်အောင်ကို လှမ်းရိုက်လိုက်သည်။ အရွှတ်အနောက်လေးများနှင့် သူတို့ဝိုင်းလေးများ ညံစီသွားလျက်၊ အဖွဲ့ကျသွားကြသည်။ အစကတည်းက အတန်းဖော်ချင်း မျက်မှန်းတန်းမိပြီး မေးထူးခေါ်ပြောတော့ ရှိခဲ့ကြသည်။ ယခုလိုအဖွဲ့ကျမှုမျိုးက ဒါပထမဦးဆုံးဖြစ်ပြီး တဝါးဝါးနှင့် ရယ်ပွဲဖွဲ့ကာ ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်းဖြစ်သွားကြသည်။

"သေနာ မဟုတ်ဘူးဗျာ နာသေဖြစ်ရမှာ နာပြီးသေရမှာ ဒါမှမှန်ကန်တဲ့သဒ္ဒါစကားဗျ. . ."

ဇော်ဦးထပ်သောပြန်သည်။

"ကဲပါ. . ဖူးဖူး ကျောင်းပြန်တက်ဖို့ နင်တို့ခေါ်ခဲ့ပေးပါဟာ မင်းစံကတောင်းပန်ချင်လို့တဲ့. . ."

"ကျော်အောင်စကားကြောင့် ထက်မင်းစံရင်ထဲ ကတုန်ကယင်ဖြစ်သွားရသည်။ သူက ဘယ်လိုတောင်းပန်ရမှာလဲ။ သူက တကယ်ပဲ အမှားကိုကျူးလွန်ခဲ့သလား။ သူ့ပုံကိုဆွဲသည်ဟု စွပ်စွဲတာတစ်ခုထဲ သူ့အမှားတစ်ခုမဟုတ်ပါလား။ ကျန်တာတွေတော့ သူရိုးသားစွာပင် ပြောဆိုခဲ့ခြင်းဖြစ်ပါသည်။

အင်းလေ. . ဘာပဲဖြစ်ဖြစ် သူ့ကြောင့် ဖူးမှာအရှက်ရသွားခဲ့သည်။ ခံစားသွားရသည်ဆိုတော့ သူလည်း ထိခိုက်ရသည်ပင်။





ကိုယ့်ကြောင့် ကိုယ်စိတ်ဝင်စားမိသောမိန်းကလေးကို မထိခိုက်စေရပါ။

"ဟုတ်တယ်. . . ကျွန်တော်တောင်းပန်ကြောင်း ပြောပေးပါ. . ကိုယ်တိုင်တောင်းပန်ဆိုလည်း တောင်းပန်ပါ့မယ် အိမ်လိုက်လို့ရရင်ပေါ့. . ."

"အိမ်ကတော့. . အင်းလေ. . ကျွန်မတို့အဖွဲ့ကလည်း ယောကျ်ားလေးသူငယ်ချင်းရှိတာမဟုတ်တော့ အိမ်ခေါ်သွားဖို့ မဝံ့ရဲဘူးဖြစ်နေတယ်. . . ကျွန်မတို့ပဲ ဖျောင်းဖျခေါ်ခဲ့ပါ့မယ်၊ အဲဒီတော့ ရှင်တောင်းပန်ပေါ့"

"ကောင်းပါပြီ"

ယောကျ်ားတစ်ယောက်အနေဖြင့် ကိုယ့်ကြောင့် အနာတရဖြစ်သွားသူတစ်ဦးကို ပြန်လည်ကုစားပေးရမည်။ ဖြေသိမ့်မှုပေးရမည်။ ဒါမှ ယောကျ်ားပီသရာရမည်ဟု သူခံယူထားမိခြင်းကြောင့် ပန်းဖူးဝေလွင်ကိုတောင်းပန်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။

"ရှင် တကယ်ပြောတာလား ကိုထက်မင်းစံ"

"သြော်ဗျာ. . . ယောကျ်ားစကားပါဗျာ"

"ယောကျ်ားစကားမို့လို့ ပိုကြောက်ရတာ၊ ယောကျ်ားမာယာက မိန်းမတွေမာယာထက်ကို ပိုပြီး အဆပေါင်းများစွာ သာလွန်းလို့ မိန်းမတွေသာ ယောကျ်ားတွေပလီပလာကြောင့် ဒူးနဲ့ မျက်ရည်သုတ်နေရတယ်ဆိုတာပဲရှိတာ. . .'

"ဟောဗျာ. . ဝါးလုံးရှည်ကြီးနဲ့ သိမ်းကြုံးမရမ်းလိုက်ပါနဲ့ မနီနီအောင်. . လူလူချင်းတူပေမယ့် အသက်ရှုပုံချင်း မတူပါတယ်ဗျာ ကျွန်တော်ကတိပေးပါတယ်. . . ကျွန်တော်ကြောင့် ပန်းဖူးဝေလွင်



www.burmeseclassic.com

www.burmeseclassic.com



မှာ စိတ်ထိခိုက်သွားတယ်ဆိုရင် ကျွန်တော်က ပြန်ဖျက်ပေးပါတယ်ဗျာ. . စိတ်ချပါ. . မနက်ဖြန် သူ့ကိုသာကျောင်းကိုရောက်အောင် ခေါ်ခဲ့ပါ"

"ကောင်းပြီ ရှင်သာကတိတည်ပါစေနော် ကိုမင်းစံ. . ."


"တည်ပါတယ်ဗျာ. . ."

ပြောရင်းပင် ထက်မင်းစံရင်ထဲ လှုပ်လှုပ်ရှားရှားလေးဖြစ်လာသည်။ ဖူးနှင့်တွေ့ရင် သူဘာတွေပြောပြီး ဘယ်လိုတောင်းပန်ရမလဲဆိုတာ မသိ။ စကားလုံးတွေကိုမှ ရှာတွေ့ပါ့မလားဟုပင် ကြိုတင်ပူပန်မှုလေးဖြစ်နေလေသည်။

'ဩော်. . . ပန်းဖူးဝေလွင်ဆိုတဲ့ ဖူးရယ် မင်းကိုထိခိုက်စေတဲ့ ဝေဒနာမျိုး ကိုယ်က ပေးရက်ပါ့မလားကွာ အမှန်တော့ ကိုယ် ဟိုနေ့ကရှက်ရမ်းပြီး ကြောက်ကန်ကန်သွားမိတာပါ' ဟူသော ရင်တွင်းစကားကတော့ ရှိနေလေပြီ။







# အခန်း(၇)

နောက်တစ်နေ့၏ နေ့လယ်ခင်းပိုင်းရောက်မှ တွေ့ဆုံပွဲလေးဖြစ်သွားရသည်။ အဘယ့်ကြောင့်ဆိုသော် နီနီအောင်တို့က ပန်းဖူးဝေလွင်ကို ကျောင်းတက်ဖို့နှင့် ထက်မင်းစံက တောင်းပန်မည်ဆိုသည့်အကြောင်း ဘယ်လောက်ပြောပြော ဖူးဖူးကမယုံတဲ့။ သူကျောင်းတက်အောင် အကြောင်းပြသည်ဟုဆိုကာ မတက်ပဲနေသည်တဲ့။ သို့နှင့်လက်ချာချိန်အပြီးတွင် နီနီအောင်နှင့်ဝေသာ၊ ဇော်ဦးနှင့်ကျော်အောင်တို့ ဆွဲခေါ်လာမှုနှင့် သူသည်ကန့်လန့်



www.burmeseclassic.com

www.burmeseclassic.com



ကန့်လန့်နှင့် ပန်းဖူးဝေလွင်တို့အိမ်နှင့် နီးကပ်သော လက်ဖက်ရည်ဆိုင်လေးသို့ လာပါခဲ့လေသည်။

နီနီအောင်နှင့်ဟေသာတို့ ဖူးကိုသွားခေါ်သည်ကို စောင့်ဆိုင်းရင်း သူ့ရင်ထဲတဒိန်းဒိန်း တဒိုင်းဒိုင်းနှင့်မီးရှူးမီးပန်းတွေ ဖောက်လျက်ရှိသည်။

"ဟေ့ကောင် မင်းစံ မင်းမျက်နှာကြီး ဘယ်လိုဖြစ်နေတာလဲ"

"ဘာ. . . ဘာဖြစ်နေလို့လဲ"

"မအီမလည်ကြီး ဖြစ်နေသလားလို့"

"ဘာလဲ မအီမလည်"

"ဟိုလေကွာ အလွယ်ကူဆုံး ဥပမာပြရရင် ဝမ်းသွားချင်ပြီး စမြင်းခံနေလို့ ဝမ်းသွားလို့မရတဲ့လူတစ်ယောက်လိုပေါ့ကွာ"

"ခသတော့မှာပဲ ဒီကောင်"

"ဟော. . . ဟော. . . ဟိုမှာ လာပြီကွ"

ထက်မင်းစံ မဝံ့မရဲနှင့် မိန်းကလေးအုပ်စုဆီသို့ လှမ်းကြည့်လိုက်သည်။ ခရမ်းပြာရောင်ဝတ်စုံကလေးနှင့် ပေါ့ပေါ့ပါးပါးလေး ပြုံးရယ်ရွှင်လျက်သူငယ်ချင်းနှစ်ယောက်နှင့် တွန်းတွန်းတိုက်တိုက် လာသော ပန်းဖူးဝေလွင်ကိုကြည့်ရင်း ခရမ်းပြာရောင်ပန်းလေး တစ်ပွင့်နှင့်တူနေသည်။

လေယူရာ ယိမ်းနွဲ့နေသော ပန်းခရမ်းပြာလေးတစ်ပွင့်ဟု နှစ်သက်မြတ်နိုးစွာ ခိုးကြည့်ရင်း ရင်ထဲကတ. . .

နှလုံးသားချင်းက သိနားလည်ခဲ့ဖူး၊ အကျွမ်းတဝင် ရှိဖူးကြောင်းကို နှလုံးသားချင်းစေ့ဆော်အချက်ပေးနေတာလား. . .





အတိတ်ဘဝပေါင်းများစွာက ရှေးရေစက် ပန္နက်စိုက်ထူ ခဲ့ဖူးသော သက်သေပေကြောင့်လားမသိ သူ့နှလုံးခုန်သံ သောသော ညံစီနေမှုကြောင့် သူ့နှလုံးသားကို လွယ်အိတ်ကိုင်းကိုင်သလိုလိုနှင့် ကပ်ထားလိုက်သည်။ သူ့နှလုံးခုန်သံကို သူများတွေကြားသွားမှာ ိုး၍ဖြစ်သည်။

"ဟိတ်ကောင်. . . မင်း ထကြိုလိုက်လေ"

"ဟာကွာ. . . ဘာလုပ်ဖို့ကြိုရမှာလဲ ရှက်စရာကြီး"

"အနောက်တိုင်းရုပ်ရှင်ကားတွေလို လေဒီဖတ်စ်လို့ သဘောထားလိုက်လေ. . ."

"မင်းတို့ကြိုပါလား"

ဇော်ဦးက နေရာမှထကာ 'ဒီဆတော်ကြီး (ဆရာတော်ကြီး)နဲ့တော့ ခက်တော့တာပဲ' ဟုဆိုကာ လက်ဖက်ရည်ဆိုင်လေးထဲမှ ထွက်ပြီး မိန်းကလေးအုပ်စုဆီသို့ သွားကာကြိုလေသည်။ ဘာတွေပြောသည်ကိုမကြားလိုက်ရ။ မကြာခင် သူ့အနီးလူသဏ္ဍာန်တွေ မိုးလာမှ အလန့်ကကြား. .

"ကျွန်တော် တောင်းပန်ပါတယ်ဖူး. . . ကျွန်တော် စွပ်စွဲမိတာ မှားပါတယ်. . ."

ရုတ်တရက်ထပြီး ခါးကိုညွတ်ကိုင်းကာပြောလိုက်တော့ သူ့ဘေးနားရောက်နေသူမှာ ဟေသာဖြစ်နေသဖြင့် အားလုံးက 'ဝါးခနဲ' ရယ်လိုက်ကြသည်။

"ဟာဗျာ"

ဟုဆိုကာ သူရှက်ကိုးရှက်ကန်းနှင့် ပြန်ထိုင်လိုက်သည်။ ခေါင်းမဖော်ရဲတော့။ သို့သော် ဇော်ဦးက သူ့ခြေထောက်ကို လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကန်ကာ သတိပေးတော့မှ. . .

"မ. . မပန်းဖူးဝေလွင်. . ."

"ရှင်. . ကျွန်မ ရှင့်ထက် အသက်မကြီးနိုင်ပါဘူး၊ မမ လို့ မခေါ်ပါနဲ့ ပြီးတော့နာမည်ကို အပြည့်အစုံမခေါ်လည်းရပါတယ်၊ ရှင်မောနေဦးမယ်"

ထက်မင်းစံ ရင်ထဲလှိုက်ခနဲဖြစ်သွားသည်။ သဘောထား ပြည့်လိုက်တဲ့ မိန်းကလေးလား၊ အမျက်ဒေါသတွေ မြူမှုန်မှုမတင် ကင်းစင်သွားပြီလား။ သို့အတွက် ယောကျ်ားရင့်မကြီးဖြစ်သော သူက သဘောထား ပိုကြီးပြရမယ်ပေါ့။ ထိုကြောင့် ခေါင်းထောင်ကာ ဖူးကို သူ အနူးအညွတ်တောင်းပန်သောအကြည့်နှင့် ကြည့်ကာ ပြုံးပြလိုက်လေသည်။

"ကျေးဇူးတင်ပါတယ် ဖူး. . ကျွန်တော် သံသယနဲ့ အပြောအဆိုတွေ အရမ်းကိုရင့်သီးကြမ်းတမ်းသွားပါတယ်၊ ဒီအတွက် ဖူးကို ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်"

ဖူးကလည်း သူ့အားပြုံးပြုံးလေးကြည့်ကာ. . .

"ပါးစပ်နဲ့တောင်းပန်ရုံနဲ့ ရမလား"

သူက အူကြောင်ကြောင်နှင့်. . .

"ဗျာ"

အူတူတူဖြစ်နေသော သူ့ကိုကျော်အောင်က ကြားဝင်ကယ် လိုက်သည်။

"ဩော် ဒီဝိုင်းကို သူဒကာခံမယ်လို့ ပြောပါတယ် စားချင်တာမှာစားကြပါ"

ဒီတော့မှ သူက အူတူတူနှင့်. . .





"ဟုတ်. . . ဟုတ်ပါတယ်"

"ရပါတယ်လေ. . ပန်းချီကားကို ကျွန်မဆွဲတာ မဟုတ်ဘူး ဆို့ သံသယကင်းစင်သွားရင်ပဲ ကျေနပ်ပါပြီ၊ ကျွန်မက ပန်းချီလုံးဝ ဆွဲတတ်ဘူးရှင့် အဲဒါကို ကိုထက်မင်းစံ ယုံကြည်ရဲ့လား. . ."

"ဟုတ်. . . ဟုတ်ကဲ့ ဒီက နီနီတို့ ပြောသာတို့ပြောပြလို့ သိရပါတယ်. . ယုံကြည်ပါတယ်. . ဒါကြောင့် ကျွန်တော် ဖူးကို အရမ်းအားနာသွားခဲ့တာပါ"

"တို့တော့ ရှမ်းခေါက်ဆွဲမှာပြီဟေ့ ဆင်ဖြူတော်မှီပြီး ကြုံ စုပ်ရတာ အရသာရှိတယ်"

"တို့ကမြည်းရှည်"

"တို့က ဆီချက်"

သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက်နှင့် ထိုနေ့မှ စတင်၍ မနောဖြူသော ပန်းဖူးဝေလွင်နှင့် မိတ်ဆွေသူငယ်ချင်း ဖြစ်ခဲ့လေသည်။

"ကိုမင်းစံက အေးပေမယ့် ဟိုနေ့က တရစပ်ပြောလိုက်တဲ့ စကားတွေက ကြောက်စရာကောင်းလိုက်တာ အခုတော့လည်း စကားတစ်ခွန်းပြောဖို့အရေး အတော်စဉ်းစားနေရသလိုပဲနော်"

"ဟုတ်ကဲ့ အကြောင်းမတိုက်ဆိုင်သေးလို့ပါ ပြီးတော့ ကျွန်တော်ကတောသားပါဗျာ. . . အခုမှ ရန်ကုန်တက္ကသိုလ်ကို ရောက်လာတာဆိုတော့ မြို့ကျောင်းသူတွေနဲ့ ခင်ခင်မင်မင်ဖြစ်ဖို့ ဘယ်လိုဆက်ဆံရမယ်ဆိုတာ မသိဘူး"

"ဩော်ရှင် ခက်တာလိုက်လို့ ကိုဇော်ဦးတို့ ကိုကျော်အောင် တို့လိုပဲ ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်း သဘောထားလိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



ရပါတယ် ကျွန်မတို့က မရိုင်းပါဘူးရှင်"

"ကျွန်တော်လည်း မရိုင်းပါဘူးဗျာ. . ."

လေပြည်လေးတွေက သူတို့နှစ်ဦးကြား ညင်သာစွာ တိုက်ခတ်၍သွားလေပြီ. . ကျန်သူငယ်ချင်းများရှိနေခြင်းကို မေ့လျော့လျက် ထွေထွေကာကာ ပြောနေမိကြလေသည်။

"ကိုမင်းစံက ဒီနှစ်မှပြောင်းလာတာနော် ဘယ်ကပြောင်းလာတာလဲ"

"မအူပင် တက္ကသိုလ်ကပါ ကျွန်တော်က မအူပင်သားပါ"

"သြော်. . ."

"ဖူးကကော"

သူ ရင်ထဲက 'ဖူး'ကို. . နှုတ်ကလည်း မလိမ်မညာ ဟန်ဆောင်မနေတော့ဘဲ 'ဖူး'ဟုပင် သုံးစွဲလိုက်သည်။ ဒီအတွက် 'ဖူး'ကလည်း ကျေနပ်ပုံရလေသည်။ ကန့်ကွက်ခြင်း မရှိပါလေ။

"ကျွန်မက ရန်ကုန်သူစစ်စစ်ပါရှင် ဒါထက် ကိုမင်းစံနေတော့ကော. . ."

"လောလောဆယ်တော့ ရန်ကင်းက ဘကြီးရဲ့တိုက်ခန်းမှာနေတယ်"

"သြော်. . ဘယ်ဘက်အပိုင်းလဲ"

"ကြားမှတ်တိုင်ဘက်အပိုင်းလေ"

"ဟင်. . . ဟုတ်လား. . . အဲဒီမှာ ကျွန်မကြီးတော်လည်းရှိတယ်. . ကျွန်မကြာခဏသွားလေ့ရှိတယ်"

တိုက်နံပါတ်တွေ အခန်းနံပါတ်တွေဖလှယ်ရင်း စကားကောင်းနေစဉ်. . .





"ကိုင်း. . . အစကတုန်းကတော့ တကယ့်ရန်သူကြီးတွေနဲ့ အခုတော့လည်း စကားလက်ဆုံ ပြောမကုန်ဖြစ်နေကြပြီလား ကျောင်းပြန်ချိန်ထက်နောက်ကျနေလို့ ကျုပ်မယ်တော်ဆူနေဦးမယ် ပြန်ကြရအောင်"

ဟေသာက အရေးကောင်းဒိန်းဒေါင်းဖျက်လေပြီမို့ သူတို့ဘစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး နှုတ်ဆက်ကာလမ်းခွဲလိုက်ကြလေသည်။

သို့သော် နှစ်ဦးစလုံး၏ရင်ထဲတွင်တော့ သမုဒယ ပိုးချည်မျှင်လေးတွေက တွယ်တန်းလျက်လိုက်ပါသွားကြလေသည်။

ထက်မင်းစံ၏နှလုံးသားကို ပုတ်နိုးလှုပ်ခတ်နိုးထစေသော 'ဖူး'ကို သာလျှင်သူ့ဘဝ၏ ချစ်ဦးသည်းညွှာအဖြစ် သူ့ဘဝထဲ ဆွဲသွင်းရန် ဆုံးဖြတ်ချက်ချလိုက်လေသည်။

အဘယ့်ကြောင့်ဆိုသော် နှလုံးခုန်သံစည်းချက်နှင့်အလိုက် 'ဖူး'ကို တမ်းတစိတ်နှင့်မြင်ယောင်နေမိသည်ကိုး. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

ဖူးနှင့်သူ ခင်မင်မှု သံယောဇဉ်ကြိုးကလေးများ ချည်နှောင်မှုမှအစပြုလျက် စာသင်နှစ်ပြီးဆုံးသွားချိန်တွင် သူတို့နှစ်ဦး မခွဲနိုင်မခွာရက်နိုင်အောင် တွယ်တာနှောင်ဖွဲ့တတ်သော ချစ်သူနှစ်ဦး ဖြစ်သွားကြသည်။ ထိုအချိန်အထိ ထက်မင်းစံ မသိနိုင်သော အချက်တစ်ချက်ရှိနေသည်။ ထိုအချက်မှာ. . .

ထက်မင်းစံ၏ ပုံတူပန်းချီကားကိုဆွဲသော ပန်းချီဆရာကို ဘယ်သူမှန်းမသိနိုင်ခြင်းဖြစ်သည်။ ချစ်မိပြီဆိုမှတော့ ချစ်သူနှစ်ဦး တွေ့ဆုံရေးထက် အရေးကြီးသောအရာ ဘာမှမရှိနိုင်တော့သည်မှာ





ချစ်သူတို့၏ ဘာသာဘာဝထင်ပါသည်။

“မောင်. . .”

“ပြောလေ ဖူး”

“ဖူးတို့ကြီးကြီးတိုက်ခန်းက မောင်နေတဲ့တိုက်ရဲ့ မျက်စောင်းထိုးတိုက်ကပဲ. . မောင်က ကြီးကြီးတို့တိုက်ရှေ့က ဖြတ်ဖြတ်သွားနေတာကို ကြီးကြီးတို့သတိထားမိမှာပဲ. . .”

“ဒီတော့. . .”

“ဒီတော့ ကြီးကြီးနဲ့မောင့်ကို မိတ်ဆက်ပေးမယ် ကြီးကြီးကတော့ မောင်နဲ့ဖူးကို သဘောတူမှာပါ၊ မေမေကိုတော့ မနည်းပြောရမှာ ကြီးကြီးအကူအညီယူပြီး သူ့ညီမကိုနားချခိုင်းရမယ်၊ ဒါကြောင့် မောင့်ဘက်က ပြောစရာမရှိအောင် မောင်က အလုပ်ကြိုးစားရမယ်နော်”

မိန်းမဆန်သော မိန်းမမို့ချစ်သူကို အိမ်ထောင်ဦးစီးကောင်းဖြစ်လာစေရန် သွယ်ဝိုက်သတိပေးလေသည်ကို သူကောင်းစွာ သဘောပေါက်သည်ပေ့။ သို့သော် ချစ်သူကို ကျီစယ်လိုသဖြင့်. . .

“ဟား. . . မောင့်ကို ဖူးက နဖားကြိုးတက်လိုက်တာပဲ. . .”

“မောင်နော်. . . မမိုက်ရိုင်းနဲ့ ဖူးကယောကျ်ားကို မတရားခိုင်းစားမယ့်မိန်းမစားမဟုတ်ဘူး၊ ဒါဆိုလည်း မောင့်သဘောပဲလေ၊ ဖူးကတော့ မိဘသဘောတူအောင် လမ်းကြောင်းပေးထားတာ ဖူးချစ်သူက အိမ်ထောင်တစ်ခုကို ကောင်းကောင်းဦးဆောင်နိုင်မယ့် ယောကျ်ားကောင်းဆိုတာကို ပြချင်တာပါ၊ ကိုယ့်ချစ်သူကို ဘယ်သူမှလက်ညှိုးထိုးတာကို မကြိုက်ဘူး၊ မခံချင်ဘူး၊ ဒါကြောင့် ကိုယ့်ဘက်ကပြောစရာမရှိအောင် ဖြစ်စေချင်တာ. . .”



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးဗျာ. . . ရှည်ရှည်ဝေးဝေးရှင်းပြမနေပါနဲ့ ကျောင်းအမရယ်. . မောင်ကစတာပါ. . ခုမောင်လည်း မောင့်ရဲ့ ဘကြီးလုပ်ငန်းမှာ အလုပ်သင်နေခဲ့တာ ဖေဖေနေမကောင်းဖြစ်ကတည်းကဆိုတော့ တစ်နှစ်တော်င်ကျော်လာပါပြီ"

"ဒါဆိုရင် စီးပွားရေးပညာရှင်ကြီး ဖြစ်နေပြီပေါ့ ဟုတ်လား. . ."

"စမ်းပြီး လုပ်ကျွေးကြည့်မယ်လေ"

"အံမယ်"

ဖူးက သူ့လက်မောင်းကို မနာကျင်အောင် ဆွဲလိမ်လိုက်ပြီး တွန်းတွန်းတိုးတိုးနှင့် ခေါင်းနှင့်စိုက်ခွေ့ကာရယ်မောလိုက်သည်။

ငယ်ရွယ်သောချစ်သူတွေမို့တွေလျှင် ရယ်ရယ်မောမော ကြည်ကြည်မွေ့မွေ့နှင့် ချစ်သူတို့သဘာဝအတိုင်း နေချင်ကြလေသည်။ သူက သူ့လက်မောင်းကိုခေါင်းစိုက်မှီခိုလာသော ဖူးကို ပွေ့ပိုက်လိုက်ရင်း. . .

"မောင့်ဘကြီးကတော့ မောင့်ကိုပြောဖူးတယ်"

"ဘာတဲ့လဲ"

"မောင် သူ့ဆီမှာသုံးနှစ်လောက် အလုပ်လုပ်ပြီးရင် လုပ်ငန်းရှင်ကြီးတစ်ယောက်လို ကျွမ်းကျွမ်းကျင်ကျင်ဖြစ်သွားပြီတဲ့ ဒါဆို ဖူးကို မောင်လာတောင်းနိုင်ပြီ"

"သုံးနှစ်တောင်"

"ဘာလဲ မစောင့်နိုင်ဘူးလား၊ မစောင့်နိုင်ရင် လိုက်ခဲ့လေ"

"ဟိုးဆရာ. . ဟိုး. . စောင့်ပါ့မယ်၊ အခုတော့ မေမေတို့ရဲ့သမီးအလိမ္မာလေးလုပ်ပြီး မိဘကိုပဲလုပ်ကျွေးနေတော့မယ်. .





ဖူးလျှောက်ထားတဲ့ဆည်မြောင်းက အလုပ်ခေါ်နေပြီမောင် လောလောဆယ်တော့ နေ့စားနဲ့ပဲ အရင်ဝင်လုပ်ရမှာ. . ."

သူ့ရင်ထဲ ထိရှသွားသည်။

"နေ့စား. . . နေ့စားနဲ့တော့ မလုပ်ပါနဲ့ ဖူးရယ်"

ချစ်သူကို ဘာမှမလုပ်ခိုင်းရက် ရွှေပေါ်မြတင်ပဲ ထားချင်သည်မှာ ချစ်သူတိုင်း၏စေတနာထင်ပါသည်။

"ဩော်. . မိဘသင်ပေးထားတဲ့ ပညာနဲ့အိမ်ထောင် မပြုခင်မှာ မိဘကိုလုပ်ကျွေးချင်သေးလို့ပါ မောင်ရယ်"

"ဟုတ်ပါ့မလား. . . ဖူးရတဲ့လစာနဲ့ ဖူးသုံးတာနဲ့တောင် ကာမိပါ့မလား တွက်လည်းတွက်ကြည့်ပါဦး ကျောင်းအမရယ်. ."

'အို မောင်ကလည်း. . ဖူးတို့မိဘတွေလည်း ဝန်ထမ်းလစာနဲ့ပဲ ဖူးတို့ကို တက္ကသိုလ်တောင် ထားနိုင်ခဲ့သေးတာပဲ. . ဖူးရဲ့လစာကို မေမေ့လက်ထဲအပ်ပြီး ကန်တော့နိုင်ရင် ဖူးကျေနပ်နိုင်ပါပြီ'

"ဖူး ပင်ပန်းမှာစိုးလို့ မောင်ကပြောတာပါ ကဲကဲ. . . အပျိုဘဝတော့ ဖူးသဘောပေါ့ဗျာ မောင်နဲ့လက်ထပ်ပြီးရင်တော့ မောင့်ရဲ့ဇနီးအိမ်ရှင်မကောင်းပဲ လုပ်ရမယ်နော်. . ."

"စိတ်သာချပါ"

ထက်မင်းစံ သဘောတူညီမှုဖြင့် ချစ်သူကိုအလုပ်ပေးလုပ်ခိုင်းခဲ့ခြင်းမှာ နောင်သူတို့နှစ်ဦးအနာဂတ်အတွက် အမှားအယွင်းကြီးတစ်ခု ဖြစ်လာခဲ့လိမ့်မည်ဟုသာ သူကြိုတင်သိခဲ့လျှင် ဖူးအား အလုပ်ပေးမလုပ်ခိုင်းပဲ စောစောစီးစီးပဲ မဖြစ်ဖြစ်တဲ့နည်းနဲ့လက်ထပ်ယူခဲ့မိလိမ့်မည် ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အနာဂတ်ကိုကြိုတင်သိမြင်နိုင်သောစွမ်းအား သူမှာမရှိခဲ့လေဘဲ။

"ဆည်မြောင်းက အေအီးက မေမေ့သူငယ်ချင်းလေမောင် အင်တာဗျူးစရာမလိုပဲ တန်းခန့်လိုက်တာမောင်ရဲ့"

တွတ်တီးတွတ်တာနှင့် ပျော်ရွှင်တက်ကြွနေခဲ့သော 'ဖူး' သည် မိုးသောက်နံနက်ခင်းနေခြည်နုနှင့်အတူ လောကသစ်မှာ ကျေနပ်ပျော်ရွှင်နေဟန်တူသည်မို့ သူ့ကိုလည်း အပျော်တွေက ကူးစက်လာသည်။

ဖူးပျော်လျှင် သူလည်းပျော်ရွှင်ခဲ့ရသည်။ ရုံးဆင်းလျှင် သူ့အလုပ်တွေကို ခဏဘေးချိတ်ထားပြီး ချစ်သူဆီအရောက်ပြေးပြီးတော့ ချစ်သူ၏ကြိမ်ခြင်းတောင်းကလေးကိုဆွဲကာ ဂျိုးဖြူပိုက်လုံးကြီးပေါ်မှာ လမ်းလျှောက်ပြန်လာကြရင်း ကြည်နူးဖွယ်ရာ စကားလုံးလေးများနှင့် တစ်နေ့မတွေ့ရလျှင်မနေနိုင်အောင် အချစ်သည်း အဖြစ်သည်းခဲ့ကြသည်ပင်။

ဖူး၏မိဘများက တောင်ဥက္ကလာပ၌နေပြီး ဖူး၏ကြီးတော်က ထက်မင်းစံ၏တိုက်နှင့် မျက်စောင်းထိုးတိုက်တွင်နေသည်မို့ ဖူးက ရုံးပိတ်ရက်တွင် ကြီးတော်၏အိမ်ကို လာသည်အကြောင်းပြ. . .

သူကလည်း ဘကြီးက ကျန်းမာရေးကတရှောင်ရှောင် ဖြစ်လာသဖြင့် မအူပင်သို့သာပြန်နေသည်မို့ ဘုရင့်နောင်ပွဲရုံလုပ်ငန်းကို သူဦးစီးနေရသည့်အတွက် သူ့ခြေလက်၊ သူ့သဘောဖြစ်တော့ စနေ၊ တနင်္ဂနွေဆိုလျှင် ချစ်သူနှင့်လျှောက်လည်ရင်း ချစ်သူနားမှာသာ တရစ်ဝဲဝဲနေခဲ့သည်မို့. . .





အချိန်နှင့်လုပ်အား လွဲချော်တိမ်းပါးနေခဲ့ခြင်းကို ပွဲရုံ၏ ဝင်ငွေထွက်ငွေစာရင်းက ဖော်ကောင်လုပ်လေတော့သည်။

စည်းကမ်းကြီးသောဘကြီးက ဝင်ငွေစာရင်းလျော့ကျနေသည်ကို ထောက်ပြရင်း သူ့ကိုသတိပေးလေတော့သည်။

ငယ်ရာကကြီးလာသော ဘကြီးက အပွေးမြင် အပင်သိလေသည်ထင့် သူ့ကို. . .

'မင်းကို ငါက ယုံကြည်စိတ်ချပြီး မျက်နှာလွှဲခဲ့တာ. . . လုပ်ငန်းတွေအားလုံး တိုးတက်မှုမရှိဘဲ ဆုတ်ယုတ်လာပြီပဲ၊ ဘာလဲမင်း အိမ်ထောင်ပြုချင်နေပြီလား၊ ဒါဆို အလုပ်ကိုပိုပြီးကြိုးစားရတယ်ကွ၊ တစ်လွဲ ဆံပင်ကောင်းမနေနဲ့' ဟူ၍ သတိပေးခဲ့လေတော့မှ. . .

ဟုတ်သားပဲ. . . ဘကြီးပြောတာဟုတ်မှန်နေသည်ပဲ။

လုပ်ငန်းတစ်ခုကိုတောင် တိုးတက်အောင် မလုပ်နိုင်သေးသောသူက အိမ်ထောင်တစ်ခုကိုဘယ်လိုလုပ်ပြီး ထူထောင်မလဲ။

'ကြာကြာဝါးမည့်သွား အရိုးကြည့်ရှောင်ရပေတော့မည်ပေါ့'

ထို့ကြောင့်. . .

"ဖူးရေ ညနေကျရင် ဖူးကိုမောင်လာကြိုနိုင်တော့မှ မဟုတ်ဘူး"

"ဟင်. . ဘာဖြစ်လို့လဲ မောင်"

"ဪ. . ပွဲရုံက ညနေပိုင်းဈေးသိမ်းခါနီးလေ လူကများလေမို့လား. . . မောင်မရှိရင် ကောင်လေးတွေကလည်း လုပ်ချင်တာလုပ်နေကြတာဆိုတော့ စာရင်းတွေကွာနေပြီ ဖူး ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပါ. . ."

"ဟင်. . . နေ့တိုင်းလားမောင်"

"တစ်ပတ်တစ်ရက်လောက်တွေ့ပြီး လည်ကြမယ်လေ"

"ဘယ်တတ်နိုင်မလဲ မောင်ရယ် မောင့်သဘောပါပဲ. . တစ်ပတ်မှာတစ်ရက် တွေ့ခွင့်ရတာပဲ ဖူး ကျေနပ်ရမှာပေါ့ ဖူးက ပိုချစ်ရသူကိုး"

"အလိုဗျာ မောင်ကကော ပိုချစ်ရတဲ့သူမဟုတ်ဘူးလား အချစ်ချင်းပြိုင်ရင် မောင်ကနိုင်မှာပါ"

"မငြင်းချင်နဲ့တော့မောင် အတူတူပဲလို့မှတ်ယူကြမယ် ဖူးမောင့်ကို သိပ်ချစ်တာ ဖြစ်နိုင်ရင်တစ်ပတ်မပြောနဲ့ တစ်ရက်တစ်စက္ကန့်လေးရဲ့ ဆယ်ပုံတစ်ပုံတောင် မခွဲချင်ဘူးသိရဲ့လား. . ."


"မောင်က အသက်ရှူတစ်ရှိုက်လေးတောင်ခွဲချင်တာ မဟုတ်ဘူးဗျ"

ကိန္နရီကိန္နရာမောင်နှံလို မခွဲတူယှဉ်လိုက်ကြသော်လည်း တစ်သက်တာအတွက် ဘဝရပ်တည်မှုနိဒါန်းအစအတွက် သူတို့နှစ်ဦးတစ်ပတ်လျှင်တစ်နေ့တွေ့ရေးအတွက် တနင်္ဂနွေနေ့ကို ရွေးချယ်ခဲ့ကြသည်။

ထိုသို့ရွေးချယ်လိုက်ခြင်းကပဲ သူတို့နှစ်ဦး၏ ခွဲခွာမှုကံကြမ္မာနိဒါန်း ဖြစ်ခဲ့လေရော့လားဆိုတာကိုဖြင့် နှစ်ဦးသားမှ ကြိုတင်မသိခဲ့ကြလေပဲ. . .။







# အခန်း(၄)

သူ့ဘကြီးအသည်းအသန်ဖြစ်သဖြင့် မအူပင်သို့ခဏပြန်ရသည်။ မအူပင်နှင့်ဘုရင့်နောင်ပွဲရုံကိုသာ ကူးချည်သန်းချည်လုပ်ရသည်။ ရန်ကင်းတိုက်ခန်းကိုတော့ သော့ခလောက်ကြီးကိုသာ အစောင့်ထားခဲ့ရသည်။

နှစ်ပတ်ကျော်မှ ဘကြီးအနည်းငယ်ထူထောင်လာသော် သူ့အတွက်အရေးကြီးသောတနင်္ဂနွေနေ့အချိန်ကို အလု... ယူပြီး ရန်ကင်းတိုက်ခန်းသို့အပြေးအလွှားရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်ကာလက ရိုးသားသောတောသားဘကြီးက ဘုရင့်နောင်ပွဲရုံနှင့် မအူပင်အိမ်မှာ လိုင်းဖုန်းတတ်ဆင်ထားသည်မှအပ ဈေးကြီးသောကြိုးမဲ့မိုဘိုင်းဖုန်းများကို အပိုကုန်သည်ဟုဆိုကာ ဝယ်မသုံးသေးချေ။ ပေါ်ကာစအပြင် ပေါက်ဈေးကလည်း ခေါင်စိုက်နေသည်ကိုး။

ဖူးကလည်း ရုံးဖုန်းပေးမထားချေ။ နေ့စားသာဖြစ်သေးသောဖူးအတွက် စာရေးကြီးစားပွဲပေါ်ကဖုန်းကို လူတကာရှေ့ အသုံးပြုရမှာ ရှက်ပုံရသည်။ သူကလည်း ဖူးကို ဘုရင့်နောင်ပွဲရုံလိပ်စာနှင့် ဖုန်းနံပါတ်မပေးမိ။ လူချင်းတွေ့နေရသည်ဆိုတော့ ဖုန်းကမလို။ တစ်ဦးတည်းကိုင်ဖုန်းဆိုလျှင်တော့လည်း ခဏခဏဆက်နေမိကြမည်ဖြစ်သည်။

ရန်ကင်းတိုက်ခန်းတံခါးကိုဖွင့်လိုက်တော့ တံခါးအောက်ထဲမှ ထိုးထည့်ထားသောစာနှစ်စောင်ကို တွေ့လိုက်ရသည်။ စာနှစ်စောင်ကို တစ်စောင်ပြီးတစ်စောင် ဖောက်ဖတ်လိုက်သည်။

မောင်...

အရေးကြီးတယ်၊ အမြန်ဆက်သွယ်ပါ။

ဖူး

နောက်တစ်စောင်က ညည်းတွားသံလေးနှင့်ဖြစ်သည်။

မောင်...

တနင်္ဂနွေနှစ်ပတ်ဆိုတဲ့ကာလအတွင်းမှာ မောင်နဲ့ဖူးတို့ကို ဝေးကွာအောင် ကံကြမ္မာက ဖန်တီးတော့မယ်ထင်တယ်။ ဒါကြောင့် အမြန်ဆက်သွယ်ပါမောင်၊ ကြီးကြီးဆီကို





မောင် ရောက်ရောက်ခြင်း သွားဆက်သွယ်လိုက်ပါ။

ဖူး

"ဖြစ်ရလေတယ် ဖူးရယ်"

စိတ်မကောင်းမှု၊ စိုးရိမ်ပူပန်မှုများနဲ့အတူ ဖူး၏ ကြီးတော်ရှိရာ မျက်စောင်းထိုးတိုက်ရှိရာသို့ ချက်ချင်းသွားရောက်တွေ့ဆုံရလေသည်။

"လာ. . မောင်မင်းစံ. . မင်းနှယ် ပျောက်ချက်သားကောင်းလိုက်တာ ပွင့်ဖူးကတော့ တငိုငိုနဲ့ မျက်ရည်နဲ့မျက်ခွက်ဖြစ်နေပြီ"

"ကျွန်တော့်ဘကြီး ရုတ်တရက်အသည်းအသန်ဖြစ်လို့ မအူပင်ဆေးရုံတက်နေရတယ်. . အဲဒါကြောင့်ပါ. . ဖူးက ဘာဖြစ်လို့လဲကြီးကြီး. . ."

"မပြောချင်ပါဘူး. . မောင်မင်းစံရယ် ပန်းဖူးကို သူ့မိဘတွေက ယောကျ်ားပေးစားကြတော့မလို့ စီစဉ်နေကြတယ်"

"ခင်ဗျာ. . ."

သူခေါင်း ဆင်နင်းသွားလေပြီ။ ခေါင်းနားပန်းကြီးစွာဖြင့် ကြီးကြီးကိုအထိတ်တလန့်ကြည့်လိုက်သည်။ ကြီးကြီးများ ယုံတမ်းစကားပြောပြီး သူ့အားကျီစယ်နေတာများလား. . .

ကြီးကြီးက ဖူး၏အမေ၏အစ်မဖြစ်သည်။ ကြီးကြီး ကိုယ်တိုင်ကကော ဒီကိစ္စ၌မပါဝင်နိုင်ဘူးလားဟုလည်း သံသယဝင်မိလေသည်။

"ပန်းဖူး ကတော့ချစ်သူရှိတယ်ဆိုပြီး ငြင်းပါတယ်၊ ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ဟိုဘက်ကအသည်းအသန်ဖြစ်နေတယ်"

"ဟိုဘက်ကဆိုတာ"

"ဟိုဘက်ကဆိုတာ အေအီးလေ ပန်းဖူးအမေရဲ့သူငယ်ချင်း အေအီးဟာကော. . ."

"ဟုတ်ကဲ့ ပန်းဖူးကိုအလုပ်သွင်းပေးထားတာ ကြားဖူးပါတယ်"

"အဲဒီ အေအီးရဲ့သားပေါ့ နိုင်ငံခြားက ပြန်ရောက်လာခြင်းမှာပဲ ပန်းဖူးကိုတွေ့သွားပြီး သဘောကျသွားတယ်တဲ့ အဲဒါ. . . မိဘတွေအချင်းချင်း တစ်ခါတည်းကိုအားခြင်းစီစဉ်တော့တာပဲ"

သူ့ရင်ထဲ စူးနင့်နာကျင်သွားလေပြီ။ ချစ်သူကို သူဘယ်လိုမှ မစွန့်လွှတ်နိုင်ပါ။ အသည်းနင့်အောင်ချစ်ရသည့် ချစ်သူဖြစ်နေသည်။ ပြီးတော့ တစ်ယောက်ဆိုတစ်ယောက်တည်းချစ်ခဲ့ရသည့် ချစ်ဦးသူပေပဲ။

ထိုစဉ်. . တံခါးမှ လူခေါ် ခေါင်းလောင်းသံကြောင့် ကြီးကြီးက တံခါးထဖွင့်ပေးရင်း. .

"မိပန်းဖူးပဲ ဖြစ်မယ်"

ကြီးကြီးခန့်မှန်းသည့်အတိုင်း ဖူးက သောကရုပ်နွမ်းနှင့် တိုက်ခန်းထဲဝင်ရောက်လာသည်။ သူ့ကိုမြင်တော့ တွေတွေကြီးစိုက်ကြည့်နေရာမှ မျက်ရည်တာကျိုးလေတော့သည်။ ချစ်သူမျက်ရည်ကို ကြုံတွေ့ရတော့ သူ့ရင်မှာမချိအောင်နာရသည်။ ကြီးတော်က မီးဖိုခန်းထဲဝင်ရောက်ပျောက်ကွယ်သွားသည်။ သူတို့စားဖို့ တစ်ခုခုလုပ်ပေးနေဖို့ရယ်၊ တမင်ရှောင်ပေးနေတာရယ်ပဲ ဖြစ်သည်။

ချစ်သူနှင့်နှစ်ကိုယ် ယှဉ်ထိုင်မိကြပြီဆိုတော့ ချစ်သူ၏





မျက်ရည်စက်တို့ကို အသာသုတ်ပေးရင်း. .

"ဘယ်လိုဖြစ်လို့ ဒီလောက်မြန်မြန်ဆန်ဆန်ကြီး ဖြစ်သွားရတာလဲ ဖူးဖူးရယ် အစကတည်းက မသိဘူးလား"

"မသိပါဘူး မောင်ရယ် သူ့သားဩစီကပြန်လာလို့ အိမ်မှာဆွမ်းကျွေးမယ်ဆိုတော့ မေမေက ဖူးကိုသွားဝိုင်းလုပ်ဖို့ လွှတ်လိုက်တာ မေမေ့သူငယ်ချင်း ကိုယ့်အထက်အရာရှိ အိမ်ဆိုတော့လည်း ရုံးကလုပ်ဖော်ကိုင်ဖက်သူငယ်ချင်းသုံးယောက်နဲ့အတူ သွားဝိုင်းလုပ်ပေးခဲ့တာ. . အဲဒီမှာ သဘောကျသွားလို့ဆိုပြီး မေမေ့ကို အတင်းပူဆာတာတဲ့"

သူ့ရင်ထဲ မချလေတော့ ဆောက်တည်ရာမဲ့ ခုန်းခန် ပြောမိရက်သားဖြစ်သွားသည်။

"သြော်. . . အလုပ်အကိုင်သိပ်တော်လို့ သိပ်သဘောကျသွားတာထင်တယ်"

"မောင်နော်"

"မဟုတ်လို့လား"

ပညာတတ်ရုပ်ချောပြီး မိန်းမပီသသောအချက်အပြုတ် အလုပ်အကိုင်တော်သော မိန်းကလေးဆိုတော့ သားရှင်တွေက သဘောကျပေမည်ပေါ့။

"ထားပါတော့လေ. . . သူ့သားကြီးက ဩစီမှာ အခြေတစ်ကျ ဖြစ်နေပြီဆိုတော့ ဩစီပြန်သွားတော့မှာမို့ ဒီတစ်လအတွင်း လက်ထပ်ပြီး ဖူးကို ခေါ်သွားမယ်တဲ့. . ."

"ဟင်း. . . အကွက်ကိုကျနေတာပါလား"

နာနာကျင်ကျင် ညည်းတွားရေရွတ်လိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ. . . ခန့်တာတွေ အပြစ်တင်ဝေဖန်တာတွေ ခဏထားဦး အခုဘယ်လိုလုပ်ကြမလဲဟင်"

ဖူးစကားကြောင့် သူငေးငိုင်သွားရသည်။ သူ့ဘက်ကမှ ဘာမှအဆင်သင့်မဖြစ်သေးဘဲ ဖူးကို အပြစ်တင်သလိုပြောမိနေသော ကိုယ့်ကိုယ်လည်းရှုံ့မုန်းသွားသည်။ သူ့အခြေအနေက မိန်းမတစ်ယောက်ကို ခုချက်ချင်းကောက်ယူနိုင်သောအခြေအနေမဟုတ်။ နာတာရှည်လေဖြတ်ရောဂါနှင့် အိပ်ရာဖျာကပ် ဖြစ်နေသော ဖခင်ဒုက္ခိတ မမာသည်ကြီးကို မိခင်ကပြုစုနေရသည့်အတွက် သူတို့မိသားစု၏ စားဝတ်နေရေး ဆေးဖိုးဝါးခအတွက် သူ့ဖခင်ကိုယ်စား ဖခင်၏အစ်ကိုဘကြီးဆီတွင် အလုပ်ဝင်ခဲ့ရသည်။

အခု. . . သူ့ကို ဆရာစားမချန် ပညာကုန်သင်ပေးနေသော ဘကြီးကပါမမာသလိုဖြစ်လာတော့ သူ့ပခုံးနှစ်ဖက်စလုံးပေါ်တွင် ကြီးမားသောအမျိုးရေး၊ လုပ်ငန်းရေးဟူသော တာဝန်ဝန်ထုပ်ဝန်ပိုကြီးက ရှိနေလေသည်။

သူ ဘာလုပ်ရမလဲ။

သူတစ်ခေါင်းလုံး ဆူပွက်ပူလောင်နေသည်မှာ ပေါက်ထွက်မတွက်ပင်ဖြစ်နေတာမို့. . .

"ပြောလေမောင် ဖူးတို့ ဘာလုပ်ကြမလဲ"

"ဖူးက ဘယ်လိုဖြေထားသလဲ"

"သမီးမှာ ချစ်သူရှိတယ်၊ သမီးချစ်သူနဲ့ပဲ လက်ထပ်ချင်ပါတယ်လို့ပေါ့ မောင်ရယ်"

"အဲဒီလိုဖွင့်ပြောတာတောင်မရဘူးလား"

ဖူးက ခေါင်းကိုလေးတွဲ့စွာခါယမ်းရင်း. . .





"ချစ်သူနဲ့ လက်ထပ်တာတစ်ခြားစီတဲ့လေ မေမေက ချစ်ဦးသူနဲ့ကွေကွင်းပြီး ဖေဖေကိုမချစ်ဘဲ လက်ထပ်ခဲ့တာတဲ့ ခုတော့ နားလည်မှုတွေ သားသမီးနှောင်ကြိုးတွေနဲ့ ချစ်ခြင်းကခိုင်မြဲနေတာတဲ့ မေမေဟာ ဖေဖေနဲ့လက်ထပ်ခဲ့ခြင်းအတွက် ဘယ်တော့မှ နောင်တမရဘူးတဲ့လေ. . ချစ်ဦးသူဆိုတာ ဘယ်လိုရုပ်ဖြစ်နေမှန်းတောင် မသိတော့ဘူးတဲ့။ နောက်ပြီးတော့မောင်ရယ် ဖေဖေက နောက်နှစ်ဆိုရင် ပင်စင်ယူတော့မှာလေ. . မမရဲ့ ဆေးကုစရိတ်နဲ့ အိမ်စရိတ်ကဘယ်လိုမှ အဆင်မပြေနိုင်ဘူးတဲ့. . ."

မိသားစုအရေးအတွက် ချစ်သူကစတေးခံဖြစ်နေပါရောလား။

"ဖူး အမေ့ကို မေးလိုက်စမ်းပါကွာ. . . ဘယ်လောက်နဲ့ဘင်တောင်းရမလဲလို့. . ."

ဆင်လည်းဆင့်အထွာ၊ ပုရွှတ်ဆိတ်လည်း ပုရွှတ်ဆိတ်အထွာတော့ ရှိပါတယ်၊ မအူပင်ဇာတိမြေမှာ ပိုင်ဆိုင်ထားသောလယ်မြေတွေ၊ အင်းတွေက ရှိနေသည်ပဲ။ ငပိ၊ ငါးခြောက်ကလည်း အမေ၏အိမ်တွင် စီးပွားရေးမို့ အမေ့မှာ အတွင်းပစ္စည်းတော်တော်များများရှိနေပါသည်။ သို့သော် ဖခင်ကျန်းမာရေးအတွက် သုံးနေရသည်။

"မောင်. . . ဂလန့်တိုက်မနေနဲ့နော် ဘာလုပ်ကြရင် အကောင်းဆုံးဖြစ်မလဲဆိုတာသာ စဉ်းစားစမ်းပါ"

"ဘာလုပ်ရမှာလဲကွာ. . ခိုးပြေးရုံပဲရှိတော့တာပေါ့. . ဒါပေမယ့် တစ်ပတ်နှစ်ပတ်တော့ စောင့်ရဦးမှာ ဖူးရာ. . . မောင့်ဘကြီးကို ဆေးရုံတင်ထားရတာ. . ."



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း သူ့အခက်အခဲတွေပြောပြရသည်။ ဘကြီး ဆေးရုံတင်ထားစဉ်မှာ သူ့အားကိုးပြီးလုပ်ငန်းကို လက်လွှဲထားသော တူတော်မောင်က မိန်းမခိုးသွားသည်ဆိုပါက ရာဇဝင်ရိုင်းပြီး ဘကြီး မျက်နှာ အိုးမဲသုတ်သလို ဖြစ်တော့မည်။ ခံစားသင့်သော အမွေများပင် ရပ်တန့်သွားနိုင်သည်။

ဘကြီးက စီးပွားရေးပြေလည်ပြီး သူ့ကိုလုပ်ငန်းလိုင်စင်လွှဲပြောင်းပေးမည်ဖြစ်၍ ထိုအချိန်မှ တင့်တောင်းတင့်တယ် လက်ထပ်ရန် လောလောလတ်လတ်ပင် ဆေးရုံပေါ်လဲလျောင်းလျက်ကပင် ဆုံးမမှာစကား ပြောနေခဲ့သေးသည်။

"ဘာကိုမှ အလျင်စလိုမဆုံးဖြတ်ကြနဲ့ဦး ပန်းဖူးကလည်း အချိန်ဆွဲထား၊ မောင်မင်းစံကလည်း ဘကြီးကိုအကျိုးအကြောင်း ပြောပြပြီး တိုင်ပင်ကြည့်ပါဦး သွေးပူတုန်းဘာမှမဆုံးဖြတ်ကြနဲ့ဦး နှစ်ဖက်စလုံးက ငဲ့ကွက်စရာတွေကြီးပဲ"

ကြီးကြီးလက်ရာဟင်းတွေက ခံတွင်းတွေ့စရာတွေချည်း ဖြစ်သော်လည်း နှစ်ဦးစလုံး၏ရင်ထဲမှာ မီးတောက်လွှင်ပြင်ကြီးက ကြီးထွားနေသည့်အတွက် တို့ကနန်းဆိတ်ကနန်းနှင့်သာ အရသာ မသိလိုက်ရပဲ ထမင်းစားပြီးသွားကြလေသည်။ ယောက်ျားမျက်ရည် မကျရအောင် တင်းခံနေရတာလည်း ရင်မှာထိရှနာကျင်လှပြီ။

ဆုံးဖြတ်ချက်တစ်ခုကို တိတိကျကျမပေးနိုင်ဘဲ ချစ်သူနှင့်လမ်းခွဲပြီး ကိုယ့်တိုက်ခန်းကိုယ်ပြန်ရောက်မှ ရှုပ်ထွေးနေသော စိတ်ကို ကြည်လင်လန်းဆန်းပြီး မှန်ကန်သောဆုံးဖြတ်ချက်ချနိုင်ဖို့ ရေချိုးခန်းဝင်ခဲ့သည်။

ရေပန်းအောက်၌ ရေစိမ်ချိုးရင်းစဉ်းစားလိုက်သည်။





ဘာလုပ်သင့်သလဲ။ ဘကြီးက ဆေးရုံတွင် ဘယ်သူမှမရှိဘဲ သူ နှစ်ယောက်တည်းရှိသည့်အခါ သူ့ကိုသေချာစွာသတိပေးထားခဲ့ သည်ကလည်း...

"ငါ့မှာ သားသမီးမရှိတော့ မင်းနဲ့ငါ့မိန်းမဘက်က တူတွေ ခတွေပဲ ဒီပစ္စည်းတွေကပေးခဲ့စရာရှိတာ၊ မင်းသိတဲ့အတိုင်း မိန်းမဘက်ကတူ၊ တူမတွေက ငယ်သေးလို့လုပ်ငန်းအတွက် မှသုံးလို့မရဘူး ဒီတော့ ရန်ကင်းတိုက်ခန်းနဲ့ ပွဲရုံလုပ်ငန်း တော့ မင်းအတွက်ပဲ မင်းဦးစီးလုပ်နိုင်ရင် ငါပေးမယ်၊ မင်းမလုပ် ရင်တော့ ရမှာမဟုတ်ဘူး၊ ငါနေမကောင်းတဲ့အချိန် လုပ်ငန်းတွေ နေတာကို ငါသိပ်မကြိုက်ဘူးကွ... မင်းသတိထားလုပ်စမ်းကွာ၊ မိန်းမဘက်ကအမျိုးတွေ ပြောစရာဖြစ်နေဦးမယ်"

"ယောက်ျားဆိုတာ စီးပွားဥစ္စာရှာဖို့အဓိကထားရတယ်၊ န်းမဆိုတာ စီးပွားဥစ္စာပြည့်စုံပြီဆိုရင် ဘယ်အချိန်ကောက်ယူယူ ပါတယ်ကွာ... ဒီတစ်နှစ်ပဲ မင်းလုပ်ငန်းထဲ ခေါင်းစိုက်ပြီး လုပ် င်းပါကွာ..."

မနေ့တစ်နေ့ကမှ ပူပူနွေးနွေးသတိပေးစကားများကို ကြား ယောင်လျက် မည်ကဲ့သို့ဆုံးဖြတ်ရမှန်းမသိဖြစ်နေသည်။ တဆက် ည်းဆိုလို့.. ဖူး၏မိဘများကိုလည်း မကျေမချမ်းဖြစ်လိုက်မိ သည်။ ပြီးတော့ ဖူးကိုလိုချင်နေသော အေအီးမိသားစုကို ဖြစ်သည်။

"တောက်.. အိမ်ထောင်ပြုတာများ ဟင်းရွက်ကန်စွန်း ယ်သလို ခူမြင်တာနဲ့ခူချက်ချင်း ဝယ်ချင်နေလိုက်တာ... မိဘ တွေကလည်း ကိုယ့်သမီးရဲ့နှလုံးသားကို ကျေးဇူးနဲ့လဲလှယ်ချင်နေ ကြတာပဲ တောက်... ငါကိုကလည်း ကံဆိုးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

တိုင်ပင်ဂရာ ဇော်ဦးတို့ ကျော်အောင်တို့ကလည်း မရှိကြ။ ဇော်ဦးက ရှိုးဂျောနှင့်စင်ကာပူထွက်သွားပြီး ကျော်အောင်က နိုင်ငံခြားသင်္ဘောလိုင်းတစ်ခုသို့ တက်သွားပြီးဖြစ်သဖြင့် သူ့မှာ ရင်ဖွင့်ဖော်မရှိ တစ်ဦးတည်းယောက်ယက်ခတ်လျက်ရှိသည်။

"ဟတ်ချိုး. . ."

နှာချေဆတ်လာမှ ရေပန်းအောက်မှာကြာနေပြီဖြစ်သော သူ့ကိုယ်သူသတိပြုမိလိုက်ပြီး ရေချိုးခြင်းကိုရပ်တန့်ရေသုတ်၊ အဝတ်လဲပြီး ပြန်တော့လည်း ရန်ကင်းတိုက်ခန်းထဲ တစ်ဦးတည်း ခေါက်တုန့်ခေါက်ပြန်လျှောက်ရင်း. . .

"ကံကြမ္မာကလည်းကွာ. . . ငါ့ကို အချိန်နည်းနည်းလေး ပိုပေးလိုက်တော့ ဘာဖြစ်မှာမို့လို့လဲ. . ."

"ခုတော့ ချစ်သူကိုတင့်တောင်းတင့်တယ် လက်ထပ်ယူရလောက်အောင် ဘာမှအဆင်သင့်မဖြစ်သေးပါလား"

"အချစ်ဆိုတာ ဦးရာလူလားကွ"

ချစ်သူကိုတန်ဖိုးထားတောင်းရမ်းယူလိုသော သူ့အတွက် အခက်ကြုံနေရသည်။ ဖခင်ကောဘကြီးကောက အိပ်ရာဖျာကပ် အနေအထား. . .

ဖူးကတော့ပြောရှာသည်။

"အခြေအနေတွေက မပေးတော့လည်း ဘာတတ်နိုင်မလဲ မောင်ရယ် မောင်ခေါ်ရာကိုပဲလိုက်ခဲ့ရတော့မှာပေါ့"

"လူမမာတွေနဲ့ စီးပွားရေးကြား လုံးလည်ချာလည် လိုက်နေတဲ့ မောင့်မိသားစုအသိုင်းအဝိုင်းထဲ ဖူးဝင်ရင် ဖူးလည်း မောင်နဲ့အတူ ဒုက္ခပါခံစားရမှာ ဖူးစဉ်းစားဦး"





"ဘယ်တတ်နိုင်မလဲမောင်ရယ် မောင့်ကိုဖူးကချစ်တာကို ခွဲမခွာနိုင်တာဒုက္ခခံရမှာပေါ့ နောက်မှမိဘကျေးဇူးဆပ်တော့မယ်နော်မောင်. . ."

သူတို့နှစ်ဦး ခိုးရာလိုက်ဖို့တိုင်ပင်သည့်တိုင်အောင် ချက်ချင်းမဖြစ်သေး. . . နောက်တစ်ပတ်တနင်္ဂနွေမှ ပြန်ဆုံရန် ချိန်းကြပြီး လမ်းခွဲခဲ့ကြသည်။

"မောင် ဘာလုပ်ရမလဲဖူးရယ်"

သူ အတွေးကိုဖြတ်တောက်ပြီး ပွဲရုံသို့ပြန်ပြေး။ ထိုမှ မအူပင်သို့ တန်းပြန်သွားရလေသည်။


လောကဇာတ်ခုံကြီးပေါ်မှာ လူတစ်ယောက်၏ ဘဝရှင်သန်ရပ်တည်မှုအတွက် ဘယ်ဟာက အရေးကြီးသလဲဆိုတာကိုတောင် သူခွဲခြား၍ မရနိုင်အောင် တွေဝေနေမိသည်။

အချစ်ဆိုတဲ့အရာကတော့ နှလုံးသားကို နာကျင်အောင် လုပ်တတ်ပါလားဟုတော့ လောလောဆယ် ပူဆွေးသောကရောက်နေသဖြင့် သူကောက်ချက်ချလိုက်မိလေသည်။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

အဖြစ်မြန်၊ အပျက်မြန်သော လောကကြီး၏ သစ္စာတရား တစ်ခုကို သူရင်ဆိုင်လိုက်ရသည်။

သူ မအူပင်ပြန်ရောက်ပြီး တစ်ပတ်အကြာတွင် ဘကြီး အသည်းအသန်ဖြစ်ပြီး မေ့မြောသွားသဖြင့် ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနကို ပို့လိုက်ရသည်။ အထူးကြပ်မတ်ခန်းတွင်းထား ခဲ့စိတ်ကုသပြီးသည့်တိုင်အောင် သတိပြန်မလည်လာသေး။

ဘကြီးမိန်းမကလည်း နံ့နံ့အအ ငိုဟိုပြာလောင်ခတ်နေ





ယုံကလွဲပြီး ဘာမှမတတ်သေး။

ဘကြီးအထူးကြပ်မတ်ဆောင်တင်ထားပြီး ဆယ့်နှစ်ရက် မြောက်မှာပင် လေဖြတ်နေသော သူ့ဖခင် လေပြန်ကာ ရောဂါထ ဖောက်သဖြင့် မအူပင်ဆေးရုံပို့စဉ်မှာပင် ဆေးရုံရောက်တော့ အသက်မမီတော့။

သူပင် အသက်မမီလိုက်ရ။

"အဖေရယ်"

ဒီတစ်ခါတော့ ယောက်ျားမျက်ရည်ကျခဲ့ရသည်။

အဖေ့ကိုသူ ဘကြီးလောက်ပင် မပြုစုခဲ့ရပါလား။ အမေက တော့ အမေ့အမျိုးအသိုင်းအဝိုင်းတွင် ဩဇာညောင်းသူပီပီ အဖေ့ အသုဘကို စည်စည်ကားကား နိုင်နိုင်နင်းနင်းနှင့် အလောင်းမြေ ကျ ရက်လည်ဆွမ်းသွတ်အထိကို လုပ်ဆောင်သွားနိုင်ခဲ့သည်။

"သား. . . မင်းဘာမှ ဝမ်းနည်းမနေနဲ့ မင်းဟာ အဖေ့ နေရာကိုယူပြီး လုပ်ကျွေးဆေးဖိုးရှာပေးခဲ့တာနဲ့တင် တာဝန်ကျေပါ တယ်. . မင်းအဖေဝဋ်ကျွတ်သွားတယ်လို့သာ သဘောထားလို့ အိပ်ရာဖျာကပ် ချေးသေးမသိတဲ့ဘဝဆိုးကြီးက ခံရခက်တဲ့ဝဋ်ကြွေး တစ်ခုမို့ မင်းအဖေဝဋ်ကျွတ်သွားရှာတယ်လို့သာတွေးပါ မင်းအဖေ ရဲ့အစ်ကိုကြီး မင်းဘကြီးကိုသာ မင်းအဖေကိုယ်စားထပ် တာဝန် ကျေလိုက်ဦး. . သား. . .။

အမေက အသည်းမာသလို ပြတ်သားသော မိန်းမတစ်ဦး ပီပီ အဖေ့အသုဘအရေး၌ ပူဆွေးမနေဘဲဦးဆောင်လုပ်သွား နိုင် သည်။ လူအများကွယ်ရာတွင်တော့ မျက်ရည်တိတ်တိတ်ကျခဲ့သည် ကို သူ ခိုးတွေ့လိုက်သည်။ မိခင်ရှက်မှာစိုး၊ ခံစားရမှာစိုး၍ သူ



www.burmeseclassic.com

www.burmeseclassic.com



မသိကျိုးကျွန်ပင် ပြုခဲ့ရလေသည်။

အဖေ့နာရေးအသုဘအိမ်နှင့် ဘကြီးရှိရာ ရန်ကုန်ဆေးရုံကြီးသို့ လွန်းသဖွယ်ခေါက်တုံ့ခေါက်ပြန် ပြုနေစဉ်မှာပင် ဖခင်ရက်လည်ဆွမ်းသွတ် တရားနာနေစဉ်မှာပင် ဘကြီးဆုံးသွားကြောင်း သတင်းရောက်လာသည်။ ရေစက်ချပြီးသည်နှင့် သူ့ဘကြီး အသုဘကိစ္စကို တန်း၍ဆောင်ရွက်ရသည်။

နာရေးကိစ္စတွေဆောင်ရွက်နေစဉ်၌ သာရေးဖြစ်သော သူ့မင်္ဂလာရေးကိုခေါင်းထဲမပို့နိုင်အောင် ဖြစ်ခဲ့ရုံသည်။ လူကိုယ်တိုင်ခြေဦးလှည့်ဖို့ဆိုတာ ဝေးလာဝေးဖြစ်ခဲ့ရသည်။ ဘယ်နည်းနှင့်မဆိုကြီးကြီးကအကူအညီပေးလိမ့်မည်ဟု သူစိတ်သက်သာရာသက်သာကြောင်းကိုသာတွေးထားလိုက်သည်။

ဘကြီးရက်လည်ပြီးတာနှင့် ဘကြီးမိန်းမနှင့်မိန်းမဘက်က ညီအစ်ကိုမောင်နှမတူ၊တူမတွေက အမွေစကားပြောကြသည်။ ဒီအခါမှ. . . သူ့ဘကြီး၏အမျှော်အမြင်ကြီးမားမှုကို သူသိမြင်လိုက်ရပြီး ဘကြီးကိုစိတ်ထဲမှကြိတ်၍ပင် အကြိမ်ကြိမ်ဦးချနေမိသည်။

ရှေ့နေဦးမောင်မောင်ရောက်လာပြီး ဘကြီး၏ အမွေကိစ္စကို စာချုပ်စာတမ်းနှင့်တစ်ပြိုင်နက် လွှဲပြောင်းပေးသည်။ ဘုရင့်နောင်နှင့် မအူပင်ပွဲရုံလုပ်ငန်းလိုင်စင်ကို သူရလိုက်သည်။ ရန်ကင်းတိုက်ခန်းကတော့ ဘကြီးတို့လင်မယားနှစ်ဦးပိုင် စာချုပ်ဝယ်ထားတာဖြစ်၍ ဘကြီးက သူ့အားလွှဲပြောင်းပေးဖို့ မိန်းမနှင့်ညှိနှိုင်းဆဲမှာ ကွယ်လွန်သွားတာဖြစ်၍ ရှေ့နေကဘကြီးမိန်းမ သဘောတူလျှင်ရမည်ဟုပြောသော်လည်း. . .

"ဟင့်အင်း. . . မပေးနိုင်ပါဘူး. . . ဘာလို့ပေးရမှာလဲ





ကျုပ်မှမသေသေးတာ"

မအူပင်ရှိအိမ်ကြီးနှင့် ဈေးထဲရှိဆိုင်၊ လယ်မြေနှင့် အင်းများကိုရရှိလိုက်သော ဘကြီးမိန်းမက. . .

"လင်သေ မယားပဲရရမှာ တူကဘာဆိုင်လို့လဲ တရားစွဲမယ်. . ."

ဘကြီးမိန်းမ၏ လောဘကအတောမသတ်နိုင် ရှေ့နေဦးမောင်မောင်လင်းက. . .

"ဩော်. . . အစ်မကြီးရယ် ပွဲရုံလုပ်ငန်းကို ညီအစ်ကိုနှစ်ယောက် အကျိုးတူပူးပေါင်းပြီး ဆောင်ရွက်ခဲ့ကြတာရပ်သိပဲဟာ၊ မောင်မင်းစံရဲ့အဖေ လေဖြတ်သွားတော့ မောင်မင်းစံပဲ ဖခင်ကိုယ်စားကော ဘကြီးကိုယ်စားကော ပွဲရုံလုပ်ငန်းမယိုင်လဲအောင် လုပ်ခဲ့တာလည်း ရပ်သိရွာသိပဲ. . . အစ်မကြီးက ဒါကိုမကျေနပ်လို့ ရယူပိုင်ဆိုင်ချင်တယ်ဆို. . . တရားစွဲလိုက်လေ တရားမမှု ဆိုတော့ အစ်မကြီးအခုရရှိပိုင်ဆိုင်လိုက်တာတွေသာ ရှေ့နေခ တရားရုံးစရိတ်တွေနဲ့ ကုန်သွားရုံပဲရှိတယ်. . . စာချုပ်စာတမ်းနဲ့ လွှဲပြောင်းပြီးသားကို ဘာမှလုပ်လို့မရတော့ဘူးဆိုတာတော့ ကျွန်တော်မေတ္တာနဲ့ သတိပေးလိုက်ပါတယ်. . ."

"ဒါဖြင့် ရန်ကင်းတိုက်ခန်းတော့ မပေးနိုင်ဘူးနော် ကောင်လေးသော့ပြန်အပ်. . ."

"စိတ်ချပါ ကြီးတော် ကျွန်တော့်ပစ္စည်းလေးပြန်ယူပြီးတာနဲ့ သော့အပ်ပါ့မယ် ဒီနေ့ပဲသွားယူမှာပါ"

သူ ဘကြီးရက်လည်ဆွမ်းကျွေးပြီး ရှေ့နေနဲ့ စကားပြောအပြီးတွင် ရှေ့နေကားနှင့်ပင် ရန်ကုန်သို့ပြန်လိုက်ခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဩော်. . . ဘာလိုလိုနှင့် ရက်တွေတွက်ချက်လိုက်လျှင် ဖူးနှင့် ခွဲခွာခဲ့သည်မှာ တစ်လကျော်သွားခဲ့ပါပြီကော. . .

တစ်လကျော်အတွင်း အခြေအနေတွေတင်းမာရင် သူ့ ရန်ကင်းတိုက်ခန်းလေးထဲမှာပင် ပုန်းအောင်းဖို့ သော့တစ်တွဲကို ဖူးအား ပေးထားခဲ့သည်။

ဖူးများ ရန်ကင်းတိုက်ခန်းထဲတွင် ရှိနေမလားဟူသော အတွေးကလည်း ကြားဝင်လာတော့ရင်တွေတဒိတ်ဒိတ်ခုန်လျက်. .







# အခန်း(၁၁)

ရန်ကင်းတိုက်ခန်းသို့ရောက်သောအခါ ထုံးစံအတိုင်း တံခါးဖွင့်လိုက်သည်နှင့် သူ ဖူးအားပေးခဲ့သော အိမ်သော့တွဲ၊ ဖိတ်စာ တစ်စောင်နှင့် စာတစ်စောင်ကိုတွေ့လိုက်ရသည်။

ဖိတ်စာက လွန်ခဲ့သော (၅)ရက်ခန့်က လက်ထပ်သွားခဲ့ သော ဖူး၏ လက်ထပ်ထိမ်းမြား မင်္ဂလာဆောင်ဖိတ်စာဖြစ်သည်။

သူ့မျက်လုံးတွေပြာဝေသွားခဲ့သည်။

ဆက်တီထက်အရုပ်ကြိုးပျက်ကျသွားပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . အာ. . ."

ဝမ်းခေါင်းသံနှင့်မွန်းကြပ်သွားခဲ့သောရင်ကို ဖွင့်ထုတ်ပစ်လိုက်ရသည်။ အချစ်ဆိုတာ ဦးရာလားကွာ. . . ဖိတ်စာကို လုံးခြေကာ ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အခန်းနံရံသို့ ပိတ်ပေါက်လိုက်မိသည်။ ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေသောရင်ကို ငြိမ်သွားစေရန် ရေသောက်လိုက်ရင်း မျက်နှာကိုပါလောင်းချလိုက်သည်။

တစ်ကိုယ်လုံးသောကအပူမီးတောက်က ညီးညီးတောက်လောင်နေသည်ကို. . .

အတန်ကြာမှ ဖူး၏စာကိုဖွင့်ဖတ်လိုက်သည်။

မောင်

မောင်နဲ့ ချိန်းထားတဲ့ တနင်္ဂနွေနေ့မှာ ဖူး မောင်နောက်တစ်ခါတည်းလိုက်မယ်ဆိုပြီး အထုပ်ပိုက်ပြီးရောက်လာခဲ့တယ်။ အဲဒီည မောင်မလာဘူး။ နောက်တစ်နေ့အထိ ဆက်စောင့်တယ်၊ နောက်တစ်နေ့မှာတော့ ဖူးကို တိတ်တိတ်ကလေး ထမင်းဟင်းလာပို့ အခြေအနေလည်းလာကြည့်တဲ့ ကြီးကြီးကို နောက်ယောင်ခံပြီး ဖူးကို မေမေတို့မိသွားကြတယ်။

ဖူးမှာ အားကိုးစရာ ကောက်ရိုးတစ်မျှင်တောင် ဆွဲကိုင်စရာ မရှိတဲ့ဘဝပါမောင်. . . မောင်နာမည်နဲ့ ဘုရင့်နောင်ပွဲရုံတွေကို ကြီးကြီး လိုက်ရှာပေမယ့် ရှာလို့မရခဲ့ဘူး။ ပွဲရုံနာမည်လည်း သိမှမသိတာကိုး။

ဖူးလက်မထပ်ခင်နေ့ရက်အထိ မောင်လာခေါ် ရင် လိုက်ခဲ့ဖို့ အရူးတစ်ပိုင်းစောင့်မျှော်နေခဲ့ပါတယ် မောင်။ ဒီဖိတ်စာနဲ့





အတူ ဖူးရဲ့ နောက်ဆုံးမျှော်လင့်ချက်က ရှိနေဦးမှာပါ။ ဖိတ်စာပါ နေ့ရက် လွန်သွားရင်တော့ ဖူးကို မောင့်ဘဝထဲကအပြီးတိုင် ထုတ်လိုက်ပါတော့ မောင်ရယ်။

မောင် အကြောင်းအမျိုးမျိုးကြောင့်သာလျှင် ဖူးထံ ရောက်မလာဘူးလို့ ဖူးယုံကြည်သွားမှာပါ. .

ဖူးလေ မောင့်ကိုချစ်တဲ့စိတ်ကြောင့် မောင့်အချစ်ကို သံသယမဝင်၊ ကံကြမ္မာကိုသာ အပြစ်တင်ရင်း နေသွားတော့မှာပါ။ မောင် ဖူး လက်မထပ်ခင်ရောက်ပြီး ကြီးကြီးနဲ့အမြန်ဆက်သွယ်လာနိုင်ပါစေလို့ နောက်ဆုံးမျှော်လင့်ချက်လေးကိုသာ ဆုပ်ကိုင်လျက်. . .

မောင့်ရဲ့

ဖူး

အဖေဆုံးမခဲ့သော 'ယောက်ျားမျက်ရည် မကျရ'ဆိုတာကို သွေဖယ်မိလိုက်ပြီ။ သူ နှလုံးသည်းပွတ်၏အက်ကွဲကြောင်းမှ ထွက်လာသော သွေးမျက်ရည်တို့က မျက်လုံးအိမ်မှတဆင့် အရောင်ပြောင်းကာ ပုလဲမျက်ရည်ခခဲ့ရလေပြီ။

သူ့စာအုပ်များနှင့် အဝတ်အစားများကိုထုပ်ပိုးအပြီးတွင် ထောင့်တစ်နေရာကြမ်းပြင်ထက်မှ လုံးချေစွန့်ပစ်ထားခြင်းခံရသော ဖိတ်စာလေးကိုပြန်ဖြန့် ဖူး စာနှင့်အတူ စာအုပ်တစ်အုပ်ကြားတွင်ညှပ်လိုက်ပြီး သိမ်းဆည်းလိုက်သည်။ ဒါ ကံကြမ္မာကပေးသော လက်ဆောင်ရိုင်းတစ်ခုပါပဲဟု။



www.burmeseclassic.com

www.burmeseclassic.com



နောက် ကြီးကြီးရှိရာတိုက်ခန်းသို့သွားလိုက်သည်။ သူဟာ ချစ်သူကိုတာဝန်မယူရဲလို့ ရှောင်သွားတဲ့လူပျော့လူညံ့လူဖျင်း တစ်ယောက်မဟုတ်ပါဘူးဆိုတာ အယူခံကိုတော့ကြီးကြီးထံမှာ တင်သွင်းခဲ့လိုသောစိတ်တစ်ခုတည်းနှင့်ပါ။ ဘာကိုမှ မျှော်လင့်စရာ မရှိမှန်းသူသိပါသည်။ သို့သော် သော့ခလောက်ကြီးက ဆီးကြိုနေ လေသည်။ မျက်နှာချင်းဆိုင်အခန်းကိုမေးကြည့်တော့. . .

"တစ်ပတ်လောက်ရှိပြီ သူ့တူမငယ် မင်္ဂလာဆောင်ကိစ္စ ရော တူမကြီးနှလုံးရောဂါကုဖို့ကိစ္စအတွက်ပါ ထင်တယ်၊ သူ့ညီမ အိမ်ပြောင်းနေကြတယ်"

သြော် ကံကြမ္မာရယ်ဒီလောက်တောင် ရက်စက်တယ်လား၊ ချစ်သူသတင်း အစအနလေးတောင် ကြားခွင့်မကြုံရတဲ့ ဘဝပါ လား။ ထက်မင်းစံ ရန်ကင်းတိုက်ခန်းများကို လုံးဝကျောခိုင်းပစ် လိုက်သည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ ထိုမှတစ်ဖန် ထက်မြက် သောမိခင်က ပြုစုရမည့်ခင်ပွန်းမရှိတော့ ယောင်ချာချာဖြစ်နေ သဖြင့် သူကပွဲရုံလုပ်ငန်း မိခင်ကိုအပ်လိုက်သည်။

"ဟင်. . . သားက ဘာလုပ်မလို့လဲ"

"သား ဝါသနာပါတဲ့လုပ်ငန်းလုပ်ခွင့်ပေးပါ မေမေ"

"ဘာလုပ်ငန်းလဲသား"

"ရေကြောင်းအရာရှိသင်တန်းတက်ပြီး ကမ္ဘာပတ်ချင် တယ် အမေ"

"သြော် . . သားရယ်"

အမေက ငယ်ငယ်ကတည်းက သူ့ဝါသနာကိုသိထားသ ဖြင့် စိတ်လျှော့လိုက်ပုံရသည်။





"အင်းလေ သားဘဝလမ်းကို သားစိတ်ကြိုက်ရွေးချယ်ပါ ဒီလုပ်ငန်းကိုတော့ သားနာမည်နဲ့ပဲထားမယ် အမေ့ကို ကိုယ်စား လှယ်လွှဲစာပဲ လွှဲပေးထား အမေ့မှာလည်း ဒီသားတစ်ယောက် တည်းရှိတာ လွှတ်တော့မလွှတ်ချင်ပေမယ့် လူဆိုတာ ကိုယ့်ဝါသနာ ပါရာအလုပ်ကို ကိုယ်လုပ်ရမှ နေပျော်တာဆိုတော့ သားသဘော ပါပဲ သားရယ်"

အမေနှင့် နားလည်မှုယူပြီး သူစာမေးပွဲတွေ အင်တာဗျူး တွေဖြေပြီး သင်္ဘောလိုက်ခဲ့သည်မှာ ကြာခဲ့လေပြီ ပင်လယ်ထဲနှစ်နှစ် အမေ့ထံပြန်နားလေးလ။ နောက်ပြန်လိုက်သုံးနှစ် ယခုတော့ ရာထူး တိုး စာမေးပွဲဖြေဦးမည်ဟု ဆုံးဖြတ်လိုက်သဖြင့် အမေ့ထံမှာ အမေ့အရိပ်မှာ အေးချမ်းစွာခိုလှုံရင်း သင်တန်းလည်းတက် ပွဲရုံ ကိစ္စလည်းအမေခိုင်းတာလောက်ပဲ ဝိုင်းကူခဲ့သည်။

အမေသည် အဖေနှင့်ဘကြီး လက်ထက်ကထက်ပင် ပို၍ ပွဲရုံလုပ်ငန်းကို တိုးတက်အောင်လုပ်ကိုင်နိုင်သော စီးပွားရေးလုပ် ငန်းရှင်ကြီးဖြစ်၍နေလေပြီ။

"ဟဲ့. . . သား"

"အင်း. ."

ရုတ်တရက်အတွေးအိမ်ထဲကို မိခင်ကအနားရောက်လာ ပြီး သူ့အားပုတ်ခတ်ခေါ်လိုက်သဖြင့် သူလန့်ဖျပ်သွားပြီး ရှက်ရယ် ရယ်လိုက်လေသည်။

"ဟာဗျာ. . . အမေကလဲ"

အမေကပါ သူလန့်ဖျပ်သွားသည်ကို သဘောကျပြီး. . .

"ကမ္ဘာပတ်နေတဲ့ပုဂ္ဂိုလ်ကြီးကလည်း လန့်တတ်ပါလား. .



www.burmeseclassic.com

www.burmeseclassic.com



ဟွန်း. . . အခုကတော့ အတွေးကမ္ဘာပတ်နေတာပဲ ဖြစ်မယ်. . . ဘာတွေများ တွေးနေလို့ လန့်သွားရတာလဲ"

အမေ့ အမေးကြောင့် သူ့အတွက်အကွက်ဆိုက်သွားရသည်။

"သြော်. . . ဒီတစ်ခေါက်စာမေးပွဲဖြေရင်း နားနေရမှာဆိုတော့ တစ်နှစ်ကြာချင်လည်း ကြာမယ်၊ နှစ်နှစ်ကြာချင်လည်း ကြာသွားမယ်'

သူ့စကားကြောင့် မှတ်ဉာဏ်ကောင်းသော အမေ့မျက်နှာသည် ပြောင်းလဲသွားသည်။ မျက်ခုံးနှစ်ဖက်မြင့်တက်သွားပြီး. . .

"ဟင်. . နို့. . သားပြန်ရောက်ခါစတုန်းကပြောတာကျတော့ စာမေးပွဲတစ်ခါဖြေလို့မှမအောင်ရင် သဘော်ပဲပြန်တက်တော့မယ်ဆို. . ."

"ဟုတ်တော့ဟုတ်တယ်. . ဒါပေမယ့် ရာထူးတိုးနဲ့ပဲလိုက်ချင်လို့ တစ်ခါမအောင်နှစ်ခါတောင်ဖြေကြည့်မယ်လို့ စိတ်ကူးမိလို့ပါ. . ."

အမေ့မျက်နှာပြုံးစစဖြစ်သွားသည်။ ဒီအပြုံးက လျှောင်သလိုလိုအပြုံးဟု သူသဘောပေါက်မိတော့ မလုံမလဲဖြစ်သွားရသည်။

"ဘာလဲ ဒီမှာ ကြာကြာနေချင်သွားပြီလား"

"အမေပဲ ကိုယ်ခွဲမရှိလို့ပင်ပန်းတယ်ဆို"

"ငါ့ကိုငဲ့တယ်. . အဟတ်. . ဟတ်"

အမေ၏ ခနဲ့တဲ့တဲ့ရယ်သံကြောင့် သူမျက်နှာပြင် ထူပိန်းသွားပြီး ဟိုလိုလို ဒီလိုလိုလုပ်ရင်း. . .





'အမေနဲ့သားနှစ်ယောက်တည်းရှိတာပဲဗျာ' ဟု အမေကို လှည့်မကြည့်ဘဲ ပြောပြီးဧည့်ခန်းထဲမှ ရှောင်ထွက်ခဲ့လေသည်။


သို့တိုင်အောင် အမေ၏စကားသံက သူ့နောက်ကျောသို့ ကပ်ပါလာတော့ သူအံ့အားသင့်သွားရသည်။ အမေတွေ၌ သားသမီးတွေနှင့်ပတ်သက်လာလျှင် ဆဋ္ဌမအာရုံရှိသည်ထင့်. . .။

"မဖြစ်ဘူး. . . မဖြစ်ဘူး. . . ဒင်းစကားဟာ မနေ့ကတစ်နေ့ ဒီနေ့တစ်မျိုးဖြစ်နေတာ မဖြစ်ဘူး၊ ငါ့သားလူပျိုထွင့်ထွင့်လေးကို ကလေးတွဲလွဲမုဆိုးမနဲ့တော့ ဘယ်နည်းနဲ့မှအဖြစ်မခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၁၂)

လှပတင့်တယ်သော ဆင်းရနံ့၊ သင်းရနံ့တို့နှင့်ပြည့်စုံသော ပန်းမာလာတို့ရှိရာသို့ ရစ်ဝဲရမှာ ပျားပိတုန်းတို့၏တာဝန်ပင် ဖြစ်သည်။ ထက်မင်းစံ ချစ်ဦးသူ၊ ချစ်သူဟောင်းဖြစ်သော ပန်းဖူးဝေလွင်ဦးစီးသော Flowerမီနီမားကက်ကို လှည့်ပတ်ကြည့်ရှုရင်း ချစ်ဦးသူ အရိပ်အကဲကို ရှာဖွေနေစဉ်. . .

"လိုအပ်တဲ့ ပစ္စည်းတွေ လျှော့နေတဲ့ပစ္စည်းတွေကို ဖြည့်ဖို့မမေ့ကြနဲ့နော်. . . ပစ္စည်းလျှော့တယ်ဆိုတာ လူကြိုက်များလို့



www.burmeseclassic.com

www.burmeseclassic.com



လျှော့တာပေါ့ ဒီမှာကွက်လပ်ဖြစ်နေတာ ကြည့်ပါလား. . ."

သူ နားစည်သို့ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသော အသံတစ်သံ ရိုက်ခတ်လာသည်။ ထို့ကြောင့် အသံလာရာဆီသို့ လှမ်းကြည့်လိုက်သောအခါ အရောင်းစာရေးမလေးနှင့်အတူ ပစ္စည်းများကို စစ်ဆေးကာ ညွှန်ကြားချက်ပေးနေသော ဖူးကို လှပတင့်တယ်စွာထည်စွာ လှမ်းတွေ့လိုက်ရတော့ သူ့ရင်ခုန်သံစည်းချက်က တဒိုင်းဒိုင်း လှုပ်ခတ်နေဆဲပါလား။ သူ့နှလုံးသားက ဖူးနှင့်ပတ်သက်လာလျှင် အမြဲတန်းသစ်လွင်လတ်ဆတ်နေဆဲမို့ သူ ပင့်သက်ရှိုက်လိုက်. .

ဖူးကိုတွေ့ရလေတိုင်း အမြဲတမ်းတက်ကြွနေသော အသွင် ရင့်ကျက်တည်ငြိမ်ပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိနေသော သဏ္ဌာန်တို့ကြောင့် တောက်ပလျက်ရှိသည်။

အင်း. . . ဒါလည်းဖြစ်သင့်တာပဲလေ ချမ်းသာကြွယ်ဝတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အမွေအနှစ်နှင့်မုဆိုးမဟူသည်မှာ မညှိုးမှိန်ပဲတင့်တယ်တောက်ပ နေနိုင်သည်ပဲ။ ဘာကြောင့်ရယ်မသိ။ (၆)နှစ်ကျော်ကွဲကွာခဲ့ရသော ချစ်သူဖြစ်ပေမယ့် သူ့ရင်ခုန်သံတွေ သစ်လွင်လတ်ဆတ်နေခဲ့သည်မှာ ဘာကြောင့်လဲ။

ကွဲကွာသွားပြီးနောက် သူတစ်ပါးရင်ခွင်သို့ ရောက်ရှိနေသော ကာမပိုင်လင်ရှိသည့် ချစ်ဦးသူကို သူ မတမ်းတပါ။ မမှန်းဆပါ။ မလွမ်းဆွတ်ခဲ့ပါချေ။ သို့သော် တစ်ခါတစ်ရံ တိုက်ဆိုင်မှုတွေ ရှိလာလျှင်တော့ သတိရတတ်သည်မှအပ။ စိတ်ဆင်းရဲခံပြီး တမ်းတမနေ။ ဒါက မှန်ကန်သောသူ့စိတ်ထားဖြစ်သည်။ မည်သို့ဆိုစေကာမူ. . .

ချစ်ဦးသူနေရာကို အစားထိုးဖို့အတွက်တော့ သူ့အနေနှင့်





ဘယ်မိန်းကလေးကိုမှ ထပ်မံရင်ခုန်မရခဲ့။ ယခုတဖန် ပြန်လည်ရင်ခုန်သံစဉ်မွေးဖွားလာပြန်တော့လည်း. . ကွဲကွာသွားခဲ့သည့် ချစ်ဦးသူ ကလေးတစ်ယောက်တိုးလိုးတွဲလောင်းနှင့်မိခင် မုဆိုးမလေးကိုပဲ ဖြစ်နေလေသည်။ ပိုဆိုးတာက လွန်ခဲ့သော(၆)နှစ်ကျော်ကထက် ရင့်ကျက်နေပြီဖြစ်သော သူတစ်ယောက်၏ ရင်ခုန်သံက ပို၍ပင် မြန်ဆန်၊ ပို၍ပင် ကျယ်လောင်နေသည်။

ထို့ကြောင့် ရင်ပတ်ထဲကသံစုံတီးဝိုင်း၏ မြည်ဟီးသံကို သူကိုယ်တိုင်ပင် ကျယ်လောင်စွာကြားနေရ၍ တခြားသူများ ကြားသွားမလားဟု. . . ဖူးကို ခိုးကြည့်နေရာမှ မျက်နှာလွှဲလိုက်သည်။ သို့တိုင်အောင် ရင်ခုန်သံနှုန်းက လျှော့ပါးမသွားချေ။

"ဘာအလိုရှိပါသလဲရှင်"

"ဟင်"

ရုတ်တရက်နောက်မှမေးလိုက်သောအသံကြောင့် လန့်သွားပြီး ယောင်နနပင်ဖြစ်သွားရသည်။

"ဟို. : . ဟို. . ဘာမှမလိုပါဘူး"

"ဒါဖြင့် ဝင်ကြည့်တာပေါ့. . . ရပါတယ် ဖြည်းဖြည်းဆေးဆေးသာကြည့်ပါရှင်. . . ကျွန်မတို့ဆီကပစ္စည်းစုံပါတယ် ယောကျ်ားအသုံးအဆောင်၊ မိန်းမအသုံးအဆောင်ပါ စုံလင်ပါတယ်ရှင့်"

အသက်သုံးဆယ်ကျော်အရွယ်ခန့် ဝါရင့်နေပုံရသော အရောင်းစာရေးမအမျိုးသမီးက ပါးစပ်ကကုန်ပစ္စည်းကြော်ငြာနေသော်လည်း သူ့လက်နှင့်ဘောင်းဘီအိတ်အနေအထားကိုပါ မသိမသာလေးစူးစမ်းနေလေသည်။ သူ့ကို အလစ်သုတ်သမားလို့



www.burmeseclassic.com

www.burmeseclassic.com



ထင်လို့များလားအင်းလေ. . သူခိုးမှာချိုမှမပါဘဲ။ သတိဆိုတာ ပို
တယ်လို့မှမရှိလေဘဲ။

သူကလည်းသူပင် ဆိုင်ထဲရောက်နေတာကြာပြီ ဘာတစ်ခု
မှမဝယ်သေး။ ဟိုဟိုဒီဒီကြည့်ရင်း ကျားချောင်းချောင်းနေခဲ့သည်
ကိုး။ သူ့အဖြစ်ကို သူရယ်ချင်သွားသည်။

"ဟို. . . သွားတိုက်ဆေး၊ တံပွတ်တံ"

"ဩော်ရှိပါတယ်. . အစုံရှိပါတယ် ဒီဘက်ကြွပါရှင့်. . ."

သူ အရောင်းစာရေးမနောက်လိုက်ပါရင်းမှ မျက်လုံးက
အပေါ်ထပ်တက်သွားသောဖူး၏ နောက်သို့လိုက်ပါသွားသည်။

သူ့အာရုံထဲ ဖူး၏ပုံရိပ်သာကပ်ငြိပါနေလေသည်။

"အစ်ကိုကြီး ကောင်တာမှာငွေရှင်းပါ ဒါပဲလား နောက်
ဘာယူဦးမှာလဲ ကျွန်မကောင်တာမှာသွားတင်ပေးထားမယ်နော်
ဘာများလိုအပ်သေးသလဲလို့ သေသေချာချာကြည့်ပါဦး"

"အင်း. . ."

အမျိုးသမီးဘာတွေပြောနေသလဲ သူသိပ်အာရုံမရ။ အ
ပေါ်ထပ်သို့တက်သွားသော ဖူးနောက်သို့သာလိုက်သွားချင်သ
ဖြင့်. . .

"အပေါ်ထပ်မှာ ဘာတွေရှိလဲ"

"လက်အိတ်၊ သားရေအိတ်နဲ့ ဖုန်းဟန်းဆက် စတဲ့လျှပ်စစ်
ပစ္စည်းအမျိုးစုံရှိပါတယ်ရှင် တက်ကြည့်လို့ရပါတယ်"

"ဩော်. . ."

သူ ခြေလှမ်းက အပေါ်ထပ်သို့ အလိုလိုလှမ်းတက်မိလျက်
သားဖြစ်သွားလေတော့သည်။ ထိုစဉ် အောက်ထပ်မှ ဆက်သွယ်





ရေးလိုင်းဖြင့် အပေါ်ထပ်ရုံးခန်းသို့ သတင်းပို့လာသည်ကို ဖူးက
သက်ခံလိုက်သည်။

"မမ. . အပြာရောင်အစင်းကျား စပို့ရှပ်နဲ့ စတိုင်ဘောင်း
ဘီနဲ့လူ အပေါ်တက်လာပြီ သူ့ကိုသိပ်မသင်္ကာလို့ သတိထား
လိုက်ပါရှင်"

"ကောင်းပြီ"

အတွင်းမှ တီဗွီကိုလှမ်းကြည့်လိုက်သည်နှင့် ဖူး၏ရင်ပတ်
အတွင်းနံရံကို နှလုံးကတက်စောင့်လေသည်ထင့် 'ဒိုင်းခနဲ' မြည်
ဟည်းသွားပြီး နှုတ်ခမ်းကလေးပင် ဟတတလေးဖြစ်သွားရလေ
သည်။

"ဟင်. . . မောင်"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

သူ့ကိုယ်သူမသိလိုက်ခင်မှာပင် ရုံးခန်းမှန်တံခါးကို တွန်းဖွင့်လိုက်ပြီး သူ့ခန္ဓာကိုယ်သည် ထက်မင်းစံရှေ့မှောက်သို့ ရောက်ရှိသွားလေသည်။

"ကို. . ထက်မင်းစံ"

ဖူး၏ တအံ့တသြဝမ်းသာအားရနှုတ်ဆက်လိုက်သံကြောင့် ထင်မှတ်ထားပုံမရသော ထက်မင်းစံအံ့အားသင့်သွားရသည်။

"ဟင်. . . ဖူး"





"ဈေးလာဝယ်တာလား"

"မဟုတ်ဘူး"

"ဒါဖြင့်. . ."

"ဖူးကို လာချောင်းတာ"

"အို"

ဖူးမျက်နှာထူပူသွားသည်။ အရင်ကအတိုင်း ဖွတ်တရွတ်ကြီး ပါပဲလား။ ဘေးဘီကိုမကြည့်ရဲဘဲ. . .

"ဒါဖြင့် ကျွန်မရုံးခန်းကိုလာလေ"

ဟုပြောပြီး ရုံးခန်းသို့ ဦးဆောင်ခေါ်ခဲ့ရသည်။ ကွန်ပျူတာစာရေးမလေးကိုလည်း အအေးနှင့်မုန့်မှာခိုင်းလိုက်သည်။

"ထိုင်ပါ. . ကိုထက်မင်းစံ"

အခေါ်အဝေါ်တွေ စိမ်းကားခြင်းအတွက်ကို သူ အပြစ်မတင်ရက်ပါ။ ကိုယ့်ဘက်က အခြေအနေမပေး၍ ပြတ်တောက်ခဲ့ရသည့်အချစ်ဇာတ်လမ်းအတွက် အသစ်ပြန်စဖို့ ခက်ခဲသွားခဲ့လေပြီ။

"ကျွန်မတို့ကိစ္စအားလုံးပြီးသွားခဲ့ပြီပဲ ကိုထက်မင်းစံ ကျွန်မကိုလာချောင်းတာတို့ ဘာတို့မပြောပါနဲ့ မိတ်ဆွေသူငယ်ချင်းတွေလိုပဲ ခင်မင်သွားကြတာပေါ့. . ."

ဖူးအနေဖြင့် ယတိပြတ်မစိမ်းကားချင်။ မောင့်ကိုမြင်တွေ့ခွင့်ရနေချင်သည်။ ထိုကဲ့သို့မောင့်ကို မြင်တွေ့ခွင့်ရနေခြင်းကပင်လျှင် ဖူး၏နှလုံးသားကို လုံခြုံနွေးထွေးစေသလို ခံစားရသည်။

ထက်မင်းစံ ချစ်သူကိုနားမလည်စွာကြည့်လိုက်သည်။ သူ့အကြောင်းတွေမသိသေးဘူးအထင်နှင့် စိမ်းကားစွာပြောနေတာ



www.burmeseclassic.com

www.burmeseclassic.com



လား. . .

"မောင့်. . . အဲ. . ကိုယ်တို့ဘာကိစ္စတွေ ပြီးခဲ့ရမှာလဲ ဖူး. . ဘခြေအနေမပေးလို့ ဝေးခဲ့ကြရတာမှတ်လား. . ."

"ဒါတော့ ဒါပေါ့ရှင် ဒါပေမယ့် ကျွန်မကို လွတ်လပ်သူလို့ ဆိုရင် မရဘူး"

"မုဆိုးမဟာလွတ်လပ်သူမဟုတ်ဘူးလို့ ဘယ်ဥပဒေသ သတ်မှတ်ထားသလဲ"

ထက်မင်းစံ၏ ဂျစ်တီးဂျစ်ကန်အကျင့်က ခေါင်းပြူထလာလေသည်။

"ယောက္ခမနဲ့အတူနေပြီး သားတစ်ယောက်မိခင်အနေနဲ့ ကျွန်မမှာငဲ့ကွက်စရာတွေများပါတယ် ကိုမင်းစံ"

"ခင်ပျားမှာ ငဲ့ကွက်စရာတွေများလှချေလား ဒေါ်ပန်းဖူးဝေလွင် လွန်ခဲ့တဲ့ခြောက်နှစ်တုန်းကလည်း အဖေပင်စင်ယူမှာမို့ မိသားစုစားဝတ်နေရေးအတွက် အစ်မဆေးကုသဖို့အတွက်ဆိုပြီး ခင်ပျားဘဝကို စတေးခဲ့ရပြီးစပြီ. . . ဒါတောင် အခု ခင်ပျားက ယောက္ခမ လောင်းရိပ်အောက်က ရုန်းမထွက်နိုင်သေးဘူးလားဗျာ ဘာတွေမက်လောက်စရာရှိနေလို့လဲ"

"ကိုမင်းစံ"

ဖူးရင်မှာ ကျင်စက်နှင့်အတို့ခံလိုက်ရသည့်နှယ် နာကျင်စူးနစ်သွားပြီး ရီဝေနေသောမျက်လုံးအစုံနှင့် ချစ်ရလွန်းသူကို ကြည့်လိုက်သည်။

"ကျွန်တော် ခင်ပျားတို့သားအမိကို ရွှေပေါ်မြှတင်ထားနိုင်ပါပြီဗျာ. . ဒါတောင် ခင်ပျားမိဘတွေက ငြင်းဦးမှာလား"





ထက်မင်းစံအတိတ်ကို သတိရကာ နာနာကျင်ကျင်လေသံနှင့်မေးလိုက်သည်။ ထိုစဉ် စားစရာဗန်းကိုယူဆောင်လာသော ဝန်ထမ်းကြောင့် သူတို့နှစ်ဦးပြောလက်စစကားကို ရပ်တန့်ပစ်လိုက်သည်။

"ဝါဝါ. . . လုပ်စရာရှိတာဆက်လုပ်ပါ"

ဖူးက ပြန်ထွက်ဟန်ပြင်နေသော ကွန်ပျူတာ ကျွမ်းကျင်စာရေးကို လှမ်းပြောလိုက်ရသည်။ ဒါမှလည်း. . ကိုထက်မင်းစံ၏ ခနိုးခနဲ့စကားတွေနှင့် တဇွတ်ထိုးတောင်းဆိုမှုတွေက လွတ်မှာဟုတွက်ဆမိ၍ဖြစ်သည်။ သူ့တွက်ဆမှုမှန်ပါသည်။ ထက်မင်းစံ၏ နီမြန်းသောမျက်နှာပြင်မှ အရောင်ဖျော့သွားခဲ့လေသည်။

"အအေးလေး အမောပြေသုံးဆောင်ပါဦး ကိုမင်းစံ"

သူကြိုက်တတ်သော ထောပတ်သီးဖျော်ရည်နှင့် ချိစ်ကိတ်ပါလား။ သြော်. . . ချစ်သူကြိုက်တတ်တဲ့ စားစရာလေးတွေကို တောင် အမှတ်ရနေဆဲဖြစ်သော ဖူးကို သူနားမလည်စွာကြည့်ပြီး. .

"ဖူးစိန်လမ်းကအိမ်ကို ငပိငါးခြောက်လာပို့တော့ ထွက်လာတာ ကိုယ့်ကို မတွေ့လိုက်ဘူးလား"

"ဟင့်အင်း မိုးတွေကလည်းသည်း သားကလည်းခေါ်နဲ့ အလုပ်ရှုပ်သွားလို့ ကိုမင်းစံမှန်းမသိလိုက်ဘူး။ နောက်မှ မာမီက ငပိငါးခြောက်ထုပ်မှာခိုင်းတော့ ကဒ်ကိုကြည့်လိုက်တော့မှ ကိုမင်းစံနာမည်နဲ့ပွဲရုံဖြစ်နေလို့ သိလိုက်ရတာ"

"သြော်. . ဒါဆို ကိုယ့်အကြောင်းတွေသိနေမှာပေါ့"

"ဟုတ်တဲ့ ကိုမင်းစံ အမေ အန်တီမေနဲ့ ကျွန်မယောက္ခမ ဒေါ်ဖြူဖြူမြင့်က သူငယ်ချင်းတွေ ရင်းနှီးကြတော့ ကျွန်မလည်း



www.burmeseclassic.com

www.burmeseclassic.com



အန်တီမေနှင်းကိုသိပါတယ်"

သူ့ရင်ထဲ ဇဝေဇဝါဖြစ်သွားရသည်။ အမေက သူ့အား ဖူးအကြောင်း တစ်ခါမှမပြောခဲ့ဖူးချေ။ ကလေးတစ်ယောက်အမေ မုဆိုးမပဲ ရှိပါတယ်ဟုသာ ပြောခဲ့ဖူးသည်ကို အမှတ်ရမိလိုက်သည်။ သူ အအေးကို ဇိမ်ခံသောက်ရင်း ဖူးအား စူးစမ်းသောအကြည့်နှင့် ကြည့်လိုက်သည်။ ဖူးက သူ့အလုပ်စားပွဲဘေးရှိ တီဗွီစကင်န်မှနေ၍ မီနီမားကက်အတွင်း ဈေးရောင်းဈေးဝယ်တွေထံသို့ အကြည့်ပို့ထား လိုက်သည်။

ပညာရှိနည်းနှင့် သူ့အား နှင်နေကြောင်းသိသည်။ ထို့ ကြောင့် တမင်ရွှတ်ကာ ထောပတ်သီးဖျော်ရည်ကိုလည်း အနည်း ငယ်သောက်ပြီး မုန့်လည်းမစားဘဲထိုင်ရာမှ ထလိုက်သည်။ ဖူးက သူ့လုပ်ရှားမှုပုံရိပ်ကြောင့် လန့်သွားပြီး မော့ကြည့်ကာ. . .

"ဟင်. . . ပြန်တော့မလို့လား ကုန်အောင်စားသောက်ဦး လေ"

"ဆိုင်ရှင်ကမှ မကြည်ဖြူပဲ ပြန်တော့မယ် နောက်မှ ထပ် လာမယ် သွားပြီ. ."

သူ ပြောပြောဆိုဆိုလှည့်မကြည့်ဘဲ တောက်လျှောက်ပင် ထွက်ခဲ့လေသည်။ ဖူးမှာ ပါးစပ်အဟောင်းသားလေးနှင့် ကျန်ရစ်ခဲ့ လေသည်။ ကိုယ့်ဝမ်းနာကိုယ်သာသိပါသည်မို့ ရင်မှာနာကျင်ရင်းမှ ချစ်သူနောက်ကျောပြင်ကိုကြည့်ရင်း ရစ်ဝဲလာသောမျက်ရည်စ များကို ချစ်သူပျောက်ကွယ်သွားမှ ပုတ်ခတ်ကာ သိမ်းဆည်းပစ် လိုက်သည်။

'ဩော်. . မောင်ရယ်. . တစ်နေ့က မောင့်အမေ အိမ်ကို





လာလည်သွားရင်း ကျွန်မကိုပညာပေးသွားတာတွေ မောင် မသိဘူးနော်' ဟုလည်း ရင်တွင်းစကားဆိုလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

တစ်နေ့ကဖြစ်သည်။

"ဟော သမီးတောင်ပြန်လာပြီ လာပါဦးကွယ်ဒီမှာ အန်တီမေနှင်းရောက်နေတယ်"

ဖူး သားကို မူကြိုမှကြိုလာပြီး အိမ်ပြန်ရောက်သည်နှင့် ဆူပါရှပ်ကားအဖြူရောင်တစ်စီးကိုတွေ့လိုက်ရသည်။

"ဟုတ်ကဲ့ ကြီးဖြူ သားမမနဲ့အကျီလဲပြီးရင် ခြံထဲမှာ သွားဆော့နော်"





ဖူးက သားကို အိမ်ဖော်မလေးလက်သို့ လွှဲပြောင်းပေးလိုက်ရသည်။

"ဟုတ်ကဲ့ မေမေ"

သားက အဆော့နှင့်ဆွယ်လျှင်ရသည်။ အမေနားကပ်ဖို့ကိုတော့ ဆော့ကစားတာလောက်မမက်ပေ။ ဖူးက ဒေါ်ဖြူဖြူမြင့် ဒေါ်မေနှင်းတို့နှင့် မျက်နှာချင်းဆိုင်ဆိုဖာပေါ်တွင် ဝင်ထိုင်လိုက်သည်။

"ဖြူ့ချွေးမက ကလေးအမေမှဆိုးမလို့ ဘယ်သူက ထင်မှာလဲကွယ် တက္ကသိုလ်ကျောင်းသူလေးတစ်ယောက်လို ဖူးစင်းနေဘာပဲကွယ်"

ဖူးကိုကြည့်ပြီး ချီးမွမ်းလိုက်သော ဒေါ်မေနှင်းကြောင့် ဖူးမှာ မျက်နှာအထားရပင် ခက်သွားရသည်။

"ဟုတ်ပါ့မေနှင်းရယ် ကိုယ့်မှာ သမီးနား. . တစ်စိမ်းယောကျ်ားလေးတွေ ရစ်သီလာတိုင်း ရင်မောရတယ် မြေးရော သမီးရော ဘယ်အပါခံနိုင်ပါ့မလဲကွယ်. . အလုပ်မလုပ်ပါနဲ့ ဖြူတို့ ရှာဖွေစုဆောင်းထားတာတွေနဲ့ သမီးနဲ့မြေးထိုင်စားလို့ ရပါတယ်ဆိုလည်း မဟုတ်ဘူး"

"သားလေးအနာဂတ်အတွက် ပိုပြီးခိုင်မာချင်လို့ပါ ကြီးဖြူရယ်"

ဖူးက သူလက်သုံးစကားအတိုင်းပင် တုံ့ပြန်လိုက်သည်။ ရှိတဲ့အထုပ်ဖြေစားတယ်ဆိုတာ ကုန်သွားရုံပဲရှိတယ်။ တိုးတက်လာသောကုန်ဈေးနှုန်းအနေအထားနှင့် ဝန်ဆောင်မှုအနေအထားက ဒေါ်ဖြူဖြူမြင့်တို့လက်ထက်ကနှင့် အဆပေါင်းများစွာကွာခြားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်ကို ဖူးကတွက်ပြပြီး မီနီမတ်ကက်တစ်ခု ထောင်ခဲ့ခြင်းဖြစ်သည်။

သို့အတွက် ဒေါ်ဖြူဖြူမြင့်မှာ မြေးကိုလက်လွှတ်မခံနိုင်တော့ ဖူးအလိုကိုနောက်ဆုံးလိုက်လျှော့ခဲ့ရသည်။ ဖူး၏ ဖလားဝါး မီနီမတ်ကလည်း တစ်နှစ်အတွင်း ဝင်ငွေဇယားကတိုးတက်မှုကိုသာ ပြနေသဖြင့် ကြီးဖြူရေငုံနှုတ်ပိတ်ပင်နေခဲ့ရလေတော့သည်။

"ကိုင်း တူဝရီးနှစ်ယောက် စကားပြောနေကြဦး ခဏနော် မြေးကိုနေ့လယ်စာကျွေးတာသွားကြည့်လိုက်ဦးမယ်"

"သွားပါ. . သွားပါ. . ဒေါ်မြေးချစ်ကြီးရယ်"

"အဟင်း ဟင်း မေနှင်းက မြေးမရှိသေးတော့ ကိုယ်ချင်းမစာနိုင်သေးဘူးပေါ့ အဟင်း. . ဟင်း"

ကြီးဖြူက ရယ်မောရင်းမှ ခွန်းတုံ့ပြန်ရင်းမြေးနောက်သို့ လိုက်သွားလေတော့သည်။ ဖူးမှာ ဧည့်သည်ဒေါ်မေနှင်းကို အားနာစွာကြည့်ရင်း. . .

"ကြီးဖြူက မြေးကိုသဲသဲလှုပ်ပဲ ဒါကြောင့် ကျွန်မကပဲ လိုက်ထိန်းနေရတာပါ အန်တီမေနှင်း"

"ဒါပေါ့ ခါးကိုဖျက်တာ ဝါးမြက်၊ မြေးကိုဖျက်တာ အဘွား ဆိုတဲ့စကားပြောင်တောင်ရှိနေကြတာပဲ. . ."

"အန်တီမေနှင်း နေ့လယ်စာသုံးဆောင်ပြီးပါပြီလားရှင်"

စားပွဲပေါ်တွင် ရေနွေးကြမ်းဗန်းသာ တွေ့ထားသောကြောင့် ဖူးက လောကဝတ်ဖြင့် မေးလိုက်သည်။

"ဖြူနဲ့အတူစားပြီးပါပြီ ဒါတွေအသာထားပါ။ သမီးကို အန်တီမေးချင်တာရယ် သတိပေးချင်တာရယ်ရှိလို့ တမင်လာခဲ့





ဘာ"

ဖူး အံ့အားသင့်သွားပြီး မျက်လုံးလေးပင် ဝိုင်းဝိုင်းလည်သွားသည်။ ထူးထူးဆန်းဆန်းဘာတွေများ မေးမလို့ပါလိမ့်။ အိမ်ကို တစ်ခါနှစ်ခါလာလည်ဖူးသဖြင့် မျက်မှန်းတန်းမိရုံသာရှိသော အမျိုးသမီးကြီးဆီမှ ဘာတွေများအထူးအဆန်းကြားရမလဲဟု တုန်လှုပ်သွားသည်။ ပြီးတော့ ဒေါ်မေနှင်းဆိုတာ ကိုထက်မင်းစံ၏အမေဟု ကြီးဖြူထံမှ သိထားပြီးလည်းဖြစ်နေလေသည်။

"အန်တီဟာ ဘယ်သူ့အမေလည်းလို့ သမီးသိထားသလား"

ဖူး ဘာကိုမှကွယ်ဝှက်ပြီး မနေချင်၊ ကွယ်ဝှက်ပြီး သိုသိုသိပ်သိပ်နေရတာ စိတ်ကျဉ်းကျပ်လွန်းလှသည်မို့. . .

"ဟုတ်ကဲ့. . . ကိုထက်မင်းစံရဲ့ မိခင်လို့သိထားပါတယ်"

ကိုထက်မင်းစံအမည်ပေါက် 'စံ'ရေထွက်ပစ္စည်းပွဲရုံ၏ ပိုင်ရှင်သူဌေးမကြီး ဒေါ်မေနှင်းကို သူရိုကျိုးစွာပင် အမှန်အတိုင်း တစ်စိတ်တစ်ဒေသကို ဖွင့်ဟလိုက်မိသည်။

"ဒါဖြင့် သမီးက ထက်မင်းစံကိုသိထားတယ်ပေါ့"

"ဟုတ်ကဲ့ တက္ကသိုလ်နောက်ဆုံးနှစ်တုန်းက သူငယ်ချင်းတွေ ဖြစ်ခဲ့ကြပါတယ်"

"သူငယ်ချင်း. . ဘွင်းဘွင်းပဲမေးမယ် ရိုးရိုးသူငယ်ချင်း မဟုတ်ဘဲ တွဲခဲ့ကြတဲ့ချစ်သူငယ်ချင်းမှတ်လား"

ဖူး မျက်လွှာချလိုက်သည်။ ရင်မှာ တလှပ်လှပ်ခုန်နှက နာကျင်လာသည်။ အတိတ်ကိုတမင် မေ့ပျောက်ထားချင်ပါသည်။ သို့သော် အတိတ်ကလာဆက်နွယ်လာတော့လည်း သူ့ကြမ္မာအိုးသက်က ပြေးမလွတ်သာတော့။



www.burmeseclassic.com

www.burmeseclassic.com



စူးရှသောဒေါ်မေနှင်း၏ မျက်လုံးအစုံကို သူရင်မဆိုင်ဝံ့တော့။ ကျားရေ့မှောက်ရောက်နေသော သမင်ငယ်သဖွယ် ခံစားနေရပြီး. . .

"ဟုတ်. . . ဟုတ်ပါတယ်"

"အင်း. . . အတိတ်ကဇာတ်လမ်းကို အတိတ်မှာပဲ ထားခဲ့တာကောင်းပါတယ်လေ အန်တီ့အနေနဲ့က သမီးမရှိလို့သမီးချင်း မစာနာနိုင်ဘူးလို့ပဲပြောပြော ရတယ်၊ ဒါပေမယ့် သမီးကတော့ သားတစ်ယောက်အမေ ဖြစ်နေလို့ အမေနေရာက စာနာနိုင်လိမ့်မယ်လို့ အန်တီယုံကြည်တယ်"

ဖူး ခန္ဓာကိုယ်သေးငယ်ပြီး ရေစက်ရေမှုန်တစ်ခုအနေနဲ့ လွင့်ပါးပျောက်ကွယ်သွားလျှင် ကောင်းလိမ့်မည်ထင်ပါသည်။ သိမ်ငယ်စွာခံစားနေရသည်။

"သမီးသားဟာအရွယ်လောက်လာလို့ ကလေးတွဲလောင်းနဲ့ မုဆိုးမတစ်ယောက်ကိုယူမယ်ဆိုရင် သမီးလက်ခံနိုင်ပါ့မလား"

ဖူး မျက်ရည်မကျစေရန် စိတ်ကိုမနည်းထိန်းချုပ်ထားသည့်ကြားက ကြေကွဲပွင့်မျက်ရည်စက်က မျက်ခွံတံခါးကို အရှိန်အဟုန်ပြင်းစွာဖြင့် ထိုးတက်လာခဲ့လေသည်။

"ဒါ ဝိုစရာမဟုတ်ပါဘူး ကလေးမ ညည်းသာထက်မင်းစံကို ပြန်လက်မခံရင် ရှေ့လျှောက်မင်းမျက်ရည်ကျစရာ မလိုတော့ပါဘူး. . . ခုချိန်မှာ ညည်းကအခရာပဲ ညည်းကြောင့် အသည်းကွဲဝေဒနာကို ကမ္ဘာပတ်ရွက်လွှင့်ပြီး ဖြေဖျောက်ခဲ့ရလို့ ငါ့သားရဲ့ ဝေဒနာအခုမှ ငြိမ်းချမ်းစရှိပါသေးတယ် ဒါကို ညည်း ရေလာမြောင်းပေးထပ်လုပ်နေရင်တော့ မစွမ်းရင်းကလည်းရှိ ကန်စွန်းခင်း





ကလည်းငြိဖြစ်ကုန်လိမ့်မယ်. . . ဒါကြောင့် ငါ့သားလာရင် ညည်းလက်မခံပါနဲ့. . . တတ်နိုင်သမျှ အပြတ်သာငြင်းလွှတ်လိုက်ပါ. . . ဒါမှ မင်းစံလည်း နာသွားပြီးညည်းကို မေ့ပျောက်သွားလိမ့်မယ်။ ငါ့ဘက်ကလည်း မင်းစံကိုမဖြစ်ဖြစ်တဲ့နည်းနဲ့ တားဆီးမှာပဲ။

ဖူး ခေါင်းငုံ့ခံမျက်ရည်ကျရုံမှအပ ခွန်းတုံ့ခွန်းပြန်လိုသော အင်အားမရှိပါချေ။ ကိုယ့်ဘဝကံကြမ္မာကိုက ချစ်သူကိုသိသာ ထင်ရှားစွာ ချစ်ခွင့်မှပါမလာလေပဲ။ ချစ်ကံခေသောဝဋ်ကြွေးကပါလာခဲ့လေသည်ကိုး။

"အန်တီပြောတာ ညည်းနားလည် သဘောပေါက်ပါတယ်နော်"

တင်းတစ်လှည့် ပျော့တစ်လှည့်၊ ချော့တစ်လှည့် ခြောက်တစ်လှည့်နှင့် ဒေါ်မေနှင်းက စကားမုန်တိုင်းအောက်ဝယ် သူ ခေါင်းငုံ့ရင်း. . .

"ဟုတ်ကဲ့ပါ. . . အန်တီ ကျွန်မလက်မခံပါတယ်"

"အေးလေ. . ဒါဆို အန်တီကလည်း သာစုခေါ်နေမှာပါ သမီး"

ဖူးက မျက်ရည်သုတ်ကာ မချိပြုံးပြုံးပြနိုင်ဖို့ အားခဲနေစဉ်မှာပင်. . .

"မေမေ. . မေမေ ဘာဖြစ်လို့လဲ"

သားထူးထူးက ပြေးထွက်လာပြီး သူ့ပေါင်ပေါ်ကို တိုးဝေ့ကာထိုင်တော့. . . သူ၏မျက်ရည်တစ်ပိုင်းတစ်စများကို တွေ့မြင်သွားခဲ့ခြင်းဖြစ်ရာ မိခင်မျက်ရည်များကို သူ့လက်ဖဝါးနုနုလေးဖြင့် သုတ်ပေးရင်းမှလည်း ဒေါ်မေနှင်းကိုပါ ဘုကြည့်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေကို ငိုအောင်လုပ်သောအဘွားကြီးအနေနှင့် သူမကြည်ဖြူတော့. . .

"မေမေ့မျက်လုံးထဲ ပိုးကောင်ဝင်သွားလို့ပါ သားရဲ့"

ဖူးက မျက်ရည်ကိုပြောင်စင်အောင်သုတ်ပြီး သား၏ ပါးစုံ့ကြီးနှစ်ဖက်ကို မွှေးကြူလိုက်သည်။

သူ့ဘဝမှာ ဒီသားရှိနေပြီပဲ ဘာမှမလိုအပ်တော့ပါဘူးလေ ဟုလည်း ဖြေသိမ့်တွေးလေး တွေးလိုက်သေသည်။

ဒေါ်ဖြူဖြူမြင့်နှင့် အိမ်ပေါ်မိန်းကလေးပါလိုက်ထွက်လာတော့မှ ဖူးကလည်း ဒေါ်မေနှင်းကိုခွင့်ပန်ကာ သားကိုချီပြီး ဧည့်ခန်းကို ကျောခိုင်းလိုက်ရသည်။

သို့သော် ဖူးရင်မှာတော့ နာကျင်မှုဟူသော လူသားသဘာဝ၏အပိုဒုက္ခဝေဒနာကို ခံစားနေရလေသည်။ အတ္တကြီးသော အမျိုးသမီးကြီးများ၏ အတ္တလှောင်အိမ်ချိုင့်တွင်းမှာ သူနှလုံးသားကို ဆက်လက်အကျဉ်းချထားရဦးမှာပါလား ဟုလည်း ရင်နာစွာဖြင့် တွေးလိုက်မိလေတိုင်း နှလုံးအိမ်မှာစူးနင့်နာကျင်လျက်ပင်. . .







# အခန်း(၁၅)

ဖူး အတွေးတို့ကိုဖြတ်တောက်ပစ်ပြီး ဆိုင်မှာလိုအပ်သည်တို့ကို ညွှန်ကြားပြီး သားကျောင်းကြိုပို့ရန် အိမ်သို့ပြန်ခဲ့လိုက်သည်။ သားကို ဒီနှစ်ကျောင်းစထားပြီ။ နှစ်သုတ်တက်ဟုခေါ်သော နှစ်ချိန်ကျောင်းရှိသည့် အ. ထ. က(၂) ကမာရွတ်၌ သားထူးထူးကျော်စွာကို ကျောင်းအပ်နှံခဲ့သည်။ သူ့အဖေကလည်း ထိုကျောင်းထွက်မို့ အပ်နှံ၍ရခဲ့သည်။

ညနေကျောင်း(၁၂)နာရီအမှီ ဖူးက သားကိုကျောင်းပို့



www.burmeseclassic.com

www.burmeseclassic.com



ပေးပြီး ညနေ(၄း၅၀)နာရီ ကျောင်းလွှတ်ချိန်ကိုလည်း ရောက်အောင် သွားကြိုပေးသည်။ မူကြိုလည်း နှစ်နှစ်တက်ပြီးသားဖြစ်၍ သားက ကျောင်းကိုမစိမ်းမကြောက် ငိုယိုခြင်းလည်းမရှိသည့်အပြင် ကျောင်းပျော်ကာ ရဲရင့်သည့်ကလေးဖြစ်၍ ဖူး သားအတွက် စိတ်အေးကာ စိတ်ချမ်းမြေ့ရသည်။

သားကိုကြိုပြီး ဖိုးစိန်လမ်းထဲကထွက်လာတော့ နောက်ကားကိုသတိမပြုမိသေး။ ကန်တော်ကြီးကနေ ဝက်ပါလမ်းကိုဖြတ်ဝင်တော့မှ နောက်မှ ပါဂျရိုးအနက်ရောင်ကားတစ်စီးကို သတိပြုမိလိုက်သည်။ ကားနံပါတ်ကြည့်လိုက်တော့ မိုးသည်းညဦးပိုင်းမှာ ငပိငါးခြောက်လာပို့စဉ် ကားနံပါတ်လှမ်းပြောထားသဖြင့် မှတ်မိနေသည်။

မောင့်ကားပေါ့. . . ကားထဲမှ မှန်ပျပျလှမ်းမြင်ရသော ရေဘင်မျက်မှန်တပ် မောင့်ပုံရိပ်ကိုလည်း ကားနောက်ကြည့်မှန်မှ လျှပ်တစ်ပြက်လှမ်းမြင်လိုက်ရသည်။

"သြော်. . . မောင်ရယ်"

ကားကိုဂရုစိုက်မောင်းနေရသဖြင့် မောင့်ကို လှည့်မကြည့်၊ လှမ်းမကြည့်မိစေရန် သတိထားလိုက်ရသည်။ မောင် သူ့ကို နောက်ယောင်ခံလိုက်နေသည်ပေါ့။ ဒါကြောင့်လည်း. . . သူ့စတိုးဆိုင်ကိုလည်း ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ချလာခဲ့ခြင်းဖြစ်သည်။

ယခုလည်း. . . သားကျောင်းကို သူသိတော့မည်။

သိပါစေတော့။

မောင့်အချစ်ကို လက်မခံ။ မောင့်ကိုသူ့ဘဝထဲ အဝင်မခံပဲနေရင်တော့ မောင့်အမေကျေနပ်နိုင်မှာပါလေ။ မောင့်ကို ရှောင်





ရှားမနေချင်။ သူကိုယ်တိုင်ကလည်း မောင့်မျက်နှာလေး မြင်ခွင့်ရရင်ပင် ကျေနပ်နေတဲ့သူမို့ မောင့်ကို ဒီလောက်ကလေးတော့ ခွင့်ပြုလိုက်မည်။

"မေမေ"

"ဘာလဲသား"

"ညနေကျောင်းဆင်းရင်ကော မေမေပဲလာကြိုမှာလား"

"ဒါပေါ့သားရယ်"

"အင်း. . သားမှာ အဖေရှိရင်ကောင်းမှာပဲ မေမေ"

"ဘာဖြစ်လို့လဲ သား"

"သား. . ဖေဖေနဲ့အတူ ဘောလုံးကန်ချင်လို့ပါ သားသူငယ်ချင်းတွေက သူ့အဖေနဲ့ဘောလုံးလည်းကန်တယ်၊ ကစားကွင်းတွေလည်း သွားတယ်၊ ရေလည်းကူးတယ်၊ ဂိမ်းလည်းဆော့တယ်တဲ့ သားလည်း အဲဒီလိုဆော့ချင်တယ် မေမေ"

"သြော်. . . သားရယ်"

ဖူးရင်ထဲ ထိရှနာကျင်သွားသည်။

"သားဖေဖေက သေသွားပြီဆိုတော့ သားဘောလုံးကန်လို့လည်း မရတော့ဘူး ရေကူးလို့လဲမရတော့ဘူးပေါ့နော်"

"အို. . . မဟုတ်တာ သားရယ်၊ မေမေလိုက်ပို့ပေးမှာပေါ့ ကျွမ်းကျင်တဲ့သင်တန်းဆရာတွေက သင်ပေးရင် သားလည်း ကစားဖော်သူငယ်ချင်းတွေရလာမှာပေါ့ ပိုတောင်ပျော်စရာကောင်းဦးမှာ သားရယ်"

သားကို နားလည်စေနိုင်မည့်စကားဖြင့် ချွေးသိပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ပင်ပန်းတာပေါ့. . မေမေက ဆိုင်လည်းသွားရသေးတယ်၊ သားမှာ ဖေဖေအသစ်တစ်ယောက်ရှိရင် သိပ်ကောင်းမယ်နော်. . ."

"အို. . မဟုတ်တာတွေ သားရယ်"

ဖူး. . သား၏စကားတတ်လာမှု၊ တွေးခေါ်တတ်လာမှုတို့ကြောင့် ဖူးရင်ကိုနာကျင်စေသည်။ ကံဆိုးလိုက်သည့်သားလေးရယ်။ အမေကိုလည်း သိတတ်ငဲ့ညှာရှာပါလား။ ပထွေးဆိုတာကို နားမလည်ပုံမရသေးပါလား။

ကားလွတ်သည့်နေရာ၌ရှာရပ်။ ပြီးတော့သားလက်ကိုဆွဲထီးမိုးပေး။ ကောင်မလေးက ကျောပိုးအိတ်နှင့်ခြင်းတောင်းကို ဆွဲပြီး နောက်မှလိုက်ရသည်။ နာမည်ကြီးကျောင်းတွေမှာ ကျောင်းထားရသည့်ကိစ္စကို ကျောင်းပို့ကျောင်းကြိုအတွက် ကားရပ်ရသည့် ဒုက္ခကမသေးလှပေ။ အချိန်ကို ပိုရှုယူရမှ ကျောင်းနှင့်နီးနီးနားနားနေရာရနိုင်သည်။ ဖူး ဒီလောက်အထိ အချိန်မပေးနိုင်၊ ပေးနိုင်သည်ထားဦး သားကိုကျောင်းအစောကြီး ပို့ထားလျှင်လည်း ပင်ပန်းရှာမည်။ ထို့ကြောင့် ဖူးက ဒုက္ခခံကာ ကျောင်းချိန်နှင့် ကပ်ပို့ပေးသည်။

ဖြစ်နိုင်လျှင် သားကိုချိုပို့ပေးလိုသော်လည်း သားက သူကျောင်းသားကြီးဖြစ်နေပြီဟုဆိုကာ ချိုပိုးခံရမှာရှက်ပြီး လက်မခံသဖြင့် သူ့ထီးသေးကို သူကိုယ်တိုင်စောင်းပြီး ထိုအပေါ်ကမှ အမေက ရောမထီးကြီးမိုးကာ လိုက်ပို့ရသည်။ ကျောင်းဂိတ်ဝရောက်တော့ သားက. . . သူ့ကျောပိုးအိတ်ကို သူလွယ်၊ ထမင်းဂျိုင့်ရေဘူးပါသောခြင်းတောင်းလေးကိုဆွဲကာ ဂိတ်တံခါးမှ ဝင်သွား





သည်ကို ဖူးက ကျောင်းဂိတ်တံခါးပြင်ပမှ မျှော်ငေးကာ မျက်စိတစ်ဆုံး ပျောက်ကွယ်သွားမှ ပြန်လှည့်ခဲ့သည်။

ထိုကြားထဲမှာ ထက်မင်းစံကိုတွေ့ဖြစ်အောင် လှမ်းတွေ့လိုက်သည်။ ဒီလူနဲ့တော့ ခက်တော့တာပဲ ဟု စိတ်ထဲညည်းတွားလိုက်ပေမယ့် မျက်ဝန်းအကြည့်ကတော့ လူအုပ်အများကြီးမှ သူ့ကိုသာ ထင်းခနဲမြင်ပြီး ခိုးကြည့်မိသည်။ နေကာမျက်မှန်တတ်ထားသူအချင်းချင်းမို့ မျက်ဝန်းအစုံခြင်း တွေ့ဆုံမှုမရှိပေမယ့်။ တစ်ယောက်ကိုတစ်ယောက်ကြည့်နေမှန်းတော့ နားလည်နေမိသည်။

ကားဆီလျှောက်လာစဉ် ဖုန်းခေါ်သံမြည်လာသည်။ ဖုန်းစကင်န်ပေါ်က နံပါတ်ကိုကြည့်လိုက်တော့ စိမ်းနေသောနံပါတ်ဖြစ်နေသဖြင့် ထူးလိုက်သည်။

"ဟယ်လို"

"ဖူး. . . မောင်ပါ"

ဖူး ရင်မှာလှုပ်ခါသွားပေမယ့် စိတ်နှင့်ဆန့်ကျင်သောစကားကို သူဆိုလိုက်ရသည်။

"ဘယ်ကမောင်လဲ ကျွန်မဘဝမှာ မောင်မရှိတော့ဘူး"

"ခဏတွေ့ရအောင် ဖူးရယ်"

"တွေ့စရာအကြောင်းမရှိတော့ဘူးလို့ ထင်ပါတယ်"

"ဖူးတွေ့ခွင့်မပေးဘူးဆိုလည်း ရပါတယ်၊ မောင်ကတော့ ဖူးနဲ့တွေ့ခွင့်ရဖို့ စက္ကန့်မလပ် ကြိုးစားနေရမှာပဲ"

ဖူး တွေဝေသွားရသည်။

ဖူးရင်ထဲက တောင့်တနေသောဆန္ဒတစ်ခုကတော့ ဖူးကို လွန်ဆွဲနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ဖူး"

"ကောင်းပြီလေ နောက်ဆုံးအနေနဲ့ ကျွန်မတို့တွေ့ကြရအောင်. . . ကျွန်မဆိုင်နားက (x)ကော်ဖီဆိုင်ကို တစ်နာရီအရောက် ကျွန်မလာခဲ့မယ်"

ကောင်မလေးကို အိမ်ပြန်ပို့ပေးပြီးနောက် တန်းထွက်ပြီး တွေ့ဆုံရန် ဆုံးဖြတ်လိုက်သည်။ ရင်ထဲမှာတော့ နာကျင်လျက်ရှိသည်။


'အိုကေ. . မောင်စောရောက်နေနှင့်မှာပါ'

ဖူးဖုန်းကိုပိတ်လိုက်သည်။ ကားရှိရာသို့ သွက်သွက်လျှောက်လိုက်သည်။ နောက် မလှမ်းမကမ်းမှ မောင်းလိုက်လာမှန်းသိပေမယ့် လှည့်မကြည့်ဖြစ်ရန် ကြိုးစားလိုက်သည်။ လူတိုင်း၌ ချစ်သူနှင့်အတူတကွ ပေါင်းသင်းနေထိုင်လိုသော ဆန္ဒရှိကြသည်ပင်။ သို့သော် အခြေအနေအရ မိမိဆန္ဒကိုချိုးနှိမ်ပြီး ဖြစ်သင့်တာကိုပဲ ဦးစားပေးလိုက်ရတာလည်း ရှိကြလေသည်။

အထူးသဖြင့် မိဘနေရာရောက်ရှိနေသော မိမိအနေနှင့်က သားအတွက်အရာရာကိုပေးဆပ်ဖို့ အသင့်ဖြစ်နေခြင်းကြောင့် ရင်နာနာနှင့်ချစ်သူကို စွန့်လွှတ်ရန်ဆုံးဖြတ်လိုက်သည်။







# အခန်း(၁၆)

ထက်မင်းစံ ပန်းဖူးဝေလွင်ကိုငေးစိုက်ကြည့်လိုက်သည်။ လွန်ခဲ့သော (၆)နှစ်ခန့်က ပန်းဖူးဝေလွင်ထက် ပို၍ကြည့်ကောင်းလာသည်။ ပို၍တည်ငြိမ်ရင့်ကျက်ပြီး ပိုမိုလှပ ကျက်သရေရှိနေသည်။

သြော် အသက်(၃၀)နားကပ်လာကြပြီဆိုတော့လည်း လောကကြီးကပေးသော ဘဝသင်ခန်းစာတို့ကိုလည်း တော်တော်လေ့လာကျက်မှတ်ပြီးကြပြီဆိုတော့ ရင်တွင်းဆန္ဒတို့ကို ချိုးနှိမ်လျက်. .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ယောက္ခမကို မှီခိုနေရတဲ့ ကလေးတစ်ယောက်အမေ မုဆိုးမဖြစ်သွားပြီဆိုတော့ အစစအရာရာအနေအထိုင်ကို ဆင်ခြင်ရမှာမို့ ကျွန်မတို့တစ်တွေ မသိသလို၊ မပါတ်သက်ကြသလိုပဲ နေသွားကြရအောင်ပါ"

ဖူးထံမှ ပြတ်သားသောစကားကြောင့် ထက်မင်းစံ တစ်ကိုယ်လုံး အာကာသဟင်းလင်းပြင်အထိ လွင့်ပျံသွားအောင် တုန်လှုပ်သွားမိသည်။ ဖူးကိုစေ့စေ့ကြည့်မိတော့ မျက်လုံးများတွင်း သံယောဇဉ်အလင်းတန်းများ ကြွင်းကျန်နေပါလျက်၊ နှုတ်ခမ်းပါးက စိမ်းကားသောစကားတို့ကိုဆိုနေသည်မို့ လောလောဆယ် သူ့ဘက်ကတစ်ထစ်လျှော့ကာ. . .

"သူငယ်ချင်းအဖြစ်နဲ့တောင် မနေရတော့ဘူးလားဗျာ"

"သံယောဇဉ်အပိုင်းအစဆိုတာကလည်း ရင်နာစေနိုင်ပါတယ်၊ ပိုနေမြဲ ကျားနေမြဲပဲကောင်းပါတယ် ကိုမင်းစံ"

"ဒါက ဖူးဘက်ကလေ ကျွန်တော်ဘက်ကတော့ ဖူးက မေ့ပျောက်ဖို့ ကြိုးစားလေလေ၊ သတိရလေလေပဲမို့ ဖူး လက်ခံနိုင်ဖို့ ကြိုးစားနေမိမှာပဲ"

"အဲဒီလို တဇွတ်ထိုးလုပ်နေမယ်ဆိုရင် ကျွန်မရှင့်ကို မုန်းသွားမိလိမ့်မယ်ထင်တယ် ကိုမင်းစံ"

"မောင့်မှာ ဘာအပြစ်ရှိလို့လဲ ဖူးရယ်. . . ဖူးတို့သားအမိနှစ်ယောက်စလုံးရဲ့ ဘဝကိုလုံခြုံနွေးထွေးစွာနဲ့ စောင့်ရှောက်သွားချင်တဲ့ မောင့်ဆန္ဒဟာအပြစ်လားကွာ. . ."

"ကျွန်မသားရဲ့ဘဝထဲကို ပထွေးအဝင်မခံနိုင်ဘူး. . . ဒါ ကျွန်မရဲ့သားအပေါ် ထားရှိတဲ့ မေတ္တာပဲ ဒီအကြောင်းပြချက်က





လွဲရင် ကျွန်မဘာမှပြောစရာမရှိပါဘူး၊ အဲဒီတော့ သစ်ခြောက်ပင်အောက် ပန်းကောက်မနေချင်ပါနဲ့တော့ ကိုမင်းစံ. . . ကျွန်မ စကားကုန် ပြောပြီးပြီမို့ ခွင့်ပြုပါဦး. . ."

"နေပါဦး ဖူးရယ်"

ဖူးတို့ချင်း မျက်လုံးချင်းဆုံတွေ့မှုဝယ် ကြေကွဲမှုရောင်ချင်းသာ ရိုက်ခိုက်မိကြလေသည်။

"သွားပါရစေ. . . ကျွန်မဘဝနဲ့ကျွန်မ နေသားကျနေပါပြီ ဘာမှမတောင်းဆိုပါနဲ့တော့ ခွင့်ပြုပါရှင့်. . ."

ဖူး အသံတွေတုန်ခါလျက် ကတိုက်ကရိုက်ပြောဆိုပြီး ကမူးရှူးထိုးနှင့် ထွက်သွားလေတော့သည်။ ထက်မင်းစံရင်ကို နာကျင်မှုဝေဒနာလှိုင်းလုံးကြီး ပုတ်ခတ်လျက် ကျန်ရစ်ခဲ့လေတော့သည်။

သွားပါစေတော့။ လောလောဆယ် ဖူး စိတ်သက်သာသလိုနေပါစေတော့။ ဒါပေမယ့်. . . ထက်မင်းစံဆိုသော လူကတော့ အပြောနှင့်အဟောညီစွာပင် ဖူးနေထိုင်ရာ ဖိုးစိန်လမ်းအိမ်ဝင်ထွက်ဖို့အရေး ကျားချောင်းချောင်းနေခဲ့လေသည်။

စနေနေ့. . . ကျောင်းပိတ်ရက်။ သားကိုအိမ်၌ ဘွားအေနှင့်ထားခဲ့ပြီး ဖူးက ပိတ်ရက်ဆိုလျှင် လူကျပ်မှုများသောသူ့ဆိုင်သို့ နံနက်(၈)နာရီလောက်ကတည်းက ထွက်သွားလေတော့သည်။ ဖူးထွက်သွားသည်နှင့် ထက်မင်းစံ မရှေ့မနှောင်းခြံထဲသို့ဝင်ရန် ဟွန်းသံပေးလိုက်သည်။ ဒီနေ့ မေမေက ပုသိမ်ဘက်သွားမည်ဆိုသဖြင့် ကားချင်းချိန်းပြီး သူကမေမေ့စူပါရှုပ်ကားဖြင့် ဖိုးစိန်လမ်းအိမ်သို့ လာခဲ့ခြင်းဖြစ်သည်။

ခြံတံခါးပွင့်လာသည်နှင့် သူကားခြံထဲမောင်းဝင်လာတော့



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တီကိုအောက်၌ ဘောလုံးပိုက်ကာ သူ့ကိုဘုကြည့်ကြည့် နေသော ကလေးငယ်ကြောင့် သူရင်ပင်ခုန်နှုန်းမြန်သွားရသည်။

သို့သော် သူက မျက်နှာချိုသွေး၍ ကားပေါ်က ဆင်းလိုက်သောအခါ ကလေးက သူ့အားမျက်မှောင်ချိုကြည့်ရင်း. . .

"ဟိုနေ့ကလာတဲ့ ဦးဦးလည်းမဟုတ်ပါဘူး"

ကလေးက ဖူးနှင့်တူနေသည်။ မအေတူသားမှန်း အနီးကပ်ကြည့်မှပို၍သိသာလာသည်။ ဖူးနှင့်တူသည့်ကလေးကို သူဘာလို့မချစ်နိုင်ရမလဲ။ ချစ်နိုင်သည်ပေါ့။ ကိုယ့်သားအရင်းလို သဘောထားနိုင်ပါမည်လားဆိုသည့် ကိုယ့်ကိုယ်ကိုမေးနေသော မေးခွန်းအတွက်လည်း အဖြေကအလိုလိုရှိသွားသည်။

သူ့ရင်နှစ်သည်းချာသားအရင်းသဖွယ် သူစောင့်ရှောက်သွားနိုင်မည်။

"ဟိုနေ့က ဘယ်ကဦးဦးလာလို့လဲသား"

"ဒီကားနဲ့ ဘွားဘွားကြီးတစ်ယောက်ရယ် ဦးဦးတစ်ယောက်ရယ်လာတယ်. . . ဒီကားနံပါတ်ကို သားမှတ်မိပါတယ် အဲဒီ အဘွားကြီးက စရိုက်ပဲဗျာ မေမေ့ကိုငိုအောင်လုပ်သွားတယ်"

"ဟင်"

သူ့ရင်ထဲ ထိပ်ခနဲဖြစ်သွားသည်။ အမေလာပြီး ပွဲကြမ်းသွားတာလား။ ထိုအချိန်တွင် အမေ့သူငယ်ချင်း ဒေါ်ဖြူဖြူမြင့်ထွက်လာသည်။

"ဟော. . မောင်မင်းစံပါလား. . မင်းအမေလွှတ်လိုက်တာလား ဟုတ်ဟန်မတူဘူး ဘာကိစ္စများပါလိမ့်ကွယ်"

"ကျွန်တော်. . သားနဲ့ အဖော်ကစားပေးဖို့ သက်သက်လာ





ဘာပါ အန်တီ"

အမေနှင့် ဒေါ်ဖြူဖြူမြင့်တို့အကြားတွင် အကြောင်းတစ်ခုခုတော့ရှိနေမည်ဟု သူတွက်ဆလိုက်မိသည်။ ကားနောက်ဖုံးကိုဖွင့်ပြီး ကလေးအတွက်ဝယ်လာသော ဘောလုံးနဲ့အရုပ်တို့ကို ထုတ်၊ အိမ်အတွက် သူ့ပွဲရုံကမ,လာခဲ့သော ငပိ၊ ငါးခြောက်၊ ပုစွန်ခြောက်တို့ကိုလည်း ထုတ်ကာပေးတော့. . .

"အားနာစရာကောင်းနေပြီ မောင်မင်းစံ ကဲကဲ. . မိညို ယူသွားလိုက်. . ."

"ဦးဦးက သားနဲ့ကစားပေးဖို့လာတာလား"

"ဟုတ်တယ်သား. . . သားဘာကစားချင်သလဲ"

"ဘောလုံးကန်ချင်တယ်"

"ကောင်းပြီ. . . အန်တီ ကျွန်တော် သားနဲ့ခဏ ကစားပေးလိုက်ဦးမယ် နောက်မှ အန်တီနဲ့စကားပြောတော့မယ်နော် ခွင့်ပြုပါ"

"အေးကွယ် အေးအေး"

ဒေါ်ဖြူဖြူမြင့် မျက်နှာပြင်၌ အေးဆေးသောအရောင်ပြောင်းသွားပြီး အိမ်ထဲပြန်ဝင်သွားသည်။ နံနက်(၈)နာရီဆိုပေမယ့် နေရောင်ခြည်အောက် အပူချိန်ကိုမြင့်စေသဖြင့် အရိပ်ကျသောပေါ်တီကိုအောက်၌ပင် သူဝယ်လာခဲ့သော ပလပ်စတစ်ဘောလုံးလေး တစ်လုံးကိုထုတ်ကာ ကလေးနှင့်အတူကစားပေးရင်း. . .

"အဲဒီအဘွားကြီးက သားမေမေကို ဘာတွေလုပ်သေးလဲ"

"ဘာမှတော့မလုပ်ပါဘူး၊ ဘာတွေပြောသလဲမသိပါဘူး မေမေကငိုတာ၊ ဒါကြောင့် အဲဒီအဘွားကြီးလာတာလားလို့ သားထွက်ကြည့်တာ ဦးဦးကောသားမေမေကို ငိုအောင်လုပ်မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါဘူးသားရယ် ဦးက. . ."

ထက်မင်းစံ ဘေးဘီကိုကြည့်ရင်း လူရှင်းတာတွေ့မှ. .

"ဦးက သားမေမေငိုရင်တောင် ချော့ပေးချင်သူပါ"

"ချော့ပေါ့ဗျာ"

"မင်းအမေက လက်မခံဘူး"

"ဘာဖြစ်လို့လဲ"

"မသိပါဘူးကွာ"

"မေမေက သနားပါတယ်၊ ခဏခဏ ငိုတယ်"

"ဟင် ဘာဖြစ်လို့လဲ"

"သိပါဘူးဗျာ စားတယ်၊ ပန်းချီဆွဲရင်းငိုတာ. . ."

ထက်မင်းစံ အံ့အားသင့်သွားသည်။

"ပန်းချီဆွဲတယ်"

"ဂိုး. . . ဟား. . ဟား တစ်ဂိုးရပြီဟေး. . ."

သူ အငိုက်မိသွားသဖြင့် ဂိုးသွင်းခံလိုက်ရသည်။

သူလက်မြောက်အရှုံးပေးဟန်ပြုရင်း. . .

"သားက ဂိုးသွင်းဘုရင်ပဲ ဦးဦးအရှုံးပေးပါတယ်"

ထိုနေ့အတွက် သူ့အဖို့ အမြတ်တွေများစွာရလိုက်လေသည်။ သားထံမှ ဖူး၏လျှို့ဝှက်ချက်တစ်ခုနှင့် ဒေါ်ဖြူဖြူမြင့်ဆီက လျှို့ဝှက်ချက်များကိုလည်း သိလိုက်ရသည်။

"အစတုန်းကတော့ အန်တီလည်း မြေးအတွက် ချွေးမကိုတောင် ကိုယ်ပိုင်ပစ္စည်းလို လောဘတက်ခဲ့တာပေါ့ကွယ်. . . ဒါပေမယ့် မောင်မင်းစံရယ် လောကကြီးမှာ ကိုယ့်ကိုယ်ကိုယ်တောင် မပိုင်ဆိုင်တာ သူတစ်ပါးကို ပိုင်ဆိုင်ဖို့ဆိုတာ ပိုတောင်ဝေးသေး





ဘာပေါ့၊ ဒါကြောင့် အန်တီလည်းအေးရာအေးကြောင်းပဲ ကိုယ့်ဖို့ မည့် ဒါန၊သီလ၊ဘာဝနာအလုပ်တွေနဲ့ပဲ အဖော်ပြုနေသွားချင်ပြီ ဒါပေမယ့် မောင်မင်းစံအမေ မေနှင်းကတော့ ခုထိမာန်မကျသေး တော့ မင်းအမေစိတ်တိုင်းကျ နေစေချင်တယ်ကွယ်. . . သူ့ဘက်က မိခင်နေရာကတွေးကြည့်ရင်လည်း မမှားပါဘူး"

ဒေါ်ဖြူဖြူမြင့်ဆီမှတဆင့် အမေက ဖူးကိုသူနှင့် သဘောမတူကြောင်းနှင့် သူလာရင်မောင်းထုတ်ဖို့ပြောသွားကြောင်းကိုပါ သိခဲ့ရသည်။ ဒါကြောင့်. . . သူ့အတွက် အမြတ်ရလိုက်သည်ဟု ဆိုခြင်းဖြစ်သည်။ ဖူးက သူ့ကိုမုန်းလို့ငြင်းဆန်တာ မဟုတ်ပါဘူး။ သူ့အမေကြောင့်ဟု သဘောပေါက်မိ မျှော်လင့်ချက်လေးဖြင့် ပျော်မြူးသွားခဲ့လေသည်။

"သား ဦးဦး ပြန်မယ်"

"နောက်လည်း လာဦးနော် ဦးဦး"

"အိုကေ. . . ဘိုင့်ဘိုင်"

"ဘိုင့်ဘိုင် ဆီးယူ အဂိန်း"

"အေးအေး. . . ဆီးယူ. . . သေးယူ. . . အဲ. . . ဆီးယူ အဂိန်း. . ."

ပျော်ရွှင်မှုကြောင့် ငယ်စဉ်က သူငယ်ချင်းများနှင့် နောက်ပြောင်သလိုပင် ပြောင်မိသွားပြီးမှ ဘရိတ်ပြန်အုပ်လိုက်ရသည်။

ဒါကို အတုခိုးလွယ်သော ကလေးတို့ဘာသာဘာဝ ဖူးသားက

"ဟား. . ဟား. . . ဆီးယူ. . သေးယူ. . အီးယူ. . ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ဟော့ကောင် . . ."


သူ ဘယ်လိုတားမြစ်ရမယ်မှန်းမသိခင် ခြံထဲမှ ကားမောင်းထွက်ခဲ့လိုက်လေတော့သည်။ ရင်ထဲ မျှော်လင့်ချက်ဖြင့် အပျော်နတ်တို့ ကခုန်နေသည့်ကြားက ပဟေဠိဆန်သော ဖူးကြောင့် သူတွေဝေသွားရသည်။

ဖူးက ပန်းချီဆွဲရင်းငိုတယ်တဲ့လား ။ ဒါနဲ့ တီကောင်တောင်ဖြောင့်အောင်မဆွဲတတ်ဘူးဆိုသောဖူးက ဒီခြောက်နှစ်အတွင်းတိုးတက်လာသောပညာရပ်တစ်ခုလား။

အနုပညာဆိုတာ ဝါသနာပါရမီခံမပါဘဲနှင့်တော့ မတတ်မြောက်နိုင်ပါချေ။ ထက်မင်းစံ ပင့်သက်ရှိုက်လိုက်လေသည်။







# အခန်း(၁၅)

"အမေ"

"ဘာတုံး"

မအူပင်အိမ်သို့ပြန်ကာ အမေနှင့်စကားပြောဖို့ သူကြိုးပမ်းလိုက်သည်။ အမေက မျက်မှန်ကြီးတဝင်းဝင်းနှင့် ငွေအစည်းလိုက်ကို ရည်တွက်ကာမြွေအရေခွံအိတ်နှင့်ထည့်ပြီး အခန်းထဲမှာသူ့အား သွားထားခိုင်းသည်။ ထို့နောက် ငွေစာရင်းစာအုပ်ကို ကိုင်နေပြန်ရာ သူမအောင့်အည်းနိုင်တော့ဘဲ 'အမေ့'ကို အသံမြှင့်ကာခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမေကလည်း အသံမြင့် တုံးတိတိပြန်ထူးလေသည်။

"အမေကလည်းဗျာ ဘာဖြစ်လို့ ဖိုးစိန်လမ်းအိမ်ကိုသွားပြီး ဖူးကို သွားကြိမ်းရတာလဲ"

"အံမယ် ဖူးတွေဘာတွေတောင်ဖြစ်နေပြီလား"

"ဖူးက အခုမှဖူးတာမဟုတ်ဘူး လွန်ခဲ့တဲ့ ခြောက်နှစ်ကတည်းက ဖူးခဲ့တာ သူက သားရဲ့ငယ်ချစ်ဦးပဲ"

"ငယ်ချစ်ဦးတွေ ငယ်ချစ်ဟောင်းတွေဘာတွေ နားမလည်ဘူး၊ ငါသိတာက အပိုဆုနဲ့ မုဆိုးမမို့ ကျုပ်သားလူပျိုနဲ့ သဘောမတူနိုင်ဘူး ဒါပဲ"

"မြန်မာပြည်ပြန်လာပြီး အမေ့လုပ်ငန်းကိုကူရင်း သင်တန်းထပ်တက်ရင်း အေးအေးဆေးဆေးနေမလို့လာတာ အမေက မသိနားမလည်တဲ့ ကလေးတစ်ယောက်လို ချုပ်ချယ်နေရင်တော့ ပင်လယ်ထဲပဲ ရွက်လွှင့်ပြီး နေလိုက်တော့မယ်၊ အဲဒါပဲ အေးတယ်"

သူ အမေ့ကို ခြိမ်းခြောက်လိုက်သည်။

"မင်းသဘောပဲ၊ ကျုပ်ကတော့ ကျုပ်သားကို အပျိုစင်မိန်းကလေးနဲ့ပဲ ပေးစားနိုင်မယ် မင်းခေါင်းထဲ အမေမရှိဘူးလို့ မှတ်ယူထားရင်တော့ မင်းကြိုက်သလိုလုပ်လေဗျာ"

"အမေကလည်းဗျာ ကျွန်တော်ကလည်း ဖူးကိုယူမယ်လို့ မပြောပါဘူး. . . သူနဲ့ကျွန်တော် ရည်းစားမဖြစ်ခင်ကတည်း သူငယ်ချင်းပဲမို့ သူငယ်ချင်းတွေလိုပဲ ဆက်ဆံကြတာပါဗျာ. . ."

အမေက မျက်စောင်းကြီးဝင်ကာ. . .

"အေးလေ ငါကလည်း သူငယ်ချင်းဆိုရင် ဘာပြောမှာလဲ၊ သူ့ကို မယူရင်ပြီးတာပဲ၊ မပြီးသေးတာတစ်ခုက သူ့ကြောင့် မင်း





သက်မထပ်နိုင်ဖြစ်နေသေးတာကိုပဲ"

"ကျွန်တော်အသက်သုံးဆယ်မကျော်သေးပါဘူး၊ ကျွန်တော့်စိတ်ကြိုက်တွေ့ရင် အမေ့ကိုပြောမှာပါ"

ထက်မင်းစံ တစ်ထစ်လျှော့ချလိုက်ရသည်။

"အေး ငါ့ကိုချွေးသိပ်နေတာမဟုတ်ရင် ပြီးတာပဲ၊ မင်းနဲ့ခေါင်းမှာ မင်းစိတ်ကြိုက်ဆိုတော့ ကောင်းပါတယ်၊ မင်းစိတ်ကြိုက်တွေ့ရင် ငါ့စိတ်ကြိုက်ကိုရှာပေးရမှာပဲ အသက်သုံးဆယ် မကျော်ခင်ရအောင်ရှာ ကျုပ်တို့မျိုးဆက်အတွက်လည်း မင်းစဉ်းစားဦး. ."

အမေက စကားကိုအကောင်းမပြော။ ခပ်မာမာနှင့် တောလေသံနှင့် သူ့ကိုကြည့်မရသလို ပြောနေသည်။ အမေနှင့်သူ ဖူးအတွက်နှင့် စိတ်ဝမ်းကွဲသွားရခြင်းအတွက် သူစိတ်မကောင်းပါ။

"အမေ့သဘောပါဗျာ ဖူးကိုလည်းသူငယ်ချင်းအနေနဲ့ ကူညီရုံ တွေ့ရုံကလွဲပြီး မေမေသဘောမတူရင် လက်မထပ်ပါဘူး၊ စိတ်ချပါ ကျွန်တော်ကတိပေးပါတယ်"

"ရှေ့ဆက်စရာ ဇာတ်လမ်းမရှိဘူးဆိုမှတော့ ခပ်ကင်းကင်းပဲ နေတာကောင်းပါတယ် မင်းစံရယ်၊ မစားရအညှော်ခံ သွားလုပ်မနေစမ်းပါနဲ့"

"အမေကလည်းဗျာ"

သူ အမေ့ကို မနိုင်ပါ။ တောသူရိုးရိုးနှင့် သဘောကောင်းသလောက်ပြောစရာရှိလျှင်လည်း ပိသာလေးနှင့်ဘေးပစ် ပြောတတ်လေသည်မို့ သူ့အမေ့နားမှ ယောင်ချာချာနှင့်ထွက်လာပြီး သူ့အိပ်ခန်းထဲသို့သာဝင်ခဲ့သည်။

"မင်းစံ ညအိပ်မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"မအိပ်ဘူးအမေ မနက်ဖြန်သင်တန်းရှိသေးတယ်"

"ဒါဖြင့် ညနေစာစားပြီးမှပြန် မင်းကြိုက်တဲ့ပုစွန်တုပ်ကြီး မီးဖုတ်သုပ်ပေးမယ် ပြီးရင်ငါးရံ့အူအချဉ်ဆီပြန်လည်းချက်ထားတယ်၊ အိမ်အတွက် ဟင်းချိုင့်လည်းယူသွား"

"ဟုတ်ကဲ့ အမေ ကျွန်တော်ရေချိုးလိုက်ဦးမယ်"

"အေး . . စိမ်ချိုးမနေနဲ့နော် ညနေပိုင်းကြီး အအေးမိမယ်"

"ဟုတ်ကဲ့ အမေ"

သားအမိဟုသော နှောင်ဖွဲ့မှုက ဘယ်လောက်ပဲ ကတောက်ကဆတွေဖြစ်ဖြစ် ငြိမ်းချမ်းမှုကလည်း အရမြန်လေသည်။ သူ ပါရမီအိမ်ကို ဝယ်ပြီးကတည်းက အိမ်ကိုတူသသနှင့် မွမ်းမံပြင်ဆင်ရင်း ပါရမီအိမ်၌သာ အနေများလေသည်။ သို့သော် . . ရေခဲသေတ္တာထဲတော့ ဟင်းမပြတ်စေရ။ အမေက ချက်ပြုတ်လာပြီး ထည့်ပေးထားတတ်သည်။

အမေတစ်ခုသားတစ်ခုဖြစ်နေသော ဘဝမို့သူ့အနေနှင့် အမေသဘောမပါဘဲ ဖူးကိုလက်ထပ်ဖို့ မဖြစ်ပါချေ။ ဖူးကလည်း ငြင်းပယ်ထားသည်ဆိုတော့ ရှေ့ကိုဆက်မတိုးတာပဲ ကောင်းလိမ့်မည်။ အင်းလေ . . . ဖူး မျက်နှာလေးကို မြင်တွေ့ခွင့်ရနေခြင်းကပဲ သူ၏အသည်းကွဲအလွမ်းနာကို ဖြေသိမ့်မှုရစေသည်ဟုတွေးကာ နေတတ်အောင်နေသွားရန်ဆုံးဖြတ်လိုက်သည်ဆိုတော့ ထက်မင်းစံ ရင်ထဲအတန်ငယ်ပေါ့ပါးသွားလေတော့သည်။







# အခန်း(၁၈)

တနင်္ဂနွေနေ့ သူသင်တန်းပြီးချိန်တွင် ဖိုးစိန်လမ်းအိမ်သို့ ရောက်သွားသည်။

"ဟင် . . ကြီးကြီး"

ရန်ကင်းတိုက်ခန်းတွင်နေသော ဖူး၏ကြီးတော်ကို တွေ့လိုက်ရသည်နှင့်သူအံ့ဩဝမ်းသာသွားသည်။

"မောင်မင်းစံ . . . မင်းအကြောင်း မိဖူးကပြောလို့ တွေ့ချင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီး ဒီကိုလာလည်တာလား"

"မဟုတ်ဘူး မိဖူးယောက္ခမက ရိပ်သာဆယ်ရက်စခန်းဝင် မလို့ဆိုလို့ ကြီးကြီးက အိမ်လာစောင့်ပေးရတာ၊ ဒေါ်မြဖြူနဲ့ ကြီးကြီး တစ်လှည့်စီစခန်းဝင်နေရတာ"

"ဟော. . . ဦးဦးလာပြီ သားကို ကြက်တောင်ရိုက်သင် ပေးပါလား ဦးဦး. . ."

အိပ်ရာမှ နိုးလာဟန်တူသော သားထူးထူးကျော်စွာက သူ့ကိုမြင်သည်နှင့် ဝမ်းသာအားရတောင်းဆိုလေသည်။

ကြီးကြီးက. . .

"အဲ့ဒါသာကြည့်တော့ မောင်မင်းစံ ဖတဆိုးလေးဆိုတော့ အဖေတတ်နေတာ အဖေအရွယ်ဦးဦးတွေဆို သူသိပ်ခင်တာ သူ့မှာ က ဆိုးစရာတွယ်စရာဆိုလို့ ဘွားအေအိုကြီးတွေပဲရှိတော့ ဒီဘွား အေတွေကိုပဲ လှည့်ဆိုးနေတာ မိဖူး အမေ သူ့အဘွားကတော့ သူ့ဘိုးအေလေဖြတ်သွားတော့ ပြုစုနေရလို့ မိဖူးတို့သားအမိ တာဝန် ကို ဘယ်ယူနိုင်ရှာမလဲ"

"ဘွားဘွားကြီး တော့ကီတွေနောက်မှရိုက်တော့ သားသား ဦးဦးနဲ့ကစားချင်ပြီ လာဦးဦး"

ထက်မင်းစံ ကြီးကြီးနှင့်စကားပြောချင်သေးသော်လည်း သားထူးထူးကျော်စွာကို အလိုလိုက်အကြိုက်ဆောင်ဖို့ ပန်းခြံထဲ ပြန်ဆင်းခဲ့ရသည်။ အသင့်ရှိနေသော ကလေးဘတ်တံလေးနှင့် ကြက်တောင်ကိုယူကာ ထူးထူးကိုကစားတတ်စေရန် သင်ကစား၊ ကစားပေးရလေသည်။

"ဦးဦးက သိပ်တော်တဲ့ဆရာပဲ သားကစားတတ်သွားပြီ"





ကလေးတွေက တတ်မြောက်လွယ်သောအရွယ်မို့ ထူးထူး ကြက်တောင်ကစားနည်းကို တစ်ခဏတွင်းမှာပင် တတ်မြောက် သွားသည်။

"အံ့မယ်. . . လူကြီးမင်းက ဦးဦးကို မြှောက်နေပြန်ပြီ. ."

"တကယ်ပြောတာ ဦးဦးရဲ့. . ."

"ကောင်းပါပြီဗျာ. ."

"ဦးဦး သားကို နောက်တစ်မျိုးသင်ပေးဦး"

"ဘာလဲ သား"

"ရေကူး"

ထက်မင်းစံ ပါရမီရှိသူ့အိမ်ခြံထဲမှ ရေကန်ငယ်ကိုသွား သတိရသည်။ အိမ်ရှေ့မျက်နှာစာ မြက်ခင်းများအကြားဝယ် ရေ ပန်း လုပ်ထားသော ရေကန်ကိုသတိရမိကာ. . .

"မင်းအမေခွင့်ပြုရင် ဦးအိမ်မှာ သားရေကူးလို့ရတဲ့ကန် ရှိတယ်"

ကြာတွေတော့ အလုစိုက်ထားသည်။ ကလေးကို ရေကူး သင်ပေးလို့ရမရ ပြန်ကြည့်ရဦးမည်။ လောလောဆယ်တွင်တော့ ကလေးနှင့်သူရင်းနှီးမှုကတော့ စက္ကန့်နှင့်အမျှတိုးတက်လာသည်။

"မေမေက ခွင့်ပြုမှာပါ"

"ခွင့်မပြုရင်ကော"

"သားက ငိုမှာပေါ့"

ဩော်. . ကလေးဟာကလေးပါပဲလေ. .

"မောင်မင်းစံတို့တူဝရီး အအေးလေးဘာလေး လာ သောက်ကြဦး အမောပြေပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



မြက်ခင်းပြင်ထက်ရှိ ပလပ်စတစ်ဆက်တီစာပွဲဝိုင်းပေါ် အအေးဘူးရေပုလင်းများတင်ရင် ကြီးကြီးကလှမ်းခေါ်လိုက်သည်။ အတန်ငယ်မောသွားပြီဖြစ်သော ထူးထူးက သူ့လက်ကိုဆွဲကာ. . .

"လာ ဦးဦး အအေးသောက်ရအောင်"

"ကောင်းပါပြီ"

သူတို့အအေးသောက်နေစဉ်မှာပင် ပန်းဖူးဝေလွင်ကားက ခြံထဲဝင်လာသည်။ ပေါ်တီကိုအောက်ရပ်ထားသော သူ့ကား နောက်၌ ကားကိုထိုးရပ်လိုက်သည်။

"ဟော. . . အမေပြန်လာပြီ မေမေဒီမှာသားကို ဦးဦးက ကြက်တောင်ရိုက်သင်ပေးတယ်. . . ရေကူးလည်းသင်ပေးမယ်တဲ့"

သားက အမေ့ထံပြေးသွားပြီးကြွားလေသည်။ သူက ဖူးကို လုံးဝမကြည့်မိစေရန် သတိထားလိုက်သည်။ ကြီးကြီးက. . .

"အင်း. . . ကံကြမ္မာက တစ်ကြော့ပြန်လည်လာပြန်ပြီ ကော မောင်မင်းစံ. . ကဲ. . အအေးသောက်ပါဦး ပူကုန်ဦးမယ်"

"ဟုတ်ကဲ့ ကြီးကြီး ဒါထက် ကြီးကြီးရန်ကင်းတိုက်ခန်းမှာ မနေတော့ဘူးလား. . ."

"အေးကွယ်. . . ပန်းဖူးကိစ္စပေါ်ကတည်းက အိမ်ပိတ်ထားခဲ့ရာကနေ နောက်ဆုံးနှစ်ချုပ်နဲ့ငှားထားပြီး အပို့ကြီးတွေရဲ့ ထုံးစံအတိုင်း လိုအပ်တဲ့အိမ်မှာ လိုက်ဖြည့်ဆည်းပေးနေရတဲ့ အဖြည့်ခံ ဧည့်သည်ကြီးဘဝ ရောက်သွားတယ်. . . ဟော. . အခု မိဖူးယောက္ခမနဲ့က ခမ္မမိတ်ဆွေတွေဆိုတော့ အခြေအနေပေးရင် တရားစခန်းအတူဝင်ဖြစ်တယ်၊ အခြေအနေမပေးရင်တော့ တစ်လှည့်ဆီဝင်ကြရတယ်လေ"





ထိုအချိန်တွင် သားထူးထူးက သူတို့ထံပြန်ပြေးလာသည်။ ဖူးက အိမ်ထဲသို့ဝင်ရောက် ပျောက်ကွယ်သွားလေသည်။ ညနေစောင်းသည်နှင့် သူ့သားထူးထူးနှင့်ကြီးကြီးကို နှုတ်ဆက်ကာ ပြန်ခဲ့သည်။ သားထူးထူးကျောင်းပိတ်ရက်နေ့တိုင်းလိုလို သူ ညနေဘက် ဖိုးစိန်လမ်းအိမ်သို့သွားခဲ့သည်။

(၃-၄)ကြိမ်လောက်သွားမိပြီး ကလေးက သူ့ကိုအလွန်ဘွယ်တာသွားလေသည်။ ထိုအခါမှ. . သူသည် ဖူးအကြောင်းကို သိလောက်ပြီထင်သော်လည်း တကယ်တမ်းတော့ သူမသိသေးတာတွေအများကြီး ရှိနေပါသေးသလားဟု သိလိုက်ရသည်။

"သားဖေဖေက နတ်ပြည်ပြန်သွားပြီ ဦးဦးရ"

"ဒါဆို သားရယ်၊ မေမေရယ်၊ ဘွားဘွားရယ်ပဲရှိတာပေါ့"

"မမတို့တွေလည်းရှိပါတယ် ဦးကြီးတို့လည်းရှိပါတယ်။ ဒါပေမယ့် သူတို့ကို သားကမချစ်ဘူးဗျ"

သားထူးထူးက စကားအလွန်တတ်တသော ကလေးဖြစ်သည်။ အိမ်ဖေါ်နှင့်ဒရိုင်ဘာမာလီတို့ကို သူသိပ်မတွယ်တာကြောင်း ပြောခြင်းဖြစ်သည်။

"ဒါဖြင့် ဦးဦးကိုကော"

"ဦးဦးကိုတော့ သိပ်ချစ်တာပေါ့ သားတို့နဲ့လာနေရင် သိပ်ကောင်းမှာပဲ. . ."

ထက်မင်းစံ အိုးတိုးအမ်းတမ်းဖြစ်သွားပြီး ဧည့်ခန်းနံရံ၌ သုပစ္စာချိတ်ထားသော ထူးထူးဖခင်ကိုကျော်စွာနှင့် ပန်းဖူးဝေလွင်တို့၏ သတို့သားသတို့သမီး အနောက်တိုင်းမင်္ဂလာဝတ်စုံနှင့် မင်္ဂလာ မောင်နှံပုံကြီးကိုကြည့်ကာ စိတ်ထဲကိုကျော်စွာအပေါ် အလွန်အမင်း



www.burmeseclassic.com

www.burmeseclassic.com



အားနာသွားလေသည်။

"သားတို့နဲ့ ဦးဦးလာနေလို့ ဘယ်ဖြစ်မလဲကွာ"

"ဘာဖြစ်လို့လဲ ဦးဦးရဲ့"

"သားမေမေက ဦးဦးကို ရိုက်ထုတ်မှာပေါ့"

"ဟင်. . . ရိုက်မထုတ်ပါဘူး မေမေက ဦးဦးပုံကို ပန်းချီဆွဲရင်း ခဏခဏမျက်ရည်ကျနေတာ ပြီးတော့ ဦးဓါတ်ပုံကိုလည်း ခဏခဏထုတ်ကြည့်နေတာကို သားအိပ်ချင်ဟန်ဆောင်ပြီး ချောင်းကြည့်တော့ တွေ့ရတယ်"

"မင်းအမေက ပန်းချီဆွဲတတ်လို့လား"

"ဆွဲတတ်တာပေါ့ ဟိုမှာလေ. . သားပုံတူပန်းချီကား"

"ဟင်. . ."

ထက်မင်းစံ အံ့အားသင့်သွားရသည်။ ထူးထူး တစ်နှစ်သားအရွယ်ခန့်က ရယ်မောနေသော အပြစ်ကင်းစင် ချစ်စဖွယ်ဟန်ပန်ကို ဆီဆေးပန်းချီကားဖြင့် လက်စွမ်းပြထားသည်။ သူက ကျွမ်းကျင်ပညာရှင် ပန်းချီဆရာတစ်ယောက်၏ လက်ရာပဲထင်ထားသည်။

ယခုတော့ ပန်းဖူးဝေလွင်ရဲ့ လက်ရာတဲ့လား။ သူ. . . ထိုင်နေရာမှထပြီး ပန်းချီကားရှိရာသို့လျှောက်သွားစဉ် ဖူး၏ယောက္ခမ ဒေါ်ဖြူဖြူမြင့်က မီးဖိုထဲကထွက်လာသည်နှင့် ကြုံကြိုက်သွားသည်။

"မောင်မင်းစံရေ ဒီနေ့တော့ ညနေစာစားပြီးမှ ပြန်ရမယ်နော်"

"ဗျာ. . ဟုတ်ကဲ့၊ ဒီပန်းချီကားက. . ဘယ်သူဆွဲတာလဲ"





"သမီး ဖူး. . ဆွဲတာလေ အန်တီက ပန်းချီအကြောင်းတော့ နားမလည်ပါဘူး၊ ဒါပေမယ့် အသက်ဝင်လွန်းလို့ပါ၊ ထူးထူး တစ်ခါလည်က အပြင်ကအတိုင်းပဲ"

ထက်မင်းစံ ပန်းချီကား၏အောက်ဘက်စွန်းနား၌ ထိုးထားသောလက်မှတ်ကိုကြည့်လိုက်သည်။

Flower(ဖလားဝါး) တဲ့လား။

သူ၏ "အရိပ်မဲ့သူ" ပန်းချီကားတုန်းက လက်မှတ်က Flower အတိုင်းဆိုင်းထိုးထားသည်။ ဒါဆို ဖူး သူ့ကိုညာပြောထားခဲ့သည်။ ဖူးသူငယ်ချင်းတွေကကော ပိရိလှချီလား။ သူ နီနီနှင့် ဖေသာကို သတိရသွားသည်။ ဒင်းတို့ကို ဆက်သွယ်ရမလား။ ကာယကံရှင်ဖူးကိုပဲ ဆက်သွယ်ရမလားဟု တွေဝေစဉ်းစားနေစဉ်မှာပင်. . .

"အပေါ်ထပ် မေမေ့ပန်းချီဆွဲခန်းမှာလည်း ပန်းချီကားတွေအများကြီးရှိတယ် ဦးကိုလိုက်ပြချင်ပေမယ့် မေမေက သူ့ပန်းချီအခန်းကို ဘယ်သူမှမဝင်ရဘူး သော့ခတ်ထားတယ်"

"ကိုင်း. . . ထူးထူးရေ ကစားတာလည်းကစားပေါ့ မင်းဦးဦးကို ထမင်းစားရအောင်ခေါ်ခဲ့လေကွယ် မောင်မင်းစံ ထမင်းတစ်ခါတည်းစားသွားပါကွယ်. . ."

ထက်မင်းစံ အားနာစွာဖြင့်. . .

"ကျွန်တော်က ညဘက်ရေချိုးပြီးမှ Light food အစားအစာပဲစားတတ်လို့ပါ ကျွန်တော်အရေးတကြီးကိစ္စရှိလို့ ခွင့်ပြုပါဦးခင်ဗျား ချာတိတ်. . ဦးဦးနောက်အပတ်မှလာခဲ့မယ်နော် ဦးဦးကိစ္စရှိသေးလို့ ပြန်တော့မယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဦးဦးကလည်းဗျာ ဒီမှာပဲနေတာမဟုတ်ဘူး"

သူပြန်မယ်ဆိုတိုင်း မျက်စိမျက်နှာပျက်တတ်ပြီး သူ့ဘောင်းဘီစကိုဆွဲထားတတ်သည့် ထူးထူးကိုလည်း သူသံယောဇဉ်တွယ်နေမိသည်။ ပြီးတော့. . ထူးထူးအဘွား ကိုကျော်စွာ၏မိခင်ဒေါ်ဖြူဖြူမြင့်ကိုလည်း မျက်နှာပူနေမိသည်။

"ဦးဦး သားကျောင်းပိတ်ရက်ရောက်ရင်လာပေးပါ့မယ်"

"မနက်ထဲကလာနော် ဦးဦး. . ."


"အေးပါသားရယ် ထမင်းသွားစားနော်"

သားထူးထူးကို ချော့သည့်အနေနှင့်ချီလိုက်ပြီး ထမင်းစားခန်းဆီသို့ ပို့ပေးပြီး သူ ပြန်ခဲ့လိုက်လေသည်။ သူ ကားကို ဖလားဝါးမီနီမတ်သို့ မောင်းချလာခဲ့လိုက်လေသည်။ ရင်မှာ ချစ်သူနှင့်ကွေကွင်းရသော ဒုက္ခဆင်းရဲအပြင် ချစ်သူ၏စိမ်းကားမှု၊ လိမ်ညာခဲ့မှုကိုခံခဲ့ရသဖြင့် ခံပြင်းသောဝေဒနာအိုးက ပေါက်ကွဲလုလုဖြစ်နေချေပြီ။

"ဖူး. . . မင်း သိပ်လွန်တယ်ကွာ မောင့်အပေါ်လိမ်ညာရက်တယ်လား . ."







# အခန်း(၁၄)

"ဟယ်လို"

"ဒေါ်ပန်းဖူးဝေလွှင် ခင်ဗျားကို ကျုပ်တွေ့ချင်တယ် ခင်ဗျားဆိုင်ကို ကျုပ်လာခဲ့ရမလား၊ ဒါမှမဟုတ် ကျုပ်ရှိရာခင်ဗျားဆိုင်နဲ့ မျက်စောင်းထိုးက ကော်ဖီဆိုင် (x)ကိုလာခဲ့မလား ကြိုက်ရာရွေး"

ဖူး ရင်ထဲဒိတ်ခနဲဖြစ်သွားရသည်။ ထက်မင်းစံအသံက ပေါက်ကွဲတော့မည့်ဒိုင်းနမိုက်စနက်တံတစ်ခုလိုပါပဲလား။

လျှပ်တစ်ပြက်အတွင်း ဆုံးဖြတ်ချက်ချလိုက်လေသည်။

"ကျွန်မထွက်လာခဲ့ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်တာပေါ့လေ ချစ်ရသူကိုမတွေ့ချင်တဲ့လူ ဤကမ္ဘာမြေလောကဥ္စ ရှိနိုင်ပါ့မလား။ အကြောင်းအမျိုးမျိုးကြောင့် မသက်သာလို့ခွဲခွာနေကြရပေမယ့် ချစ်သူမျက်နှာလေးကို ကြည့်ခွင့်ရမည့်အခြေအနေမျိုးကိုလက်လွှတ်မခံချင်။

"ကောင်းပြီ ကျုပ်ကရောက်နေပြီ ခင်ဗျားလာခဲ့တော့ဒါပဲ"

ဖုန်းကချသွားသည်။ 'ကျုပ်'တွေ 'ခင်ဗျား'လုံးတွေနှင့် စိမ်းကားမှုကိုပြနေသည်။ မကျေနပ်မှုတွေနှင့် ဘာတွေများတိုက်ဆိုင်လို့ပါလိမ့်။ ဖူး မှန်လေးကိုထောင်၍ မျက်နှာပြင်ရှိ အလှအပ အနေအထားကို စစ်ဆေးလိုက်သည်။ Air con တပ်ထားသော မှန်လုံခန်းတွင်းနေရသူမို့ ချွေးမစို့အလှအပကလည်း ချယ်မှုန်းထားသည့်အတိုင်း ဖူးဖူးမွတ်မွတ်ကလေးဖြစ်နေဆဲပင်။

သို့တိုင်အောင် နှုတ်ခမ်းနီကို တစ်ထပ်ပြန်ဆိုးလိုက်မိသည်။ တို့ပတ်လေးတစ်ထပ်ဖို့လိုက်သည်။ ပြီးမှ လက်ကိုင်အိတ်ယူပြီး ချိန်းဆိုထားရာသို့ ထွက်ခဲ့လေသည်။ တော်ကြာ ကိုယ်တော်ကလည်တဆန့်ဆန့် ဖြစ်နေဦးမည်။ နှုတ်ကသာချစ်ရသူကို ငြင်းပယ်ထား ရပေမယ့်။ မသိစိတ်ကတော့ ချစ်သူကိုအမြဲတမ်း မျှော်လင့်လျက်ရှိနေသည်မို့ ဖူး ခပ်သွက်သွက်ကလေးပင် လှမ်းလိုက်လေသည်။

ဖူးဝင်လာတာကို မှန်လုံအခန်းတွင်းမှ လှမ်းတွေ့လိုက်ရသဖြင့် စားပွဲထိုးအား. . .

"ဟိုအမျိုးသမီးကို ငါ့စားပွဲဆီခေါ်လာပေးလိုက်"

"ဟုတ်ကဲ့ ဆရာ"

ဖူးကို သူ မသိမသာလေးခိုးကြည့်လိုက်ပြီး မျက်နှာလွှဲနေ





ိုက်သည်။ 'မစိမ်းကားကြီးရေ ဘာတွေများကလိန်စေ့ငြမ်းစင်ဦးမသဲဆိုတာ ကြည့်ကြသေးတာပေါ့'

ဖူးထံမှ ရင်ကိုအေးစေသော ရနံ့သင်းသင်းလေးကို ရှူရှိုက်ိုက်စဉ် သူ့ရှေ့တည့်တည့်စားပွဲတွင် ဝင်ထိုင်သောဖူးပုံရိပ်က ထင်ှားလာလေသည်။

"ကိုင်း. . . ကျွန်မရောက်ပါပြီ။ ဘာပြောချင်တာလဲပြောလေ"

"ဘာသောက်မှာလဲ"

"ကော်ဖီ"

"ပြောင်းလဲသွားပြီလား"

"ဘာကိုလဲ"

ဖူး အစစအရာရာအမှားမရှိစေရန် သတိထားနေရသည်။

"အရင်တုန်းက အအေးပဲအမြဲသောက်တယ်လေ"

"သြော် လောကကြီးက ဘယ်ဟာများတည်မြဲတတ်လို့လဲ အချိန်အခါမလပ် အမြဲတစေပြောင်းလဲနေတတ်တာပဲ"

"ဟုတ်ရဲ့လား. . ဝါသနာဆိုတာကော ပြောင်းလွဲတတ်သသား'

ဖူးက နားမလည်နိုင်သောမျက်ဝန်းနှင့် သူ့အားကြည့်လိုက်လေသည်။ ထက်မင်းစံရင်ထဲ အသည်းတယားယားဖြစ်သွားရလေသည်။

"ပြောစမ်းပါ အပြစ်ကင်းစင်ဟန်ဆောင်မနေပါနဲ့ ပန်းချီပညာဆိုတာ ဝါသနာအရင်းမခံပဲ ဆွဲလို့ရမလား ဒေါ်ပန်းဖူးဝေရွှင်ရဲ့ လင်းစမ်းပါဦး. . ."



www.burmeseclassic.com

www.burmeseclassic.com



"အို. . . ဒါက သင်္ချင်တတ်တာပဲပေါ့. . ."

"အရင်တုန်းက ဖလားဝါးဆိုတာ ကျွန်မမဟုတ်ဘူးဆို

ဖူး မျက်နှာတစ်ပြင်လုံး နီရဲသွားသည်။ လိမ်ညာတာ လူမိသဖြင့်ရှက်ရမ်းရမ်းမိလေသည်။

"ဟုတ်တယ် ဖလားဝါးဆိုတာ ကျွန်မဘဲ ဘယ်သူကို အကျိုးမမဲ့စေတဲ့ လိမ်ညာမှုအတွက် ရှင် မကျေနပ်ဘူးဆိုရင်လည်း မတတ်နိုင်ဘူး"

ထက်မင်းစံ ခံပြင်းမိသည်။

"ချစ်သူချင်းကြားမှာ လျှို့ဝှက်ချက်မရှိသင့်တဲ့ အချိန်မှာ တောင် မင်း ငါ့ကိုအကျိုးမရှိလိမ်ညာရက်တယ်နော်. . ."

"အတိတ်ကို ပြည်ဖုံးကားချလိုက်ပါတော့ ကိုမင်းစံ. . . ကျွန်မ အမှားတွေအတွက် ကျွန်မတောင်းပန်ပါတယ်ရှင်. . ကျွန်မ ကို ဒီအတွက်အပြစ်တင်မလို့ခေါ်တွေ့တာလား. . ."

"ဆိုပါတော့ ပြီးတော့ နီနီနဲ့ဟေသာကော ဘယ်ရောက်နေ ကြသလဲ၊ သူငယ်ချင်းတွေကို သတိရလို့တစ်ခါလောက် ဆုံချင်သေး လို့ မင်းဆီလိပ်စာတောင်းချင်တာလည်းပါတယ်"

ဖူး မယုံသင်္ကာသည့်မျက်ဝန်းနှင့် သူ့အားကြည့်လိုက်သည်။ ထက်မင်းစံ မျက်ဝန်းက သူ့အပေါ် စူးရဲစွာကျရောက်နေသည့် အတွက် မျက်လွှာချပြီး. . .

"မင်္ဂလာဆောင်ပြီးကတည်းက သူတို့နဲ့လည်းမဆုံဖြစ်ပါဘူး အကုန်လုံးက အိမ်ထောင်သည်တွေမို့ ယောကျ်ားတာဝန် သားသမီး တာဝန်တွေနဲ့ လုံးပမ်းနေကြရတာကိုး. . . အရင်ဖုန်းနံပါတ်တွေ တော့ရှိပါတယ်. . .'





"ဟုတ်တယ်ဗျ. . . ကျုပ်ကတော့ ဒီအဲကိစ္စတွေမရှိတော့ အေးအေးယားယား အလေလိုက်ချင်နေသူဆိုတော့. . . ကဲပေးဗျာ ဖုန်းနံပါတ်. . ."

ဖူးက ကျွဲမြီးတိုနေသော ထက်မင်းစံကို နားလည်ခွင့်လွှတ် ပြီးနောက် သူ့ဖုန်းထဲမန်မိုရီလုပ်ထားသော နီနီနှင့်ဟေသာ ဖုန်းနံပါတ် များပေးလိုက်သည်။ ထက်မင်းစံက သူ့ဖုန်းအတွင်း မန်မိုရီလုပ်ရင်း . . .

"ဇော်ဝင်းတို့ ကျော်အောင်တို့နဲ့ကော တွေ့သေးလား"

"တစ်ခါတော့တွေ့ဖြစ်တယ် သူတို့ဖုန်းနံပါတ်ကော ရှင် ယူဦးမလား"

"ငေါ့တာလား"

ဖူးက မျက်မှောင်ချိုးနေသော ထက်မင်းစံကို သဘောကျ စွာပြုံးပြလိုက်သည်။

"မသိဘူးလေ"

ဖူးက ပြောပြောဆိုဆို ကော်ဖီပူပူလေးကိုမှုတ်ကာ သောက် လိုက်သည်။

"ကျွန်မကို ပြောစရာစကားရှိသေးလား"

"မင်းကော. . . ငါ့ကို ပြောစရာစကားမရှိဘူးလား"

"ရှိပါတယ်"

"ဒါဖြင့်ပြော"

"သားကို ရှင့်ကိုသိပ်တွယ်တာအောင်မလုပ်ပါနဲ့"

"ဒါကတော့ ပုဂ္ဂိုလ်ရေးကိစ္စပဲ မင်းတားပိုင်ခွင့်မရှိဘူး"

"နုနယ်တဲ့ကလေးတစ်ယောက်ရဲ့နှလုံးသားကို အနာတရ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်အောင်တော့ ရှင်ဂရုစိုက်ပေးပါ"

"ကျုပ် နားလည်တယ်"

"မိကျောင်းမင်းရေခင်းပြတာ မဟုတ်ပါဘူးရှင်. . . သားအပေါ်မှာတော့ ဘာမျှော်လင့်ချက်မှ ပေးမထားပါနဲ့နော် ကျွန်မမေတ္တာရပ်ခံပါတယ်"

"စိတ်ချ"

"ဒါဖြင့် ကျွန်မကိုခွင့်ပြုပါဦး"

"နေဦး. . ."

ဖူးက သူ့အား မျက်လုံးဝင့်ကြည့်လိုက်သည်။ ဘာပြောစရာ ရှိသေးလို့လဲဟူသည့် အဓိပ္ပါယ်ဖော်ဆောင်တော့ မျက်ဝန်းဖြစ်သည်။

"ကော်ဖီကုန်အောင်သောက်သွား"


ဖူးစိတ်ထဲ ကြိတ်ကာပြုံးမိသည်။ ဘုကျကျနှင့်ကျွဲမြီးတိုနေသော ချစ်ရသူ၏ပုံသဏ္ဌာန်စိတ်ထဲ သဘောကျနေမိသည်။ ဖွံ့ကြီးသောချစ်သူကိုလည်း တိုး၍ပင်မြတ်နိုးနေမိလေသည်။ ကော်ဖီကုန်အောင်သောက်ပြီး ဖူးထလိုက်သည်အထိ သူက ထလိုက် မလာသဖြင့်. . .

"ပြန်မယ်"

'ကောင်းပြီ' တဲ့ ကျောက်ဆစ်ရုပ်လိုထိုင်လျက် ကျန်ရစ်ခဲ့လေသည်။







# အခန်း(၂၀)

"ထက်မင်းစံ"

"ဗျာ. . . အမေ"

ထူးထူးနှင့် မြက်ခင်းစိမ်းပေါ်၌ ဘောလုံးကန်နေစဉ် သူ့ဖုန်းခေါ်သံထွက်ပေါ်လာသဖြင့် 'သားခဏနော်' ဟုဆိုကာ ဖုန်းလက်ခံလိုက်သည်။ ဖုန်းစကင်န်ကြည့်လိုက်ကတည်းက အမေ့ဖုန်းဟုသိလိုက်သည်။ သို့ပေမယ့် သူ မထူးမီအမေ့အသံက ကျယ်လောင်စွာဟိန်းထွက်လာသည်။ သူ့ရင်ထဲ 'ထိပ်ခနဲ'လည်းဖြစ်သွားရသည်။ အဘယ့်ကြောင့်ဆိုသော် မေမေက စိတ်ဆိုးပြီဆိုလျှင် သူ့ကို နာမည်အပြည့်အစုံခေါ်တတ်သောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်ရောက်နေတာလဲ"

"လမ်းပေါ်မှာ အမေ"

ပါရမီအိမ်ကိုအမေရောက်နေလျှင် ခက်မည်စိုးသဖြင့် လွှဲပြောင်း၍ကောင်းသောနေရာကို ပြောလိုက်သည်။

"လမ်းပေါ်ကလည်း တိတ်ဆိတ်လှချီလား"

"အမေ ဘယ်ကဆက်တာလဲ"

"ပါရမီ အိမ်ဟာ နင့်အတွက်ဟင်းလာပို့တာ"

"ဟုတ်ကဲ့ ဒါဖြင့် စောင့်နေအမေ ကျွန်တော်ပြန်လာပြီ"

"အေး. . . ငါညအိပ်မှာ. . ."

"ဟုတ်ကဲ့အမေ ဒါပဲနော်"

သူ ဖုန်းအမြန်ပိတ်လိုက်ရသည်။ ခြံဝမှနေ၍ ဖူးကားက ခေါင်းပြူကာဝင်လာသည်ကိုး။

"သား ဦးဦးအမေရောက်နေလို့ အိမ်ပြန်ရတော့မယ်"

"ဟင်. . . သားနဲ့ဘောလုံးမကန်တော့ဘူးလား"

"သား အမေပြန်လာပြီပဲ သူနဲ့ကန်ပေါ့ကွာ. . ."

"အမေက မိန်းမပဲဟာ"

"မိန်းမဘောလုံးအသင်းတွေတောင်ရှိတာပဲ တီဗွီတို့ သတင်းစာ၊ ဂျာနယ်တို့မှာ မင်းမတွေ့ဘူးလား"

ထူးထူးက စဉ်းစားဟန်ပြုပြီးမှ. . .

"အင်း. . တွေ့တယ်. . . တွေ့တယ်"

"ဒါကြောင့် ဦးဦး မလာတဲ့ရက်တွေမှာ မေမေနှင့်အတူ ဘောလုံးကန်ထားနှင့် ဒါမှ သားခြေစွမ်းတိုးတက်လာမှာ. . ."

'ဒါဖြင့် ဦးဦးပြန်မယ်နော်'





သူက သူ့ကားဆီသို့လျှောက်လာသည်။ ဖူးကလည်း သူ့ကားပေါ်ကအဆင်း၌ လှုချင်းဆုံမိကြသည်။ ဖူးအကြည့်က ကြည်လင်မှုမရှိ။ ထိုအချိန်၌ သူ့လက်ကိုဆွဲ၊ ဘောလုံးပိုက်ပြီး သိုက်ပါလာသော ထူးထူးက သူ့လက်ကိုဖြုတ်ပြီး အမေ့ထံပြေးဘပ်ရင်း. . .

"မေမေ သားနဲ့ဘောလုံးကန်မယ်"

"မေမေဟာ မိန်းကလေး ဘောလုံးကန်လို့မရဘူး"

"ရပါတယ်. . မြန်မာကော ကမ္ဘာမှာပါ မိန်းမဘောလုံး အသင်းတွေ ရှိနေတာပဲ. . ."

သူက အဆင်းဘီးတတ်ပေးလိုက်သည်။

"အမေဆိုတာ သားနဲ့ဆော့ပေးရမှာပေါ့ ကိုင်း. . . သား ခရ ဦးဦးသွားပြီ သားဘွားဘွားကိုလည်း နှုတ်ဆက်သွားတယ် ပြောလိုက်နော်"

ဖူးကို အရေးမလုပ်၊ မျက်လုံးချင်းမဆုံမိစေရန် သတိထားလျက် ထူးထူးကိုလက်ပြပြီး ကားထဲဝင်ခဲ့လိုက်သည်။

"ဆီးယူ. . . သေးယူ. . . အီးယူ. . ."

ထူးထူးထံ သူ့ပုံရိပ်တွေကူးစက်နေလေပြီ။

"ဟား. . . ဟား. . ."

သူ ကားမောင်းထွက်ခဲ့လေသည်။ ဖူး မကျေမနပ် ဖြစ်ကျန်ရစ်ခဲ့လိမ့်မည်ကို သူသိနေသည်။ ဖူးနှင့်ဆုံတိုင်း သူစကားတစ်လုံးမှမပြောဘဲ ပြန်ခဲ့တတ်သည်။ မှတ်ထားဖူးရေ. . .

မိန်းမတွေမှာပဲ မာယာရှိတာမဟုတ်ဘူး။ ယောကျာ်းတွေမှာလည်း မာယာရှိတာပဲ။ မိန်းမသားများ၏ ရင်တွင်းမှာ တမင်



www.burmeseclassic.com

www.burmeseclassic.com



ဟန်လုပ်ကာ စေ့ထားသောတံခါးကို အတင်းရိုက်ချိုးမဖွင့်ဘဲ မသိမသာဖြင့် သူ့အလိုလိုပွင့်လာအောင် တမင်ဥပေက္ခာပြုထားခြင်းဖြင့် မိန်းမတွေ၏မာန်မာနကို နှိုးဆွလိုက်ခြင်းဖြစ်သည်။

ဒေါ်ဖြူဖြူမြင့်ဟူသော ဖူးယောက္ခမကြီးက သူ့မြေးနှင့် ပလဲနံ့ပ သင့်နေသည့်သူ့ကို ကြည်ကြည်ဖြူဖြူပင်ဝင်ထွက်ခွင့်ပေးပြီး အပူချိန်တန်အပူ၊ အအေးချိန်တန် အအေးနှင့် သူ့လက်ရာ သရေစာများဖြင့်ပင် ရေပူရေချမ်း ကမ်းလှမ်းကာပြုစုနေရုံမက ထမင်းပင် အတင်းကျွေးနေတတ်ရာ သူကတော့ ထမင်းကိုငြင်းပယ်ခြင်းဖြင့် ဟိတ် ထုတ်ကာအဘွားကြီးဆီက အမှတ်ယူနေသည်။

ဖူး ယောက္ခမကြီးက သူ့အမေလောက်မာန်မာနမကြီးချေ။ သူ့မယ်တော်ကတော့ စီးပွားရေးကော သူ့ခြေသူ့လက်ဆိုတော့ ခုထိမာန်မကျသေး။ ဤဖိုးစိန်လမ်းအိမ်သို့ ဝင်ထွက်နေသည်မှာ (၄-၅-၆)ခေါက်လောက်ရှိပြီ၊ ဖူးယောက္ခမနှင့် ဖူးကြီးကြီးတို့နှင့်သာ စကားပြော၊ သားနှင့်လုံးထွေးပြီးသာပြန်ခဲ့သည်။ ဖူးနှင့် မျက်နှာချင်းဆိုင်တိုးတာတောင် သူဖူးကိုမသိသလို မနှုတ်ဆက်ပဲ ပြန်ခဲ့သည်ပင်။

ယခုလည်း ဖူး ဒုက္ခရောက်အောင်အဆင်းဘီးတွန်းပြီး သူပြန်လာခဲ့သည်။ ကားနောက်ကြည့်မှန်မှတဆင့် ဖူးကိုခိုးကြည့်တော့ ဖူး၏မကျေမနပ်အကြည့်ဖြင့် သူကားနောက်မီးကို စိုက်ကြည့်ပြီး ကျန်ရစ်ခဲ့သည်ကို တွေ့လိုက်ရသည်။

"မှတ်ထား. . မရွှေဖူး. . ကျုပ်ကိုစိမ်းကားခြင်းအတွက် မင်း နောင်တတွေရစေရမယ်"

သူ ကားမောင်းရင်းမှ အမေနှင့်ရင်ဆိုင်ရမည့်အကြောင်း တွေးနေမိသည်။ အမေ့လေသံက 'မကျေနပ်' ကြောင်းဖော်ပြနေ





လေသည်။

'ဟူး. . . ကွိုင်ပူတော့မှာပဲထင်တယ်' ဟု သူလေပူတစ်ချက်ပင် မှုတ်ထုတ်လိုက်လေသည်။ သူ့ဘာဆင်ခြေတွေပေးရမည်နည်း။ မှသားမပါလင်္ကာမချော ဆိုသကဲ့သို့ မိခင်စကားအသွားအလာပေါ်ကြည့်ပြီးမှ တုံ့ပြန်ရမှာပဲလေဟု တွေးလိုက်လေသည်။

ထင်သည့်အတိုင်း ပါရမီအိမ်ရောက်တော့ အမေက ဒရိုင်ဘာနှင့် အိမ်ဖော်မိန်းကလေးတို့အား ညွှန်ကြားကာ အိမ်သန့်ရှင်းရေး လုပ်ထားပြီးဖြစ်နေလေသည်။

"ကိုလုပ်ဖို့က ချွေးတွေသံတွေနဲ့ပါလား ဘယ်ချောင်တိုးပြီး ပြန်လာတာလဲ. . သွား ရေသွားချိုးပြီးရင် ထမင်းစားမယ်"

အမေ့စကားအတိုင်း သူလိုက်နာခဲ့သည်။ သူရေချိုးပြီး ထမင်းစားတော့ အမေက သူ့အကြိုက်ဟင်းလေးများဖြင့် သူ့ပန်းကန်ထဲကို ဖြည့်ဆည်းပေးရင် အမေကိုယ်တိုင်ကတော့ တို့ကနန်း၊ ဆိတ်ကနန်းသာ စားလေသည်။

စားသောက်ပြီး အသီးအနှံအချိုတဲတော့မှ အမေက ဇာတ်လမ်းစလေသည်။

"မင်းစံ. . . နင် ဖိုးစိန်လမ်းအိမ်ကို ဝင်ထွက်နေတယ်ဆို"

"အမေ့ကို ဘယ်သူပြောသလဲ"

"ဘယ်သူပြောရမှာလဲ မဖြူနဲ့ငါက ဖုန်းအဆက်အသွယ် အမြဲရှိတယ်ဆိုတာကို နင်မေ့နေပြီလား"

"မမေ့ပါဘူး"

"မဖြူက နင်နဲ့သူ့ချွေးမ ရည်းစားဟောင်းဖြစ်ခဲ့တယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာကို သိပုံမရဘူး"

"ဘယ်ချွေးမက ပြောရဲမှာလဲ"

"နင် မျက်နှာမပူဘူးလား"

"ဘာလို့ ပူရမှာလဲ. . . ကျွန်တော်က သူ့ချွေးမကို ချိုင်မလို့မှ မဟုတ်တာ၊ သူ့မြေးက ကပ်နေရှာလို့အဖော်ပြုပေးနေတာ သူတို့ကတောင် ကျေးဇူးတင်ရဦးမှာ. . ."

"အံမယ်လေးဟဲ့ ကျေးဇူးရှင် ငါနဲ့မဖြူကြား မျက်နှာပျက်ရမည့်အလုပ်တော့ မလုပ်လိုက်နဲ့ နင်လုပ်နေတဲ့အဓိပ္ပါယ်ကိုလည်း ငါနားမလည်တော့ဘူး. . မစားရအညော်ခံနဲ့ အချိန်တွေ အလကား ဖြုန်းနေတာလား. . . နင် ဒီလောက်အားနေရင် နင့်ပွဲရုံနင် ပြန်လာဦးစီးတော့. . ."

"အမေနဲ့ အသားကျနေပြီပဲဟာ သားဝင်လုပ်တော့ အမေပျင်းနေမှာပေါ့. . ."

"ဟဲ့ ပျင်းစရာလား. . ငါလည်းမဖြူတို့နဲ့အတူ ဝိပဿနာရိပ်သာတွေလိုက်ဝင်မှာပေါ့. . ."

"ဒါဆိုရင်လည်း ကျွန်တော်သင်တန်းမရှိတဲ့အချိန် အမေ့ကိုဝိုင်းကူပေးပါ့မယ်. . ."

"ဒီလုပ်ငန်းက သားလုပ်ငန်းပဲလေ သဘော်လိုက်တဲ့အလုပ်နားပြီး အိမ်ထောင်လဲပြု မိသားစုလေးနဲ့မခွဲဘဲ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းနဲ့ အိုးမကွာအိမ်မကျ ဇနီးသားသမီးကို စောင့်ရှောက်ပြီး နေသွားစေချင်ပြီ၊ မပိုင်ဝက်မွေး မလုပ်စေချင်ဘူး မင်းစံ၊ အမေပြောတာ မင်းအတွက်ကြီးပဲပါ. . ."

အမေ၏ လေသံကပျော့ပျောင်းလာပြီဆိုတော့ သူလည်း





အမေ့ကိုသနားသွားသည်။ တစ်ဦးတည်းသောသားမို့ အမေ့၌ မျှော်လင့်ချက်တွေအများကြီး ထားရှာပေမည်။ သားလူပျိုကို ကလေးတစ်ယောက်အမေ မုဆိုးမတစ်ဦးနှင့် သဘောမတူခြင်းမှာ အမေ့အဆိုးမဟုတ်၊ ဘယ်မိခင်မဆို အမေ့လိုပဲဖြစ်ပေမည်ပေါ့"

"ဟုတ်ကဲ့. . . အမေ ကျွန်တော်သဘောပေါက်ပါတယ် အမေလည်း လုပ်ငန်းလုပ်နေတော့ စိတ်တိုင်းကျစားလှုနေနိုင်ပြီး ပျော်နေသလားလို့ပါ. . ."

"အလုပ်သမားမိသားစုအများစုရဲ့ စားဝတ်နေရေး ဖန်တီးပေးနိုင်တဲ့ ကုသိုလ်အပြင် ဘုရားကျောင်းကန် ရဟန်းအမအဖြစ် အလှူရေစက်လက်နဲ့မကွာ လှူနေရတာကိုပဲ ကျေနပ်ပြီး အလုပ်ကို မစွန့်နိုင်သေးပေမယ့် သားတာဝန်ယူနိုင်ရင် အမေစွန့်လွှတ်ပေးမှာပါ. . ."

"သားကလည်း အသက်လေးဆယ်လောက်အထိတော့ ပင်လယ်ပြင်ရွက်လွှင့်ရတဲ့အလုပ်လုပ်ချင်နေသေးတာ ဒါပေမယ့် ရာထူးတိုးဖြေကြည့်လို့မှ မအောင်ရင်တော့ သားထပ်စဉ်းစားပါ့မယ်"

အမေ့မျက်နှာ၌ ကျေနပ်သောအရိပ်အယောင်များ လွှမ်းသွားလေသည်။ သူလည်း အမေစိတ်ချမ်းသာစေရန် တတ်နိုင်သမျှ သူ့နှလုံးသားလိုအင်တွေကို ချိုးနှိမ်လိုက်လေသည်။ မိဘသေလို့ မိဘအစားမရနိုင်ပါ။ အချစ်ဆိုတာ သံယောဇဉ်နှောင်ကြိုးနှင့် အစားထိုးလို့ရနိုင်တာပဲ။ သို့သော် ခုထိအစားထိုး၍မရသော သူ့နှလုံးသားက ခက်နေသည်။

"မနက်စောစော အမေပြန်မယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်-မနက်ဖြန်သင်တန်းပြီးရင် တန်းပြန်လာခဲ့မယ်. . . နေ့လယ်စာထမင်း အဲဒီမှာပဲစားမယ်"

အမေနှင့်စကားပြောခြင်းကို အဆုံးသတ်လိုက်သည်။ သူ အိပ်ခန်းထဲသို့ဝင်လာပြီး အင်တာနက်ထိုင်လိုက်စဉ် သူ့ထံသို့ ဖုန်းကော ဝင်လာသည်။

"ဟာ"

သူ အံ့အားသင့်ပြီး ဝမ်းမြောက်သွားရသည်။

ဖူး ဖုန်းနံပါတ်ပါလား. . .။

"မြော. . ."

'မနက်ဖြန် ကျွန်မတို့ ခဏစကားပြောရအောင်. . .'

"ဘယ်မှာလဲ"

"ရှင် နေရာရွေး"

"မင်းတို့လမ်းထိပ်က ဖိုးစိန်မှာပဲဘရိတ်ဖတ်စ်ပေါ့"

"ခြောက်နာရီခွဲ ကျွန်မရောက်နေနှင့်မယ်"

"ကောင်းပြီ"

သူ ဖုန်းအရင်ချလိုက်သည်။ မှတ်ထား။ မင်းရဲ့ဥပေက္ခာပြုမှုကို ငါဘယ်လိုခံစားရသလဲဆိုတာ မင်းစာနာတတ်ပါစေ။

ရင်ထဲမှာတော့ တမ်းတလွမ်းဆွတ်လျက်ပါဖူး။ မင်းနေရာကို ဘယ်လိုမှမစားမထိုးချင်သေးပါဘူး။ မင်းကို ငါသိပ်ချစ်ခဲ့တာပါကွာ. . .







# အခန်း(၂၁)

ဖူးအနေနှင့် အလုပ်ကိစ္စအကြောင်းပြပြီး သားမနိုးခင် ရွှေတိဂုံဘုရားကို တက်ဖူးပြီးမှ ချိန်းထားသော(၆)နာရီခွဲအမှီ ဖိုးစိန်စားသောက်ဆိုင်သို့ ရောက်လာနှင့်ပြီး စောင့်နေလိုက်သည်။

ရင်ထဲမှာတော့ ချစ်ရသူကိုစက္ကန့်နှင့်အမျှ မျှော်နေမိသည်။ သို့သော် ကြီးဖြူနှင့်အန်တီမေနှင်းကြောင့် သူတို့ဘဝတွင် ရှေ့ဆက်တိုးစရာဇာတ်လမ်းမရှိပါချေ။ အချိန်တိတိကျကျတွင် ထက်မြက်စိုးရောက်လာသည်ကို သူလှမ်း၍ငေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတုန်းကနှင့်မတူ စမတ်ကျလာသည်။ ဘောင်းဘီနှင့်စပို့ရှပ်ကို စတိုင်လ်ကျကျဝတ်လာတတ်သည်။ အင်းလေ တောသားမှ မဟုတ်တော့လေပဲ ကမ္ဘာ့တောင်ပတ်နေခဲ့ပြီးပြီပဲလေ။ အရင်လိုပုံစံရိုးရိုးဘယ်ဟုတ်တော့မလဲ။

"ဘယ်လိုလဲ ဒေါ်ပန်းဖူးဝေလွင်ရယ် ခုလိုချိန်းတွေ့တာကတော့ တစ်ယောက်ယောက်မြင်သွားရင် အထင်လွဲနေပါ့မယ်"

အငေါ်အထူးလေးနှင့် ယဉ်သကိုး။ ကုလားထိုင်ကိုဆွဲထိုင်ရင်း သူ့ကိုမထေ့တထေ့အပြုံးနှင့် တိုက်စစ်ဆင်လာသည်ကိုး။

"ဩော်. . . ကိုမင်းစံက အရင်ကနဲ့ကို မတူတော့ဘူး"

"ဒေါ်ပန်းဖူးဝေလွင်ကကော အရင်ကဖူးဟုတ်လို့လား"

"ဖူးကတော့ ဖူးပါပဲ၊ ဒါပေမယ့် အရင်ဖူးမဟုတ်တာတော့ မှန်ပါတယ်၊ ခုဖူးက ကလေးတစ်ယောက်အမေ မုဆိုးမပါ'

"ဒါကို ကျုပ်သိသားပဲ၊ ဆို-ဘာကိစ္စတွေ့ချင်ရတာလဲ"

"ကိုမင်းစံက ကျွန်မစကားကို လုံးဝဂရုမစိုက်ဘူးနော်"

"ဘာစကားလဲ'

"ကျွန်မနဲ့ ကင်းကင်းနေပါဆိုတာလေ"

"မင်းနဲ့မကင်းလို့လား မင်းကိုကျုပ် လိုက်ကြူနေလို့လား ကျုပ်က ထူးထူးနဲ့လာကစားပေးတာ"

ဖူး ပင့်သက်လေးရှိုက်လိုက်ပြီး. . .

"သားက နှလုံးအားနည်းတဲ့ ရောဂါရှိတယ်"

"သိတယ် အန်တီဖြူနဲ့ ကြီးကြီးပြောပြထားလို့သိပြီးသား"

"ပြင်းထန်တဲ့ကစားမှုမျိုးမရဘူး၊ ဥပမာ. . ဘောလုံးကန်တာတို့"





"ဖြည်းဖြည်းကစားပေးတာ သိပ်မကြမ်းရင်ရတယ်၊ ရောဂါရှိတယ်ဆိုပြီး နုနေရင်ပိုဆိုးသွားမယ်၊ အားရင် မင်း ဆေးဆောင်းပါးတွေဘာတွေဖတ်သင့်တယ်၊ ဒါကြောင့် ကျုပ်က ဘမင်ထူးထူးကို ကစားသင့်သလောက်ပဲ ထိန်းပြီးကစားပေးနေတာ မင်းနဲ့ဆုံစည်းချင်လို့ မဟုတ်ဘူးဆိုတာသိထားစမ်းပါ"

ထက်မင်းစံ တမင်ဂျစ်တိုက်နေလိုက်သည်။

"ထားပါ. . . ရှင်ဘာစားမှာလဲ"

"ဘာမှ မစားဘူး"

"ကျွန်မ ရှင်ကြိုက်တတ်တဲ့ မြီးရှည်မှာထားလိုက်ပြီ ကော်ဖီဒါပဲနော်'

"သိရက်သားနဲ့ ဘာဖြစ်လို့မေးနေသေးလဲ"

ထိုအချိန်တွင် ဝိတ်တာကအငွေ့တစ်ထောင်းထောင်းထနေသော မန္တလေးမြီးရှည်နှစ်ပွဲလာချပေးလေသည်။ အတိတ်၏ အငွေ့အသက်တို့က ရင်ကိုနာကျင်စေရပြီး ချစ်သူဘဝသွားလာပြီး အတူတကွစားသောက်ခဲ့သောအစားအသောက်တွေပါလား. . .

သူတို့နှစ်ယောက်ကိုယ်စီငြိမ်သက်ပြီး မြီးရှည်ပူပူကို တူနှင့်မွှေပြီးစားလိုက်ကြသည်။ ကော်ဖီရောက်လာတော့မှ ကော်ဖီကို တစ်ငုံစီသောက်လိုက်ပြီး. . .

"ရှင်"

"မင်း"

နှစ်ဦးသားသံပြိုင်ထွက်သွားတော့ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။

"မင်း အရင်ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် အရင်ပြော"

'မင်းပြောစရာရှိလို့ ချိန်းလိုက်တာဆိုတော့ မင်းပဲအရင် ပြောပါ'

ဖူး ပင့်သက်တစ်ခုထပ်မံရှိုက်လိုက်မိပြီး. . .

"ရှင်. . နဲ့သား သံယောဇဉ်မတွယ်ခင် လမ်းခွဲလိုက်တာ ကောင်းမယ်ထင်ပါတယ် ကိုမင်းစံ"

"ဘာဖြစ်လို့လဲ"

"သားရဲ့နုနယ်တဲ့နှလုံးသားကို သံယောဇဉ်ကြိုးရဲ့ ရစ်ပတ်မှုအရှိန်အဟုန်ကြောင့် အနာတရထင်ကျန်ရစ်မှာ ကျွန်မစိုးရိမ်လို့ပါ. . ."

"ကောင်းပါပြီလေ. . . ကိုယ်လည်း အဖမဲ့ဖြစ်လာတော့ ကလေးကိုကိုယ်ချင်းစာပြီး သနားစိတ်နဲ့ဖြည့်ဆည်းပေးချင်တာပါ"

"ကျေးဇူးတင်ပေမယ့် လက်မခံပါရစေနဲ့တော့. . ဒါထက် ရှင်ပြောမယ်ဆိုတာက. . ."

ထက်မင်းစံမချိပြုံးနှင့်ရင်နာစွာဖြင့် ခေါင်းကိုခါရမ်းလိုက်မိသည်။

"ကြီးကြီးဆီကနေ မင်းဆီကိုဘာကြောင့် ရောက်မလာခဲ့သလဲဆိုတာ မင်းသိပြီးလောက်ပြီထင်တယ်. . . ကိုယ်အဲဒါ ပြောမလို့ ပါ. . ."

"သိပြီးပါပြီ"

"သိပြီးရင် ကိုယ့်ကိုခွင့်လွှတ်သင့်တယ်မဟုတ်လား ဒါနဲ့တောင် မီးစိမ်းတွေ ပြနေရသေးလား"

ဖူးရင်ဝယ် ကြေကွဲမြစ်ပင်လယ်က လှိုင်းထန်နေသည်မို့





ဘက်လုံးပင်လျှင် ပူစပ်ပူလောင်ဖြစ်လာသည်။

"ဒီအတွက် ကျွန်မကို နားလည်ပြီးခွင့်လွှတ်ပေးပါ ကျွန်မသားအတွက်ပဲ ကျွန်မဘဝရှင်သန်ပါရစေတော့"

"စကားကို အကုန်မပြောပါနဲ့ သားကိုကိုယ်လည်း ဝိုင်းဝန်းစောင့်ရှောက်ပေးနိုင်ပါတယ်"

"သားကိုဘယ်ပထွေးလက်ထဲကိုမှ မထည့်နိုင်ပါဘူး"

"ပထွေးတဲ့လား အင်းလေ မင်းဆန္ဒရှိသလိုသာ နေပါတော့ကွာ ကိုယ်ဘာမှမပြောတော့ပါဘူး၊ လာလည်းမလာတော့ပါဘူး၊ မင်းစိတ်ချမ်းသာနေမလားဆိုတာတော့ ကိုယ်စောင့်ကြည့်နေပါ့မယ်. . . ဒါပဲမှတ်လား သွားပြီ"

သူက ကျန်ကော်ဖီကိုတစ်ချိုက်တည်း မော့သောက်လိုက်ပြီး ဖူးကိုထားရစ်ကာ ထွက်ခွာလေသည်။

နောက်သို့လုံးဝပြန်လှည့်မကြည့်တော့။ ရင်ထဲမှာတော့ သူ့အလာကိုစောင့်မျှော်နေရှာမည့် ထူးထူးလေးကို မြင်ယောင်မိကာ ပင့်သက်ရှိုက်လိုက်လေသည်။ အနာဆိုတာ မရင့်မီ ခွဲထုတ်လိုက်တာ အကောင်းဆုံးပဲဖြစ်သည်ဟုလည်း ခံယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၂)

"ဟင်. . . ရှင်"

ဒေါက်တာကားသံဟုထင်ပြီး အပြေးအလွှား အိမ်ရှေ့ထွက်လာကြိုတော့ ဖူးမှာမျက်လုံးလေးပြူးသွားပြီး အံ့အားသင့်သွားရသည်။ တစ်ဆက်တည်းဘေးဘီကိုကြည့်ကာ ဘယ်သူမှမရှိသည်ကို တွေ့ရ၍. . .

"ရှင့်ကိုမလာနဲ့လို့ပြောထားတယ်လေ"

"ကျုပ်ကလည်း မလာချင်ပါဘူး၊ မင်းယောက္ခမကြီး





အန်တီဖြူကဖုန်းဆက်ပြီး ထူးထူးနေမကောင်းဘူး လာကြည့်ပေးပါလို့ တခုပ်တရခေါ်လို့လာရတာ ကလေးအမေ"

ဖူးရင်ထဲ ကျေနပ်သွားသော်လည်း နှုတ်ကတော့ မကျေနပ်ဟန်နှင့် ပွစိပွစိ. . .

"ကြီးဖြူကလည်း မယောင်ရာဆီလူးနေပြန်ပြီ ဘယ်အချိန်ကများ ဆက်လိုက်သလဲမသိဘူး"

"ဒါဖြင့် ကျုပ်ပြန်ရမလား"

ထက်မင်းစံ ဘုတောလိုက်သည်။ သို့ဆိုပြန်တော့လည်း ဖူးမျက်လုံးလေးဝိုင်းဝိုင်းလည်သွားပြီ။

"အို. . . ရောက်လာမှတော့ သားကိုကြည့်သွားပါဦး. . . သူပဲကလေးကို စွဲလမ်းနေအောင်လုပ်သွားပြီးတော့ လာပါ. . . ကိုမင်းစံ. . . သားကအပေါ်ထပ်မှာပါ. . ."

ဖူးက ဦးဆောင်ပြီးအပေါ်ထပ်သို့ခေါ်ခဲ့လေသည်။ သူက နှုတ်ပိတ်ပြီး အေးဆေးစွာပင်လိုက်ခဲ့လေသည်။ သားအတွက် စိုးရိမ်ကောင်းဖြစ်နေသော ဖူးမှာတော့ ဗျာပါဒတွေများနေရှာလေသည်။

"သားက အဖျားသွေးကနည်းနည်းပါ အစားမစားတာက ပဲဆိုးနေတာ ကိုမင်းစံကို ကျွန်မပြောတာက ကလေးနဲ့ချက်ချင်းကြီးဖြတ်ဖို့ မဟုတ်ပါဘူး တဖြည်းဖြည်းချင်းမှပါ. . ."

ဖူးလေသံတွေ ပျော့ပျောင်းနေလေသည်။ သားအပေါ် စိုးရိမ်ပူပန်စိတ်ကြောင့် နွမ်းလျနေသော ဖူးမျက်နှာလေးကို သူလွမ်းသမျှငေးကြည့်နေမိသည်။ စနေ၊ တနင်္ဂနွေနှစ်ရက်စလုံး မလာပဲနေခဲ့လိုက်တာ ခုကြာသပတေးတော့ သူ့ဆီသို့ဖုန်းရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်မင်းစံရယ် မြေးလေးက မင်းကိုပဲမေးမေးနေတာ အချိန်ရရင်လာခဲ့ပါဦးကွယ် အန်တီတောင်းပန်ပါတယ်. . မြေးလေးနဲ့ ခဏလာတွေ့လိုက်ပါ"

ဒေါ်ဖြူဖြူမြင့်၏ တောင်းပန်ပါတယ်ဆိုသောစကားက ဘာအဓိပ္ပါယ်လဲ၊ ဘာကိုတောင်းပန်တာလဲဟု သူမသိချေ။ အစကတော့ အမေနားကပ်ချင်၍ ကလေးကိုရင်းနှီးအောင်လုပ်ရာက တကယ်တန်းတော့ကလေးကလည်း ချစ်စရာကောင်းသည့် အတွက် သူကလေးကို နှစ်နှစ်ကာကာပင်ချစ်ခင်တွယ်တာလာခဲ့သည်။

"ခဏနေဦး ကိုမင်းစံ"

လှေကားထိပ်အရောက်တွင် ကလေးရှိရာအခန်းသို့ သွားမည်လုပ်ပြီးမှ ဖူးသတိရလိုက်ပြီး ခြေလှမ်းကတုံ့ခနဲရပ်လိုက်တော့ သူနှင့်တိုက်မိမလိုပင် ဖြစ်သွားရလေသည်။

"ဘာလဲဗျာ"

"ကြီးဖြူရှေ့မှာ ရှင်နဲ့ကျွန်မ သူစိမ်းတွေလိုပဲဆက်ဆံပေးပါ၊ ကြီးဖြူက ကျွန်မကိုနောက်ယောက်ျားယူမှာ မကြိုက်ဘူး"

"နားလည်ပါတယ်"

ဖူး ထိုအခါမှ ဖူးချာခနဲပြန်လှည့်ပြီး ကလေးရှိရာအခန်းသို့ ဦးဆောင်ခေါ်သွားသည်။ ယောက္ခမကိုခေါ်တာကလည်း ကြီးဖြူတဲ့လား။ သူ့ရင်ထဲ ဖူးနှင့်ပတ်သက်သော အကြောင်းအရာတွေက သာလျှင် ကြီးစိုးနေသည်။ ဖူးမှာလည်း သူလက်ရှိ နေထိုင်နေရသော လူများနှင့်သဟဇာတဖြစ်ပြီး ပြေပြေလည်လည်ရှိဖို့လိုလားမည်ပေါ့။

ယောက္ခမအငြိုးအငြင်ကို မခံရဲဖြစ်နေရှာသည်ပေါ့။

"ကြီးဖြူ ကိုထက်မင်းစံရောက်လာပါပြီ"





ဒေါ်ဖြူဖြူမြင့် မျက်နှာချာခနဲနောက်ပြန်လာပြီး ဝမ်းသာအားရဟန်နှင့်. . .

"လာ. . လာမောင်မင်းစံ မြေးလေးကသားကိုပဲ မေးနေရှာဘာ မင်းကလည်းကွယ် ပျောက်ချက်သားကောင်းနေလိုက်တာ"

"ကျွန်တော် အလုပ်တွေများနေလို့ မလာဖြစ်တာပါ အန်တီ. . ."

"အန်တီလည်း မှာနေတာကြာပြီ မေနှင်းနဲ့ပဲတိုးနေတာ ခမေနှင်းပြန်မပြောဘူးလား"

ထက်မင်းစံ ရင်ထဲထိတ်ခနဲဖြစ်သွားသည်။ အမေ၏ သဘောကိုသိနေသဖြင့် မလုံမလဲနှင့်ဖုံးကွယ်ရန် ကြိုးစားဖြေလိုက်သည်။

"ဟို. . . အမေနဲ့ကျွန်တော်က သိပ်မတွေ့ဖြစ်ပါဘူး၊ ကျွန်တော်က သင်တန်းနဲ့ပွဲရုံပဲ ကူးနေဖြစ်တာများနေလို့ပါ. . . ထူးထူးက အိပ်နေတာလား"

"ဟုတ်တယ်. . . လာ သူအိပ်နေတုန်း စကားပြောကြရအောင်"

ဒေါ်ဖြူဖြူမြင့်က ကလေးအိပ်ခန်းမှနေ၍ အပေါ်ထပ်ဧည့်ခန်းဆီသို့ သူ့ကိုခေါ်လာပြီး. . .

"သမီးရေ ဧည့်သည်အတွက်တစ်ခုခုလုပ်ခဲ့ကွယ်"

"ဟုတ်ကဲ့ ကြီးဖြူ"

ထိုအချိန် ဖူး၏ကြီးတော် ဒေါ်ကြည်ကလည်း အပေါ်ထပ်သို့ တက်လာသည်။

"မောင်မင်းစံရောက်လာပြီလား"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆက်တီဝိုင်းဘက်သို့လျှောက်လာသည်။

'ဟုတ်တယ် အကြည်ရေ ဖုန်းဆက်ပြီးခေါ် ရတာ ဒီမှာပဲနေပေးပါဦး အကြည်'

"မြေးလေးက တော်တော်ဖြစ်နေသလား"

"အဖျားသွေးကနည်းနည်းပါ၊ အစားမစားတာခက်နေတယ်၊ ဖြူထင်တာတော့ သူဦးဦးကို လွမ်းဖျားလွမ်းနာများကျနေတာလားလို့"

ထက်မင်းစံရင်ထဲ နာကျင်သွားရှာသည်။

"အင်းလေ. . ဖတဆိုးလေးဆိုတော့ အဖေအရွယ် ဦးဦးတွေကို တွယ်တာရှာမှာပေါ့ ကျောင်းကလည်းနေပြီဆိုတော့ သူငယ်ချင်းတွေက အဖေတွေအကြောင်းပြောရင် သူ အားငယ်ရှာမှာပေါ့ ဖြူရယ် ဒါကြောင့်လည်း မောင်မင်းစံကိုတွယ်နေတာဖြစ်မယ်"

ဒေါ်ကြည်စကားကြောင့် ထက်မင်းစံပင် မလုံမလဲဖြစ်သွားရသည်။ သို့သော် ဒေါ်ဖြူဖြူမြင့်က. . .

"ဟုတ်မယ်. . ဟုတ်မယ် ဒါကြောင့် ဦးဦးမလာသေးဘူးလား ဦးဦးဆီလိုက်ပို့ပေးနဲ့ပြောနေတာ မောင်မင်းစံရယ် မြေးလေးကို ပစ်မထားပါနဲ့ မကြာခဏလာလည်ပေးပါကွယ်"

ဒေါ်ဖြူဖြူမြင့်က အရိုးခံသက်သက်နှင့် ပြောလိုက်ခြင်းဖြစ်သည်။ တကယ်တမ်းလည်း ထက်မင်းစံဆိုသော ရွှေစွန်ညိုကြီးမှာ သူ့ချေးမ မထွေးလေးကိုလိုချင်၍ ရစ်ဝဲနေကြောင်း ရိပ်မိသိရှိဟန်မတူချေ။ ထိုစဉ် အိမ်ဖော်မလေးက-

"ဘွားဘွားကြီး ထူးထူးနိုးလာပြီ"

ဘွားအေနှစ်ယောက်သည် အသက်အရွယ်နှင့်မလိုက်ဖက်





ဘွာ ဝေါက်ကနဲထလိုက်ပြီး ထူးထူးအခန်းဆီသို့ခြေလှမ်းလိုက်ကြလေသည်။ နောက်မှ ဒေါ်ဖြူဖြူမြင့်က သူ့ကိုသတိရသွားဟန်နှင့်-

"ဪ. . မောင်မင်းစံလာ. . လာ. ."

သူတို့နောက်မှလိုက်ပါလာသော ထက်မင်းစံကို နေရာပေးဖို့ သတိရသွားကြသည်။ သူ့ကိုမြင်သည်နှင့် ထူးထူးကဝမ်းသာအားရဝေါက်ခနဲထထိုင်ကာ. . .

"ဟာ. . . ဦးဦးလာပြီ"

သူ့ရင်ထဲ ကျင်ခနဲဖြစ်သွားရသည်။ ကြည့်ပါဦး ကလေး၏မျက်နှာကလေး ချောင်ကျသွားလေသည်သာမက ခန္ဓာကိုယ်မှာလည်း ပိန်စောက်စောက်လေး ဖြစ်သွားရှာသည်ကိုတွေ့မြင်ရတော့ စိတ်ထဲထိရှသွားရသည်။

"ဦးဦးမအားလို့ မလာဖြစ်တာပါသားရယ်"

"ဦးဦးလာရင် သားတို့ဘောလုံးကန်လို့ရပြီပေါ့နော်"

"သားအစားများများစားလို့ဝလာမှ ဘောလုံးကန်လို့ရမှာ ဒါကြောင့် သားအစားများများစားရမယ်နော်. . ."

"ဟုတ်ကဲ့. . ဒါဆို သားအစားများများစားပါ့မယ်. . . ဒါပေမယ့် ဦးဦးမပြန်ရသေးဘူးနော်"

ယခုအချိန်မှာတော့ ထက်မင်းစံဘယ်သူ့ကိုမှ ငဲ့ကွက်မနေတော့ဘဲ ကလေးစိတ်ချမ်းသာစေရေးကို ဦးစားပေးလိုက်သည်။

"အင်း . . ဦးဦးကအလုပ်များနေလို့မလာဖြစ်တာ အခုသား ဘွားဘွားတို့ကျွေးတာကိုစားပြီးရင် ဦးဂိမ်းခဏဆော့မယ် ပြီးရင် သားအိပ်ဦး ခဏပြန်ဦးမယ်"

"ဦး. . . ဖုန်းနံပါတ်သားကိုရေးပေးထားပါဦးမလာရင်



www.burmeseclassic.com

www.burmeseclassic.com



သားဦးကိုဖုန်းဆက်ခေါ်မလို့. . ."

"အေးပါ. . သားရယ်"

သူ့ဗလာစာအုပ်ကိုထိုးပေးပြီး ဖုန်းနံပါတ်တောင်းနေရှာသော ကလေးငယ်၏ဆန္ဒကို သူဥပေက္ခာမပြုရက်သဖြင့် သူ၏ဖုန်းနံပါတ်လေးကိုရေးပေးလိုက်လေသည်။

ဘွားအေနှစ်ယောက်က ပြုံးပြုံးပြုံးပြုံးနှင့် ကလေးအခန်းထဲမှ ပြန်ထွက်သွားကြသည်။ မအေလုပ်သူကတော့ သူ့ကို ကလေးအခန်းသို့ ပို့ပေးပြီးကတည်းက ပျောက်သွားလိုက်သည်မှာ ကြက်ပျောက်ငှက်ပျောက်ဖြစ်သည်။ ကလေးက သူ့ကိုမြင်သည်နှင့် နွမ်းလျနေသောရုပ်အသွင်က ချက်ချင်းပင် လန်းလန်းဆန်းဆန်းဖြစ်လာသည်။

ထို့အတူ နွမ်းလျနေရှာသော ကလေးအမေ ဖူးကိုလည်း လန်းသွားစေရန်သူနှစ်သိမ့်မှုပေးလိုသော်လည်း ကလေးအမေက သူ့ကိုရှောင်ဖယ်၍နေလေပြီမို့. . .







# အခန်း(၂၃)

"ကိုယ် . . ဖူးတို့မိနီမတ်နားက တွေ့နေကျကော်ဖီဆိုင်မှာ ရောက်နေတယ် တွေ့ချင်တယ်၊ ခဏလာခဲ့ပေးပါ. . ."

ဖူးထံသို့ ဖုန်းမှမက်ဆေ့ချ်(Message)ပို့လိုက်သည်။ မကြာခင် ဖူး သူ့ထံသို့ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ချလာသည်။

"ဘာကိစ္စရှိလို့လဲ"

"ထိုင်ဦး. . ကော်ဖီပဲလား"

"အင်း. . ."



www.burmeseclassic.com

www.burmeseclassic.com



ဖူးက ငြင်းဆန်မနေတော့ပဲ သူနှင့်မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်လေသည်။

"ထူးထူး နေကောင်းသွားပြီလား"

"ဟုတ်ကဲ့ ဒီနေ့ ကျောင်းပို့ခဲ့ပြီ"

"မောင် မေးစရာရှိလို့ပါဖူး မောင့်အကြောင်းတွေ ဖူး သိသင့်သလောက်သိထားပြီးဖြစ်ပေမယ့် ဖူးအကြောင်းတွေ မောင်မသိရသေးဘူး မောင်မေးပါရစေဦး"

သူ့ကို ဖျတ်ခနဲမျက်ဝန်းနက်ကလေးနဲ့ စိုက်ကြည့်မိရာက ရှောင်လွှဲမသွားဘဲ သူ့စကားဆုံးတော့ နှုတ်ခမ်းဖျားလေးက တုန်ခါသွားပြီး. . .

"ကျွန်. . . ကျွန်မတို့အခေါ်အဝေါ်တွေ ပြောင်းထားကြတယ်လေ. . ."

"မင်းဖာသာ ပြောင်းချင်ပြောင်း မပြောင်းချင်နေ မောင်ကတော့ မောင့်နှလုံးသားကို ပြောင်းလွဲလို့မရသလို နှလုံးသားကပေါ်ထွက်လာတဲ့အခေါ်အဝေါ်တွေကိုလည်း လွဲပြောင်းလို့မရသေးဘူး ဖူး"

"ကျွန်မ နှလုံးသားပြောင်းလွဲသွားပြီလို့ ရှင့်ကိုဘယ်သူကပြောသလဲ"

'သားက'

'သားက'

"ဟုတ်တယ်"

"သားက ဘာပြောလို့လဲ'

"သားက မေမေက သားအိပ်သွားပြီဆိုရင် မောင့်ဓါတ်ပုံ





တွေထုတ်ကြည့်ပြီး ငိုငိုနေတယ်တဲ့"

ဖူး မျက်နှာကိုဆတ်ခနဲလွှဲဖယ်လိုက်ပြီး နာနာကျင်ကျင်မဲ့ပြုံးနှင့်. . .

"မျက်ရည်ကျတယ်ဆိုတာ အမျိုးမျိုးရှိတာပဲ"

ဖူး နှုတ်မှထွက်ပေါ်လာသောစကားကြောင့် သူအံ့သြဝမ်းသာသွားသည်။

"ဒါဖြင့် မောင့်ကိုလွမ်းလို့ကျတဲ့မျက်ရည်မဟုတ်ဘူးပေါ့၊ သား အဖေကိုကော မလွမ်းဘူးလား"

ဖူး ထိုအခါမှ သတိဝင်လာသလိုအပြုံးတန့်လိုက်ပြီး. .

"သြော် သုံးလေးနှစ်ပေါင်းလာခဲ့ရတဲ့ယောကျ်ားဘဲ မလွမ်းဘဲရှိပါ့မလား သံယောဇဉ်တော့ရှိတာပေါ့၊ ပြီးတော့ သူက သိပ်သဘောကောင်းပါတယ်၊ လူအေးတစ်ယောက်ပဲ ပြီးတော့ အပြစ်ကင်းစင်တယ်"

ဖူးစကားကြောင့် သူ့ရင်ထဲ သေသွားသူအပေါ် မနာလိုဝန်တိုမှုတွေ ပွား၍နေလေရာ. . .

"သူက အပြစ်ကင်းစင်ရင် ဘယ်သူကအပြစ်ရှိနေလို့လဲ"

"ဒါကတော့ ကိုယ့်ဟာကိုယ်သိမှာပေါ့ ကျွန်မမှာ ရန်ကင်းက ရှင့်တိုက်ခန်းလေးထဲမှာ ပုန်းအောင်းနေရတာ နှစ်ရက်သုံးရက် မေမေတို့ကခြေရာခံလိုက်နေတော့ ကြီးကြီးနဲ့မမတို့ကလည်း မလာရဲနဲ့။

"မမ အဲဒီမမကကော မောင်နဲ့တစ်ခါမှ မဆုံလိုက်ရဘူးနော်"

"ဆုံဖို့မလိုတော့ပါဘူး ရှင်နဲ့ကျွန်မတို့ရဲ့ ဇာတ်လမ်းက



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက်စရာမှမရှိတော့တာ၊ မေ့ပစ်လိုက်ပါတော့ ကျွန်မ သားလေးကို ကျွန်မပဲ အမေ၊ ကျွန်မပဲ အဖေအနေနဲ့ စောင့်ရှောက်သွားနိုင်အောင် ကြိုးစားပါ့မယ်"

"ဖူးတစ်ယောက်တည်းနဲ့ မဖြစ်ပါဘူး"

"ဘာဖြစ်လို့မဖြစ်ရမှာလဲ"

"အခုပဲ သားက မောင့်ကိုတနေတာ"

"ခဏပါ. . သားက ခဏ ခဏဖျားတတ်တယ် အခုဟာက တိုက်ဆိုင်သွားလို့ဖြစ်မှာပါ၊ နောင်အနေကြာတော့လည်း သူ့ဟာနဲ့သူ နေတတ်သွားမှာပါ"

"ဖူးက အဲဒီလိုပဲထင်လို့လား ယောကျ်ားကလေးတွေအတွက် သူတို့ကိုစံပြဖြစ်စေတဲ့သူရဲကောင်းဆိုတာ လိုအပ်ပါတယ် ကိုင်း. . ထားပါလေ. . ဖူး မလာစေချင်ရင် မလာပါဘူး. . ."

"အဲဒီလိုလည်းမဟုတ်ဘူးလေ. . ရုတ်တရက်ကြီးတော့ မဖြတ်လိုက်ပါနဲ့ တဖြည်းဖြည်းခြင်းတော့. . ."

"သဘောပေါက်ပြီ သဘောပေါက်ပြီ"

"ဒါဖြင့် ရှင်ပြောစရာစကားကုန်ရင် ကျွန်မပြန်တော့မယ်"

"နိုး. . . မောင့်ဘဝမှာ ဖူးနဲ့ပတ်သက်လာရင် ပြောစရာစကားတွေက ဟောဒီရင်ဘတ်ကြီးထဲမှာ အပြည့်အနှက်ရှိနေတာ တစ်သက်လုံးတောင်မကုန်နိုင်ဘူး. . ."

သူ ဘယ်ဘက်ရင်အုံကိုလက်နှင့်ပုတ်ခတ်ကာ ထက်မင်းစံ ရင်ဖွင့်လိုက်မိသည်။

"တော်ပါတော့ ရှင်ရယ်. . ."

ဖူး မျက်လုံးဝယ်ကြေကွဲရိပ်တို့ဆင်ပြီး ရင်နာစွာဖြင့် သူ





အားကျောခိုင်းကာ ခပ်သွက်သွက်ကလေး ထွက်သွားလေတော့သည်။ ဩော်. . . ဖူးရယ် ကော်ဖီတစ်ဝက်ကျန်တာတောင် ကုန်အောင်သောက်မသွားတော့ပါလား. . .

မင်းနှုတ်ကဘယ်လိုပဲ စကားလုံးစိမ်းတွေ ခုန်ထွက်လာပါစေ၊ မျက်ဝန်းရိပ်မှာတော့ မြတ်နိုးတွယ်တာ နှောင်ဖွဲ့မှုတွေ တွေ့မြင်နေရပါလား။

ဒါကြောင့်လည်း ပြောကြတာပေါ့. . .


မိန်းမ၊ မီးနှင့် ပင်လယ်ပြင်တို့၏သဘောသည် ခန့်မှန်းရခက်သည်ဟု. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၄)

"ဦးဦး. . . သားဆီလာခဲ့ပါဦး"

သူ ဖုန်းထဲသို့ ဖိုးစိန်လမ်းအိမ်မှလိုင်းဖုန်းနံပါတ်နှင့် ဖုန်းဝင်လာသည်။

"ဦး မအားသေးလို့ပါ သားရဲ့ ဘာဖြစ်လို့လဲ"

"ဦးဦးကို သားလွမ်းတယ်"

"ဪ. . . သားရယ် အခုသားနားမှာ ဘယ်သူရှိလဲ"

"ဘွားလေးရှိတယ်"





"ဒါဖြင့် ဘွားလေးကိုဖုန်းပေးလိုက်ပါဦး"

ဘွားလေးဆိုသည်မှာ ဖူးကြီးတော် ဒေါ်ကြည်ကို ခေါ်ကြောင်း သူသိထားသဖြင့် ဖိုးကျိုင်းတုတ်ဖြစ်ကာ ဒေါ်ကြည်နှင့် ဖုန်းပြောလိုက်သည်။

"ပြောမောင်မင်းစံ"

"သားကခေါ်နေပြန်ပြီ"

"ဟုတ်တယ် မောင်မင်းစံ စနေကျောင်းပိတ်တာနဲ့ မင်းကို မျှော်နေတာ မနက်စာလည်းကောင်းကောင်းမစားရဘူး. . . မင်းလာနိုင်ရင် လာခဲ့ပါဦးကွယ်. . ."

"သူ့အမေကကော"

"ဆိုင်သွားပြီလေ ပိတ်ရက်ဆို လူကျတတ်တော့ သူရှိမှဖြစ်မယ်ဆိုပြီး အစောကြီးထဲကထွက်သွားလေရဲ့"

"သူ့အဘွားကကော"

"သူကလည်း ရိပ်သာဝင်ဖို့စာရင်းပေးထားပြီးကာမှ သူ့မြေးကိုနောက်ဆံတင်းနေလေရဲ့ ကြီးကြီးနဲ့သူအတူတူဝင်ဖို့ဟာ သူ့မြေးအတွက် ကြီးကြီးနေပေးရမှာလေ သူ့ကိုပဲဦးစားပေးလိုက်ပါတယ်၊ သူက သောကပိုများခဲ့ပြီး အတ္တကလည်းကြီးနေဆဲမှတ်လား"

သူ သက်ပြင်းချလိုက်ပြီး. . .

"ကျွန်တော် လာခဲ့ပါ့မယ် ကြီးကြီးပါရိပ်သာဝင်ချင်ဝင်ပါ သားအတွက်တော့ ကျွန်တော်တာဝန်ယူပေးပါ့မယ်. . . မေမေကို တောင်ဝင်စေချင်သေးတယ်. . . အန်တီဖြူကို မေမေရိပ်သာဝင်ဖို့ ဆွယ်တရားဟောခိုင်းဦးမှ. . ."

"ကောင်းတာပေါ့ကွယ် တို့တွေလူမျိုးတွေရဲ့ထုံးစံအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပထမအရွယ်မှာပညာရှာ၊ ဒုတိယအရွယ်မှာစီးပွားရှာပြီး၊ တတိယအရွယ်မှာ တရားရှာရတော့မှာ မှတ်လား. . ဟောဟော ထူးထူးက မင်းနဲ့ပြောဦးမယ်တဲ့. . ."

"ဟုတ်ကဲ့ ဟုတ်ကဲ့ ကြီးကြီး"

"ဦးဦး. . ."

"ဗျာ. . ."

"သားဆီလာခဲ့မှာလား. . ."

"အခုပဲ ထွက်လာခဲ့ပါ့မယ်ဗျာ"

"ဒါဖြင့် ဦးဦးလာမှ သားထမင်းစားမယ် ဦးဦးဆက်ဆက်လာခဲ့နော် သားစောင့်နေမယ်"

စကားတတ်လိုက်တဲ့ကလေး သူ့ကိုချည်ပြီးတုတ်ပြီး ပြောတတ်ပါပေ့။

"ကောင်းပါပြီ ဒါဆို သားဖုန်းချလိုက်တော့. . ."

"ဟုတ်ကဲ့"

ထက်မင်းစံ တစ်ဘက်ကဖုန်းချသွားတော့မှ ဖုန်းပိတ်ရင်း သက်ပြင်းချလိုက်သည်။ တစ်ဘက်ကတော့ မီးစိမ်းတွေပြနေလေသည်။ ဒါကလည်း ထူးထူးကြောင့်ဖြစ်မည်။ ထူးထူးအဘွားအရင်းမှာ သူ့ကို ဖော်ဖော်ရွေရွေပင်ဆက်ဆံပြီး ပိတ်ရက်တိုင်းလာပြီး သူနှင့်နေပေးဖို့ပြောသော်လည်း သူက ဖူးစကားကိုသာ အလေးထားပြီး အနေကျဲနေမိသည်။

သားထူးထူးက မရ။ သူ့ကိုခေါ်သဖြင့် သူထွက်လာရသည်။ အမေ့ကိုတော့ သင်တန်းအကြောင်းပြကာထွက်ခဲ့သည်။ အမေက သူ့ကိုမသင်္ကာသလိုကြည့်ပြီး. . .





'မင်း ခြေလှမ်းတွေပျက်နေတယ်နော်၊ ပျက်တဲ့ခြေလှမ်းက ကောင်းကောင်းကမ်းကမ်းဆိုရင်လည်း ကောင်းသား၊ အပျိုစင်ဆီသွားတဲ့ခြေလှမ်းဆို ဆယ်ခါပြန်သွား အမေတို့က ကပြီးတော့တောင် လိုက်တောင်းပေးမယ်' တဲ့။

'ဒုက္ခပါပဲအမေရယ် လူဆိုတာ သူ့ကံနဲ့သူ၊ သူ့ဖူးစာနဲ့သူ ပါလာပြီးသားပဲဗျာ ဘယ်တတ်နိုင်ပါ့မလဲ'ဆိုသော စကားကိုတော့ သူ့ရင်ထဲ၌သာ ပြောကြားလိုက်သည်။

သူ ကားမောင်းရင်း နားကြပ်တတ်ကာ ဖုန်းပြောလိုက်သည်။ 'ဖူးသခင်မ' ဆီသို့ဖြစ်သည်။

"ပြောပါ"

"သားက ဖုန်းဆက်ခေါ်လို့ ဖိုးစိန်လမ်းအိမ်ကိုလာနေပြီ"

"အဲဒါ ဘာဖြစ်သလဲ"

"သြော်. . မောင့်မျက်နှာကိုမမြင်ချင်ရင် မင်းရှောင်ချင်ရှောင်နေရအောင် ဖုန်းလှမ်းဆက်တာ ဒါပဲ"

သူ ဖုန်းကိုပိတ်ပစ်လိုက်သည်။

'မှတ်ထား ဖူး ယောကျာ်းမှာလည်း မာယာရှိတာပဲ အိပ်ပျော်ချင်ယောင်ဆောင်နေတဲ့ မင်းနှလုံးသားကို မောင်ဥပေက္ခာတရားနဲ့ ပုတ်ခတ်နှိုးပြမယ်' ဟု ကြုံးဝါးလိုက်မိလေသည်။

အမှန်တော့ သူ့ရင်ထဲမှာ ဖူးကိုမြင်တွေ့လိုသောဆန္ဒက ပြည့်နှက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၅)

ဖူး ဖုန်းကိုပိတ်လိုက်ပြီးနောက် ငိုင်တွေနေမိလေသည်။ တကယ်တမ်းတော့ သူ့အနေနှင့် ချစ်ရသူကိုပဲတွေ့မြင်နေချင်သည်။ သို့သော်. . .

ကြီးဖြူ. . သူတို့နှစ်ယောက်၏ အခြေအနေကို ရိပ်မိသွားမှာလည်း စိုးရိမ်သည်။ ကြီးဖြူက ပြတ်သားစွာပင် စကားဆိုထားခဲ့သည်။ ထိုစကားက သူ့နားထဲစွဲထင်နေရစ်သည်။

"ငါ့သားကျော်စွာသေသွားပေမယ့် ငါ့သားရဲ့သွေး ငါ့မြေး





လေး ကျန်ခဲ့တာမို့ ငါတို့ပိုင်ဆိုင်သမျှ အမွေပစ္စည်းမှန်သမျှဟာ ငါ့မြေးလေးတစ်ဦးတည်းပဲရရမယ်. . ညည်းဟာ မြေးအမေနေရာမှာရှိနေသရွေ့တော့ ညည်းခံစားရမှာပဲ၊ တကယ်လို့ ညည်းတစ်ပင်သဲလို့ တစ်ပင်ထူချင်တယ်ဆိုရင်တော့ ကျုပ်မတားဘူး ညည်းတစ်ယောက်တည်း လက်ဗလာနဲ့ပဲထွက်သွားရမယ်၊ မြေးကိုပထွေးလက်ထဲ မအပ်နိုင်ဘူး. . . ဒါပဲ"

ကြီးဖြူက စိတ်ရင်းကောင်းစရာရှိလျှင် သူ့လောက်ကောင်းသူမရှိ ပြတ်သားစရာရှိလျှင်လည်း 'ဟင်'ဆိုလျှင် လှည့်ကြည့်သည့်လူမဟုတ်။ သူ သားနှင့်ထမင်းပြန်စားမည်လုပ်ပြီးမှ မောင့်ထံမှဖုန်းသံကြောင့် အိမ်ပြန်ရန်အခက်တွေ့သွားသည်။ သို့သော် မိန်းမညာဏ်ဆိုသည်မှာ အခွင့်အရေးကြုံလာသည်နှင့် ဒိုင်းခနဲဘန်းထွက်လာတတ်သည်။

အိမ်သို့ဖုန်းကောက်ဆက်လိုက်သည်။

"ဟယ်လို"

သားအသံပါလား။

"သားလား မေမေပါ သားထမင်းစားပြီးပြီလား"

"မစားရသေးဘူး ဦးဦးလာမှစားမယ်"

"ဦးဦးကလာမှာမို့လို့လား"

"လာမှာ သားသားဖုန်းဆက်ခေါ်ပြီးပြီ"

"သားဖုန်းဆက်တာ ဘွားဘွားကောသိရဲ့လား"

"သိတယ် ဘွားဘွားရော ဘွားလေးရောသိတယ်မေမေ မြန်မြန်ပြန်လာခဲ့နော် ဦးဦးကိုကျွေးဖို့ မုန့်တွေလည်းဝယ်ခဲ့ ဘွားဘွားက ဖာလူဒါဝယ်ခဲ့တဲ့မေမေ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လို့လား သားရယ်"

"ဟုတ်ပါတယ်ဆို ဘွားဘွား ဘွားဘွားလာပြော"

သားက သူ့ဘွားအော၏အသည်းကျော်ဖြစ်သဖြင့် မြေးခိုင်းတာနှင့်ချက်ချင်းပင် အပြေးအလွှားဖုန်းလာပြော ရှာပုံရသည်။ အမောတကောလေသံနှင့်-

"ဟုတ်တယ် သမီး ညည်းသားက သူစားချင်တယ် သူဦးဦးကိုလည်းကျွေးချင်တယ်ဆိုလို့ ကျူပ်ဖုန်းဆက်မလို့လုပ်နေတာ"

"သား ထမင်းစားပြီးလို့လား ကြီးဖြူ"

"မစားရသေးဘူး သူဦးဦးလာမှစားမယ်လုပ်နေလို့ သူဦးဦးကလည်း လာပေးမယ်ပြောတာပဲ"

"ဟုတ်ကဲ့ ဒါဖြင့် ကျွန်မ နေ့လယ်စာစားချိန်မှ ဝယ်လာပေးမယ်နော် ဒိုမီနိုကောမျှဝယ်လာမယ်"

"သဘော. . သဘော"

"ဒါဖြင့် ကျွန်မ ဖုန်းချလိုက်ပြီနော်"

"အေး. . အေး. . ."

မောင်က ဒိုမီနိုကြိုက်တာကို ဖူးအမှတ်ရနေသည်မို့ တမင်ဒိုမီနိုပါ မျှဝယ်ခဲ့မယ်ပြောလိုက်ခြင်းဖြစ်သည်။ ရင်ထဲမှာ မနေ့တစ်နေ့ကလိုပင် ခံစားနေရဆဲဖြစ်သည်။ ဖူးတစ်ကိုယ်ကောင်းဆန်စွာဖြင့် ရုန်းထွက်လိုက်ချင်ပါသည်။ သို့သော် သူ့ကိုတွယ်ငြိနေသော ကြီးဖြူတို့မြေးအဘွား။ ပြီးတော့ သူ့ကိုမှီခိုနေရသော လေမိထားသောအဖေ၏ ဆေးကုစရိတ်၊ အမေ ကြီးကြီးတို့ဖြစ်သည်။

ဖူးပင့်သက်ရှိုက်လိုက်ပြီး အလုပ်လုပ်စရာရှိသည်တို့ကို တမင်ရှာဖွေကာလုပ်လိုက်သည်။ မီနီမတ်တစ်ခုဆိုသည်မှာ ဝယ်သူ





ဘို့၏ လိုအပ်သောပစ္စည်းဆိုလျှင် အသေးအမွှားအပ်တို ကလေးအစ ကြီးကြီးမားမားလျှပ်စစ်ပစ္စည်းအဆုံး ရှိနေဖို့လိုအပ်လေသည်။

ဖူး. . . သူကောင်တာနှင့်ကောင်တာအလိုက် ပစ္စည်းအထားအသိုကို လိုက်စစ်ဆေးရင်း ရင်ဝယ်အချစ်ဝေဒနာကြောင့် ဒွမ်းကြပ်နေမှုတို့ကို ထွက်ပေါက်ပေးလိုက်သည်။ အချိန်တွေကကုန်ဆုံးခဲ့လိုက်သည်ဖြစ်ခြင်း တစ်နာရီထိုးခါနီးတော့ ရွေပုစွန်ဘက်သည့်ပြီး ဖာလူဒါနှင့်ဒိုမီနိုပါဆယ်ဘူးများ ဝယ်လိုက်ရသည်။ အိမ်အဘွက်လိုမည်ထင်သော ကော်ဖီမှုန့်နှင့်ကိတ်ကိုပါ ဝယ်လိုက်သည်။

အိမ်ရောက်တော့ တိတ်ဆိတ်နေသည်။ မောင့်ကားကိုသည်း မတွေ့ရသဖြင့် ရင်ထဲထိတ်ခနဲဖြစ်သွားသည်။ မောင်ပြန်သွားပြီလား။

အိမ်ဖော်မလေး မိညိုသာပြေးထွက်ကြိုလေသည်။

"ဟဲ့ မိညို သားကော"

"ကစားကွင်းကိုသွားကြတယ် ဟို ဦးဦးနဲ့"

"ဪ. . ."

ကြီးဖြူနှင့်ကြီးကြီးက ဧည့်ခန်းတွင် ကိုရီးယားအခွေ ဇာတ်လမ်းတွဲထိုင်ကြည့်နေကြသည်။

"ကြီးဖြူနဲ့ကြီးကြီး ဖာလူဒါသောက်တော့မလား"

"အေး. . အေး. . ထဲ့လိုက်. . ကေလးနဲ့ သူ့ဦးဦးအတွက်တော့ ရေခဲသေတ္တာထဲသာ ထည့်ထားလိုက်ကော့. . ."

"ဘယ်သွားကြတာလဲ ကြီးဖြူ"

"ညည်းသားပူဆာလို့လေ ဟတ်ပီးဝေါ်လ်ကိုသွားကြတယ်သက်မင်းများ ထူးထူးကိုစိတ်ရင်းနဲ့အလိုလိုက်ရှာတာပါ၊ သူ့အမေ


www.burmeseclassic.com

www.burmeseclassic.com


မနှေင်းဖုန်းဆက်ရင်လည်း ညည်းသတိထားဖြေလိုက်နော် သမီး"

"ရှင် ဘယ်လိုဖြေရမှာလဲ"

"သူ့ကို စနေတနင်္ဂနွေပါ သူ့အမေက မအူပင်မှာပဲ နေစေချင်တာတဲ့လေ ပြန်မလာရင်မကြိုက်ဘူးတဲ့ ဒါကြောင့် ဒီလာလည်တာမသိပါစေနဲ့တဲ့လေ ကျုပ်တို့ကိုပိတ်ထားရှာတာ. . ."

"ဩော်. . . ဟုတ်ကဲ့ ကြီးဖြူ ဒါနဲ့ ကျွန်မဆိုင်ပြန်သွားဦးမယ် သားထမင်းစားရဲ့လား"

"စားပ့ါတော် စားပ့ါ မောင်မင်းစံနဲ့ထူးထူးက ဘယ်လိုရေစက်မှန်းလည်းမသိပါဘူးအေ ကျုပ်ကအစက အမေကိုလိုချင်လို့ကလေးကိုလာကပ်တာလားထင်နေတာ အခုတော့ အဲဒီလိုမဟုတ်ပါဘူး သူတို့ရဲ့ရှေးရေစက်ကိုကပါလာပုံရတယ်"

ဖူး ယောက္ခမကိုကျော်လွန်၍ ကြီးကြီးကိုလှမ်းကြည့်လိုက်မိသည်။ ကြီးကြီးက မသိသလိုပင်နေလိုက်လေသည်။ သို့သော် မသိမသာတော့ ခေါင်းရမ်းပြလိုက်လေသည်။

"ကြီးဖြူ မနက်ဖြန်ရိပ်သာဝင်ဖြစ်သလား"

"အင်း. . . ဝင်ဖြစ်တယ်၊ အကြည်နေပေးရင်ဖြစ်တာပဲ"

ကြီးကြီးနှင့်ကြီးဖြူက ကြီးသူငယ်ချင်းဖြစ်သည်။ ကြီးဖြူ ယောက်ျား ဘဘနဲ့သူ့အမေကလည်း ငယ်သူငယ်ချင်းဖြစ်ကြသည်မို့ ကြီးဖြူက ကြီးကြီးကို သူငယ်ချင်းလိုအပြင် ညီအစ်မလိုပါ ခင်တွယ်နေသူဖြစ်သည်။

"သမီး ညည်းအဖေဆေးခန်းပြရက်ဆိုရင် ငါ့ကို လိုက်မပို့နဲ့လေ"

"ဖေဖေက ညနေမှပါ ကြီးဖြူကနေ့လယ်သွားမှာပဲဟာ"



"ညည်းပင်ပန်းပါတယ်"

"ရပါတယ် ကြီးဖြူ မပင်ပန်းပါဘူး"

ကြီးဖြူသူ့အပေါ်ကြည်ကြည်ဖြူဖြူရှိတာထက် သူ့မိဘများအပေါ် ငြိုငြင်မှုမရှိခြင်းကပင်လျှင် ဖူးအတွက် ကြီးဖြူကျေးဇူးတရားကို ဆပ်၍မကုန်အောင်ဖြစ်ရလေသည်။


ကြီးဖြူလည်း ကြီးကြီး၏စွယ်တရားများကြောင့် ရိပ်သာအဝင်စိတ်လာသလို အပြောအဆိုတွေကအစ အနည်းငယ် ပြောင်းလဲလာလေသည်။ ဖူးအနာဂတ်ကို ဘာကိုမှမျှော်လင့်ချက်မထားပါ။

'သားထူးထူး'ကို ပိုင်ဆိုင်ခွင့်ရနေခြင်းကပင်လျှင် သူ့အတွက်ကျေနပ်နေသင့်သော ဘဝတစ်ခုဟု သတ်မှတ်ပြီးပြီပဲ။ ဘာကိုများလောဘတကြီး ထပ်မျှော်ခင့်နေရတာလဲဟု ကိုယ့်ကိုယ်ကိုယ်ဆုံးမပြီး အပြင်သွားသူတို့ပြန်အလာကို စောင့်ချင်လျက် မစောင့်ဘဲ ပြန်လာလိုက်လေသည်။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၆)

ရင်မှာလစ်ဟာနေသမျှတို့ကို ဖြည့်စွက်ရန်အတွက် ထူးထူးကို အိမ်ပြန်ပို့ပေးပြီးနောက် ဖလားဝါးမီးနီမတ်သို့ ခြေဦးလှည့်ခဲ့သည်။ သူ ထုံးစံအတိုင်း ဖုံးကိုဖုန်းခေါ်လိုက်သည်။

"ဟယ်လို. . . ပြောပါ"

"မောင် ဖူးဆိုင်နားရောက်နေပြီ ထွက်လာမှာလား ကော်ဖီဆိုင်ကစောင့်နေမယ် ဒါမှမဟုတ် ဆိုင်ကိုပဲလာရမလား"

"ကိစ္စရှိလို့လား"





"အင်း. . ."

"ဒါဖြင့် ကော်ဖီဆိုင်ကပဲစောင့်နေနှင့်ပါ ကျွန်မလာခဲ့မယ်"

ထက်မင်းစံ ပြုံးပြီးဖုန်းကိုပိတ်လိုက်သည်။ အခြေအနေတွေက သူ့အတွက် အားတက်စရာတွေပါ။ ဖူး၏မိသားစုဘက်က သူ့အပေါ် ကြည်လင်နေကြသည်။ အထူးအရေးပါသော သူနှစ်ဦး ဖြစ်သည့် ထူးထူးက သူမှသူဖြစ်နေရုံမက. . .

တစ်အိမ်လုံး၏အင်ပါယာအရှင်မ ဖြစ်တော်မူသော ဒေါ်ဖြူဖြူမြင့်က သူ့ကိုမြင်လျှင် ပါးစပ်ကနားရွက်တက်ချိတ်မတတ် ပြုံးရွှင်လျက်. . .

"မောင်မင်းစံရယ် မင်းလာမှလာပါ့မလားလို့ မြေးလေးက မင်းကိုမျှော်နေရှာတာ"

"မောင်မင်းစံ မင်းရောက်တုန်းနေ့လယ်စာ ဘာစားချင်သလဲ ဆီချက်လား၊ နန်းကြီးသုပ်လား၊ ရှမ်းခေါက်ဆွဲလား ဘယ်ဟာ ကြိုက်သလဲပြော"

သို့ဆိုပြန်တော့ သူကရယ်မောပြီး. . .

"မလုပ်ပါနဲ့ဗျာ အလုပ်ပိုပါတယ်"

"မပိုပါဘူး မင်းစားချင်တာသာပြော ဒီအိမ်မှာ အားလုံး အဆင်သင့်ရှိနေတယ်"

သူက ဒေါ်ဖြူဖြူမြင့်ကို အကဲစမ်းသည့်အနေနှင့်. . .

"ဟာဗျာ အန်တီရာ ဒီအိမ်ကမခွာနိုင်အောင် ချည်နှောင်နေပြန်ပါပြီ" ဟု ရွတ်နောက်နောက် ပြောင်ချော်ချော်ပြောသော စကားကြောင့် ဒေါ်ဖြူဖြူမြင့်မှာ သဘောကျစွာရယ်လိုက်ရင်း. . .

"အေးပါ မခွာချင်ပဲ နေချင်ရင်လည်း နေလို့ရပါတယ်



www.burmeseclassic.com

www.burmeseclassic.com

ကွယ် မင်းအမေလက်ခံရင်ပေါ့ တို့ကလက်ခံပြီးသားပဲ မြေးလေး စိတ်ချမ်းသာနေရင် တို့လည်း စိတ်ချမ်းသာရတာပဲပေါ့. . . "

"အမေတော့ မလွယ်ပါဘူးဗျာ ခုထိသူ့သားကို ကလေး လေးမှတ်နေတုန်း"

"အင်းလေ. . . အမေတစ်ခု သားတစ်ခုကိုကွယ် တွယ်မှာ ပေါ့"

ထိုကဲ့သို့ ဖုးယောက္ခမ ဒေါ်ဖြူဖြူမြင့်ဘက်က အခြေအနေ တွေကောင်းနေပါလျက် ဖုးဘက်ကထုံဏှိဘာဝေ။ ကြီးကြီး ဒေါ် ကြည်ကတော့ နဂိုကတည်းက ဖုးနဲ့သူတို့၏ ဆုံစည်းမှုကိုပင် အားပေးအားမြှောက် ပြုခဲ့သူမို့ ယခုလည်း သူတို့ကိုပြန်ဆုံစည်း စေချင်သည့် ဆန္ဒရှိပုံရနေသည်။ သို့ဖြစ်ပါလျက် မစိမ်းကားကြီး စိမ်းစိမ်းကားကားရှိနေဆဲမို့ သူ ရင်ထဲမချိမခံသာဖြစ်ရလေသည်။

ထို့ကြောင့် ဒေါ်ဖြူဖြူမြင့်ကို သူ ထပ်ပြီးဘေးတီးပေးခဲ့ သည်။

"သားကျောင်းပိတ်ရက်တိုင်း ကျွန်တော်ကလာတာ ဟုတ် ပါပြီ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ မင်းအမေသိရင် ဆူမှာစိုးလို့ လား"

ခေတ်ပညာတတ် အဘွားကြီးပေပဲ။ သူ့အမေသူ့သား လူပျိုလေးကိုနှမြောစွာဖြင့် မုဆိုးမနှင့်ညားမှာစိုး၍ တားမြစ်နေ ကြောင်း ရိပ်မိပေမည်ပေါ့။

"မဟုတ်ပါဘူး ဒီအိမ်က ကလေးအမေက သူ့သားကို ဖျက် စီးနေတယ်လို့ ပြောမှာစိုးလို့ပါဗျာ"





"အံမယ်တော် ကျုပ်တို့အဘွားနှစ်ယောက်စလုံး ရှိနေတာ ပဲ သူကပဲအကဲပိုလို့ရမလား. . ဟွန်း. . . "

ဒေါ်ဖြူဖြူမြင့်က သူ၏ဝဖိုင့်ဖိုင့်ခန္ဓာကိုယ်ကြီးခါယမ်းကာ ချွေးမ၏လွှမ်းမိုးမှုကို မခံသလိုခေါင်းကိုမော့ကာ မျက်နှာချိုပြုရင်း ပြောလိုက်သည်။

သူ့ရင်ထဲ ကြိတ်၍ပြုံးနေမိသည်။ အသက် (၅၀)ကျော်လာ ပြီး အိုနာခြင်းကိုစတင်နေပြီဖြစ်သော အဘွားကြီးတွေကို ပေါင်း သင်းရတာ သတိထားရသည်။ တစ်ခါတစ်ရံ သူတို့လည်း လုပ် နိုင်သေးသည်ဟူသော မာနက အပြည့်ရှိနေသေးတတ်သော်လည်း ရံဖန်ရံခါ ဒူးနာ၊ ခါးနာ၊ သွားကျိုးလေးလံ ထိုင်းမှိုင်းလာသောအခါ၌ မာနက ကျသွားတတ်ပြီး သံဝေဂရသလိုလိုဖြစ်ကာ ရိပ်သာပြေးဖို့ ချောင်းတတ်လေသည်။ အိုနာဘေးကို မရှောင်နိုင်မှန်းသိလာတော့ မာနကျနေတတ်သည်။

သူ့စိတ်ထဲတွေးကာပြုံးနေမိရင်း ကားက ပလက်ဖောင်း ဘေးသေချာစွာရပ်လိုက်သည်။ နောက် ဖုး၏ မီနီမတ်ကိုလှမ်း ကြည့်လိုက်တော့ ဖုးထွက်လာသည်နှင့် ကြုံလိုက်ရသဖြင့် ကားဘေး မှာရပ်ရင်း မမှိတ်မသုံနှင့် တမ်းတစွာ ငေးမောမိနေလေသည်။ ခြောက်နှစ်တောင်ကျော်ခဲ့ပြီပဲ ဖုးရယ် အသက်တွေလည်း (၃၀)နား ကပ်နေလေပြီ။ အသက်အရွယ်အပိုင်းအခြားအရဆိုလျှင်တော့ ဒီအရွယ်ဟာ အိမ်ထောင်တစ်ခုတည်ဆောက်ပြီး သားတွေသမီးတွေ နဲ့ လုံးထွေးရစ်ပတ် နှောင်ဖွဲ့နေရမယ့်အချိန်တွေပါ. . .

အင်းလေ. . ဖုးကတော့ သားတစ်ယောက် ရထားသည် ဆိုတော့ အေးအေးဆေးဆေးနေနိုင်တာပေါ့. . .


www.burmeseclassic.com

www.burmeseclassic.com



ဖူးက သူ့ကိုမြင်တော့. . .

"ဟင်. . . ဆိုင်ထဲကစောင့်နေတာမဟုတ်ဘူး"

"အခုပဲရောက်တာ ဖူးကိုမြင်လို့စောင့်နေတာ"

ဘေးဘီကိုကြည့်ပြီး အရှက်သည်းသော မျက်နှာနှင့် ပြောလိုက်သောဖူးကို မချင့်မရဲပင်ဖြစ်သွားရသည်။ အကဲပိုနေရလား. .

ဆိုင်ထဲရောက်တော့ ထုံးစံအတိုင်း ကော်ဖီတစ်ခွက်ဆီမှာပြီး မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။

"ပြောလေ. . . ဘာကိစ္စလဲ"

"မောင်နဲ့သားက ရင်းနှီးနေပြီပဲ ဖူးရယ် မောင်တို့ လက်ထပ်ကြစို့နော်"

"အို. . ဘယ်ဖြစ်မှာလဲ"

အလန့်တကြား မျက်လုံးဝိုင်းလေးဖြင့် သူ့အား စိုက်ကြည့်ပြီး ငြင်းဆန်လိုက်သည်။

"ဘာဖြစ်လို့မဖြစ်ရမှာလဲ"

"ရှင့်အမေကမှ သဘောမတူတာ"

"မောင့်အမေသဘောမတူဘူးလို့ ဖူးကိုဘယ်သူက ပြောသလဲ"

ဖူး အငိုက်မိသွားသည်။ သို့သော် သဘောဖြူသောသူ ပီပီ. . .

"သြော် ဖူးလည်းသားတစ်ယောက်အမေ မုဆိုးမပဲဟာ စာနာတတ်တာပေါ့။ ကိုယ့်သားလူပျိုလေးကို ကလေးတစ်ယောက် အမေမုဆိုးမနဲ့ဆို လုံးဝမပေးစားနိုင်ပါဘူး. . . ပြီးတော့. . ."

"ပြီးတော့ ဘာဖြစ်သလဲ"





"ယောက္ခမက ကျွန်မကိုအပြတ်ပြောပြီးသား"

"ဘာပြောလို့လဲ"

"ထူးထူးအတွက် ပထွေးမလိုချင်ဘူးတဲ့ နောက်အိမ်ထောင်ပြုချင်ရင် ဒီအိမ်ပေါ်ကဆင်းသွားရမယ် သားကိုအပြီးတိုင် ထားခဲ့ပြီး လုံးဝပြန်မပတ်သက်ရဘူးတဲ့"

"ဟုတ်ရဲ့လားကွာ အန်တီဖြူက ဒီလောက် သဘောထားမသေးပါဘူး အမေနဲ့သားမပတ်သက်ရဘူးဆိုတာ မဖြစ်နိုင်တဲ့ကိစ္စပဲဟာ . . ."

"ကျွန်မ သားကိုလုံးဝမခွဲနိုင်ဘူး"

"မောင်ကလေည်း မခွဲခိုင်းပါဘူး မောင်က ပထွေးနေရာယူမယ့်လူမဟုတ်ပါဘူး အဖေနေရာယူမယ့်သူပါ သားအဖဖြစ်မယ့်သူပါ"

ဖူး မျက်စိမျက်နှာပျက်ကာ. . .

"ကျွန်မ သိနေလို့ပါ ကိုမင်းစံ ကြီးဖြူပြောတဲ့အတိုင်းလုပ်မှာ"

ဖူး၏ အမှန်တကယ်ကြောက်ရွံ့နေသော သဏ္ဌာန်လေးကိုကြည့်ပြီး သူ ရင်မောလာရသည်။

"အင်းလေ အခုမှသားနဲ့မောင် ရင်းနှီးမှုက သုံးလကျော်လေးလနီးပါးပဲရှိသေးတာ၊ နောက် ခြောက်လလောက်ဆိုရင် သားနဲ့မောင့်ကြားမှာဖြတ်မရတော့တဲ့ သံယောဇဉ်ကြိုးကြောင့် အန်တီဖြူမောင့်ကိုလက်ခံလာမယ်ဆိုရင်ကော"

"ရှင်. ."

ဖူးက သူ့စကားနားမလည်သလို ပြူးကြောင်ကြောင်



www.burmeseclassic.com

www.burmeseclassic.com



ကလေးလုပ်နေသည်ကို သူအသည်းယားစွာကြည့်ရင်း. . .

"ဖူးယောက္ခမကိုယ်တိုင် ဖူးနဲ့မောင့်ကိုသဘောတူရင် ဖူးလက်ခံမလား"

"မဖြစ်နိုင်တာတွေကို စိတ်ကူးယဉ်ပြီးပြောမနေပါနဲ့ ကိုမင်းစံ ကြီးဖြူက အဲဒီလိုဖြစ်မှာမဟုတ်ဘူး အပြောလည်းဆိုးသေးတယ် အိမ်မှာ ဒရိုင်ဘာတို့မာလီတို့ကို လူငယ်တွေမခန့်ဘဲ အဘိုးကြီးတွေခန့်ထားတာကြည့်တော့"

"ဘာဆိုင်လို့လဲ"

"ဖူးနဲ့ မယုံလို့လေ ဖူးကိုယူတဲ့လူဟာ သိုက်တူးသမားပဲဖြစ်ရမယ်တဲ့၊ ဖူးလက်ချည်းပဲဆင်းသွားရမယ်၊ သားကိုမထည့်နိုင်ဘူးတဲ့"

"ဒါကတော့ လွန်ပါတယ်. . . ပစ္စည်းမပါဘဲ ဖူးလက်ချည်းပဲဆင်းခဲ့ရင် မောင်က ပိုသဘောကျတယ်၊ ဒါပေမယ့် သားက မိဘနဲ့ အဆိုင်ဆုံးပဲလေ. . . အဖေမရှိရင် အမေကအုပ်ထိန်းသူပဲဟာ တရားဥပဒေအရဆိုရင် ဖူးပဲသားကိုဆိုင်တယ်"

"အို. . . ဒါတွေမပြောပါနဲ့ ကိုမင်းစံရယ်. . . ကြီးဖြူဟာလည်း ကျွန်မရဲ့ကျေးဇူးရှင်ပါ၊ ကျွန်မတင်မဟုတ်ပါဘူး ကျွန်မဖေဖေ၊ မေမေ အားလုံးရဲ့ကျေးဇူးရှင်ပါ. . ."

"ကျေးဇူးရှိရင်လည်း ကျေးဇူးတရားကို ကျေးဇူးနဲ့ပဲဆပ်ပေါ့ ဖူးရာ နှလုံးသားနဲ့ ပေးဆပ်စရာလိုလို့လား"

သူအကျိုးသင့်အကြောင်းသင့်ပြောလာတော့လည်း ဖူးမှာ မှန်နေသဖြင့်ပြင်းပြင်းထန်ထန် မငြင်းသော်လည်း. . .

"ဖူး အပူမရှာချင်ပါဘူး"





"ဒါက အပူမှမဟုတ်တာပဲ အချစ်ရှာတာပဲကွယ် တစ်ပင်လဲလို့ တစ်ပင်ထူတာဟာလည်း အပြစ်မဟုတ်သလို လွတ်လပ်နေသူချင်းပဲ ဖူးရယ် မောင့်ကိုမသနားဘူးလားဟင် ဖူးကိုရင်ထဲက ထုတ်လို့မရသေးလို့ လူပျိုကြီးလုပ်နေတဲ့မောင့်ဘဝကို ဖူး နည်းနည်းလေးမှ မသနားဘူးလား"

နှလုံးသားနုကာ သနားကြင်နာလွယ်တတ်သော မိန်းမသားတို့၏ နှလုံးသားကို သူက အသနားခံမြှားနှင့် ပစ်ခွင်းလိုက်သည်။ ဖူးမျက်နှာလေး ဖြူဖျော့သွားသည်။ မျက်ဝန်းအိမ်၌ ပုလဲခလေသည်။

"ကျွန်မကိုခွင့်လွှတ်ပါ. . . ကျွန်မဆုံးဖြတ်ချက်ချပြီးပြီ ကျွန်မဘဝကို သားအတွက်ပဲ ပေးဆပ်သွားတော့မယ်"

"သားယောကျ်ားလေးရဲ့ဘဝမှာ လိုအပ်ချက်တွေ သိပ်များတယ်နော် ဖူး မင်းတစ်ယောက်တည်းစောင့်ရှောက်သွားနိုင်မှာမဟုတ်ဘူး မောင်ကသားကို မောင့်သွေးသားလို စောင့်ရှောက်သွားနိုင်တယ်လို့ သစ္စာပြုပါတယ်ဖူး ဒါတောင်မရသေးဘူးလား"

"ဟင့်အင်း. . ဟင့်အင်း. . ဖူးဆီကဘာမှမမျှော်လင့်ပါနဲ့တော့ ဖူး သားနဲ့ဝေးရမှာကိုအကြောက်ဆုံးပဲ"

"မဝေးစေရဘူး ဖူးဘက် မောင့်ဘက် မောင်ပဲ ရင်ဆိုင်ဖြေရှင်းသွားမယ် ဖူးကမောင့်ကိုယုံကြည်ပြီးသာလိုက်ခဲ့ပါ"

ဖူး ခေါင်းငိုက်စိုက်ချပြီး နှုတ်ခမ်းလေးကို တင်းတင်းစေ့ထားလေသည်။ သူအားမလိုအားမရနှင့် စားပွဲပေါ်ရှိဖူးလက်ကိုဆုပ်ကိုင်လိုက်သောအခါ ဖူးက ခေါင်းထောင်လာပြီး အလန့်တကြားရုန်းလိုက်လေသည်။ ပြီးတော့. . .



www.burmeseclassic.com

www.burmeseclassic.com



"ဖူးဘဝကို ဘာအပြောင်းအလဲမှမလုပ်ဘဲ ဒီအတိုင်းလေးပဲ နေသွားပါရစေ၊ ရှင်လည်း အိမ်ထောင်ပြုပြီး ကိုယ့်ဘဝကိုယ် တည်ဆောက်သွားပါတော့ ဖူးခုလိုပဲနေသွားပါရစေတော့ ကိုမင်းစံ"

ထက်မင်းစံရင်မှာ မသက်သာလွန်းသဖြင့် သက်ပြင်းချ လိုက်ပြီး. . .

"ဖူးရာ မင်း မောင့်အပေါ် သိပ်ရက်စက်တာပဲနော်"

သူ မချီတင်ကဲ ညည်းညူလိုက်ပြန်တော့လည်း ဖူးမှာ ကြေကွဲရိပ်လွှမ်းနေသော မျက်ဝန်းအစုံနှင့်. . .

"ကိုမင်းစံရယ် ကျွန်မကိုမတောင်းဆိုပါနဲ့လား ကျွန်မ ယောကျ္ာမနဲ့ ရှင့်အမေရဲ့ဆန္ဒကိုသာ ရှင်အရင်တောင်းဆိုကြည့်ပါ လား'

သူ့ရင်ထဲ ဒိန်းခနဲဖြစ်သွားသည်။ ဟုတ်သားပဲ မုဆိုးမ ကိုလိုချင်နေသောသူက အမေမုဆိုးမကြီး၏ဆန္ဒကို ဥပေက္ခာပြု ထားရအောင် တစ်ကိုယ်ကောင်းမဆန်သင့်ဘူးဟု သူတွေးလိုက်မိ တော့ အမေ့ကိုသတိရသွားသည်။

"ကျွန်မသွားပြီနော် စိတ်ချမ်းသာစရာတွေသာ ရှာဖွေပြီး နေပါ ကိုမင်းစံရယ်"

ဖူးက ကရုဏာသံလေးနှင့် နှုတ်ဆက်ပြီး ထွက်သွားလေ သည်။ ဖူးနောက်ကြောပြင်ကိုငေးရင်း သူ့ရင်ထဲမချီတင်ကဲ နာကျင် လျက်သား ကျန်ရစ်ခဲ့လေတော့သည်။







# အခန်း(၂၂)

ယောကျ်ားပီပီ တုံးဆိုတိုက် ကျားဆိုကိုက်လိုက်ချင်သည်။ ထို့ကြောင့် ချစ်သူနားမစားရအညှော်ခံ တစ်ရစ်ဝဲလည်လည် လုပ်နေမည့်အစား ချစ်သူကိုသိမ်းပိုက်ရယူပိုင်ဆိုင်လိုသည့် ဆန္ဒက ငါ့ဝမ်းပူစာလို ဖြစ်လာရသည့်အတွက် မအူပင်အိမ်ကိုရောက် ရောက်ချင်း မိခင်နှင့်မျက်နှာချင်းဆိုင်မိသည့် အချိန်တွင်. . .

သူ ဖူးကိုလက်ထပ်လိုကြောင်း အမေတို့လူကြီးချင်း ဆွေး နွေးပေးပါဟု တောင်းဆိုကြည့်သည်။ အမေက ခါးခါးသီးသီးပင်. .

"မဖြစ်နိုင်ဘူးသား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ အမေ"

"ကလေးတစ်ယောက်အမေ မုဆိုးမနဲ့ အမေဘယ်လိုလုပ်သဘောတူနိုင်မှာလဲ သားကလူပျိုစစ်စစ်ပဲ၊ ဒါကြောင့် အပျိုစင်ကိုပဲ အမေသဘောတူနိုင်မယ် အမေရင်နာအောင် မလုပ်ချင်ပါနဲ့ သားရယ်. . . အမေက အမေသွေးကိုပဲ အမေချစ်နိုင်မှာ. . ."

အမေ၏ပြင်းချက်က ပြင်းထန်လှသည်။ သူဘာတွေ လျှောက်လဲချက်ဆက်ပေးရမှန်းမသိအောင် စိတ်ရှုပ်ထွေးသွားမိသည်။

"ပြီးတော့ ဖြူဖြူမြင့်ဟာ အမေနဲ့ငယ်သူငယ်ချင်းတွေ ဖြစ်ခဲ့ပေမယ့် ကြီးလာပြီးပြန်တွေ့တော့ စီးပွားရေးအရသာ ဆက်ဆံတာ၊ အခြားလူမှုရေးဘာညာ ဆက်သွယ်မှုမရှိဘူး ချမ်းသာလွန်းတော့ မာနကြီးပြီးတင်စီးလွန်းလို့ အပေါ်ယံပဲ အမေ ဆက်ဆံတာ. . ."

သူ ဘာမှမပြောနိုင်ဘဲ မိခင်ပြောသမျှကိုသာ ခေါင်းငုံ့ခံနေလိုက်သည်။ သို့သော်. . သူ၏ခံမပြော နားမထောင် စိတ်ခါတ်ကို သိနေသော အမေက သားဖြစ်သူ သူ့ကိုဆန့်ကျင်၍ တစ်ဘက်မိန်းကလေးကလက်ခံလျှင် ဇွတ်တိုးမည့်စိတ်ခါတ်ကို ကြိုမြင်ထားသည့် အလား. . .

"အင်းလေ မင်းကောင်မလေးကသာလက်ခံရင် မင်းလည်းအမေ့ကိုကျော်ခိုင်းသွားနိုင်တယ်သား. . ."

သူ ရင်ထဲ စူးနင့်သွားသည်။ အမေက ရင်နာမှုကို ထိန်းလျက်နှင့်

"ကိစ္စမရှိဘူးသားရေ အမေက မလွှမ်းသေးဘူး သားသမီး





ဆိုတာ ဧည့်သည်ပဲလို့လက်ခံယုံကြည်ပြီးသားပဲလေ. . ."

အမေက ခပ်ပြတ်ပြတ်ပြောချလိုက်သည်မို့ သူကနာကျင်မှုကို သက်ပြင်းရှည်ကြီးမှုတ်ထုတ်လိုက်ပြီး. .

"အမေ့ကို ကျွန်တော်ပြောပြီးပြီပဲ သူက ကျွန်တော့် အချစ်ဦးပါ အချစ်ဦးကလွဲလို့ ဘယ်သူ့ကိုမှလက်မထပ်နိုင်ဘူး အဲဒါဆို အမေပဲ သစ်ခြောက်ပင်ကို ပန်းပွင့်လာဖို့ စောင့်မျှော်နေတဲ့သူဖြစ်သွားမှာပဲ အမေ့ဘဝမှာ သားရဲ့ရင်သွေးကိုမမျှော်လင့်နဲ့တော့"

"ဘာ. . ."

အမေ့ကို ဤမျှအထိမပြောချင်သော်လည်း ရင်နာမှုကြောင့် နှုတ်ဖျားမှစကားတွေ အလိုလိုထွက်လာရာ အမေက သိတ်လန့် တကြားအော်လိုက်ပြီး. . . မိုးကောင်းကင်ကြီး ပြိုကျလာသည်ကို တွေ့မြင်ထိတ်လန့်သွားသူပမာ သူ့အား တွေခနဲ ကြည့်လာသောအခါ သူ အမေ၏ယူကျုံးမရ စကားသံများနှင့် မျက်ရည်စက်များကို ရင်ဆိုင်ရန်မဝံ့ရဲသောကြောင့် ပြေးထွက်ခဲ့သည်။

နှုတ်မှလည်း 'ကျွန်တော် သင်္ဘောပဲပြန်တက်ပြီး ကမ္ဘာပတ်နေတော့မယ်. . . ဒါပဲ ကျွန်တော့်အတွက်နေသာနိုင်မယ့် နည်းလမ်းပါ' ဟု. . . ပြောပြောဆိုဆို အမေ့ကိုပြန်လှည့်မကြည့်တော့ဘဲ မအုပင်မှ ပါရမီအိမ်သို့တန်းလာခဲ့လိုက်သည်။ ဖုန်းကိုလည်း ပါဝါချထားလိုက်သည်။ ကိုယ်အသုံးလိုမှ ဖွင့်ပြောတော့မည်။

သင်္ဘောပြန်တက်ဖို့သာပြင်ဆင်တော့သည်။ တစ်ခါကွဲခဲ့ပြီးသည့်အသည်း ထပ်မံကွဲရသည်။ ဒီတစ်ခါကွဲသည့်အသည်းက ပိုနာသည်။ ကျောင်းပိတ်ရက်လိုနေ့မျိုး၌ သူ့ကိုစောင့်မျှော်နေမည်



www.burmeseclassic.com

www.burmeseclassic.com



သားထူးထူး. . .

ပြီးတော့ သူလာလျှင် တစ်မျိုးပြီးတစ်မျိုးလုပ်ကျွေး သူနဲ့ ထူးထူးကစားတာကို သဘောကျစွာကြည့်နေတတ်သည့် အသွားကြီးနှစ်ယောက် ၊သူ့ကိုခိုးကြည့်တတ်သည့် ဖူး. . ၊ထို့အတူ အမေ. . ။

အမေ့မာနကို သူသြချသည်။ တစ်ပတ်၊ ဆယ်ရက် သူ အမေနှင့် မဆက်သွယ်ဘဲ တမင်နေလိုက်သည်။ ဒါကို အမေက လုံးဝရောက်ချမလာချေ။ သူကပဲ မနေသာတော့ ပွဲရုံကိုသွားရစ်သည်။ အမေမရှိတာတွေ့မှ တာဝန်ခံမန်နေဂျာအား. . .

"အမေ လာသလား"

"မလာဘူး ကျွန်တော်ကိုပဲ ဖုန်းနဲ့ညွှန်ကြားတယ်"

"ကျွန်တော့်ကိုကော မေးသေးလား"

"မမေးဘူး"

မာနကြီးပြီး ပြတ်သားလိုက်တဲ့အမေ. . .

"ဪ မောင်ရင့်ဆီဖုန်းခဏခဏလာတယ်"

"ဘယ်ကလဲ"

"ဖိုးစိန်လမ်းက ကြီးကြီးတဲ့ မောင်ရင်ကိုဖုန်းပြန်ဆက်ဖို့ ပြောတယ်"

"ဘယ်တုန်းကလဲ"

"သုံးလေးခါရှိပြီ ဒီနေ့လယ်ကတောင် ဆက်သွားသေးတယ်"

သူ ရင်ထဲ ဒိတ်ခနဲတော့ဖြစ်သွားသသည်။ ထူးထူးလေး များ နေမကောင်းလို့လား. . .

"အေးလေ ရာသက်ပန်ခွဲရမယ့်တူတူ အခုထဲက ပြတ်ပြတ်





သားသား လုပ်လိုက်တာပဲကောင်းပါတယ် ထူးအမေကလည်း ဒီခင်မာန်တက်ကာ သူ့သားတာဝန်သူယူနိုင်တယ်ဟု ဆိုထားခဲ့သည်ပဲ"

သူ ငွေစာရင်းဇယား အဝင်အထွက်စာအုပ်များယူခဲ့ပြီး အိမ်မှာပင် စစ်ဆေးရင်းညဥ့်နက်သွားခဲ့သည်။ မနက်ရောက်တော့ သူ၏ခြံတံခါးဝမှ ဘဲလ်သံက အိမ်ထဲဟိန်းထွက်လာတော့ သူ အိပ်မှုန်စုံမွှားနှင့် ထလိုက်ပြီး လုံခြုံရေးတီဗွီစကင်န်ကို ကြည့်လိုက်သည်။

"ဟာ. . ."

သူ လန့်ဖျပ်သွားသည်။

"ဖူး"

ပါဝါခလုတ်ဖွင့်ပေးလိုက်သည်။ ဖူးက ဒေါနှင့်မောနှင့်ဝင်လာသည်။ သူက အိမ်တံခါးဖွင့်၍ကြိုလိုက်သည်။ မျက်နှာမသစ်ရသေး။ ခေါင်းစုတ်ဖွားနှင့်ညအိပ်အင်္ကျီနှင့်ဖြစ်သည်။

"ဖူး ဝင်လေ. . ."

"မဝင်ဘူး ရှင်တော်တော် ဟန်ဆောင်ကောင်းတယ် သိုးယောင်ဆောင်တဲ့ ဝံပုလွေပဲ. . . ကျွန်မကိုမရလို့ ကလေးကိုပါ ပစ်ပယ်တယ် ခုမှ ရှင့်ရဲ့သိုးအရေခွံကျွတ်သွားတော့တယ်"

အသားတွေ တဆတ်ဆတ်တုန်၊ အသံတွေလည်းတုန်ခါပြီး ဒေါနှင့်မောနှင့်ပါလား. . .

"ဟာ. . . မဟုတ်ပါဘူး"

"ကျွန်မသား ရှင့်ကြောင့် ဆေးရုံတင်လိုက်ရပြီး ကျွန်မသား တစ်ခုခုဖြစ်သွားရင် ရှင့်ကိုလုံးဝခွင့်မလွှတ်ဘူး . . . ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ချာခနဲလှည့်ထွက်သွားတော့. . . သူ အပြေးတစ်ပိုင်းလိုက်ကာ ဖူးလက်မောင်းအိုးလေးကိုဆွဲပြီး ဟန့်အတား. . .

"ဖူး"

'ဖြန်း'ခနဲမြည်သံနှင့်အတူ သူဘယ်ဘက်ပါး ထူပူသွားသည်။ သား မာန်တက်နေသည့်ကျားသစ်မလေးပါလား။ နောက် ဖူး ရှိုက်ငိုရင်းထွက်ပြေးသွားလေသည်။ သူ ကြက်သေသေကာ ကြောင်ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။ သူ့ခြံတံခါးရှေ့ရပ်ထားသော ဖူးကားလေးပျောက်ကွယ်သွားသည်အထိ ကျောက်ဆစ်ရုပ်ဖြစ်ကျန်ရစ်ခဲ့လေသည်။

ဖူးနှင့် သူ အဝေးဆုံးသို့ရောက်ရှိသွားသလို ခံစားလိုက်ရသည်။ ချစ်သူအလိုကျသော နှစ်ဘက်လူကြီးမိဘတွေရဲ့အလိုကျကော သူ့နှလုံးသားကိုစတေးခံ လက်မြှောက်အရှုံးပေးကာ အဝေးသို့ ထွက်ပြေးတော့မည်ဆိုကာမှ. . .

သံယောဇဉ်ကျော့ကွင်းက ရုန်းမလွတ်သာပြန်ပါလား. . .

သူ အိမ်ထဲပြန်ဝင်။ ဖုန်းပါဝါကိုဖွင့်ပြီး ဖိုးစိန်လမ်းအိမ်သို့ ဖုန်းဆက်မေးလိုက်သည်။ အိမ်ဖော်မလေးနှင့်သာတိုးသည်။ သား ထူးထူးကို မနေ့က ကလေးဆေးရုံကြီးသို့တင်လိုက်ရသည်တဲ့. . .

'ဘုရားရေ သားလေးဘာမှမဖြစ်ပါစေနဲ့' ဆုတောင်းရင်း ကလေးဆေးရုံကြီးသို့သွားရန်သာပြင်ဆင်လိုက်လေသည်။

အောင်မြင်စာပေ



## အပိုင်း (၃)

ချစ်သူရယ်

မင်းကိုသတိရလွန်းလို့

မင်းကိုနာကြည်းမုန်းမေ့ချင်ပါတယ်။

ဒါပေမယ့်. . .မရခဲ့ဘူး

ဒါကြောင့် မင်းကိုသတိရလွန်းတဲ့


ငါ့ရဲ့စိတ်တွေကိုပဲ

နာကြည်းမုန်းတီးမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၈)

ဖုန်းခေါ်သံမြည်လာသဖြင့် ဖူး ဖုန်းကို နားကြပ်လေးနှင့် နားထောင်လိုက်သည်။

"ဟယ်လို"

"သမီးလား"

"ဟုတ်ကဲ့ ကြီးဖြူ"

"မြေးလေးသက်သာလာပြီ ဒါကြောင့် သမီးရေချိုးပြီးမှ ထမင်းချိုင့်ယူပြီး တစ်ခါတည်းလာခဲ့တော့. . ."





"ဟုတ်ကဲ့ ကြီးဖြူ သမီးသိပ်မကြာပါဘူး ဘာမှာဦးမှာလဲ"

"မမှာတော့ပါဘူး သမီးပြန်ရောက်မှ တို့အဘွားကြီး နှစ်ယောက်ပြန်နားမယ် အိမ်မှာပဲ ထမင်းစားမှာမို့ တို့အတွက်ထမင်းချိုင့် ယူမလာနဲ့"

"ဟုတ်ကဲ့ ကြီးဖြူ"

ဖူး ယခုမှပဲ အသက်ဝဝရှူလိုက်နိုင်တော့သည်။ သားအတွက် သူ ရင်တွေပူလောင်မှုက မထိမ်းနိုင်ဘဲ မရောင်ရာဆီလူး ထက်မင်းစံအပေါ် သွားရမ်းမိနေပြီ။

အမှန်တော့ သူ့ဘဝအတွက် သူစဉ်းစားသင့်သည်။ ဘဝမှန်ပျောက်ဆုံးပြီး အငှားခန္ဓာမြှောင်နေရသည့် သူ့ဘဝကြီးကို သူတစ်ခါတစ်ရံ ရွံမုန်းမိသည်။ 'သား' ကြောင့်သာမဟုတ်လျှင် မိဘများကြောင့်သာမဟုတ်လျှင် စိတ်သွားတိုင်းကိုယ်ပါ ထင်ရာစိုင်းလိုက်ချင်သည်။

ထိန်းချုပ်ခြင်းဆိုလျှင် ဘယ်လိုထိန်းချုပ်ခြင်းဖြစ်ဖြစ် ပင်ပန်းလှသည်။ စိတ်ကိုပဲ ထိန်းချုပ်၊ ထိန်းချုပ်။ နှလုံးသားကိုပဲ ထိန်းချုပ်၊ ထိန်းချုပ်။ ခန္ဓာကိုယ်ကိုပဲ ထိန်းချုပ်၊ ထိန်းချုပ်။ အကြောင်းအရာကိုပဲ ထိန်းချုပ်၊ ထိန်းချုပ်။ ပင်ပန်းလွန်းလှသည်၊

သို့အတွက် သူ စိတ်ကိုလွှတ်ပေးလိုက်သည်။

"အား. . ."

မျက်ရည်ကိုသွန်းချငိုကြွေးပစ်လိုက်သည်။ နှလုံးသားတံခါးကိုပိတ်ပြီး တိတ်တိတ်ကလေးနေရတာလောက် ပင်ပန်းခဲ့သည်က မရှိချေ။ လွန်ခဲ့သော (၆)နှစ်ကျော်ခန့်ကလည်း. . .

နှလုံးသားတံခါးကိုပိတ် တိတ်တိတ်ကလေး နေခဲ့ပါသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း. . ချစ်ခြင်းကတော့ ရှင်သန်လာခဲ့သည်ပင်။ ယခုတစ်ဖန် တစ်ကျော့ပြန်နှလုံးသားအရေး ထပ်မံကြုံတွေ့လာပြန်တော့လည်း ရှိရင်းစွဲချစ်ခြင်းက ထပ်မံရှင်သန်လာပြန်တော့. . .

နှလုံးသားမှာ ထိချက်နာလာရပြန်သည်။

'ဟ' နေခဲ့သောနှလုံးသားကို အတင်းအကြပ် ပြန်ပိတ်လို့ မရနိုင်တော့. . . ရင်မှာ စူးနင့်နာကျင်လျက်ရှိချေပြီး. . .

ဪ လွန်ခဲ့သော(၆)နှစ်ကျော်ကာလထဲက သန္ဓေတည်ခဲ့သော အချစ်ငြောင့်ကလေးက နှုတ်၍မရနိုင်ခဲ့သေးပါလား. . .

လွန်ခဲ့သော (၆)နှစ်ကျော်ကာလခန့်က မိဘတွေနှင့်မနေဘဲ ကြီးတော်အပျိုကြီး၏ ရန်ကင်းတိုက်ခန်း၌ အဖော်အဖြစ် လိုက်နေပေးတာထက် အေးအေးဆေးဆေး မျက်စိအေး၊ နားအေး၊ ပါးအေး နေခွင့်ရနေခြင်းက သူ့အတွက် ရောဂါတစ်ဝက်ခန့် သက်သာစေသည်။





မိဘတွေ၏ တောင်ဥက္ကလာပအိမ်က ပေ၂၀ × ပေ၆၀ မြေပေါ် ဆိုတော့ အိမ်ချင်းတွေကကပ်ရက်သား။ တစ်အိမ်က စကားသံတစ်အိမ်ကကြား၊ လမ်းမပေါ်ကအသံ၊ နောက်ဖေးအိမ်ဘက်ကအသံတွေနှင့်ဆိုတော့ ညဥ့်နက်မှအိပ်တတ်ပြီး နေမြင့်မှထတတ်သောသူ့အတွက် သဟဇာတမဖြစ်ချေ။

သူ၌ နှလုံးသွေးကြောကျဉ်းရောဂါရှိနေတာ ကိုးတန်းနှစ်စာမေးပွဲဖြေစဉ် မောဟိုက်ပြီးမူးဝေလဲကျမေ့မြောသွားပြီး ဆေးရုံရောက်သွားသောအခါမှ သိခဲ့ရသည်။ ကိုးတန်းနှစ်မဖြေခဲ့ရ။ နောက်နှစ်မှဆေးခွင့်တွေနှင့်နားပြီး ပြင်ပဖြေဆိုခွင့်နှင့်ဖြေရသည်။ ဒီတော့ သူတို့နှစ်ယောက်မှာ ခြားနားသွားခဲ့သည်။ သူတို့နှစ်ယောက်ဆိုသည်မှာ

သူနှစ်ညီမဖြစ်သည်။

(၅)မိနစ်အမြွှာညီအစ်မဖြစ်သည်။

သူက အကြီး။ နာမည်က ပွင့်ဖူးဝေလွင်။

ညီမက အငယ်။ နာမည်က ပန်းဖူးဝေလွင်။

နှစ်ယောက်စလုံးက စကားပြောလျှင် 'ဖူး' 'ဖူး' ဟုသာ ကိုယ့်ကိုယ်ကို နာမ်စားသုံးတတ်သည်။

ညီမကတော့ တစ်နှစ်တစ်တန်း မှန်မှန်အောင်လျက် ဆယ်တန်းအောင်သွားပြီး တက္ကသိုလ်တက်နေချိန်၌ သူက ဆယ်တန်းကို ပြင်ပနှင့်ဖြေဖို့အတွက် ကျူရှင်တက်၊ ဂိုက်နှင့်စာကျက်နှင့် ကြီးကြီးကစီစဉ်ပေးပြီး သူ့ကိုခေါ်ထားခဲ့သည်။ ကြီးကြီး၏ အလုပ်က သိပ်မရှိ။ ရန်ကင်းဈေးထဲ၌ နေပြန်စားပေး အတိုးချထားခြင်းနှင့် မြေကွက်များဝယ်ထားပြီး မြတ်လျှင်ပြန်ရောင်းသည့်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သာရှိသည်မို့ သူတို့တူဝရီး အေးအေးလူလူ နေနိုင်စားနိုင်ရှိသည်။

သို့နှင့် ဆယ်တန်းအောင်မြင်ခဲ့ပြီး အဝေးသင်သာ ယူခဲ့သည်။ စီးပွားရေးဘာသာရပ်နှင့် ဝိဇ္ဇာဘာသာတွဲသာယူသည်။ သိပ္ပံဘာသာတွဲပင်မယူ။ ဘတ်စ်ကားစီးပြီး လက်တွေ့လုပ်ဖို့ကိုပင် ဝန်လေးတတ်သည်။ သူ အဝေးသင်ဒုတိယနှစ်၌ ညီမက ဒေးဖိုင်နယ်လ်အီးမေဂျာပင် ရောက်နေလေပြီ။

အိမ်တွင်းကြာရှည်စွာအောင်းနေနိုင်သော သူ့အတွက်ကလည်း အကြောင်းရင်းရှိလေသည်။ ပန်းချီဝါသနာအလွန်ပါသောကြောင့် ပန်းချီပညာစာအုပ်များကို ဖတ်၊ ပန်းချီရေးဆွဲနည်း စာအုပ်များကိုဖတ်ပြီး ပန်းချီကားများကိုဆွဲရင်း ပျင်းရိချိန်များကို ဖြေဖျောက်ပစ်နိုင်ခဲ့သည်။

တစ်နေ့. . .

ဝရန်တာမှာထိုင်ရင်း လမ်းသွားလမ်းလာများကိုငေးကြည့်နေစဉ်. . .

"ဟင်. . ."

သူ့မြင်ကွင်းထဲသို့ ရောက်လာသောပုံရိပ်တစ်ခုက သူ့နှလုံးသားကိုလှုပ်ခတ်သွားစေလေသည်။ သူ့အသွင်က တစ်မူထူးခြားနေသည်။ သက်တူရွယ်တူတွေ ကျောင်းသွားကျောင်းပြန်၊ ကျူရှင်သွား ကျူရှင်ပြန်တွေကို ငေးမောရင်းအပမ်းဖြေတတ်တာကလည်း သူ့အကျင့်ပင်။

ဒီနေ့တော့ မြင်ကွင်းထဲထူးကဲစွာဝင်ရောက်လာသူ၏ ပုံရိပ်ကိုကြည့်ပြီး. . .





တစ်လောကလုံး သူတစ်ယောက်တည်းရှိသလို အတွေးလေးနှင့် လမ်းလျှောက်တတ်သူ။

ထူးထူးခြားခြား ဂျပ်ခုတ်ကချင်လွယ်အိတ်လေး လွယ်လျက် သွားတတ်သူ။

နံနက်၊ ညနေ အချိန်မှန် ပုံမှန်တိုက်တန်းရှေ့မှ ဖြတ်သန်းတတ်သူဆိုတော့ တက္ကသိုလ်ကျောင်းသားပဲဖြစ်မှာပါ။ မျက်ဝန်းညိုညိုမှိုင်းမှိုင်း ပေါ်လွင်သောနှာတံ၊ ပိပြားသောနှုတ်ခမ်း အမြဲစေ့လျက် မေးစေ့အောက်ရှိ မွေးညင်းစုစုနှင့် နှုတ်ခမ်းမွေးစုစု ရေးရေးတို့က မှန်ဘီလူးနှင့်ခိုးကြည့်လျှင် ရင်ခုန်ရသည်။

ရင်ခုန်ခြင်းနှင့် နှလုံးခုန်မောဟိုက်ခြင်းတို့က မတူညီဘူးဆိုတာ သူခံစားသဘောပေါက်လာသည်။ ရောဂါအရ နှလုံးခုန်မြန်လာခြင်းက မောဟိုက်ပြီး နှုန်းခွေကာမူးလာ ရင်ပတ်အောင့်လာသည်အထိ ဖြစ်တတ်သည်။ ယခုရင်ခုန်ခြင်းကတော့ သွေးလည်ပတ်မှု မြန်ဆန်လာသည်။ ရင်ခုန်သံ တဒိန်းဒိန်းကိုကြားရပြီး လူမှာလည်း ပျော်ရွှင်လာသည်။

ထူးကဲတဲ့ခံစားမှုပေဘဲ။ သူ ဘယ်သူလဲ။

သူစိမ်းယောကျ်ားလေးတစ်ဦးနှင့် ပတ်သက်ပြီး စတင်၍ ခံစားချက်မွေးဖွားလာခဲ့သည်။ ပြီးတော့ စိတ်ဝင်စားမှုပိုလာခဲ့သည်။ စတွေ့လိုက်သည်နေ့မှစ၍ သူ့အသွားအပြန်ကို စောင့်ကြည့်ရသော အလုပ်ကို သူ့အလိုအလျောက်ကြည်ဖြူစွာဖြင့် လက်ခံလိုက်လေသည်။ ရင်ခုန်သံနွေးနွေးလေးနှင့် အမျိုးအမည်မသိသော ခံစားမှုဝေဒနာကို မွေးဖွားပေးစေသော ကိုလူစိမ်းကို သူစိတ်ထဲ ထားသွားရာမှ တိတ်တခိုးချစ်သွားမိသည့်အတွက်. . .



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ကမ္ဘည်းတင်လိုက်သည်။ ချစ်ဦးသူ 'မောင်' ဟု ကံကြမ္မာရက်စက်မှုက အမြွှာညီအစ်မမှာမှ သူတစ်ယောက်တည်း နှလုံးရောဂါသည် အမည်အတပ်ခံလိုက်ရသည်။ ပြင်ပအသွား အလာမရှိသောသူ့အတွက် ချစ်ဦးသူနှင့် နီးစပ်ဖို့ ဘယ်လိုဖန်တီး ရမှန်း မသိတော့. . .

မောင့်အသွားအပြန်ကို စောင့်ကြည့်ရင်းနှင့် ကျေနပ်နေရ သည်။ တစ်ဖက်သက်အချစ်။ တိတ်တခိုးအချစ်လေးနှင့် အသက် ရှင်သန်နေရသော ပွင့်ဖူးဝေလွင်ရဲ့ဘဝကို နတ်ဒေဝါများ ကြည့် မနေကြပဲနဲ့ဟုပဲ တမ်းတမိလေသည်။

ဪ တိတ်တခိုးအချစ်ကလည်း အမြစ်ခိုင်မာတတ်ပါ လား. . .







# အခန်း(၂၆)

"ဟင်. . . သူက ဒီတိုက်ခန်းမှာနေတာပဲ"

မိုးရွာနေတော့ ဝရန်တာမထွက်တော့ဘဲ အိမ်ခန်းထဲ ပြူတင်းပေါက်ကို အသာလှပ်ပြီး မှန်ဘီလူးနှင့်ဟိုဒီလျှောက်ကြည့် စဉ် ကျောင်းပြန်ချိန်နောက်ကျပြီးမှ ပြန်လာသောသူသည် သူတို့ တိုက်နှင့်မျက်စောင်းထိုးတိုက်ထဲကို ဝင်သွားတာတွေ့လိုက်ရသဖြင့် ရင်ထဲပျော်သွားစေသည်။

"ဒီနေ့ သိပ်နောက်ကျတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ သိမ့်ခနဲ နွေးသွားသောခံစားမှုက ပျော်ရွှင်မှုကို ဖြစ်ထွန်းစေသည်မို့ နှုတ်ကခင်လွတ်ကနဲ အသံထွက်သွားရာ. . .

"ဟဲ့. . . ဘာနောက်ကျတာလဲ"

မှန်ဘီလူးကို ဗီရိုပေါ် လှမ်းတင်လိုက်ရင်း ရှက်ပြုံးဖြင့် ကြီးကြီးအား. . .

"အို . . ဘာမှ မဟုတ်ပါဘူး"

"မဟုတ်ရင် ပြူတင်းပေါက်ပိတ် မိုးအေးတယ်"

"မိုး မပက်ပါဘူး ကြီးကြီးရဲ့"

"မိုးမပက်ပေမယ့် အေးတယ် ပိတ်ပြီး အနွေးထည်ဝတ်ထား"

"ဟုတ်"

ဖူးရင်ထဲ အပျော်တွေစုနေသည့်မို့ ကြီးကြီးအမိန့်ဟူသမျှတို့ကို နာခံပြီးချက်ချင်းလုပ်ပေးလိုက်သည်။ သူ့တိုက်ခန်းလည်း သိပြီဆိုတော့ မှန်ဘီလူးနှင့်ချောင်းကြည့်ဖို့ မြင်ကွင်းတွေ ပိုကျယ်လာပြီပေါ့. . .

"ဟင်. . . သူပြန်ထွက်လာပြန်ပြီ ကြီးကြီး"

"ဟဲ့ ဘယ်သူလဲ"

ဖူးက အခန်းထဲမှနေ၍ ဝရန်တာဘက်သို့ခပ်သွက်သွက် လှမ်းရင်း

"သူလေ ကြီးကြီး သူဟာဒီပြင့်ယောက်ျားလေးတွေနဲ့ကို မတူဘူး သိပ်တည်ငြိမ်တာ အေးလည်းအေးတယ်သိလား"

ကြီးကြီးက နားမလည်နိုင်သလို ဖူး နောက်လိုက်လာပြီး ဖူးကြည့်သည့်နေရာကိုလိုက်ကြည့်တော့ လမ်းပေါ်မှာ လူတစ်





ယောက်လျှောက်သွားနေသည်။ ဖူးနှင့်ရွယ်တူကောင်လေး ပိန်ပိန် ပါးပါးဖြူဖြူနှင့် ကချင်လွယ်အိတ်ကလေးလွယ်လျက်။

တူမချော 'ဖူး' က မျက်တောင်မခတ်တမ်းငေးနေသည်။ မျက်ဝန်းလေးတွေက ကြည်လက်တောက်ပနေသည်ဆိုတော့ ငယ်ရာကကြီးလာသော ကြီးကြီးရင်မှ စိုးထိတ်သွားသည်။ ဒီကောင်မလေး အရွယ်ရောက်လာပြီပဲ။

"နှလုံးရောဂါသည် သမီးက သမီးရောဂါနဲ့အိမ်ထောင်ပြုသို့ရပ့်မလားကွယ် ဆရာဝန်လည်းမေးကြည့်ပါဦး"

"အို. . ."

ဟုတ်ပေသားပဲ ဖူး ရင်ထဲလှုံနှင့်ဆောင့်အထိုးခံလိုက်ရသလိုပင် ခံစားလိုက်ရသည်။ စိတ်အားငယ်သွားရသည်။ ကြီးကြီးက သူ့စကားလွန်သွားမှန်းသိ၍ ပြန်၍ဘရိတ်အုပ်လိုက်သည်။

"သမီးရောဂါက ခွဲစိတ်ကုသလိုက်ရင် အဆင်ပြေသွားမှာပါ။ အခုတော့ အားမွေးထားလိုက်ဦး သမီးရေ. . ."

ဟု တူမကိုကြင်နာစွာနှင့် ပြန်လည်နှစ်သိမ့်လိုက်ပြန်သည်။ ဖူးကလည်း လိမ္မာစွာဖြင့် ကြီးကြီးစိတ်ချမ်းသာစေရန်. .

'ရပါတယ် ကြီးကြီးရဲ့ ဖူးက အပျင်းပြေစောင့်ကြည့်ရုံ သက်သက်ပါ. . . ပန်းချီဆွဲမလို့လေ' ဟု ပေါ့ပေါ့ပါးပါးလေးပြောရင်း သူ့ကိုစောင့်ကြည့်သောအလုပ်ကိုတော့ ကြီးကြီးရှေ့တွင် မလုပ်တော့။ သို့သော် သူ့အတွက် စိတ်ဖြေရာကိုတော့ ပန်းချီဆွဲခြင်းဖြင့်သာ နှစ်မြှုပ်ထားလိုက်လေသည်။

"ဟဲ. . . မိဖူး. . . သမီး"

ပန်းချီထဲစျာန်ဝင်နေသော ဖူး ရုတ်တရက်လန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အာ. . . လန့်လိုက်တာ ကြီးကြီးရယ်"

"ရေသောက်မလား"

"ရပါတယ်"

ရေဆေးပန်းချီကားမို့ စုတ်တံလေးကို ရေခွက်ထဲ၌ စိုက်ချထားလိုက်ပြီး ပလိပ်ပြားလေးကို စားပွဲပေါ် တင်လိုက်သည်။

"ညည်းပုံက မျက်နှာလည်းမမြင်ရဘဲ ကျောကုန်းပုံကြီးဟာ ဘာလုပ်ဖို့လဲ"

"နောက်ကျောက ဖူးကိုဆွဲဆောင်နေတာကို"

ဖူးရင်ထဲကခံစားမှုကို လှစ်ဟပြလိုက်သော်လည်း ကြီးကြီးက နားလျှံသွားပုံရသည်။

'အရှုံးမ'ဟု ခိုးကျူးထောပနာပြုလေသည်။ အမှန်တကယ်ပင် နောက်ကျောပြင်၌လည်း နွေးထွေးမှုရှိနေသလို ခံစားနေရသည်။ ရင်ထဲ၌ ချစ်ဦးမောင့်၏နောက်ကျောပြင်ကနေ သိုင်းဖက်ပါးအပ်ပြီး မောင့်ကိုဆွဲထားချင်စိတ်ရှိခဲ့ပါသည်။

"လမ်းလျှောက်ရအောင် ဒီနေ့နေသာတယ် ညည်းငှားချင်တဲ့စာအုပ်လေးဘာလေး စိတ်တိုင်းကျငှားဖတ်ရတာပေါ့"

"ဟင့်အင်း ကြီးကြီးဖာသာသွား ဖူးမသွားချင်ပါဘူး"

မျက်နှာလေး ညှိုးငယ်သွားပြီးငြင်းဆန်လိုက်သော တူမချောလေးကို ကရုဏာသက်သွားပြီး နဖူးကိုစမ်းတော့ ပူမနေသဖြင့် ဆံစလေးများကိုသပ်တင်ပေးရင်း. . .

"ဘာဖြစ်လို့လဲ သမီးရယ် အပြင်မထွက်တာနှစ်နဲ့ချီနေပြီ ကြာရင်ချိသွားဦးမယ်၊ အပြင်ထွက်ပြီး လမ်းလေးဘာလေးလျှောက်စားချင်တာလေးဝယ်စားမှပေါ့ကွယ်"





"လမ်းလျှောက်ရတာမောလို့ပါ ကြီးကြီးရယ် ဖူးအတွက် ယုဝတီကြည်ဝေစာအုပ်လေးတွေသာငှားခဲ့ပါနော်. . . "

"အေးပါကွယ်. . . အေးပါ"

ကြီးကြီး ဘာမှမပြောတော့ဘဲ စိတ်မကောင်းစွာဖြင့် အခန်းထဲမှ ထွက်သွားလေသည်။ သူ့အတွက် ကြီးကြီးစိတ်မကောင်းဖြစ်သွားမှန်းကို သူသိလိုက်သည်။ ငယ်ငယ်ရွယ်ရွယ်နှင့် နှလုံးရောဂါရှိနေသဖြင့် လောကကြီးကိုအရှုံးပေးပြီး အိမ်တွင်းအောင်းကာ လမ်းမပေါ် သွားလာနေသူများကို ငေးကြည့်ရင်းဖြင့် ပြင်ပလောကနှင့် အဆက်အသွယ်ဖြတ်ထားမိတာ ဖူးအမှားလား ကံကြမ္မာကပေးထားသော ဝဋ်ကြွေးပေလားဟု ဖူးတွေးမိသည်။

ဖူး စိတ်ပျော့တာလည်းပါမည်။

"မိဖူးရေ ကြီးကြီးသော့ယူသွားပြီနော် ဆာရင်လည်းစားသားနှင့်လိုက်တော့"

"ဟုတ်ကြီးကြီး ဖူး ထမင်းစားစောင့်နေမှာပါ ဖူးမှာတဲ့စာအုပ်သာ မမေ့နဲ့နော်"

"အေးပါ. . အေးပါ"

ကြီးကြီးထွက်သွားသံ၊ တံခါးပိတ်သံတို့ကို နားစွင့်ပြီး ပိတ်ချရပြီဆိုတော့ ခုတင်အောက်ထဲခို၌ ထိုးဖွက်ထားသော ပန်းချီကားများကိုထုတ်ကြည့်လိုက်သည်။ ရင်ထဲတဒိန်းဒိန်းခုန်လာသည်၊ ရင်ထဲစိုးထိတ်ပူပန်မှုများကြောင့် မောဟိုက်လျက်ပင် ရှိလာသည်၊

"မောင်ရယ် ဒီနေ့တော့ အစောကြီးပြန်လာပါလား. . . မနေ့ကတော့ နောက်ကျတယ်. . . ခြေလှမ်းတွေကလည်း သိပ်သွက်နေတယ်. . . ပြောစမ်းမောင်. . . မောင်မျက်နှာလည်း



www.burmeseclassic.com

www.burmeseclassic.com



အခုတလော ရှင်လန်းနေသလိုပဲ ပြောစမ်းဘာတွေများပျော်စရာ တွေ့နေလို့လဲ. . . ဟွန်း. . . ”

ပန်းချီကားထဲမှ ချစ်ဦးသူနှင့် တိုးတိုးတိတ်တိတ် စကား ဆိုရင်း ရင်ထဲနာကျင်လာသည့်အတွက် ကြေကွဲပွင့်မျက်ရည်တို့က ရစ်ဝဲလာသည်။ တက္ကသိုလ်ကျောင်းသားတစ်ဦးမှာ ချစ်သူတော့ ရှိမှာပေါ့. . . ”

“အင်းလေ. . သူ့ဖာသာသူချစ်သူရှိရှိ ဘာရှိရှိပေါ့. . . ”

ကိုယ်ကတော့ တစ်ဖတ်သက်အချစ်နဲ့ တိတ်တိတ်ကလေး ပဲ ချစ်သွားရမည့်သူပေပဲ။ ချစ်ခွင့်ရနေတာကိုပဲ ကျေနပ်ရမှာပါ။

ကလင်. . . ကလင်. . . ကလင်. . .

“ဟင်”

ရုတ်တရက် လန့်သွားသည်။ ပန်းချီကားကို ခုတင် အောက်ထဲပြန်ထိုးထည့်လိုက်သည်။

“ဘယ်သူပါလိမ့် ကြီးကြီးကသော့ယူသွားတာပဲ”

တံခါးသို့သွားပြီး မှန်ဘီလူးချောင်းပေါက်မှ ချောင်းကြည့် စဉ်. . .

“ကြီးကြီး. . . မမ”

ကလင်. . . ကလင်

ဂျမ်းတော၊ ညီမ. . .

အချင်းတစ်ခုထဲမွေးချင်း အမြွှာညီမလေး ပန်းဖူးဝေလွင် ဖြစ်သည်။ မတွေ့ရတာကြာပြီဖြစ်၍ ဝမ်းသာအားရနှင့် တံခါးဖွင့် ပေးလိုက်သည်။ ညီမက အပြုံးပန်းတွေဝေဆာလျက်က သူ့ကိုလှမ်း ဖက်ကာ အိမ်ခန်းထဲဝင်လာရင်း. . .





“မမတစ်ယောက်ထဲလား ကြီးကြီးကော ဗိုက်ဆာလိုက်တာ ဘာရှိသလဲ”

“စားပုတ် စနေ၊ တနင်္ဂနွေမှ လာနေကြကိုကြားရက်လာ လို့ပါလား ထူးထူးဆန်းဆန်း. . . ”

“ကြားရက်လည်းလာမယ် ညလည်းအိပ်မယ် ဘာဖြစ် သေးလဲ ခုလည်းညအိပ်မယ်”

“ဟင်”

“ဘာလဲ မအိပ်ရဘူးလား ကြီးကြီးကတူမတစ်ယောက် တည်းရှိတာတဲ့လား”

“အို. . မဟုတ်ပါဘူး ဖေဖေမေမေတို့သိရဲ့လားလို့ပါ ညီမ ရယ်”

“ဘာလဲ . . ခစ်. . . ခစ် ညီမအိမ်ကထွက်ပြေးလာတယ် ထင်လို့လား”

ညီမကလည်း ပျော်ရွှင်နေပုံရသည်။ သူ့ကို တမင်ကလိ နေသည်။

“မလာတာ ကြာနေတာကိုး အခုမှဘာကိစ္စ ပေါ်လာ၍ တာလဲ ထူးထူးဆန်းဆန်း”

“ညမှပြောပြမယ် ကပါ. . မမရယ် ရှိတာတွေအကုန်ချက် ကျွေး. . ဟင်း. . မမ မလုပ်နဲ့ ပါးစပ်နဲ့ပဲပြော ညီမဖာသာ ချက်စား မယ်. . . ”

စိတ်မြန်ကိုယ်မြန်ရှိပြီး အင်မတန်သွက်လက်သော ညီမ ပန်းဖူးဝေလွင်နှင့် တည်ငြိမ်အေးချမ်းပြီး နွေးနွေးထွေးထွေး ဘတ်သော မမ ပွင့်ဖူးဝေလွင်မှာ ရုပ်ချင်းခွဲမရအောင် တူသည်



www.burmeseclassic.com

www.burmeseclassic.com



လောက်စိတ်ချင်းက ခြားနားလေသည်။

ညီမပန်းဖူးက အပူသမား၊ သူ. . ပွင့်ဖူးက အအေးသမား။ သို့သော် ရုပ်တူခြင်း၊ အသံတူခြင်းနှင့်အတူ ကိုယ့်ကိုကိုယ် 'ဖူး' ဟုသုံးသည့် နာမ်စားကလည်းတူနေသည်။ ကြီးကြီးကတော့ အတူ အနေများသောသူကို မိဖူး၊ သမီးဟု ချစ်စနိုးခေါ်တတ်သည်။ ပန်းဖူး ဝေလွင်ကိုတော့ 'ပန်းဖူး'ဟုသာ ခေါ်သည်။

မေမေ၊ ဖေဖေကတော့ သမီးကြီး၊ သမီးငယ်ဟုခေါ်တတ်သည်။ ကြီးကြီးရောက်လာတော့. . .

"ဟဲ့ကောင်မလေး. . ပန်းဖူး မပြောမဆိုနဲ့ ရောက်လာပါလား. . ."

"ကြီးကြီးလက်ရာစားချင်လို့ပေါ့ ပြီးတော့ ကြီးကြီးနဲ့မမတို့ကိုလည်း လွမ်းလို့. . ."

"မိညာမလေးချွဲပြီ"

ညဦးပိုင်း တူဝရီး(၃)ယောက် ပျော်ပျော်ပါးပါးနှင့် စားသောက်ကာ စကားပြောရင်းက ညဉ့်နက်ပိုင်းရောက်လာသောအခါ အမြွာညီအစ်မနှစ်ယောက် တိုးခွေ့အိပ်တော့ ကြီးကြီးက. . .

"ဟွဲ့. . . ပန်းဖူး ကြီးကြီးနဲ့လာအိပ်ပါလား. . အစ်မက နေကောင်းတာမဟုတ်ဘူး"

သူက ခေါင်းခါပြသောညီမကိုငဲ့ညာပြီး. . .

'ရပါတယ်၊ ကြီးကြီး ရယ်. . . တစ်ခါတစ်လေပဲ အိပ်ပါစေ'

သူ ခွင့်မပေးလည်းရမှာမှမဟုတ်တာ လာအိပ်တိုင်း သူ့နားတိုးခွေ့ကာဖွတ်ပေအိပ်တတ်သူပေပဲ။

ကြီးကြီးစိုးရိမ်သလိုပင် ညီမကပြောချင်ရာပြောပြီး အိပ်





သွားသော်လည်း သူအိပ်မပျော်တော့ပေ. . .

ညီမက အစ်မကိုရင်ဖွင့်တွတ်ထိုးခဲ့သော အကြောင်းများက သူ့နားတွင်ကြားယောင်နေဆဲဖြစ်ရာ. . . နှလုံးသားကို တံခါးပိတ်ဖို့ ပိုမိုခိုင်မာသွားစေခဲ့သည်။

"မမရေ. . . ညီမတို့ အတန်းကိုကျောင်းသားသစ် တစ်ယောက်တိုးလာတယ်၊ တောဘက်ကပြောင်းလာတဲ့ယောက်ျားလေး ပုံစံကတော့အမိုက်စားပဲသိလား. . ."

"သူ. . . ဘယ်မှာနေတယ်ထင်သလဲ"

"မမတို့ဒီတိုက်နဲ့ မျက်စောင်းထိုးမှာနေတယ်သိလား၊ ညီမ ဒီနေ့သူနောက်ကိုနောက်ယောင်ခံလိုက်လာတာ သိလား. . . ခစ်. ခစ်. ခစ်. . ."

"မမ. . မြင်ဖူးမလားမသိဘူး၊ ကချင်ဂျပ်ခုတ် လွယ်အိတ်ကလေးအမြဲလွယ်ထားတဲ့လူလေ လွယ်အိတ်မှာငွေမောင်းလေးတွေပါတယ်၊ ပုံစံကတော့ ဂျစ်တူးတူး ဝကျကျပုံစံပါပဲ ခပ်ကြောင်ကြောင်ပုံလည်းရတယ်. . . ဘာဖြစ်လို့လဲ မသိဘူး ညီမတော့ သူ့ကိုမြင်တာနဲ့ ရင်မခုန်စဖူးခုန်ပြီး စိတ်ဝင်စားသွားတယ်"


ညီမ စကားတွေကြောင့် သူ့စိတ်ထဲကြိတ်၍ ဘုရားတမိလိုက်သည်။ (၅)မိနစ်တိတိကွာခြားသော အမြွာညီအစ်မ... ယောက်ျားလေးတစ်ယောက်အပေါ် ပြိုင်တူစိတ်ဝင်စားခြင်း... သိပ်မထူးဆန်းဘူးထင်ပါသည်။ သို့သော် ထူးသွားသည်က... ဖြစ်သည်။ ထိုနေ့ည တစ်ညလုံးအိပ်မပျော်ဘဲ အမောဖောက်သ... နောက်နေ့ဆေးရုံတက်လိုက်ရသည်မှာ (၃)ရက်တော့ကြာ...ခဲ့ လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၀)

ညီမပန်းဖူးဝေလွင်သည် စိတ်မြန်ကိုယ်မြန်နှင့် တဇွတ်ထိုးနိုင်သော မိန်းကလေးဖြစ်သည်။ ပန်းချီဝါသနာပါသော်လည်း အစ်မဖြင့်သူကဲ့သို့ အာရုံစူးစိုက်မှုကမရှိတော့ ပန်းချီမဆွဲတတ်ချေ။ ဆွဲဖို့လည်းမကြိုးစား။ သို့သော် ပန်းချီပြပွဲတွေကိုတော့ အမြဲမပြတ် သွားကြည့်ကာ ခံစားလေ့ရှိတတ်သည်။

အခုလည်း အစ်မကို သူ့ပုံတူပန်းချီကားတွေအပ်သည်။ ပန်းဖူးဝေလွင် ရင်နာနာနှင့်ဆွဲပေးရသည်။ အဘယ့်ကြောင့်ဆိုသော်





သူ့ရင်မှာတိတ်တခိုးတွယ်ငြိနေသော 'မောင့်' ပုံတွေ ဖြစ်နေသောကြောင့်ဖြစ်သည်။

"တူတယ် မမရယ် သိပ်တူတာပဲ ဒီပုံပဲပြပွဲတင်လိုက်တော့မယ်နော်. . ဟွန်း မှတ်ထားကိုတောသား ရှင့်ကိုအမြင်ကတ်လို့ အရူးလုပ်ပြစ်တော့မယ်"

"ညီမရယ် ဘာတွေလုပ်ဦးမလို့လဲ၊ တစ်ဖက်သားထိခိုက်အောင်တော့ မလုပ်နဲ့နော်"

သူ စိတ်ကိုလျှော့ထားပြီးဖြစ်၍ ညီမအလိုကျလိုက်လျှောပေးခဲ့သည်။

"အို. . မလုပ်ပါဘူး မမရဲ့. . . သူ စိတ်တွေညီမအပေါ်ကြွေလာအောင်ပဲ လုပ်မှာပါ ကောင်းတယ် မမ. . . ဒီပုံပဲ ညီမကြိုက်တယ်. . လမ်းလျှောက်ပုံကအစတူတယ် မျက်နှာကလည်း တစ်လောကလုံးသူလုပ်စာထိုင်စားနေရတဲ့အတိုင်းပဲ ရှုတည်တည်နဲ့. . . ဟွန်း. . ညီမတို့အုပ်စုကတော့ သူ့ကိုလုံးဝမျက်နှာကြောမတည့်ပါဘူး"

မျက်နှာကြောမတည့်ပါဘူးဆိုသော ညီမ၏မျက်လုံးများက မောင့်ပုံကိုကြည့်နေလိုက်တာ ရွှမ်းရွှမ်းစိုလင်းလက်တောက်ပနေပြီး အသံကလည်း ကြည်လင်ရွှင်ပျနေလိုက်တာ. . . သူ ပင့်သက်လေးတိတ်တခိုးရှိုက်လိုက်သည်။

'မောင့်' ပုံကိုဆွဲပေးဖို့တောင်းဆိုလာသော ချစ်ညီမအတွက် သူ့နှလုံးသွေးကို ဆေးရည်ဖျော်ကာ ရေးဆွဲခဲ့သည်။ မစေ့တစောင်းအနေအထားနှင့် ကျောတစ်စောင်းပေး၍ လမ်းလျှောက်နေဟန် ကချင်လွယ်အိတ်လေးက ပခုံးထက်တွဲခိုမာန်ပါနေဟန်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ညီမပြစရာမလိုပဲ နှလုံးသားဖြင့်ထင်ပြီးဖြစ်သော ပုံရိပ်ကို ထင်ဟပ်ရေးဆွဲခြင်းဖြစ်သောကြောင့် ချစ်ဦးသူ 'မောင်'၏ ပုံရိပ်က ဆေးစက်ကျရာအရုပ်ထင်ဟပ်ခဲ့လေသည်။

"မမ. . . ပုံခေါင်းစဉ်ပေးဦးလေ"

"အင်"

သူ စဉ်းစားလိုက်သည်။ ညီမက ပုံရိပ်ကမျက်လုံးမခွာ။

"မမက သိပ်တော်တာပဲ တဖြည်းဖြည်းနဲ့ မမလက်ရာက ပါရမီရှင်အတိုင်းပဲဖြစ်လာပြီ. . တစ်ကိုယ်တော်ပြပွဲ လုပ်လို့တောင်ရပြီ"

သူ နှခုံးသွေးနှင့်ခြယ်မှုန်းထားသော ပန်းချီကားကို ညီမဖြစ်သူအတွက်ပေးအပ်လိုက်ရသည်။ နှလုံးသားကနေလည်း သူ့ကိုအပြီးတိုင်ထုတ်ပစ်လိုက်ဖို့ ကြိုးစားလိုက်တော့ သူနှလုံးသားက ငြင်းဆန်သည်ထင့်. . .

ဘယ်ဘက်ရင်ညွှန့် စူးအောင့်ကာနာကျင်လေသည်။

"အင်. . . မမ ပုံခေါင်းစဉ်ပေးလေ ပန်းချီဆရာနာမည်တော့ သူလိုလိုကိုယ်လိုလိုနဲ့ ဖလားဝါးအီးမေဂျာဆိုတော့ (F)(E) ဆိုပြီး လျှို့ဝှက်တင်လိုက်မယ်. . ."

သူဘာမှမပြောချင်တော့ သူနှလုံးသားကို ဖွဲ့ပေးလိုက်ပြီ. . .။ ညီမစိတ်တိုင်းကျလုပ်ပါစေ. .။ မောင်နဲ့ညီမလည်း အဆင်ပြေသွားပါစေလို့သာ ဆုတောင်းပေးလိုက်သည်။

"ရပြီ. . . ညီမ"

"ဘာခေါင်းစဉ်လဲ ဟင်"

"အရိပ်မဲ့သူ"





"အရိပ်မဲ့သူ. . အားမိုက်တယ် မမဟုတ်ပြီ ဒါဖြင့် ခေါင်းစဉ်တပ်ထား ဆိုင်းလည်းဖလားဝါးဆိုပြီးတော့ပဲ ထိုးလိုက် နောက်နေ့မှ တက္ကစီငှားလာပြီး ပြပွဲသွားတင်တော့မယ်'

'သူက ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားတာ သူ့ပုံပြပွဲမှာတွေ့လိုက်ရင် ဘယ်လိုနေမလဲမသိဘူး ဟင်း. . . ဟင်း. . ဟင်း အီးမှန်ထားတဲ့ရုပ်ကြီး ဖြစ်သွားမယ်ထင်တယ်. . ဟင်း. . ဟင်း. . ဟင်း"

ညီမရယ်နေချိန်၌ သူဘာမှမကြားတော့ဘဲ လေသံတွေ အော်ဟစ်သံတွေကြားက အသက်ရှူနိုင်ဖို့လေတစ်ဝက်ကိုပင် ခက်ရာခက်ဆစ် ရှာဖွေနေရသူပမာဖြစ်သွားပြီးနောက် လေဟာနယ်ထဲ လွင့်ပျံသွားသလိုခံစားလိုက်ရသည်။ နောက်ဆုံး သူထုံးစံအတိုင်း ဆေးရုံပေါ်ရောက်ကာ အောက်စီဂျင်ပိုက်တန်းလန်းနှင့်ဖြစ်သွားရသည်။ အနားမှာနေနေသော ကြီးကြီးက ညီမကိုဆူနေသံကြားလိုက်ရသည်။

"ကိုယ့်အစ်မရောဂါအကြောင်းသိရက်နဲ့ အတင်း ပန်းချီကားတွေဆွဲခိုင်းနေရသလား"

"မမလည်း ဆွဲနေကျဟာကို"

"သူ စိတ်ထဲထင်တာ သူဆွဲတာဘာမှမဖြစ်ပေမယ့် အတင်းအကြပ်ဘောင်ခတ်ပြီး ဟိုဟာဆွဲသည်ဟာဆွဲလုပ်တော့ စိတ်ဖိစီး မှုရသွားတာပေ့ါ"

"အင်းပါ ကြီးကြီးရယ် ဖူးမှားသွားပါတယ်. . ဖူးကော[illegible] ပြီးရင် ပိုက်ဆံတွေအများကြီးရှာပြီး မမရောဂါကိုနိုင်ငံခြား[illegible] ခွဲစိတ်နိုင်အောင် ကြိုးစားပေးလိုက်မယ်သိလား"



www.burmeseclassic.com

www.burmeseclassic.com



သူ. . . မျက်စိမှိတ်ထားသည့်ကြားက မျက်လုံးအိမ်ထောင့်စွန်းမှ ကြေကွဲပွင့်တို့က တိုးဝှေ့ထွက်လာလေတော့သည်။ ဆေးရုံမှာ (၄)ရက်တက်ပြီး ပြန်ဆင်းလာတော့ ကြီးကြီးက သူ့အားနားချလေသည်။ ချစ်သူကို ဆုံးရှုံးလိုက်ရပြီ ဟူသောအသိက နှလုံးသားကို ထုတ်နှုတ်ပြီး ဟင်းလင်းပြင်ထဲသို့ အပို့ခံလိုက်ရသလို ခံစားခဲ့ရသည်။

သူ့ဝေဒနာကိုသိနေပုံရသော ကြီးကြီးက 'သမီးတို့ဟာ အချင်းတစ်ခုတည်း မွေးခဲ့ကြတဲ့အမြွှာညီအစ်မပဲလေ လူတစ်ယောက်ကို ပြိုင်တူနှစ်သက်ခဲ့မိတာ အဆန်းမဟုတ်ပါဘူး ဒါပေမယ့် နှလုံးရောဂါအကြီးစားသမားဟာ အိမ်ထောင်ပြုလို့မရပါဘူးကွယ် ဒါနဲ့ပဲ သမီးကျေနပ်လိုက်ပါ. . . ဒီတော့ သမီးရဲ့စိတ်ကို ဘယ်သူမှမသိဘဲနဲ့ တိတ်တိတ်ကလေးပဲနေသွားလိုက်ပါတော့ကွယ် . . . သမီးရယ်နော် . . .။

ဆေးရုံကဆင်းပြီး ရန်ကင်းတိုက်ခန်းသို့ပြန်ရောက်စဉ် သူရေးဆွဲထားသော မောင့်ပုံပန်းချီကားများကို ထင်းရှူးသေတ္တာကြီးတစ်ခုထဲသို့ ထည့်ပြီး သော့ခတ်သိမ်းဆည်းထားရင်းက တတွတ်တွတ်ပြောခဲ့ လေသည်။

"အချို့အပျိုကြီးတွေရဲ့ရင်ထဲမှာ အသက်နှင့်အမျှ ထိန်းသိမ်းထားရတဲ့ နှလုံးသားဇာတ်လမ်းလေး တစ်ပုဒ်တလေတော့ ရှိတတ်ကြပါတယ်ကွယ်၊ ဒါပေမယ့် အသက်သာအသေခံမယ်၊ ဘယ်သူကိုမှပေးမသိနိုင်ပဲနဲ့ သေတဲ့အထိယုံဆောင်သွားကြတတ်တယ်လေ"

"ဒါဖြင့် ကြီးကြီးကလည်း"





"ဇာတ်လမ်းရိုးတစ်ပုဒ်ပါပဲ သမီးရယ်၊ ခုတော့ အေးချမ်းမှုငြိမ်းအေးမှုနဲ့ အရွယ်ရောက်လာတော့ အချစ်လွန်ဝေဒနာ နေရာမှာ တရားကအစားထိုးလာတော့ အားလုံးပျောက်ကွယ်သွားပြီလေ. . ဘကယ်တော့ အချစ်ဆိုတဲ့ဒုက္ခဟာ ခန္ဓာရဲ့အပိုဒုက္ခ တစ်ခုပါကွယ်၊ ဘကယ့်ဒုက္ခအစစ်အမှန်တွေကို ဝိပဿနာတရား အားထုတ်တဲ့အခါမှ တွေ့လိမ့်မယ်. . . အဲဒီအခါမှာ အချစ်ဆိုတဲ့ အပိုဒုက္ခဟာ ပါမွှားလေးဖြစ်ပြီး လွင့်ပျောက်ပျက်ပြယ်သွားပါလိမ့်မယ်. . ."

ကြီးကြီး၏ တစ်စွန်းတစ်စဝေဒနာနှင့် ခံစားချက်ကို သိမြင်လိုက်ရတော့ သက်ပြင်းချလိုက်မိပြီး ကြီးကြီးကဲ့သို့ပဲ အေးချမ်းသာအေးချမ်းကြောင်းရှာပြီး နေသွားရန် ဆုံးဖြတ်ချက်ချလိုက်တော့သည်။


အသက်ထက်မြတ်နိုးရသော သူကိုလည်းခံစားမှု ပုံပြင်တစ်ပုဒ် အဖြစ်နောက်ဆုံးထွက်သက်အထိ ရင်ထဲ[illegible]သာထားပြီး သော့ခတ်သိမ်းဆည်းသွားပါတော့မည်။ မောင်နဲ့ညီမ ဘယ်သောအခါမှမတွေ့မြင်စေရပါဘူးဟုလည်း ပိုင်းဖြတ်လိုက်သည်။ သို့သော်လည်း. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၁)

သို့သော်လည်း. . .

နှလုံးသားကိုတံခါးပိတ် တိတ်တိတ်ကလေးနေခဲ့သည့်တိုင်အောင်. . . ရှေ့ရေစက်ကလာတွယ်နေသေးသည်။

"ကြီးကြီး. . ဖူး. . သူ့ကိုခေါ်လာပြီး မိတ်ဆက်ပေးမယ်နော်. . ."

ကြီးကြီးကလည်း သူ့ခံစားချက်ကိုသိနေသူမို့ တားမြစ်ဖို့ကြိုးစားပါသေးသည်။

"အိုအေ. . . ရှုပ်ရှုပ်ယှက်ယှက်"





ညီမပန်းဖူးဝေလွင် လျှို့ဝှက်တင်ခဲ့သော ဖလားဝါး၏ 'အရိပ်မဲ့သူ' ပန်းချီကားကို အကြောင်းပြု၍ ရန်ဖြစ်လိုက် ပြန်ချစ်လိုက်ဖြစ်သွားသော ထက်မင်းစံနှင့်ညီမပန်းဖူးဝေလွင်တို့ အကြောင်းကို သူနားမယောင်ချင်ပဲ ကြားသိခဲ့ရသည်။ ညီမကလည်း အပ်ကြောင်းထပ်မျှလာပြော။ သူကလည်း ပြုံးလျက်နားထောင်နေရင်းမှ ရင်ထဲနာကျင်စရာမရှိအောင် ထုံနေခဲ့သည်။

ဒါကိုသိမြင်ပုံရသော ကြီးကြီးက. . .

"ပန်းဖူး ညည်းရဲကအချစ်အကြောင်းတွေ ကျုပ်တို့တူဝရီးရှေ့ လာမပြောနဲ့ နားရှက်တယ်"

"ဖူးတို့က ရိုးရိုးတန်းတန်းဖြူဖြူစင်စင် သန့်သန့်လေးပဲနေကြတာပါ ကြီးကြီးရဲ့ ဒါကြောင့် ကြီးကြီးတို့နဲ့ မိတ်ဆက်ပေးချင်တာ ခေါ်ခဲ့ရမလားဟင်. . ဟင်လို့. . ."

ကြီးကြီးက သူ့အားလှမ်းကြည့်တော့. . .

"ခေါ်ချင်ခေါ်လာလေ ညီမ ကြီးကြီးနဲ့ပဲမိတ်ဆက်ပေး မမရှိကြောင်းတော့ မပြောနဲ့ မမအခုတလော မောမောနေလို့ ဘယ်သူနဲ့မှစကားမပြောချင်ဘူး အခန်းထဲမှာပဲနေနေမယ်. . ."

"ကြားလား မိပန်းဖူး ညည်း အစ်မရောဂါသည်အကြောင်း ဘယ်သူမှမပြောနဲ့. . ကျုပ်နဲ့ပဲမိတ်ဆက်ပေးချင်ရင်တော့ ခေါ်လာခဲ့"

"မမကလည်း လောကကြီးနဲ့ အဆက်အသွယ်ဖြတ်ပြီးနေတာ သိပ်မကောင်းပါဘူး"

"ဟင့်အင်း. . . မမ ဒီလိုပဲနေရတာ နေကောင်းလို့ပါ လူတွေနဲ့စကားပြောဆိုနေရတာ စိတ်ပင်ပန်းလို့ပါ ညီမရယ်



www.burmeseclassic.com

www.burmeseclassic.com



သူ ငြင်းဆန်လိုက်သည်။ ကြီးကြီးက. . .

"အဲ့ပါအေ မမနေသာသလိုနေစမ်းပါစေ ညည်းအစ်မနဲ့ ပေးမတွေ့ဘူးဆိုရင်တော့ ညည်းလူညည်းခေါ်လာခဲ့. . ."

"ဟုတ်ကဲ့ပါ ကြီးကြီးရယ် အဟီး. . မမကိုလည်း. . အာရုံ အပြောင်းအလဲဖြစ်သွားအောင် ယောက်ျားပေးစားရရင် ကောင်းမ လား. . ."

အိပ်ခန်းထဲပြန်ဝင်ခဲ့သောသူ့အား မကြားတကြား ကျိစယ် လိုက်သည်။

"ဟဲ့. . . နှလုံးရောဂါသည်က အိမ်ထောင်မပြုရဘူးလေ"

"ကြီးကြီးကိုဘယ်သူပြောလို့လဲ ကုရင်ပျောက်တဲ့ရောဂါမှာ မလုပ်နိုင်တာဘာမှမရှိဘူး မမရောဂါကိုဖူးကပေးမှာ လူမမာက ခါတ်စာလိုလို့နေမှာ. . ."

"ဟဲ့. . အစ်မကိုနောက်စရာလား"

"အဟုတ်ပြောတာ အိမ်ထောင်ပြုကြည့်ပါလား လင်သား ကိစ္စနဲ့ ဒေါင်ဒေါင်မြည်သွားမှာ"

"ဒီကောင်မလေး. . ပြောလေကဲလေပါလား. . ကဲ. ."

ကြီးကြီးက ခေါင်းခေါက်လိုက်ဟန်တူသည်။

"အား လား လား နာတယ် ကြီးကြီးရဲ့ ဖူးက စတာကို"

ညီမ၏ရွှင်မြူးနေသော ရယ်မောသံလေးက သူ့ကျောကုန်း ကို ဖောက်ထွင်းကာ ရင်တွင်းဝင်ရောက်ခဲ့လေသည်။ ကျောပြင်ခြင်း ရှေ့မျက်နှာပြင်မှာ ပုလဲခနေသောအစ်မဖြစ်သူ၏ ကြေကွဲမှုပုံရိပ်ကို ကြီးကြီးကလွဲပြီး ဘယ်သူမှတွေ့မြင်နိုင်မည် မဟုတ်ပါချေ။

ထိုနေ့ည. . .





သူ. . သော့ခတ်ထားသော ထင်းရှူးသေတ္တာကြီးကို ဖွင့်၍ 'အရိပ်မဲ့သူ' ပန်းချီကားကိုပြန်ယူ ပန်းချီကားနောက်ကြောဘက်၌ ကဗျာတစ်ပုဒ်ကို နှလုံးသွေးနှင့်လက်တမ်းစပ်ခဲ့လေသည်။

" ငိုရယ်တဲ့ အသည်း "

- ငါကသဲအိမ်ဆောက်၍ ကမ်းခြေမှာစိတ်ကူးယဉ်နေစဉ်
ငါ့အသည်းတစ်ခြမ်းက အချစ်ကိုရှာဖွေတွေ့သွားလေပြီ
- ငါက ဆေးစက်များဖြင့် အချစ်ကိုရှာဖွေနေစဉ်
ငါ့အသည်းတစ်ခြမ်းက အချစ်ကိုပိုင်ဆိုင်သွားလေပြီ
- လောကကမ်းခြေမှာ ငါငိုနေစဉ်
ငါ့အသည်းတစ်ခြမ်းက အချစ်အိမ်ထဲမှာ ရယ်မောလျက်
ရှိနေပြီ။
ချစ်သူရယ်. . .
- ငါ့အသည်းတစ်ခြမ်းကို မြတ်နိုးတယ်ဆိုရင်
ကျန်တဲ့အသည်းတစ်ခြမ်းက မျက်ရည်တွေနဲ့ ရယ်ပြမှာပါ။
- ငါ့အသည်းတစ်ခြမ်းက ပြုံးပျော်နေရင်
ကျန်တဲ့အသည်းတစ်ခြမ်းက ကျေနပ်စွာပြုံးနေမှာပါ။
ကျေနပ်ပျော်ရွှင်ရမှာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၂)

နှလုံးသားတံခါးပိတ် တိတ်တိတ်ကလေးနေပါသော်လည်း မရချေ။ သံယောဇဉ်နွယ်ကြိုးမျှင်တွေက ဖြတ်တောက်၍မရ။ ညီမ က ချစ်သူကိုခေါ်လာ ကြီးကြီးနဲ့မိတ်ဆက်ပေး။ ကြီးကြီးက တစ်ခုခု လုပ်ကျွေးရင်း စကားတွေပြောကြသည်။ ဒါပေမယ့် ကြီးကြီးကတော့ ဧည့်သွားဧည့်လာသာ ညီမဖူးတို့စုံတွဲကိုလက်ခံသည်။ ကြီးကြီးက ရောဂါသည် တူမကြီး၏နှလုံးသားဒဏ်ရာကို တွေ့ထားသည်ကိုး

"ကျေးဇူးတင်ပါတယ် ကြီးကြီးရယ် ကြီးကြီးကြောင့် ဖူးအ





သက်ဆက်ရှင်နေနိုင်တယ်ထင်ပါရဲ့"

မတော်လိုက်ရသည့် ချစ်ဦးသူ တိတ်တခိုးအချစ်ကိုပင် ခုပ်သိမ်းလိုက်ရသူ၏ နှလုံးသားကို ထပ်မံပြီး သောကဝေဒနာလှိုင်း တွေက လာရောက်ပုတ်ခတ်လေသည်။

တစ်နေ့. . . ညီမရောက်လာပြီး အမောတကောနှင့်. . .

"ကြီးကြီး. . မမ. . . ဖေဖေနဲ့မေမေကို ဝိုင်းပြောပေးကြ ပါဦး. . ."

"ဟဲ့. ဟဲ့. . . ဘာဖြစ်လာရပြန်ပြီလဲ'

"ဖူးကို မေမေက သူ့သူငယ်ချင်း အေအီးသားနဲ့ လက်ထပ် ပေးမလို့တဲ့ အဲဒါ ဖူးဘယ်လိုလုပ်ရမလဲ"

သူ့ ရင်အစုံခုန်နှုန်းမြန်ဆန်လာသည်။ ဘုရားရေ. . .

ကံကြမ္မာက ထက်မင်းစံ ဆိုသောလူနှင့်အစ်မကိုကော ညီမကိုကောပါခွဲခွာပစ်ဖို့ကြံစည်နေပါလား'

"ဟဲ့. . . ဘယ်လိုလုပ်ရမှာတုန်း ညည်းရည်းစားရှိနေတာ ပြောပြလိုက်ပြီး မိဘတွေနဲ့ပေးတွေ့လိုက်ပေါ့အေ"

"သူ့ကိုပြောတော့ အေးတိအေးစက်နဲ့ ကိုယ်မယူချင်ရင် ဘယ်သူမှအတင်းအကြပ်လုပ်လို့မရပါဘူးတဲ့. . . သူလည်း သူ့ ဘကြီး နေမကောင်းလို့ ပွဲရုံကိစ္စအလုပ်ရှုပ်နေနေတယ်တဲ့လေ၊ ဖူးမှာ မိဘကျေးဇူးနဲ့ ဒီဘက်မှာရုန်းရခက်တယ်လို့ ပြောနေတာတောင် ပွဲရုံကိစ္စက သူ့ခြေသူ့လက်ဖြစ်နေတော့ ခက်တယ်တဲ့၊ သူ့မှာလည်း ဘကြီးရဲ့ကျေးဇူးက ရှိနေတယ်လို့ပြောတာပဲ"

ကြီးကြီးကော သူပါ သက်ပြင်းကိုယ်စီချလိုက်သည်။

"မမကော ပြောပါဦး ညီမဘယ်လိုလုပ်ရမလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



အမြွာညီမ၏နှလုံးသားသည်လည်း သူ့နှလုံးသား ဖြစ်နေသည်ဆိုတော့ သူ့ရင်မှာသောကအတွက် မောဟိုက်ပင်ပန်း လာသည်။ ဖြူဖတ်ဖြူရော်ဖြစ်သွားသော သူ့ကိုကြီးကြီးက နားလည်ဟန်ရှိသည်။

"အိုအေ. . ပန်းဖူး မမအေးအေးဆေးဆေးနေပါစေ ကျန်းမာရေးကောင်းတာမှမဟုတ်ဘဲ ခေါင်းစားပါတယ်. . သွား. . သမီးကြီး. . သွား. . အခန်းထဲမှာစာသွားဖတ်နေ"

"ဟုတ်. . ကဲ့ ကြီးကြီး ညီမ မမအကြံမပေးတတ်ဘူး ကြီးကြီးနဲ့သာတိုင်ပင်ပါကွယ်"

သူက မောဟိုက်စွာပြောပြီး အိပ်ခန်းထဲဝင်ခဲ့လိုက်သည်။

"ဟုတ် . . မမ ညီမက. . ခေါင်းသုံးလုံးဉာဏ်ဆိုတော့ ပိုထွက်မလားလို့ပါ ဟုတ်ပါတယ် မမ သွားနားပါ"

အစ်မကိုချစ်သောညီမကလည်း လျှောလျှောလျူလျူ ခွင့်ပြုလိုက်လေသည်။ သို့သော် နောက်ကြောင်းကမအေးတော့ စေ့ထားသောတံခါးမှ ဝင်လာသောအသံများကိုနားစွင့်မိလေသည်။

"အများကြီးစဉ်းစားစရာမလိုပါဘူး ပန်းဖူးရယ် နှစ်ခုပဲ စဉ်းစားရမှာပေါ့၊ မိဘတွေကိုရွေးမလား ချစ်သူကိုရွေးမလား ဒါပဲပေါ့"

"အဲဒီနှစ်ခုစလုံးက သိပ်ကိုကြီးမားတဲ့ဖိအားကြီးတွေ ဖြစ်နေလို့ ခက်နေတာပေါ့ ကြီးကြီးရယ်"

"ရည်းစားမရှိရင် ဖိအားက တစ်ခုပဲမဟုတ်ဘူးလား"

"ရည်းစားကိုမှမဖြတ်နိုင်တာ"

ကြီးကြီးနှင့်ညီမဆွေးနွေးပွဲတွင် သူ ယုန်သူငယ်နာစေး





သလို နေခဲ့ရလေသည်။ နှလုံးသားကကော ဦးနှောက်ကပါ သူ့ကို ပါဝင်ခွင့်မပေးခဲ့။ ချစ်သူကိုပဲရွေးပါဟုပြောလျှင် မိဘအပေါ် ကျေးဇူးကန်းရာကျမည်။ မိဘကိုပဲရွေးပါဟုပြောလျှင် ညီမ၏ နှလုံးသား ပွဲကြွေကျလာမည့် အပိုင်းအစကို မျှော်လင့်ရာကျနေမည်။

ဘာမှ မဝေဖန်ချင်. . . အကြံမပေးချင်တော့။ နားကို လက်နှစ်ဖက်နှင့်ယောင်ရမ်းကာပိတ်ပြီး ခုတင်ပေါ် လှဲချလိုက်တော့. . .

"အား. . ."

အသက်ရှူကျပ် မောဟိုက်လာပြီး၊ ရင်ညွှန့်ကစူးအောင့်လာသည်။ အသက်ရှူမဝတော့။ ဆရာဝန်ပေးထားသော အရေးပေါ် ငုံဆေးပြားထားရာကို လက်လှမ်းယူဖို့ကြိုးစားရာတွင် စားပွဲပေါ်ရှိ ပုလင်းရေခွက်တို့သာ တိုက်ကျသွားသည်။

"ဂလုံး. . . ဂလွမ်း"

အသံပလံများကြောင့် အိမ်ရှေ့မှ ကြီးကြီးနှင့်ညီမပြေးဝင်လာကြသည်ကိုသာ နောက်ဆုံးသိလိုက်ရသည်။ နောက်ပိုင်း ဆေးရုံကြီးရောက်ပြီး အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုကိုခံယူလိုက်ရသည်။

"ဒီတစ်ခါတော့ စိတ်မချရမခြင်း ဆေးရုံကပေးမဆင်းတော့ဘူး. . အိမ်မှာပဲနားပါ့မယ်၊ နားပါ့မယ်နဲ့ ဆေးရုံကဆင်းသွားပြီးတော့ မကြာဘူး ဆေးရုံပြန်ရောက်လာနဲ့ ဒီတစ်ခါတော့ လုံးဝပေးမဆင်းတော့ဘူး ဆေးရုံကဆင်းပြီးရင်တောင် ပင်လယ်ကမ်းစပ်လို နေရာမျိုးမှာ သွားအနားယူ စိတ်ဖိစီးမှုကို လုံးဝခံလို့မရဘူးဆိုလား



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဖူးဝေလွင်'

သူမချိုပြုံးလေးနှင့် 'ဟုတ်ကဲ့' လိုက်ရသည်။ သူ ဆေးရုံမှာ လနှင့်ချီတက်လိုက်ရစဉ်မှာပင် ညီမ၏ဘဝကလည်း ပြောင်းလွဲသွားခဲ့လေသည်။ ညီမက သူ့ဘဝကိုဦးနှောက်နှင့်သာ ရွေးချယ်ဆုံးဖြတ်လိုက်လေသည်။

"မမ. . ယောက်ျားတွေက အလကားပဲ ညီမကိုသူအခန်းသော့အပ်ပြီးလာနေ သူ လက်ထပ်ဖို့စီစဉ်မယ်ဆိုပြီး မဆက်သွယ်တော့ ဘယ်လိုလုပ်ရမှာလဲ အလကား သတ္တိမရှိတဲ့သူ သူ့ဖာသူပြတ်ပြတ်သားသားမဆုံးဖြတ်ရဲတဲ့လူ၊ သူ့ဘကြီးကို သိပ်ကြောက်ရလို့ ဘကြီးအမွေမရမှာစိုးလို့ ချစ်သူကိုတောင် ဥပေက္ခာပြုထားတဲ့သူ ဖူး. . သူ့ကိုမုန်းတယ်. . မုန်းတယ်၊ မမရယ်. . ဖူးကိုမချစ်လို့ မစွန့်စားရဲတာပေါ့နော်. . "

ညီမက ချစ်သူတိုက်ခန်းမှာ ပုန်းအောင်းနေရာမှ မိခင်က ပြန်မိသွားတော့ သူ ဆေးရုံဆီရောက်လာပြီး အစ်မကိုဖက်ကာ နောက်ဆုံးငိုကြွေးသွားခဲ့လေသည်။ ညီမ ဝေဒနာကလည်း သူ့ဝေဒနာဖြစ်ခဲ့ကာ သူလည်း ငိုကြွေခံစားရတော့ ဆေးရုံမှ တော်တော်နှင့် မဆင်းဖြစ်ခဲ့။

ညီမ၏ လက်ထပ်ပွဲကိုပင် မတက်ရောက်နိုင်ခဲ့။ ညီမနှလုံးသားပဲ့ကြွေရှာပေလိမ့်မည်။ ချစ်သူနှင့်ကွေကွင်းရခြင်းဟူသော ဒုက္ခဆင်းရဲနှင့် မချစ်မနှစ်သက်သောသူနှင့် ပေါင်းဖော်ရခြင်းဟူသော ဒုက္ခဆင်းရဲကိုပါ တစ်ပြိုင်နက်ခံစားရမည့်ညီမအတွက်ပါ သူခံစားရပြန်သည်။

"အချစ်ဆိုတာလည်း ကပ်ရောဂါဆိုးတစ်ခုပါပဲလား. . . "





ကြေကွဲဝမ်းနည်းမှုများနှင့် ပြည့်နှက်ပြီး ပူလောင်ကျွမ်းစေတတ်တဲ့အရာပါလား. . . သူကောညီမပါ ကြေကွဲပူလောင်မှုများနှင့် အသည်းကျွမ်းလောင်ခဲ့ရပြီ။ ထိုလောင်ကျွမ်းမှုအားလုံးကို ချစ်ဦးသူ 'မောင်'က ဖန်တီးသွားခဲ့သည်။

အမြွှာညီအစ်မနှစ်ဦးစလုံး၏ အသည်းနှလုံးကို ယူဆောင်ပြီးသူတို့နှင့် အဝေးဆုံးသို့ရောက်သွားခဲ့သော 'ထက်မင်းစံ' ကို နာနာကျင်ကျင်ဝေဒနာကြားက သူ မေ့ပျောက်၍မရနိုင်ခဲ့ပါ။

ဒါဟာ. . ဆန်းကြယ်သောစိတ်ပါလား. . ထိုနည်းတူစွာ ညီမကကော သူ့ခင်ပွန်းကိုကျော်စွာရင်မှာ နားခိုရင်း သူ့ချစ်ဦးသူ 'မောင်'ကိုမေ့ပျောက်နိုင်ပါ့မလား။ ပို၍ပင်ပန်းဆင်းရဲရှာမှာ ကျိန်းသေသည်။

"မမ. . . ညီမ ကိုကျော်စွာနဲ့ ဩစီလိုက်သွားတော့မယ် မမနဲ့ကြီးကြီးကိုခေါ်ပြီး မမရောဂါကို ညီမခွဲစိတ်ကုသပေးမယ်. . . ကိုကျော်စွာကသဘောတူတယ်၊ ဒါပဲ မမရေ လောကကြီးက တစ်ခုမကောင်း၊ တစ်ခုတော့ကောင်းရမှာပေါ့နော် မမ. . ဟင်း. . ဟင်း ကိုကျော်စွာက သိပ်သဘောကောင်းတဲ့လူရိုးလူဖြောင့် လူတော်တစ်ယောက်ပါ ညီမ. . အချစ်ရေးကံမကောင်းပေမယ့် အိမ်ထောင်ရေးကံကောင်းပါတယ်. . သူ ချစ်ကိုရလိုက်တာပဲ. . ဟင်း. . ဟင်း. . "

ညီမဖူးက ခြောက်ကပ်စွာ ရယ်ရင်းပြောလေသည်။ သို့သော် ညီမ၏မျက်ဝန်းရိပ်ကလေးကတော့ မျက်ရည်မစွန်းထွေးတော့ ပါချေ။ အပြောနှင့်အဟောညီစွာပင်။ ဖူး ဩစီလိုက်သွားပြီး တစ်နှစ်အကြာတွင် မြန်မာပြည်ပြန်လာပြီး သူနှင့်ကြီးကြီးကိုခေါ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စင်ကာပူ၌ သူ့နှလုံးရောဂါကို ခွဲစိတ်ကုသပေးပြီးနောက် ဩစီသို့ပါ တစ်ပါတည်းခေါ်သွားခဲ့သည်။

ဩစီမှာ ကြီးကြီးက အိမ်ထောင်ထိမ်းပြီး သူကမြန်မာလူမျိုးများ၏ ကလေးများကို မြန်မာစာမြန်မာစကားသင်ပေးရင်း ကျူရှင်ပြနေရာမှ ညီမက သားဦးယောက်ျားလေး မွေးဖွားတော့ ကလေးထိန်းနာနီရာထူးကို ရယူပြီး ကုမ္ပဏီအလုပ်လုပ်သော မတ်ကိုကျော်စွာနှင့်ညီမတို့ ညဘက်အိပ်ရေးမပျက်စေဖို့ သားလေးကို သူ့ရင်ခွင်၌ပင်ထား နို့တိုက်ကျွေးမွေးမြူခဲ့ရလေသည်။

သူ့ဘဝ နှလုံးရောဂါဝေဒနာကလည်း ပျောက်ကင်း၊ ညီမလေးကိုအချစ်တွေ စုပုံပေးချစ်နေရသည့်တိုင်အောင်. . .

အားလပ်ချိန်ရလိုက်သည်နှင့် နှလုံးသားထဲက ကမ္ဗည်းတင်ပြီးဖြစ်နေသော ချစ်ဦးသူကြောင့်မောင့်ကို သတိရနေဆဲပင်။ သို့အတွက် တစ်ခါတစ်ရံ နှလုံးခွဲစိတ်ကုသဆရာဝန်ကြီးများကိုပင် အပြစ်တင်လိုက်မိသည်။

'ဆရာကြီးတို့ရယ် ဘာကြောင့်များ ကျွန်မရဲ့ ချစ်တဲ့နှလုံးသားကိုပါ ဖွဲ့မထုတ်လိုက်တာလဲရှင်. . .'ဟု ။ ခုတော့ သူချစ်တတ်နေတော့ ချစ်သူကို တမ်းတလွမ်းဆွတ် နေဆဲပါပဲလား။

ထို့ကြောင့် ထုံးစံအတိုင်း လူခြေတိတ်ချိန်၌ ချစ်ဦးသူမောင့်ပုံကို စုတ်ချက်ဖြင့်ဆေးစက်တင်ရင်း ပန်းချီကားနောက်ကျော၌ ဝေဒနာတွေဖွင့်ဟလိုက်မိသည်။

ချစ်သူရယ်. . .
မင်းကိုသတိရလွန်းလို့
မင်းကို နာကြည်းမုန်းမေ့ချင်ပါတယ်။






ဒါပေမယ့် . . . မရခဲ့ဘူး။
ဒါကြောင့်. . . မင်းကိုသတိရလွန်းတဲ့
ငါ့ရဲ့စိတ်တွေကိုပဲ
နာကြည်းမုန်းတီးမိပါတယ်. . . ဟု။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၃)

"မမ. . . ထမင်းချိုင့်အဆင်သင့်ဖြစ်ပါပြီ"

အတိတ်ကိုပြန်ပြောင်းသတိရမိသော ဖူးကို အိမ်ဖော်မလေးမိညိုက လာပြောလိုက်တော့မှ သတိဝင်လာပြီး အတွေးအာရုံကို ဖြတ်တောက်ကာ. . .

"အေးအေး သားအဝတ်အိတ်ရယ် ခြင်းရယ်ကားပေါ်တင်လိုက်တော့ ခါတ်ဘူးကောရေနွေးဖြည့်ပြီးပြီလား"

"ပြီးပါပြီ မမ"





"ဟုတ်ပြီ ဘွားဘွားကြီးနှစ်ယောက်ပြန်မလာမချင်း အိမ်တံခါးကိုဖွင့်မပေးနဲ့. . ."

"ဟုတ်ကဲ့ပါ မမ"

ဩော် လူလောကထဲမှ လူအဖြစ် အသက်ရှင်နေသရွေ့တော့ လူ့သဘာဝကျကျ လှုပ်ရှားရုန်းကန်နေရပေဦးတော့မှာပေါ့. . .

ဖူး. . . ကားမောင်းပြီးပြန်ထွက်ခဲ့လေသည်။ ကလေးဆေးရုံကြီးဆီသို့ ဖြစ်သည်။ သြစီမှာ ကားအက်ခ်ဆီးဒင့်ကြောင့် ညီမ၏ယောကျ်ားကြီးနှင့် ညီမယောကျ်ားကိုကျော်စွာ ရုတ်တရက် ကွယ်လွန်ပြီး ညီမကအပြင်းအထန်ဒဏ်ရာနှင့် ဦးနှောက်သေသွားရာမှ တစ်ပတ်အကြာတွင် ကွယ်လွန်သွားခဲ့သည်။

ညီမဖူး၏ မိသားစုအရေးသည် သူ့အရေးဖြစ်ခဲ့သည်။ အထူးသဖြင့် ဖူး၏ယောက္ခမကြီး ဒေါ်ဖြူဖြူမြင့်နှင့် ဖူးသားလေး ထူးထူးကျော်စွာ တစ်ခါလည်းကျော်ကျော်သာ ရှိသေးသော သားလေး။ သူတို့အတွက် ဖူးမှာတာဝန်ရှိသွားပြီ။ လင်လေ၊ သားသေ၊ ချွေးမသေ သောကမီးကြောင့် ဒေါ်ဖြူဖြူမြင့်မှာ ပုန်းပုန်းလဲသွားခဲ့သေးသည်။

နောက်ဆုံး. . .

ဒေါ်ဖြူဖြူမြင့် (ကြီးဖြူ) ဆန္ဒအရ. . . သူသည် ညီမနေရာဟန်ဆောင်ပြီး ချွေးမနေရာကနေ ထူးထူး၏အမေရင်းနေရာ နေပေးပါမည်ဟု ကတိပေးတော့မှ ကြီးဖြူကျေနပ်ပြီး မြန်မာပြည်ပြန်လာခဲ့ကြသည်။ သူက မှတ်ပုံတင်အရတော့ 'ပွင့်ဖူးဝေလွင်' ပါပဲ။ သန်းခေါင်စာရင်းမှာတော့ 'ပွင့်ဖူးဝေလွင်' ပင်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကြီးဖြူ၊ ကြီးကြီး၊ မိဘနှစ်ပါးနှင့် သူကလွဲရင် အများအမြင်၌ ထူးထူးအမေ 'ပန်းဖူးဝေလွင်' မှုဆိုးမလေးပဲပေါ့. .

အင်းလေ. . . ဘဝဇာတ်ဆရာ က,ကြမ္မာပေးတဲ့ ဇာတ်ရှုပ် အတိုင်း ဆက်လက်ကရပေဦးမည်ပေါ့. . .

"ဦးဦး သင်္ဘောပြန်လိုက်သွားရင် ဘယ်လိုလုပ်မလဲ သားရဲ့. ."

"သားပါ လိုက်မှာပေါ့"

သားအသံက ရွှင်ပျနေသည်ဆိုတော့ ဖူး ပင့်သက်ရှိုက် လိုက်ပြီး တံခါးကိုတွန်းရန်လက်အလှမ်းတွင်. . .

"မေမေနဲ့ ခွဲနိုင်လို့လား"

"မေမေပါ ခေါ်ခဲ့မှာပေါ့"

တံခါးကို အမြန်ဖွင့်ပြီး အသံပေးကာ အခန်းထဲဝင်ခဲ့သည်။ သူ့ကိုမကြည့်မိစေရန်လည်း သတိထားလိုက်သည်။

"သား. . . စကားတွေဘာတွေတောင် ပြောလို့နေကောင်း သွားပြီလား "

"သူ့ဦးဦးလာတာနဲ့ စကားပြောတော့တာပဲလေ. . . ကဲကဲတို့ပြန်မယ် ညနေမှတစ်ခေါက်လာခဲ့မယ်၊ သွားပြီ မောင်မင်းစံ မြေးလေးကော ဘာစားချင်သလဲ. . ."

"ရေခဲမုန့်"

"ဆရာဝန်ကိုမေး စားလို့ရရင် ဝယ်ခဲ့မယ်"

"ဟုတ်. . ."

တစ်အိမ်လုံးရဲ့အသည်းကျော်လေး နာလန်ထူလာပြီဆို တော့ လူကြီးတွေအားလုံး မျက်နှာဝင်းပသွားကြသည်။





"ကြီးကြီးပြန်မယ် သမီး ဘာမှာဦးမလဲ"

"မမှာတော့ပါဘူး ကြီးကြီး"

အဘွားကြီးနှစ်ယောက် လှုပ်စိလှုပ်စိနှင့် ထွက်သွားတော့ အခန်းထဲတွင်ကလေး၏ ခုတင်တစ်ဖက်တစ်ချက်၌ရှိနေသော သူနှင့်ဖူးတစ်ယောက်နှင့်တစ်ယောက် မကြည့်မိအောင် သတိထား နေကြစဉ်. . .

"မေမေ"

"ဘာလဲသား"

"ဦးဦး သင်္ဘောလိုက်သွားရင် သားပါလိုက်မလို့ မေမေပါ လိုက်ခဲ့"

သားကပူဆာသည်။

"အို. . . သားကလည်း မေမေလိုက်လို့ဘယ်ရမလဲ"

"ဘာဖြစ်လို့လဲ မေမေ"

ဖူး အဖြေရခက်သွားသည်။ ထိုအခါ ထက်မင်းစံက. . .

"သား မေမေနဲ့ဦးဦးက ဘာမှမပတ်သက်ပဲနဲ့ အတူလိုက်လို့ ဘယ်ဖြစ်မလဲသားရဲ့"

"ဖြစ်ပါတယ်"

"သူစိမ်းတွေပဲကွာ"

ထက်မင်းစံ ကလေးကိုရှင်းပြသလိုလိုနှင့် ရင်ထဲမှအခံရ ခက်သော ချစ်သူ၏စိမ်းကားမှုဝေဒနာအတွက်ပါ တမင်ရွဲ့ပြော လိုက်မိခြင်းဖြစ်သည်။

"သူစိမ်းတွေမဟုတ်ပါဘူး မေမေက ဦးဦးပုံပန်းချီကားတွေ အမြဲဆွဲနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . သား"

ဖူး လန့်သွားသည်။ သား အိပ်ချိန်မှ သူ့အလုပ်ခန်း စာကြည့်ခန်းတွင် တစ်ခါတစ်ရံသတိရလွန်းသဖြင့် ပုံတူပန်းချီကားဆွဲရင်း ဖြေပျောက်သည်ကို သားကဘယ်လိုလုပ်သိပါလိမ့်. . .

"ဟုတ်တယ်လေ မေမေ ဦးဦးပုံလည်းဆွဲတယ်၊ ဦးဦးခါတ်ပုံတွေလည်း ကြည့်ပြီး ငိုနေတာ သားသားသိတာပဲဟာ"

ဒုက္ခပါပဲ ကလေးတွေလည်း အိပ်ချင်ဟန်ဆောင်တတ်ပြီး ခိုးကြည့်တတ်ပါလား။ သူမှာ ညီမလက်မထပ်မီ နောက်ဆုံးအပ်နှံသွားသော ညီမနှင့်ချစ်သူမောင့်ပုံတွေကော မောင့်ဓါတ်ပုံတွေပါ စာတွေ အားလုံးကိုသူ့အပိုင်စားရ သိမ်းဆည်းထားခဲ့သည်။ မောင့်ကိုပဲလွမ်းလွမ်း ညီမကိုပဲလွမ်းလွမ်း ဓါတ်ပုံတွေထုတ်ကြည့်ခဲ့မိသည်ကိုး။

"သား. . . စကားတတ်တိုင်း လျှောက်ပြောမနေနဲ့ ကဲ. . ကဲ. . ထမင်းစားရမယ်၊ သားဦးဦးကထမင်း သားကဆန်ပြုတ် သားကြိုက်တဲ့ငါးဆန်ပြုတ်လေးလေ စားမယ်နော်သား"

"ဦးဦးနဲ့ အတူတူဆိုစားမယ်"

"သားပဲစားပါ ဦးဦးအပြင်ထွက်စားမယ်"

"ဟင့်အင်း. . ဦးဦး အပြင်မထွက်နဲ့ ဦးဦးကပြန်သွားရင်ပြန်မလာတော့ဘူး. . . သားဦးဦးပျောက်သွားမှာကြောက်တယ်"

"ဪ. . . သားရယ်"

ထက်မင်းစံရင်မှာထိရှသွားပြီး သားထူးထူး၏ ခေါင်းလေးကို ဖွဖွလေးအုပ်ကိုင်လိုက်သည်။

"ဦးဦးကလည်း သားတို့အနားမှာ အမြဲနေချင်တာပေါ့





သားရယ်. . . ဒါပေမယ့် သားမေမေက နေခွင့်မှမပေးတာ. . ."

ထူးထူးတို့သားအမိကို ရန်တိုက်ပေးလိုက်မိသည်။

"ဟင်. . . ဟုတ်လားမေမေ၊ ဘာဖြစ်လို့လဲ"

"သားဦးဦးက သားဖေဖေမှမဟုတ်တာ မေမေ့နား ဘယ်လိုနေလို့ရမလဲ"

ထူးထူးက စဉ်းစားလိုက်သည်။

"သားဖေဖေအသစ်ဆိုရင်ကော. . ."

"အို. . ."

ဖူးမျက်နှာတစ်ပြင်လုံး မီးအဟပ်ခံလိုက်ရသည်။ ပူထူသွားသည်။ ထက်မင်းစံကတော့ သဘောကျစွာရယ်လျက်. . .

'ဒါဆိုရင်တော့ရတာပေါ့' ဟု သူချပေးသော လမ်းထဲကောင်းစွာဝင်ရောက်လာသည့် ထူးထူးကိုသဘောကျစွာ ပွေ့ချီပေါင်ပေါ်တင်ပြီး ဆန်ပြုတ်ကိုခပ်ကာ ခွံ့ကျွေးလိုက်သည်။

စိတ်ထဲ 'မှတ်ထား. . မရွှေဖူး. . မင်း မောင့်အပေါ် စိမ်းကားချင်ဦး' ဟုလည်း ကြုံးဝါးမိလိုက်လေသည်။ ပြီးတော့ ချစ်သူ၏ အရှက်သည်းသည်းနှင့် နီရဲနေသောမျက်နှာဖူးဖူးလေးကို စိုက်ကြည့်ပစ်လိုက်တော့. . .

ဖူး၏ရှက်မျက်စောင်းဆုလေးကို ကျေနပ်စွာ လက်ခံရရှိလိုက်သေး။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၄)

အမေက ပြတ်ပြတ်သားသားနေနိုင်ပေမယ့် သူက မနေနိုင်သဖြင့် မအူပင်သို့ ခြေဦးလှည့်ခဲ့လိုက်လေသည်။ ဖူးက ခေါင်းမညိတ်သော်လည်း ထူးထူးက သူ့အား အဖေအသစ်အဖြစ် လက်ခံကာ 'ဦးဖေ'ဟုပင် ပြောင်းခေါ်နေလေသည်ကို ဘွားအေ ဒေါ်ဖြူဖြူမြင့်ကပင်လျှင် မတားမြစ်ဘဲ မြေးအလိုကျ ပြုံးပြုံးနှင့် ကျေနပ်လေပြီဆိုတော့ ဒီဘက်ကအခြေအနေကောင်းနေပြီ။

သူ့ဘက်ကပဲ အမေ၏တစ်ဦးတည်းသောသားအပေါ်





ထားရှိသည့်မိခင်တစ်ယောက်၏ အချစ်ကြီးသောအတ္တကတင်းခံနေဆဲပင်။

"အေး နင့်ဖာသာနင် ယူခဲ့တဲ့မိန်းမကိုယူ မုဆိုးမ,မကလို့ ဆယ့်ခုလပ်ပဲဖြစ်ဖြစ် ကလေးတစ်ယောက်မကလို့ တစ်ဒါဇင်ပါပါ ငါ့သဘောမတူတာကို နင်ဖွတ်တိုးလို့ကတော့ နင်နဲ့ငါနဲ့အပြတ်ပဲ"

"အမေကလည်းဗျာ"

"ဘာအမေကလည်းဗျာလဲ နင် ဟိုအိမ်ဘက် ခြေဦးလှည့်ပြီးသွားနေတုန်းပဲဆိုတာ ငါမသိဘူးများမှတ်နေသလား ထက်မင်းစံအတော်ဘဲ ရော့ ဒီအိတ်ထဲမှာ မင်းပွဲရုံနဲ့ပတ်သက်တဲ့ စာချုပ်စာတမ်းတွေ မင်းဟာမင်းလုပ်ချင်လုပ် မလုပ်ချင်နေ ပွဲရုံကိစ္စငါလုံးဝ မလုပ်တော့ဘူး နင်ငါ့ဆီကိုလည်း မလာနဲ့ နင့်ဆီကိုလည်း မလာဘူး ငါ့ကိုအမေလို့လည်းမသတ်မှတ်နဲ့တော့"

"ဟာဗျာ"

သူ အနေရခက်နေပြီ။ မျက်ရည်မကျပဲ ဒေါသဖြင့် မျက်နှာနီမြန်းနေသော အမေ့ကိုသူမကြည့်ရက်နိုင်။

"ဟဲ့ကောင်မလေးတွေ သူ့အခန်းထဲက အသုံးအဆောင်တွေအားလုံးကိုထုပ်ပိုးပြီး ကားပေါ်တင်ပေးလိုက်စမ်း ဘာတစ်ခုမှမထားခဲ့နဲ့ . အဲဒီအိပ်ခန်းကို တစ်ခါတည်းပိတ်ထားလိုက်တော့မှာ ငါ့မှာ သားသမီးဆိုတာမရှိဘူးဟဲ့ . . ."

နာနာကျင်ကျင် ပြောဆိုပေါက်ကွဲနေသော အမေ့ကို မကြည့်ရက်သဖြင့်

"အမေကလည်းဗျာ . . . တရားမရှိလိုက်တာ"

"အေး ငါတရားမရှိလို့ ဝမ်းအနာခံမွေးခဲ့ရတဲ့အမေကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



ကိုက်တဲ့သားမျိုး မွေးခဲ့မိတာပေါ့ တရားရှိမှတော့ သီလရှင်ဝတ်လို့ နင်လိုသားမျိုးမွေးခဲ့မှာမဟုတ်ဘူး သွားသွား. . ."

ခံစားမှုကင်းမဲ့သလိုလိုနှင့် သားဖြစ်သူအား နှင်နှင်ထုတ်ပြီး နောက် အိပ်ခန်းထဲမှာကြိတ်ငိုနေမည့် အမေ့အကြောင်းသိနေ သဖြင့် သူ အမေစိတ်ပြေရာပြေကြောင်း ဖြစ်စေဖို့ အမေ့အိပ်ခန်း ထဲမှ ထွက်ရင်း စကားကိုရှာကျန်ပြောမိသည်။

"သီလရှင်တော့မဝတ်နဲ့နော်အမေ တော်ကြာ သံယောဇဉ် မြေးလေးတွေကိုတွေ့မှ အမေသီလရှင်လူထွက်လုပ်နေရတော့မယ်"

"ဘယ်သွေးဘယ်သားမှ မလိုချင်တော့ဘူးသွား"

သူ အိမ်ခန်းအပြင်သို့ရောက်သည်နှင့် အမေကတံခါးကို 'ဂျိုင်း'ခနဲပိတ်လိုက်သည်။ သူ့အိပ်ခန်းထဲရောက်တော့ ကောင် မလေးတွေက အမှန်တကယ်ပင် သူ့အဝတ်အစားဗီရိုကိုဖွင့်ပြီး မကိုင်ရဲသဖြင့် ခေါင်းစားနေကြသည်ကို တွေ့လိုက်ရသည်။

"ဟဲ့. . ကောင်မလေးတွေ ထွက်ထွက်. ."

"ကျွန်မတို့ ဘာလုပ်ရမှာလဲ ကိုကိုကြီး"

"ဘာမှလုပ်မနေနဲ့ ငါ့ပစ္စည်းတွေထိလို့ကတော့ နားရင်းပဲ"

သူက ညစ်ကျယ်ကျယ်နှင့် ဘုတောလိုက်ပစ်သည်။

ထိုအချိန် အိမ်ရှေ့ခန်းမှ ဖုန်းမြည်လာသဖြင့်. . .

"သွား ဖုန်းသွားကိုင်ကြ"

အမှန်တကယ် သူ့ရင်ထဲမကောင်းနိုင်ပါ။ အမှန်တော့ သူ သည် တကယ်ပင်မိခင်အတွက် သားလိမ္မာကောင်းမဖြစ်ခဲ့။ သား မိုက်ဟုပြောလျှင်ပင် ရလေသည်။ ချစ်ဦးသူနှင့်လွဲ အသည်းကွဲ ဝေဒနာကို ကုစားဖို့အတွက် မုဆိုးမမိခင်ကို လုပ်ငန်းတွေနဲ့ ပစ်





သားခဲ့ပြီး နိုင်ငံခြားသင်္ဘောလိုက်ပြီး ဘီယာလေးတမြမြ ပင်လယ် ပြင်ရွက်လွှင့် ခရီးနှင်ခဲ့တာ(၆)နှစ်ကျော်တောင် . . .

ခု မိခင်အနားမှာနေပြန်တော့လည်း မိခင်ကိုကူတာက နှမ်းစေ့လောက် မိခင်ကိုဝေဒနာပေးနေတာက မြင်းမိုရ်တောင်မက။

ဩော်. . . အချစ်. . . ဒီအချစ်ဟာ မီးတောက်မီးလျှံကဲ့သို့ ပူလောင်လွန်းလှပါတကား။ ဓါးသွားကဲ့သို့လည်း အမိနှင့်သား ကြားကို ဖြတ်တောက်နိုင်စွမ်းရှိနေပါတကား။ သူဟာ ဘာဖြစ်လို့ များ 'ဖူး' တစ်ယောက်တည်းကိုမှ ရူးမတတ်စွဲလမ်းနေရတာလဲ။ ကလေးတစ်ယောက်နှင့် မုဆိုးမမို့သနားချစ်နှင့် ချစ်နေတာလား။

"ကိုကိုကြီး"

"ဘာလဲကွ"

"မေမေကြီးက သူ့ဆီကိုခဏလာခဲ့ဦးတဲ့"

"ဟေ. . ငါ့ကို. . ဟုတ်ရဲ့လား"

"ဟုတ်ကဲ့. . ဟုတ်ပါတယ်"

သူ မယုံကြည်နိုင်သလိုပင် ဖြစ်သွားရသည်မို့ ကောင်မ လေးကိုပင် ထပ်မံပြန်မေးမိလေသည်။

"ဟဲ့. . သွားပြီမို့လို့လား"

အမေ့အသံကြောင့် သူ့အိပ်ခန်းထဲမှ ကမန်းကတန်း ပြေး ထွက်ခဲ့သည်။ အမေ့မျက်နှာတွင် စောစောကမည်းမှောင်နေသော ဒေါသမိုးညိုရိပ်တို့ လွင့်စင်နေပြီး ပြုံးရောင်ပင်သန်းနေသည်ကို အံ့အားသင့်စွာတွေ့လိုက်ရသည်။

"ကျွန်တော် မသွားသေးပါဘူး အမေ ဘာဖြစ်လို့လဲ"

"ဟဲ့. . . အမြွှာညီအစ်မရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . ."

အမေကလည်း အရင်းမရှိအဖျားမရှိ မေးသည်။ သူကလည်း အူကြောင်ကြောင်နိုင်စွာ ပြူးကြောင်ကြောင်မို့ အမေက. .

"နင့်ကောင်မလေးမှာ အမွှာညီအစ်မရှိသလားမေးတာ"

"ဗျာ. . အစ်မတစ်ယောက်တော့ ရှိတယ်ပြောတယ် နှလုံးရောဂါသည်ဆိုလား ဘာလား"

"နင့်ကိုမေးရင် ဘာမှသိတာမရှိဘူး အူကြောင်ကြောင်နဲ့ ငါ့ဖာသာငါပဲ စုံစမ်းတော့မယ် ရော့. . ဒီမှာ စာရင်းစာအုပ် ရော့ သော့. . ကုန်ဖိုးတွေ ဒီနေ့ချေစရာရှိတယ်. . စောင့်ချေလိုက်"

"ဗျာ. . ဟုတ်ကဲ့"

တစ်ဗျာဗျာဖြစ်နေသော သူ့ကိုအမေက မျက်စောင်းထိုးပြီး. . .

"ဟဲ့ မောင်ရွှေကို ကားထုတ် ရန်ကုန်သွားမယ်ပြောလိုက် ကောင်မလေးတွေ ငါးရံ့ခြောက်ငါးပြားထုပ်ပြီး ကားပေါ်တင်လိုက်"

အမေက အိပ်ခန်းထဲပြန်ဝင် လက်ကိုင်အိတ်ကြီးကိုင်ပြီး ပြန်ထွက်လာကာ. . .

"သား နင် အိမ်မှာခြေညိမ်ညိမ်နေပြီး ငါပြန်လာတဲ့အထိစောင့်နေ ဘယ်မှမသွားနဲ့. . ."

"ဗျာ. . . ဟုတ်ကဲ့အမေ. . ကျွန်တော် ဒီည ဒီမှာအိပ်မှာပါ. . ."

"ဒါဖြင့် ပြီးရော. . ငါသွားပြီ"

အမေက သူ့စူပါရှ့ကားဖြူလေးပေါ်တက်သွားလေသည်။ အမေ့ကားထွက်သွားသည်နှင့် အမေ့စကားကိုသူနားထောင်ပါ





သည်။ ခြေငြိမ်ငြိမ်နှင့် အပြင်မထွက်ပါ။ ဒါပေမယ့် လက်ကတော့ အငြိမ်မနေ သူတယ်လီဖုန်းလေးကို ဖွင့်လိုက်သည်။

ချစ်သောဖူးဆီသို့ဖြစ်သည်။ သို့သော် ဖူးက သူ့ဖုန်းမှန်းသိ၍ မကိုင်ဘဲစက်ပါပိတ်ပစ်လိုက်တော့ သူ ဖိုးစိန်လမ်းအိမ်သို့ ဆက်လိုက်သည်။ ကံကောင်းထောက်မစွာပင် ကြီးကြီးနှင့် တိုးလေသည်မို့ ထခုန်မိမတတ်ဝမ်းမြောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၅)

“အခုလေးတင် မောင်မင်းစံအမေဆီကဖုန်းလာသွားတယ်”

“ဟုတ်ကဲ့ ကြီးကြီးဘာတွေဖြစ်ကြတာလဲ. . . ကျွန်တော်သိချင်လို့”

“အင်း. . . ပြောရမှာတော့ အရှည်ကြီးပဲမောင်မင်းစံ ဒါထက် မင်းဖုန်းဆက်တာဘာကိစ္စလဲ”

သူ ယခုမှ ဖုန်းဆက်ရခြင်းအကြောင်းရင်းကို သတိရ





သွားသည်။

“ဪ. . . ဖူးမှာ အမြွာညီအစ်မရှိသလားလို့ပါ. . .”

“မြတ်စွာဘုရားရေ. . .”

“ဗျာ. . . ဘာဖြစ်လို့လဲ ကြီးကြီး”

“မင်း မသိဘူးလား မင်းလောက်အတဲ့လူရှိသေးလား”

“ဗျာ. . .”

“ပန်းဖူးက မင်းကိုသူမှာနှလုံးရောဂါသည် အမြွာအစ်မရှိတယ်ဆိုတာ တစ်ခါမှမပြောခဲ့ဘူးလား”

သူ တအံ့တသြကြီးဖြစ်သွားရသည်၊ ဟုတ်ပါတယ်။ သူ့လောက်အသည့်သူ ကမ္ဘာမှာရှိနိုင်ပါဦးမလား။

စဉ်းစဉ်းစားစားနှင့်. . .

“အစ်မရှိတယ်တော့ ပြောဖူးပါတယ်”

“သူတို့ဟာ ခွဲမရအောင်တူတဲ့အမြွာပဲ ခွဲစရာ ဘာအမှတ်အသားမှမရှိအောင်ကို ချွတ်စွပ်တူတဲ့အမြွာပါ မိဘနှစ်ပါးနဲ့ငါပဲ သူတို့အကျင့်စရိုက်ကိုကြည့်ပြီး ခွဲတတ်တယ်”

“အမြွာရှိတယ်လို့တော့ ဖူး တစ်ခါမှကျွန်တော့်ကို မပြောဘူးဖူးဗျာ’

“အေးကွယ် အခုလည်း ကြီးကြီး မင်းကိုဘာမှ ပြောပြနိုင်ဦးမှာမဟုတ်သေးဘူး မဖြူဆီကခွင့်တောင်းပြီးမှ မင်းကိုကြီးကြီးပြောပြနိုင်မယ်ထင်တယ်”

“ဘာတွေလဲ ကြီးကြီး၊ ကျွန်တော်နားမလည်တော့ဘူးဗျာ”

“မင်းမကြာခင်နားလည်လာမှာပါ၊ မင်းအမေနဲ့သူတို့နှစ်ယောက်ချိန်းထားကြတယ်၊ မင်းအတွက် ထိပေါက်တာထက်



www.burmeseclassic.com

www.burmeseclassic.com



တောင် ဝမ်းသာရမယ့်ကိစ္စတွေ ဖြစ်လာလိမ့်မယ်သာ မှတ်ထား လိုက်တော့. . ."

"ကျွန်တော် ဘာကိုဝမ်းသာရမှာလဲ ကြီးကြီး"

"ဩော်. . ဒီကလေးနှယ်. . ဩော်မင်းကို ကြီးကြီးတစ်ခု မေးရဦးမယ်. . ."

သူဘာဆိုဘာမှနားမလည်နိုင်သေး. . .

"မေးပါကြီးကြီး"

"မင်းလွန်ခဲ့တဲ့ခြောက်နှစ်ကာလက ဖူးနဲ့ အခုကလေး အမေဖူးကို ဘယ်သူ့ပိုချစ်သလဲ"

"အတူတူပဲဆိုပေမယ့် အခုဖူးကိုပိုတယ်၊ ကရုဏာကပဲ ပိုသလားမသိပါဘူး ကြီးကြီးရယ်. . . မရနိုင်လေ၊ ပိုလို့ချင်လေလေ ဖြစ်နေတာပါဗျာ. . ."

သူမရှက်နိုင်တော့ပဲ ကြီးတော်လိုဖြစ်နေသောကြီးကြီးကို ရင်ဖွင့်လိုက်ရလေတော့ ရင်ထဲမှာနည်းနည်းပေါ့ပါးသွားသည်။

"ဟော. . ထူးထူးက မင်းဖုန်းဆိုလို့ ပြေးလာပြီ. .‘ပြော လိုက်ဦး"

"ဦးဖေလား"

"အေး. . သားနေကောင်းလား"

"ကောင်းတယ်၊ ဦးဖေ သားကျောင်းပိတ်ရင် လာမှာလား ဟင်"

"လာမယ်၊ မလာဖြစ်ဘူးဆိုတာ ဦးဖုန်းကြိုဆက်မယ်လေ သား"

"ဦးဖေ. . . ဦးဖေပုံတွေ အများကြီးပဲ သားရှာတွေ့ပြီ သိ





လား. . ."

"ဟုတ်လား. . . ဘယ်မှာလဲ"

"သစ်သားသေတ္တာကြီးတစ်လုံးထဲမှာ"

သူ ရင်တွေခုန်လာသည်။ သူ့ပုံတွေတဲ့လား။ ကြည့်ချင် လာပြီ။ 'အရိပ်မဲ့သူ' ကောရှိသေးရဲ့လား။

"ဦးလာရင် ပြနော်သား"

"ပြမှာပေါ့ ဦးဖေရဲ့ မေမေမရှိတဲ့အချိန် ခိုးလာလေဦးဖေ ဒါမှပြလို့ရမှာ"

"အေးပါကွာ"

ကလေးနှင့်သူကတော့ အတိုင်အဖောက်ညီနေလေပြီ။

"ညကလည်း မေမေက ဦးဖေပုံကိုခိုးဆွဲနေတယ်. . . ပြီး တော့ ငိုတယ်. . သိလား ဦးဖေ"

သူ ရင်ထဲဒိန်းခနဲဖြစ်သွားသည်။ တကယ်ပဲ 'ဖူး' က သူ့ ပုံတွေကိုဆွဲခဲ့တာလား။ ယခင်က တီကောင်တောင် ဖြောင့်အောင် မဆွဲတတ်ဘူးဆိုသော 'ဖူး'စကားကို သူယုံခဲ့သည်။ အင်းလေ တီကောင်က ဖြောင့်အောင်ဆွဲစရာမှမလိုတာပဲ။

"မေမေငိုရင် သားကချော့ပေးလိုက်ပေါ့. . . နောက်ဆို ဦးဖေချော့ပေးမယ်ပြောလိုက်သား ဟား. . . ဟား. . ."

"ဟား. . . ဟား. . ."

ကလေးက လှောင်ရယ်ရယ်လိုက်သည်။ သူပျော်ရွှင်စွာ ဖြင့် ဖုန်းပြောခြင်းကို လက်စသတ်လိုက်သည်။ ရင်ထဲမှာတော့ သူ့အမေက ဖိုးစိန်လမ်းအိမ်သို့သွားသည်။ မသွားခင်. . အမေ့ မျက်နှာကြည်သာနေသည်ဆိုကတည်းက မိုးလေဝသ အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ကောင်း နေလေပြီဟု ခန့်မှန်းမိလိုက်သည်မို့ . . ရင်ထဲအပျော်နတ်သားတို့ပင် ဘာမှန်းမသိညာမှန်းမသိ ကခုန်မြူးတူးလျက်ရှိချေပြီ။







# အခန်း (၃၆)

"အမေပြန်လာပြီလား"

အမေက ညဦးပိုင်းမှအိမ်ပြန်ရောက်လာသည်။

"အေးဟဲ့ . . ငပိန်း မင်းထမင်းစားပြီးပြီလား"

အမေက သူ့အားခေတ်ဗန်းစကားဖြင့် ငပိန်းဟုပင် ခေါ်လိုက်သည်။ အမေမျက်နှာသည် တကယ့်ကိုပင် မှိုကျင်းရလာသောသူပမာ ဝင်းပနေလေသည်။

"အမေ့ကို စောင့်နေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"အမေလည်း ထင်သားပဲ၊ ဒါကြောင့် မဖြူ အတင်းကျွေးတာတောင် မစားခဲ့ဘူး . . . ကဲကဲ ကောင်မလေးတွေထမင်းပွဲပြင်လိုက် ငါ့ခြေထောက်၊ လက်ထောက်ဆေးပြီးရင် ထမင်းစားမယ် နင့် ကိုလေးကြိုက်တတ်တဲ့ဟင်းတွေကော ချက်ထားရဲ့လား"

"ဟုတ်ကဲ့ ချက်ထားပါတယ် မေမေကြီး"

အမေ၏ ရွှင်ပျတက်ကြွနေသောအသံကြောင့် သူ တအံ့တသြဖြစ်နေရာမှ ဝမ်းသာသွားလေတော့သည်။ ဖူးနှင့်သူ့ကို သဘောတူပြီပေါ့။ သဘောတူလောက်သော အကြောင်းပြချက်တစ်ခုတော့ အမေ့မှာရရှိလာပြီထင်ပါရဲ့။ အမေ့ကို မျက်ခြည်မပြတ်ပြုံးကြောင်ကြောင်နှင့်လိုက်ကြည့်ရင်း သူ့ရင်အစုံလှုပ်ရှားမှုလှိုင်းရိုက်ခတ်နေလေသည်။

ထမင်းဝိုင်းရောက်တော့ ထမင်းစားရင်း . . .

"အမေ . . ဘယ်သွားတာလဲ"

"မဖြူတို့အိမ်လေ ပြီးတော့ အထူးကုဆေးခန်းတစ်ခုပေါ့"

"ဆေးခန်းဘာသွားလုပ်တာလဲ အမေနေမကောင်းလို့လား သားလိုက်ပို့မှာပေါ့"

"မင်းလည်း သွားရမှာပေါ့ အမေ့ကို မဖြူကပြန်ချေပတယ်လေ မင်းကိုလည်းဆေးစစ်ရမယ် အေရှိရှိ မရှိရှိ၊ ဘီရှိမရှိ ဘာညာ ပေါ့ဟာ ပြန်ရစ်လိုက်တယ်"

"ဗျာ . . ."

အမေ့ စကားတွေသူနားမလည်သေး။

အမေက 'ဟက်ခနဲ' ရယ်သွေးသမ်းရင်း . . .

အမေက သူ့ချွေးမကို အပျိုစင်ဟုတ်မဟုတ် သွားစစ်ဆေး





ခဲ့တာကိုး။

"ဗျာ . . . အမေကလည်း ကလေးအမေပါဆို အပျိုစင်ဖြစ်မလားဗျာ"

"အဲဒါကြောင့် နင့်ကို ပိန်းတယ်လို့ပြောတာပေါ့ မင်းစံရယ် ကောင်မလေးက ကလေးအမေမုဆိုးမဆိုတာ အမည်ခံထားတာ၊ တကယ့်အပျိုစင်လေး ပြီးတော့မင်းရည်းစားလည်းမဟုတ်ဘူး"

"ဗျာ . . ."

"မင်းရည်းစားတို့လင်မယားက သေပြီ လွန်ခဲ့တဲ့(၄)နှစ်ကတည်းက သြစီမှာကားအက်ဆီဒင့်ဖြစ်ပြီး မဖြူယောကျ်ားရယ် သူတို့လင်မယားရယ် သေသွားခဲ့တာ"

"ဗျာ . . ."

ဒီတစ်ခါဗျာက ကျယ်လောင်သွားသည်။ ရင်မှာလဲပြိုသွားသည်။ ဖူး ကသူ့ရည်းစားမဟုတ်ရင်၊ ဘယ်သူ့ရည်းစားလဲ။ ဘယ်သူ့ရည်းစားမို့လို့ သူ့ကိုစိမ်းကားနေရတာလဲ။

"အဲဒါ မင်းရည်းစား 'ဖူး'ရဲ့ အမြွှာအစ်မ 'ဖူး' ပဲ"

"ဗျာ . . ."

သူ၏ အံ့သြမှု 'ဗျာ'တွေက မကုန်နိုင်သေး။

"မင်းကောင်မလေးနာမည်က 'ပန်းဖူးဝေလွင်' အင်း . . . အခု ကလေးအမေမုဆိုးမဟန်ဆောင်နေတာက အကြီးမ 'ပွင့်ဖူးဝေလွင်'တဲ့ "

သူ ခေါင်းနောက်သွားသည်။ ဒါဆို . . ခု 'ဖူး'က သူချစ်သော 'ဖူး'မဟုတ်ဘူးပေါ့။ ဒါကြောင့် သူ့ကိုစိမ်းကားရက်စက်နေတာကိုး။

"မဖြူက သူ့အသည်းကျော်မြေးရဲ့ ဘဝတစ်လျှောက်လုံးက



www.burmeseclassic.com

www.burmeseclassic.com



သူလိုအိုကြီးအိုမက ထိန်းကျောင်းနိုင်တော့မှာမဟုတ်ဘူးဆိုတာ နားလည်သွားပြီး မြေးကလည်း အဖေသစ်လိုချင်ပါတယ်လို့ ပြောလာတော့ သူလည်း မြေးအနာဂတ်အတွက် မင်းလက်ထဲအပ်ဖို့ ပိုင်းဖြတ်လိုက်ပုံရတယ်. . အမေ့ကိုခေါ်ပြီး အကြောင်းစုံဖွင့်ပြောပြပြီး အမေ့သံသယရှင်းအောင် အမေကြိုက်တဲ့ဆေးခန်းမှာ ပွင့်ဖူးကို ဆေးစစ်ဆေးခဲ့တာ အမေလိုချင်တဲ့အပျိုစင်အပြင် အရမ်းကိုမနောဖြူတဲ့ မိန်းကလေးကို ချွေးမအဖြစ်တော်ခွင့်ရတော့ အမေ ဝမ်းသာလွန်းလို့သေမယ်ဆိုရင်တောင် သေပျော်ပါပြီသားရယ်'

အမေက ဝမ်းသာလွန်းသဖြင့် သေပျော်ပါပြီပြောသော်လည်း သူက လက်မခံချင်. . .

"ဟာဗျာ. . . အမေသေချင်လို့မရသေးဘူးလေ သားရင်သွေးလေးတွေထိန်းပေးရဦးမှာလေ"

"ကောင်းပြီ ငါက မြေးထိန်းမယ် မင်းကပွဲရုံလုပ်ငန်း အမေ့လုပ်ငန်းတွေပါယူလိုက်တော့ သဘော်တော့မလိုက်ရတော့ဘူး"

"အမေ့သဘောဗျာ"

သူ ပြည့်ပြည့်ဝဝမပျော်နိုင်သေး။ အခု 'ဖူး' က သူ့ချစ်ဦးသူမှ မဟုတ်လေဘဲ. . .။

"ဒီရက်ပိုင်း ငါတို့အလုပ်များဦးမယ်"

"ဘာဖြစ်လို့လဲ အမေ"

"ဪ လက်ထပ်ရက်တွေရွေးရအောင်လေ"

"သူက သဘောတူတယ်တဲ့လား"





"သူကတော့ ကြီးဖြူသဘောပါတဲ့ ကလေးကိုလည်း သူရှင်းပြမယ်တဲ့ ကလေးရင်မှာဒဏ်ရာမရစေဖို့ကို ဉာဏ်ထက်တဲ့ ကလေးအတွက် အခုထဲကရှင်းပြထားရမှာတဲ့လေ အမေတော့ ချွေးမရကံကောင်းတာပဲ သားရေ. . ကောင်မလေးက သေသေချာချာကြည့်လေ ချောလေပဲကွယ်. . တကယ့်ကို အတွေ့အကြုံမရှိ အပျိုစင်ပီပီ ရှက်တတ်လိုက်တာကွယ်. . အမေတော့ တစ်ခါတည်းကို သမီးလေးရသလိုချစ်သွားလိုက်တာ အခုတောင် ပေးစားလို့ရရင် ပေးစားပြီး ခေါ်ခဲ့ချင်တာ. . .'

အမေကတော့ အပျော်တွေနှင့် 'ဝ'နေပြီး ထမင်းကို ဟုတ်တိပတ်တိပင် မစားတော့။ သူကတော့ မအီမလည်အူကြောင်ကြောင်ဖြစ်တော့ ဝမ်းနည်းရမလား ဝမ်းသာရမလားပင်မသိတော့။ သူ့ချစ်ဦးသူ 'ဖူး' က အမှန်တကယ်သေဆုံးသွားပြီကိုး။ ဖြစ်ရလေ ဖူးရယ်ဟု သူ့ရင်ထဲကြေကွဲမှုလေးတော့ဖြစ်သွားရသည်။


သို့သော် ယခုသူတသသနှင့် အချစ်ကိုပြန်ရဖို့ ရယူပိုင်ဆိုင်ဖို့ကြိုးစားနေသူကို အမေကသဘောတူကြည်ဖြူလိုက်ပြီဆိုတော့လည်း သူ ဝမ်းသာနေမိတာအမှန်ပင်။ သို့သော်. . . လူကြီးမိဘတွေသဘောကျလို့ သူ့ကိုလက်ထပ်တာတော့ မဖြစ်စေချင်၊ ထို့ကြောင့်. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၈)

ကလေးအမေ ကလေးကိုကျောင်းသွားပို့ချိန်၌ သူ ဖိုးစိန်လမ်းအိမ်သို့ အချိန်ကိုက်ရောက်သွားပြီး ကြီးကြီးနှင့်တွေ့ဆုံလိုက်သည်။

"မင်းအမေဆီကနေ အကျိုးအကြောင်းတွေ သိရောပေါ့နော်. . . မောင်မင်းစံ"

"ဟုတ်ကဲ့ ကြီးကြီး ကျွန်တော်ဖူးအတွက် ကျွန်တော်စိတ်ထိခိုက်ရပါတယ်"





ချစ်ဦးသူအတွက် အမှန်တကယ်ပင် ဝမ်းနည်းမိပါသည်။ သူ့ချစ်ဦးသူ ဖူး ဘယ်လိုခံစားနေထိုင်သွားခဲ့ရသလဲဆိုတာ သူမှ မသိရလေပဲ။

"ကြီးကြီး မောင်ရင့်ကိုတစ်ခုမေတ္တာရပ်ခံချင်တယ်"

"ဟုတ်ကဲ့ ပြောပါကြီးကြီး'

"ကြီးကြီးရဲ့သမီး ပွင့်ဖူးကို မောင်ရင်လက်မလွှတ်လိုက်ပါနဲ့ကွယ်"

သူ. . . ကြီးကြီးကိုကြည့်လိုက်သည်။

"သူက မောင်ရင့်ကို တိတ်တခိုးချစ်ခဲ့တာ ရန်ကင်းမှာကတည်းကလေ. . . ပွင့်ဖူးက နှလုံးကျဉ်းရောဂါရပြီး နေ့ကျောင်းမတက်နိုင်ဘဲ အဝေးသင်သာယူပြီး အိမ်မှာပဲနေခဲ့ရတာ၊ သူက မောင်ရင့်ကိုကျောင်းသွားကျောင်းပြန် စောင့်ကြည့်ပြီး တိတ်တခိုး မောင်ရင့်ကိုသဘောကျနေခဲ့ရှာတာ"

သူ့ရင်တွေ တဒိန်းဒိန်းမြည်ဟည်းလာသည်။

"သူ့ခမျာ စာအုပ်တွေဖတ်၊ ပန်းချီကားတွေဆွဲပြီး ဘဝကို နေတတ်အောင်နေနေရရှာသူပါ. . . မောင်မင်းစံပုံတူပန်းချီကားတွေမှ အများကြီးပဲ"

သူ ရင်ပွင့်မတတ်ခံစားလိုက်ရသည်။ အချစ်ကြီးသူတို့၏ နှလုံးသားကို သူကိုယ်ချင်းစာနားလည်ခံစားနိုင်ပြီမို့. . . 'ပွင့်ဖူးဝေလွင်'၏ တစ်ဖက်သတ်ခံစားချက်နှလုံးသားအတွက် ရင်မှာထိရှရလေပြီ။

"မောင်မင်းစံကို ပန်းဖူးက အိမ်ခေါ်လာတဲ့အချိန်က စပြီးနောက်ပိုင်း မောင်ရင့်ပုံပန်းချီကားတွေကို ထင်းရှူးသေတ္တာထဲ



www.burmeseclassic.com

www.burmeseclassic.com



သော့ခတ်သိမ်းဆည်းပစ်လိုက်သလို သူ့နှလုံးသားကိုလည်း ထိန်းချုပ်မှုသော့ကလေးနဲ့ ခတ်ထားလိုက်ရှာတယ်. . . သနားစရာ နှလုံးရောဂါသည်လေးပါ. . .”

ရင်ထဲမှာ တနုံ့နုံ့နှင့် 'ပွင့်ဖူးဝေလွင်'ကို ကရုဏာအသက်ကြီး သက်နေမိလေသည်။

“ညီမပန်းဖူးက မိဘအတွက်၊ အစ်မအတွက် နှလုံးသားကို ပေးဆပ်ပြီး လက်ထပ်သွားခဲ့တာ၊ ဒါကလည်း အခြေအနေအရ မောင်မင်းစံဘက်က ပျက်ကွက်မှုဥပေက္ခာပြုလိုက်မှုလည်း ပါတာပေါ့ ဒါလည်း ကံကြမ္မာရဲ့စီမံရာပေါ့. . . အင်းလေ. . . ပန်းဖူးက အစ်မပွင့်ဖူးနှလုံးရောဂါကိုလည်း ခွဲစိတ်ပေးပြီး. . . . . .”

ကြီးကြီးရှင်းပြမှုကြောင့် အမြွှာညီအစ်မနှစ်ဦး၏ အကြောင်းကို 'ဂဃနဏ' သိရှိသွားခဲ့ရလေပြီ. . .

“အတ္တကြီးတဲ့ မဖြူလည်း နောက်ဆုံးမှာတရားသဘောနဲ့ ကိုယ့်ကိုယ်ကိုတောင်ကိုယ်အပိုင်ဘူးဆိုတာ သိသွားတော့ ငါ့မြေး ငါ့ချွေးမဆိုတာ တစ်သက်လုံးဖက်တွယ်ထားလို့မရဘူးဆိုတာ နားလည်လာတော့. . . သဘောကောင်းပြီး ကလေးအပေါ် ချစ်ခင် ထိန်းချုပ်နိုင်တဲ့ မင်းလက်ထဲကိုမြေးတို့သားအမိကို အပ်ဖို့ဆုံးဖြတ်လိုက်ပြီး မင်းအမေကို အကြောင်းစုံပြောပြလိုက်ပုံရတယ်. . .”

“ပြတ်သားတဲ့ မင်းအမေကလည်း စိတ်ကူးယဉ်လား၊ လန်ကြွတ်ဇာတ်လမ်းလား တကယ်လားကွဲပြားအောင် လက်တွေ့ကျကျ ခေတ်မီစွာပဲ. . ပွင့်ဖူးလက်ကိုဆွဲပြီး ဆေးသွားစစ်ခဲ့တဲ့လေ. . .”

သူ မျက်နှာပူစွာဖြင့် ပြုံးရင်းမှသူ့မျက်နှာပြင်တစ်ခုလုံး ထူပူလာသည်။ 'ပွင့်ဖူးဝေလွင်' ၏ ပုံရိပ်များကိုမြင်ယောင်တော့





ရင်ခုန်လာသည်။ ချစ်ဦးသူ 'ဖူး' အမှတ်နှင့်ဆက်ဆံခဲ့မိပြီး ယခုမှ မျက်နှာပူနေလေသည်။

“သမီးကြီးပွင့်ဖူးက မင်းကို သိပ်ချစ်ခဲ့တာပါ မောင်မင်းစံ၊ မင်းနဲ့ဝေးသွားတဲ့အချိန် သူသိပ်ခံစားရရှာတာ”

“ဒါဖြင့် 'အရိပ်မဲ့သူ' ပန်းချီကားက ပွင့်ဖူးဝေလွင်ရဲ့ လက်ရာပေပေါ့”

“သမီးငယ်ပန်းဖူးနဲ့ တွဲတော့တစ်ခါ၊ နိုင်ငံခြားမှာ ခွဲစိတ်ပြီး ဝေးနေကြတော့လည်းတစ်ခါ၊ မင်းနဲ့ ဒီမှာပြန်တွေ့တော့လည်း တစ်ခါ. . . မင်းနဲ့ပါတ်သတ်ပြီး သူ အကြိမ်ကြိမ်ခံစားခဲ့ရရှာတာ အခုလည်း မင်းက သူ့ကိုအငယ်မပန်းဖူးထင်ပြီး ချစ်တာတဲ့. . . သူဟာ ပန်းဖူးမဟုတ်ကြောင်းသိရင် ချစ်တော့မှာမဟုတ်ဘူးဆိုပြီး ခံစားနေရရှာတယ်၊ မင်းလက်ထပ်ခွင့်တောင်းတာကလည်း ညီမ ပန်းဖူးအမှတ်နဲ့မို့လို့ပါတဲ့လေ. . ဒါကြောင့် လူကြီးတွေလက်ထပ်ဖို့ စီစဉ်နေတာကိုလည်း မပျော်နိုင်ရှာပဲ ငေးငေးငိုင်ငိုင်လေး ဖြစ်နေရှာတယ်”

ထက်မင်းစံ ကိုယ်တိုင်လည်း ဘယ်လိုခံစားနေရပုံကြီးမှန်း မသိ။ ပွင့်ဖူးဝေလွင်ကို မျက်နှာချင်းဆိုင်ရဖို့ပင် မဝံ့မရဲဖြစ်နေလေသည်။ သူ့အမေနှင့် ဒေါ်ဖြူဖြူမြင့်တို့ကတော့ တက်ကြွရွှင်လန်းစွာဖြင့် လက်ထပ်ဖို့ ရက်၊ နေရာ၊ ရက်ကောင်းရက်မြတ်တွေ ရွေးနေကြသည်။

“လူပျိုစစ်စစ်၊ အပျိုစစ်စစ် လက်ထပ်တဲ့ပွဲပဲ မင်္ဂလာဦး ခမ်းခမ်းနားနားကိုလုပ်ပေးရမှာပဲ၊ ကျွန်မရဲ့ တစ်ဦးတည်းသော သားလေးရှင့်. . . ဒီပွဲမှအကုန်မခံ ဘယ်ပွဲအကုန်ခံရမလဲ”



www.burmeseclassic.com

www.burmeseclassic.com




အရမ်းကို တက်ကြွနေသော အမေက ပွင့်ဖူးဝေလွင် မိဘတွေဆီကို ကိုယ်တိုင်ပင်သွားကြောင်းလှမ်း နားဖောက်ခဲ့လေသည်။ သို့သော်. . . အစက ဖျတ်ဖျတ်လူး မိန်းမယူချင်နေခဲ့သောသူ. . . ယခုတော့လည်း မထုံတက်တေးနှင့် ငြိမ်သက်၍နေလေသည်။

ဒါကလည်း သူ့အကြောင်းနဲ့သူကိုး. . .







# အခန်း(၃၈)

"မုဆိုးမတို့၊ တစ်ခုလပ်တို့နဲ့ရမယ့် ကံဇာတာ ပါလာရင်လည်း ရှောင်လွဲလို့မရဘူးသား၊ ငါ့သားက အပျိုစင်နဲ့ကိုရမယ့် ဇာတာပါလာတာ၊ ဒီမိန်းကလေးက အပျိုစင်လေးဖြစ်ပြီး တူကိုလည်းအနစ်နာခံ စောင့်ရှောက်တဲ့ မိန်းကလေးမို့ စိတ်သဘောထားလေးက ဖြူပုံ့ပေ ငါ့သားကံကောင်းတယ်. . ."

အမေနှင့်သူ ဖိုးစိန်လမ်းကိုလာကြစဉ် လမ်း၌ အမေက ချွေးမလောင်းကို ဟိမဝန္တာချီးမွမ်းခန်းဖွင့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေက မအူပင်မှာ မင်္ဂလာဦးဆွမ်းကျွေး၊ ဆီဒိုးနားမှာ ဧည့်ခံပွဲအပြင် ဖိုးစိန်လမ်းအိမ်မှာလည်း ညစာစားပွဲလုပ်ပေးမယ်"

"တစ်ပွဲဆိုတော်ပါတော့အမေ အမေ့မှာ ပိုက်ဆံတွေ ဒီလောက်ပေါနေရင် ပရဟိတလုပ်ငန်းတွေမှာ လိုက်လှူလိုက်တော့"

"မင်းစံ. . . ဒီပွဲက မင်းစိတ်ကြိုက်လုပ်ရမယ့်ပွဲ မဟုတ်ပါဘူး မိန်းကလေးစိတ်ကြိုက်စီစဉ်ပေးရမယ့်ပွဲမို့ မင်းဘာမှ အတွန့်တက်မနေနဲ့"

သူ ပါးစပ်ပိတ်နေလိုက်သည်။ ဖိုးစိန်လမ်းအိမ်ရောက်တော့ အဘွားကြီး(၃)ယောက် ခေါင်းချင်းဆိုင်ပြီး မင်္ဂလာကိစ္စ ဆွေးနွေး ပွင့်ဖူးဝေလွင်က မီးဖိုမှာ စားရေးသောက်ရေး စီစဉ်ပေးနေသည်။ ထိုစဉ်. . သူက သားထူးထူးနှင့် တစ်ပူးတွဲတွဲလုပ်ရင်း. .

"ဦးဖေ. . ရှူး. . တိုးတိုး သားတို့အပေါ် ထပ်သွားမယ်လာ. . ."

ကလေးခေါ်ရာ သူကလိုက်ခဲ့သည်။

"အမေ့အလုပ်ခန်းဗျ"

လူကြီးတွေက ကြည်ဖြူနေပြီဆိုတော့ အပေါ် ထပ်လည်း သူ ရဲရဲဝံ့ဝံ့တက်ရသည်ပေါ့. . . ပွင့်ဖူးဝေလွင်၏ အလုပ်ခန်းထဲ သူဝင်ခဲ့သည်။ ကလေးက. . . ထင်းရှူးသေတ္တာကိုဖွင့်ပြသည်။ ဗီရိုကိုဖွင့်ပြသည်။

"မေမေက အခုသော့မခတ်တော့ဘူးဗျ"

သူကတော့ သုံးချောင်းထောက်ခုန်ပေါ် က ပိတ်ဖြူလွှမ်းထားသော ရေးဆွဲလက်စပန်းချီကားကို လှမ်းကြည့်လိုက်သည်။

"ဟင်"





သူ၏ မျက်နှာပိုင်းပုံတူပန်းချီကားပါလား။ သူ ရင်ထဲ. . သူပုံတွေကို နှလုံးသွေးနဲ့ရေးဆွဲထားသည်ဟုပင် ခံစားလိုက်ရပြီး ပုံဆွဲသူကို ပို၍မြတ်နိုးလာရသည်။ နှလုံးသားကို လှစ်ပြထားသည့် ကဗျာလေးတွေကလည်း သူ့ရင်ကိုထိရှစေသည်။ အားနွဲ့သော မိန်းမသားတစ်ဦး၏ တိတ်တခိုးအချစ်နှင့် နှလုံးသားတံခါးပိတ်တိတ်တိတ်ကလေးနေရရှာသည်မှာ အဘယ်မျှနာကျင်ရှာလေမလဲ။

တကယ်တမ်း စဉ်းစားကြည့်လိုက်တော့ အငယ်မ ပန်းဖူးဝေလွင်နှင့်တုန်းက ချစ်ခဲ့ကြသော်လည်း လက်လွှတ်ဆုံးရှုံးရမှာပင် သူသိပ်မပူပင်မိဘဲ. . . ဘကြီးနာရေး၊ အဖေ့နာရေးများနှင့်ပင် လုံးပန်းနေခဲ့မိသည်။ ယခု. . . ဖူးနှင့်ကြတော့ ထပ်မံဝေးကွာ ဆုံးရှုံးရမှာ ကြောက်လွန်းသဖြင့် အမေ့ကိုပင်ဆန့်ကျင်ကာ နီးစပ်ဖို့အရေး သူကြိုးစားနေခဲ့သည်။

ဒါကိုက. . .

ယခင် 'ဖူး' နှင့် ယခု 'ဖူး' သူ. . . ယခု'ဖူး'အပေါ် အချစ်ပိုနေခဲ့တာပါလား။

"ဦးဖေ ဒီပုံ. . ဒီပုံကို. . မေမေက ခိုးကြည့်ပြီး မျက်ရည်အမြဲကျတာဗျ. . ."

ကလေးက ဗီရိုထဲမှထောင်ထားသော ပန်းချီကားကို မနိုင်မနင်းဆွဲယူနေသဖြင့်. . .

"သားထိမယ် ဦးဦး. . ယူမယ်"

ကမန်းကတန်းသွားဝိုင်းကူလိုက်ရသည်။

"ဩော်. . ."

လွန်ခဲ့သော(၆)နှစ်ကျော်ခန့်က သူ့နှလုံးသားထဲသို့ ...



www.burmeseclassic.com

www.burmeseclassic.com



ဝေလွင်' ဝင်လာစေရန်တွန်းပို့ဖန်တီးလိုက်သော ပန်းချီကား။

'အရိပ်မဲ့သူ' ဖြစ်သည်။

ညီမကြောင့် သူ့အချစ်ကိုရင်မှာသိမ်းဆည်းလိုက်ရပုံကို 'ဝိုရယ်(ရီ) အသည်း' ကဗျာလေးနှင့်လှစ်ဟထားသည်။

"ဦးဖေပုံမှတ်လား. . ."

"အင်း. . ."

"လန်းတယ်ဗျာ. . ."

"ဦးဖေ. . . သားတို့နဲ့ လာနေမှာလား"

"မသိဘူး. . မင်းအမေကခေါ်ပါ့မလားမေးကြည့်လိုက်"

"ဟာဗျာ. . . မေမေကလည်း ပြောတယ် မင်းဦးဖေကနေမှာလား မေးကြည့်လိုက်တဲ့ဗျာ. . ."

ထူးထူးက စိတ်ရှုပ်ထွေးဟန်နှင့် ခေါင်းကုတ်ရင်း ပြောလိုက်သဖြင့် သူက ကလေးခေါင်းလေးကို ဖွဖွလေးပုတ်လိုက်ရင်း. . .

"ဦးဖေက နေချင်ပါတယ်လို့ပြောလိုက်"

"တကယ်လား"

"မင်းအမေက လက်ခံမှာလားလို့လဲ မေးလိုက်ဦး"

"မေမေက လက်ခံပါတယ်ဗျာ မေမေက ဦးဖေကိုချစ်တာပဲ. . ."

"ဟုတ်လို့လားကွ. . ."

"ဟုတ်လို့ ဦးဖေပုံတွေ အများကြီးဆွဲထားတာပေါ့. . ."

"သားပုံတွေကော မရှိဘူးလား"

အမှတ်မထင် သူမေးလိုက်မိသည်။ မှားများမှားသွားပြီ





လားဟု ကလေးအရိပ်အကဲကိုကြည့်လိုက်စဉ်. . .

"သားပုံတွေက သားအခန်းနဲ့ မေမေ့အိပ်ခန်းမှာလေလာ. . ဦးဖေ. ."

ဖွင့်လက်စ ကြည့်လက်စတွေကို ဖရိုဖရဲနှင့်ထားခဲ့ပြီး ထူးထူးပြရာ ထူးထူးအခန်းက ကလေးပုံပန်းချီကားကြီးတစ်ချပ်နှင့် အသက်အရွယ်လိုက်ပန်းချီကားငယ်များကို မော်ဒန်ကျကျ ချိတ်ဆွဲထားသည်။

နှစ်ခါလည်အရွယ် ချစ်စဖွယ်ရယ်မောနေသော ထူးထူးပုံပန်းချီကား၌ 'မေမေ့ရဲ့ ထာဝရသားအပြုံး'တဲ့ ဩော်. . . သူတစ်ဘဝလုံးပုံပြီး သားအတွက်ပေးဆပ်ချစ်သွားရန် ရည်ရွယ်ပြီးကလေးကိုမွေးစားခဲ့တဲ့ မနော်ဖြူလေး ပွင့်ဖူးဝေလွင်ပါလား. . . ။

သူတိုးတိုးပြီးတော့သာမြတ်နိုးနေမိလေသည်။ ထိုစဉ်. . 'သားရေ. . . သား' ဟူသောခေါ်သံနှင့်အတူ သူတို့အခန်းထဲသို့ ဝင်ရောက်လာသော ပွင့်ဖူးဝေလွင်. . .

"သား . . ဩော် ဒီမှာကိုး. . ."

မျက်လုံးချင်းဆုံမိကြသည်။ ပွင့်ဖူးဝေလွင် ချက်ချင်းပင် မျက်နှာလွှဲပြီး သားထူးထူးကိုကြည့်ကာ. . .

"သားကော. . ဦးဖေကော လူကြီးတွေထမင်းစားစောင့်နေကြတယ်"

"သား. . သွားမယ်. . ဦးဖေ. . မေမေ့ကိုမေးချင်တာရှိတာမေးတော့ သား မမေးပေးတော့ဘူး. . ."

သားထူးထူးက အခန်းထဲမှ လှစ်ခနဲပြေးထွက်သွားလေသော့. . .



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ကြောင်အမ်းအမ်းနှင့် တစ်ယောက်ကို တစ်ယောက်ကြည့်မိရာက ပွင့်ဖူးဝေလွင်က မျက်နှာရဲတွတ်သွားပြီး ပြန်ထွက်ဟန်ပြင်တော့. . .

"ဟိတ်. နေဦး. . ."

ဒီတစ်ခါတော့ သူ့ခွဲစွမ်းအားတွေ အလိုအလျောက်ပေါ် ပေါက်လာသည်။ ပွင့်ဖူးဝေလွင်၏ လက်မောင်းတင်းတင်းလေးကို လှမ်းဆုပ်ကိုင်ဆွဲမိလျက်သားဖြစ်သွားသည်။

"အို. . . လွှတ်ပါ"

"ကိုယ့်ကိုလက်ခံမှာလား. . ."

"ဘာကိုလဲ"

"လက်ထပ်ဖို့"

"လူကြီးတွေ စီစဉ်နေပြီပဲ. . လက်မခံလို့ရမလား. . ."

ပွင့်ဖူးဝေလွင် သူ့အားမော့မကြည့်ဘဲ လက်ကိုဆွဲခွာနေသည်။

သူက လွှတ်မပေး၊ လွှတ်ပေးတာနှင့် ပြေးမည့်ပုံ။ ဒီတစ်ချီ လက်နှေးလို့ကတော့ ဒီတစ်သက်ငှက်ပျောတုံးဖက်သေရမည့်ဘဝ မို့. . .

"လူကြီးတွေစီစဉ်တာမလိုချင်ဘူး. . . ဖူး. . ကိုယ်တိုင် လိုလားရဲ့လားသိချင်တယ်"

ပွင့်ဖူးဝေလွင် အနှစ်နှစ်အလလက ခံစားခဲ့ရသမျှတို့က ပေါက်ကွဲလွင့်ပျံလာလေသည်။

"ကျွန်မကသာ ရှင့်ကို လွန်ခဲ့တဲ့ခြောက်နှစ်ကျော်ကတည်းက တိတ်တခိုးချစ်ခဲ့ရတာ ရှင်ကသာ ညီမဖူးကို ချစ်ခဲ့တာမှတ်လား"





"ဟာဗျာ. . အဲဒီတုန်းက ညီမဖူးပဲ သိတာကို. . . အခုမှ အစ်မဖူးကိုသိတော့. . အစ်မဖူးကို ချစ်တယ်ဗျာ. . ဘာဖူးပဲဖြစ်ဖြစ် အခုဖူးကို မင်းစံချစ်သွားဖို့ပဲ အရေးကြီးတယ်မှတ်လား"

ပြောပြောဆိုဆို. . . ဖူးကို သူ့ရင်ပတ်ထဲဆွဲသွင်း ပွေ့ပိုက်လိုက်တော့ အပျိုစင်လေးဖူး ရှက်ဝပ်ကျင်းထဲတွင် မျက်နှာအပ်လိုက်ပြီးငြိမ်သက်သွားရသည်။

ကိုယ်ကိုယ့်ကိုယ် ချစ်ကံခေခဲ့သူအဖြစ် ကံကြမ္မာကိုသာ ပုံချယိုးမယ်ဖွဲ့ခဲ့မိသမျှတို့သည် ယခုတော့. . . တိတ်တခိုးချစ်ဦးသူမောင်၏ရင်ခွင်၌သာ လမ်းဆုံးသွားရသည်ဆိုတော့. . ကိုယ့်ကိုယ်ကိုယ် ချစ်ကံကောင်းသူအဖြစ် ရာသက်ပန်ပြုံးပျော်နိုင်တော့မည် ပေါ့။

ထိုအချိန်တွင် ထက်မင်းစံက သူ့ကိုတစ်ဖက်သတ် ချစ်ဖွဲ့ကြီးလွန်းသော ချစ်သူကိုပိုင်ပိုင်နိုင်နိုင်ကြီးပွေ့ပိုက်ရင်း လောကကြီးကိုကျေနပ်နေမိလေသည်။

ချစ်ခြင်းပြိုင် အနိုင်ရသူက
အချစ်ဆုံးသူလို့ဆိုလျှင်
ကိုယ်ကပဲ-အရှုံးသမားဖြစ်ချင်တယ်။
ဒါပေမယ့်. . .
ချစ်ခြင်းပြိုင်လို့ အရှုံးပေးလာသူက
အချစ်ဆုံးသူလို့ဆိုလျှင်
ကိုယ်ကပဲ-အောင်နိုင်သူအဖြစ်နဲ့
မင်းအချစ်တွေကို ရယူချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အတ္တကြီးစွာနဲ့ပဲ
ကိုယ့်ကိုအမြဲချစ်နေပါကွယ်။
မင်းလေးဟာ-အချစ်တတ်ဆုံး
အချစ်အင်အားကြီးမားသူအဖြစ်နဲ့
ကိုယ့်ကိုအမြဲ ချစ်နေပါကွယ်. . . ။

**မြပုလဲခင်**

12-11-2011
11:50 Am






www.burmeseclassic.com